


## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အလှပန်းပေါင်းများ စီးပွားဖြစ်မွေးမြူနည်း | မောင်လှိုင်းသစ် |
| ၂။ | လေရူးသုန်သုန် | နုနု |
| ၃။ | ကမ္ဘာသစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၄။ | ဂဏန်းများနှင့် ကခုန်ခြင်း | အောင်ကျော် |
| ၅။ | ကိုယ်ရှိ၏ ကိုယ်တွေ့ဝိညာဉ်ဇာတ်လမ်းများ | မောင်လှိုင်းသစ် |
| ၆။ | ရှမ်းဗလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၇။ | ကမ္ဘာ့ပျို၏ နိဒါန်း | အကြည်တော် |
| ၈။ | ဘီလူး | အကြည်တော် |
| ၉။ | ကျောက်သင်ပုန်းတွေမိုးယားတဲ့ အိမ် | အကြည်တော် |
| ၁၀။ | ရွှေမိုးသည်း | အကြည်တော် |
| ၁၁။ | နှုတ်နေတိုင်း | အကြည်တော် |
| ၁၂။ | မိုးတိမ်ပုံပြင် | အကြည်တော် |
| ၁၃။ | ပြုတ်ထွက်သွားသော ကျောချိုးဆစ်ကလေးများ | အကြည်တော် |
| ၁၄။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၅။ | ယောက်ျားမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၆။ | အိပ်မက်အပိုင်းခွဲ –၉ | အကြည်တော် |
| ၁၇။ | နီတန်းထော့်ဘီလူး | အကြည်တော် |
| ၁၈။ | နေတစ်ခြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၉။ | မှော်ဆရာမှတ်တမ်း | ကိုကိုလေး |
| ၂၀။ | အပြစ်ကင်းတဲ့ ချစ်ခြင်းမေတ္တာ | ကိုဆန်း + ထေမင်းဆက် |
| ၂၁။ | အင်္ဂလိပ်လိုပြောမလို့လား–၂ | ချစ်ဖွား |
| ၂၂။ | ပထမဆရာအောင် | ဒဂုန်ခင်ခင်လေး |
| ၂၃။ | တိမ်နဲ့ရေးတဲ့အချုပ် | မိုးဆက်လင်းထက် |
| ၂၄။ | နှီးအဆန်းပ်နယ်နည်းများ | မောင်လှိုင်းသစ် |
| ၂၅။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၆။ | ထိုင်ဆိုခင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၇။ | ခေါက်ဆဲ | ကသ |
| ၂၈။ | မောင်လှဘအေး | သိပ္ပံမောင်ဝ |
| ၂၉။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၃၀။ | အိပ်မက်ပန်းအလှမ်းနှင်းဆီ | ညီနှင်းအိမ် |
| ၃၁။ | ရသစာတမ်းများ | ပေါ်ဦးသစ် |
| ၃၂။ | ပိုးကောင်များ | အကြည်တော် |
| ၃၃။ | လူလားအုတ်တွေနေတဲ့တဲ | သာရမြဲ |
| ၃၄။ | ဆယ်ကလေးဘဲကျော်နှင့် ဂန္ဓဝင်ဘဘ | မြတ်ထွန်းသစ် |
| ၃၅။ | နစ်ဂဏန်းရဲ့ပဉ္စလက် | ညီနှင်းအိမ် |
| ၃၆။ | မောင်လိမ္မာကြာတိုင်းကောင်း | ဥက္ကာမင်းဆက် |
| ၃၇။ | ကြယ်တစ်သောင်းနဲ့ ကတုံလ | မိုးဆက်လင်းထက် |
| ၃၈။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၉။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၄၀။ | အချစ်ရဲ့နောက်ကွယ် | မြည့်ပိုင်မှူးအိမ် |
| ၄၁။ | ဒ | အကြည်တော် |
| ၄၂။ | လှန် | မိုးဆက်လင်းထက် |
| ၄၃။ | စီးပွားရေးဓာတ်ပုံပညာနှင့် မြင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်စိုးဝင်း |
| ၄၄။ | သတ္တမမြောက် နတ်သမီး | မြည့်ပိုင်မှူးအိမ် |
| ၄၅။ | ဗီးနပ်စ်ရဲ့တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၄၆။ | အောင်မြေ | အကြည်တော် |
| ၄၇။ | ပြောစည်းတီး၍ လှူလိုက်သည် | ထူးဆွေအောင် |
| ၄၈။ | ပန်းနုရောင်မြတ္တတ်ထဲက ကကြိုးလှတဲ့ သတို့သမီး | မြည့်ပိုင်မှူးအိမ် |
| ၄၉။ | အာဝမ်၏ ဆာတေး | အကြည်တော် |

# ထူးအေးအောင်

## ရဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သရေခေတ္တရာကြည်အောင်တို့၏ စွန့်စားခန်းများ

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇။

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁၁၀၆၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၆၀၆၀၇

| | | |
|---|---|---|
| အဖုံးပန်းချီ | - | ဘာကာ |
| အဖုံးဒီဇိုင်း | - | ဖိုးဝင်းနိုင် |
| ထုတ်ဝေသူ | - | ဦးကျော်ဝင်းနိုင် (မြဲ - ၀၃၉၀၀) |
| | | ၅၇၊ ၃၃လမ်း ကျောက်တံတားမြို့နယ် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း (ဖိုးဝံ့ပုံနှိပ်တိုက်) |
| | | အမှတ်(၁၄၀)၊ (၄၅)လမ်း |
| | | ဗိုလ်တထောင်မြို့နယ် |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူဇေမူ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ် ဧပြီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

# မာတိကာ


၁။ ရဲသိန်းတန်၏ ဆပ်မကုန်သော ဝဋ်ကြွေးများ ၇
၂။ ဂျစ်မောင်မောင်၏ ယုံကြည်မှုကိုတည်ဆောက်ခြင်း ၁၀
၃။ သခရေစေတ္တရာကြည်အောင်၏ လျှပ်တစ်ပြက်မိုက်ချက်များ ၁၃
၄။ ကျွန်ုပ်တို့သုံးဦးနှင့် ခေါင်းမြီးခြုံထုံ ပါပေ့အမှုကြီး ၁၆
-တစ်မြို့လုံးတုန်လှုပ်ချောက်ချားသွားသော မှုခင်းတစ်ရပ် ၂၂
-ယောက္ခမစီးချင်း ၂၈
၅။ ရဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သခရေစေတ္တရာကြည်အောင် တို့၏ မုဆိုးများနှင့်ဒီဇင်ဘာအလွမ်း ၃၃
-ကျွန်ုပ်တို့နှင့် ဂမ္ဘီရဆန်သော လက်ပံပင်ကြီးအမှု ၃၉
-ဟင်းမျိုးကြီးနှင့် နဖူးတွေ့၊ ဒူးတွေ့ကြုံကြိုက်စဉ်က ၄၁
-ဘာဘာ ဘာမှမသိပါခင်ဗျာ ၄၈
-မောင့်အချစ်မြားစူးသော ဒီဇင်ဘာအလွမ်း ၅၉

၆။ ခဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သခရာခွေရာကြည်အောင်
တို့၏ ပြန်ပြောပြဖို့တော်တော်ခက်ထိမ့်မည့်အမှုကြီး ၆၀
-ဘွန်ပ်တို့နှင့် ပြက်လုံးကြီးတစ်ခု ၆၂
-သရေခွေရာကြည်အောင် ဘာလဲ ဘယ်လဲ ၇၄
-အချစ်လားဟေ့ ပြန်ကြပါတော့ဗျာ ၈၀
၇။ ခဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သခရာခွေရာကြည်အောင်
တို့၏ ဘွန်ပ်တို့နှင့်ကော်ထဲပေါ်ကနှုတ်ခမ်းနီအမှုကြီး ၈၉
-မအေးပွင့်၊ မြင့်မြင့်စမ်း၊ ဂေါ်ရာသုံးဆယ် ၉၀
-ဦးချစ်သာ စားပါလေ ၉၄
-'ဂု'ဒီဒေး (D. Day) ၁၀၀
-မြကျွန်းသာစစ်ဆင်ရေး ၁၀၄
၈။ ခဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့် သခရာခွေရာကြည်အောင်
တို့၏ စိတ်ကူးတွေယဉ်ချိုထိပ်ဖူးတွေကျဉ်နေသူ ၁၀၉
-လာခေါ်လှည့်ပါ ခေတ္တရာ ၁၂၀
-ဘွန်ပ်တို့နှင့် ဗိုလ်မောင်ဗဝ်ပြန်လာပြီ အမှုကြီး ၁၃၇
-ပရိတ်နီးတင်းမဲ့ရန်ထဲမှ ကျွန်တော် ၁၅၆

ဒို့သိန်းတန်၏ အဝိစေတန်သော ဝင်ငွေကြီးများ

ကျွန်တော်တို့ မြို့ကလေးတွင် 'သိန်းတန်'ဟူသော အမည်တူ လူငါးယောက်ရှိသည်။ ထို့ကြောင့် သူတို့၏ အလုပ်အကိုင်နှင့်ပတ်သတ်ပြီး ခွဲခြား၍ခေါ်ကြသည်။ ဥပမာ- စက်ဘီးပြင်သည့် သိန်းတန်ကို 'စက်ဘီး သိန်းတန်'၊ ဝက်သားသည် သိန်းတန်ကို 'ဝက်သိန်းတန်' စသည်ဖြင့် ဗုရဲအုပ် သိန်းတန်ကိုလည်း 'ရဲသိန်းတန်'ဟု ခေါ်ကြသည်။

'ကိုယ့်မြို့ကိုယ့်ဒေသမှာ ရဲဖြစ်ရတာလောက် ဝဋ်ကြီးတာ မရှိပါဘူး ကွာ'

ဒါက ရဲသိန်းတန်ရဲ့ လက်သုံးစကား။ သူကထပ်ရှင်းပြ ပါသေးသည်။

'ကိုယ်တူ၊ ကိုယ့်သား ကိုယ့်မြို့သားက ကိုယ့်မြို့မှာပဲ ရဲအရာရှိ လာဖြစ်တယ်ဆိုပြီး ဆွေမျိုးသားချင်းတွေကရော၊ မိတ်ဆွေ သူငယ်ချင်း တွေကရော သူတို့လုပ်ချင်တာ လုပ်မယ် ဒီကောင်ငါတို့ကို မဖမ်းရက်ပါဘူး အရေးမယူရက်ပါဘူးဆိုပြီး ဝမ်းသာအားရနဲ့ လုပ်ချင်တာတွေ လုပ်ကြတော့ တာပဲတော့. . .၊

စည်းကျော် ဘောင်ကျော်တော့ ဥပဒေက ခွင့်မပြုလို့ ငါ့ဝတ္တရား အတိုင်း ငါလုပ်ရတော့ လုပ်ရက်လိုက်တာ မျက်နှာလေးတောင်မှ မထောက်

ဖော်မရဘူး ဆိုပြီးဖြစ်ပါလေရောပေါ့၊

ပြီးတော့ အိမ်ကိုလာပြီး အမေ့ကို အပူကပ်တယ်၊ ငိုယိုပြီး ငါ့ကို တောင်းပန်ကြတယ်၊ အမေကလည်းငါ့ကိုဆူတယ် ဆွေမျိုးတွေကလည်း ဝိုင်းပြီးမေးငေါ့တယ်၊ အဲဒီတော့ငါ့မှာလည်း သူတို့တွေ အာမခံ ရရေး၊ ဥပဒေ ကြောင်းအရ သက်သာရာရရေးတွေကို မနားမနေ လိုက်လုပ်ပေးနေရတော့ 'ထီးဆိုင်' သီချင်းလို 'သည်ဝဋ်ကြွေး မကုန်ခမ်းသ၍. . . လေ လည်စင်းခံ ဆပ်မယ်လေ' ဖြစ်တော့တာပဲ'

မယုံဘူးဆိုပါက ရဲသိန်းတန်အမေ၏စကား သွေးထွက်အောင် မှန်ကန်ကြောင်း သက်သေပြရလျှင် ပေးပေးမကြည့်ပါနှင့် သူ့ဘကြီး မိုးကျော် ကိုပဲကြည့်။

ဘကြီးမိုးကျော်က ရဲသိန်းတန်အမေ၏မောင်အငယ်ဆုံး၊ မိဘတွေ ဆုံးပါးသွားပြီး စီးပွားရေးကျပ်တည်းချိန်မှာ ကိုယ့် အစ်ကို၊ အစ်မတွေကို နွားလိုလုပ်ကျွေးလာခဲ့ရသူ ယခုအသက်ငါးဆယ်ကျော်သည့်တိုင် အိမ်ထောင် မပြုဘဲ ရဲသိန်းတန်၏ အမေကို ရှာကျွေးနေတုန်း၊ 'သိန်းတန်'ကို'ရဲ'သိန်းတန် ဖြစ်သွားအောင် လုပ်ကျွေးလာခဲ့သူ ဆိုလျှင်လည်းမမှား၊ ထို့ကြောင့် ရဲသိန်းတန် ကိုယ်တိုင် ညတိုင်းဦးသုံးကြိမ် ချအိပ်သင့်ပြီး၊ မောင်နှမသားချင်းများကို ရှာကျွေးခဲ့သူဖြစ်ခြင်းကြောင့်၊ သူတော်ကောင်းကြီး နောင်ဘဝအတွက် နတ်ပြည်တွင် ဘုံဗိမာန်တစ်ခုလောက်တော့ ပေါ်ပေါက်နေလောက်ပြီဟု ထင်ကြလျှင်လည်း မျက်ခုံးမွေးဆွဲခံတဲ့ကြော်ငြာသလို 'မှားနေပြီ၊ မှားနေပြီ'။

ဘကြီးမိုးကျော်က မလုပ်လျှင်အပြတ်၊ လုပ်လျှင်လည်း ရှင်းသလား မမေးနဲ့၊ ရှင်းချက်ကတော့ ဖဲဝိုင်းဆို ဒိုင်ကိုင်ရမှ၊ ကြက်ဝိုင်းဆိုလျှင်လည်း ကိုယ်ပိုင်တိုက်ကြက်နှင့်မှ၊ နွားခိုးပြီး အမဲသားပေါ်လျှင်လည်း၊ ကိုယ်တိုင် သားရေခွာရမှ၊ အရက်ဆိုလျှင်လည်း၊ ကိုယ်တိုင်ချက်ပြီး သောက်ရမှ အား ရသည့်သူ။

သွေးကလည်းဆူတတ်သလားမမေးနဲ့ အမြဲတန်း ၁၀၀ ဒီဂရီ စင်တီဂရိတ် အောက်မလျော့၊ သူများရမ်းတယ်ဆိုတာ ပုခက်လွှဲ သလောက်

...နိုမည် ဘကြီးမိုးကျော် ရမ်းမိလျှင် ၉.၉ 'ရစ်ချိုတာ စကေး' ကျော် ...သွင်ကြီးတုန်လှုပ်လိုက်သလို တစ်မြို့လုံးယိမ်းထိုးသွားမည်။

ဤကဲ့သို့ရှင်းသော ဘကြီးမိုးကျော် အတွေးအခေါ်ကလည်း ခေတ်ရေ့ ...သင်းအလျင်လောက် ပြေးသလားမှတ်ရမည်။ သူ့လက်သုံး စကား ...ငြိုင်အဆိုင်ရှိမှ တိုးတက်မည်'တဲ့၊ ထိုစကားအတိုင်း အကောင်အထည် ...ဖော်ဖို့ကတော့ သိန်းတန် ဒုရဲအုပ်အဖြစ် ကိုယ့်ဇာတိ ကိုယ်ပြန်ရောက် ရောက်ခြင်းအမိ၊ အဘ၊ ဘကြီး၊ ဘထွေးများကို လက်အုပ်ချီမိုး ဂါရဝပြုတော့ ဘကြီးမိုးကျော်က. . .

'မင်းကလည်း 'ရဲ' ဆိုတော့ 'ရဲ' ပီပီ ဥပဒေအမြင်ဘက်ကလူတွေ ...ဒီ ဖမ်းဆီး၊ ထိန်းသိမ်းရလိမ့်မယ်၊ ငါကလည်း ငါ့ဝါသနာ ငါ့စိတ်အတိုင်း ...ဒေနဲ့ ငြိုငြီး အလောင်းအစား လုပ်တမ်းကစားချင်တဲ့ကောင်ကွ။ ...တော့ ငါ့တူလေး ငါ့ကြောင့် မင်း အတွေ့အကြုံတွေကြွယ်ဝပြီး အရောက်လတ် ...သားအောင်ရယ်၊ ငါလည်းပိုပြီးတော့ ပီပီရိရိ ကျူးလွန်တတ် အောင်ရယ် တဲ ...ကလေးရေ စိန်ပြီဟေ့. . .'တဲ့။

ကြီးလေး၊ မိုက်လေ ကြီးမိုက်ကြီး ဘကြီးမိုးကျော်တစ်ယောက် ...ခြေချော်လက်ချော်ဖြင့် ဥပဒေကို အရှုံးပေးရတိုင်း ရဲသိန်းတန်၏ ဆွေမျိုးသား ...ချင်းများမှာ မျက်ရည်နှင့်မျက်ခွက် မိဘဆွေမျိုးများ၏ အဆဲအဆိုခံရင်း ...ဘကြီးအာမခံရရေးအတွက် ဥပဒေကြောင်းအရ လုပ်လို့ရတာမှန်သမျှ ...တော်ခတ်မောအောင် လုပ်ပေးရသူကတော့ ရဲသိန်းတန်ပင်။

ဘကြီးမိုးကျော်ကလည်း ကိုယ့်တူကိုယ့်သားက ဖမ်းတယ်ဆိုပြီး ...သိန်းတန်ကို ဒေါသမထွက်ရုံမျှမက အရှက်တရားနှင့် နောင်တတရား ...ခံ့ဆိုတာကလည်း. . .

'ဟဲ့ တူကလေး ဒီအချုပ်ခန်းထဲမှာပဲ ငါ့အတွက် အခန်းတစ်ခန်း ...သန့် လုပ်ပေးထားပါလားကွာ'တဲ့။

အဲဒါသာကြည့်ပါတော့ခင်ဗျား။

* * *

**ချစ်မောင်မောင်၏ ပုံကြည့်မှတ် တည်သောက်ခြင်း**

ဤကဲ့သို့ ဝင်္ကြီးကို ရဲသိန်းတန်နှင့် တွဲဖက်နောက်တစ်ဦးက 'ချစ်မောင်မောင်'၊ 'ချစ်'တိုက်လွန်း၍ 'ဂျီ'ကျလွန်း၍ 'ချစ်မောင်မောင်' ဟုခေါ်ကြသည်ဟု မထင်လိုက်ပါနှင့်၊ မောင်မောင်တို့အဘိုး (အဖေ့ရဲ့ အဖေ)လူပျိုဘဝက ရွာနီးချောက်စပ်ရှိ အပျိုများကို လူပျိုလှည့် ဟန်ရေး ပြရန်အတွက် ကျပ်ငွေနှစ်ထောင့်ငါးရာတိတိဖြင့် ဝယ်ယူထားသော ချစ်ကား ကြီးသည် သားစဉ်မြေးဆက် အမွေဆက်ခံရင်း ဇရာ၏ ထုထောင်း ရိုက်ပုတ် မှုကြောင့် ဘုန်းဘုန်းလဲကျ ရွေ့လျားမရတော့သော အက္ခရာမပါ ဂဏန်း နှစ်လုံးနံပါတ်နှင့် ကားအိုကြီးသည် မောင်မောင်၏ လက်ဝယ်သို့ ရောက်ရှိ လာလေတော့သည်။

'ဂျီတီအိုင်' ကျောင်းဆင်း မောင်မောင့်အဖို့ကတော့ အရူးလက် တုတ်ရ မျောက်လက် အုန်းသီးရသကဲ့သို့ ဟိုးထိုး၊ ဒီရိုက်၊ ဟိုနှိုက်၊ ဒီနှိုက်ဖြင့် မောင်မောင်၏ လက်ပုတ်ကိုက်မှုများကြောင့် ဒုတိယကမ္ဘာစစ် မတိုင်မီ ဝီလီချစ်ကား ကုမ္ပဏီမှ ထုတ်ခဲ့သော အိုနာကျိုးကန်း သက်ကြားအို ချစ်ကား ကြီးသည် တစ်ဖန်ပြန်၍ ကုန်းရုန်းထလာခဲ့ရပြန်ပါသည်။

နာတာရှည်ရောဂါသည်၏ ငိုညည်းသံနှင့်တူသော 'တအီးအီး

ဘဟင်းဟင်း' မော်တာမှုတ်သံနှင့်အတူ ပန်းနုသည် ချောင်းဆိုးသတဲ့သို့ 'အဟွတ်ဟွတ်' မြည်သံပေးရင်း စတင်၍ စက်နှိုးသည့်နေ့က မောင်မောင် ခံပုံသည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းကြီးကို သူကိုယ်တိုင် တက်ပြီး တည်ဆောက်လိုက်သတဲ့သို့ လည်းကောင်း၊ 'မီယာ' အာကာသ စခန်းဟောင်းကြီးကို သူပဲသွားမြင်တော့မည်ကဲ့သို့ လည်းကောင်း၊ အာကာသသို့ ရောက်ရှိနေသော သူ့ဘဝင်များသည် ပထမဦးဆုံးအကြိမ် သူ့ဂျစ်ကားကြီး အိမ်ဝိုင်းအပြင်သို့ ထွက်ထွက်ခြင်း 'စီယာ'တိုင်ဟု ခေါ်သော ကားအထိန်းစွေကြီး သက်ထဲကျွတ်ပါသွားပြီးနောက် လမ်းပေါ်ရှိ ရေစည်လှည်းနှင့် သူ့ဂျစ်ကားကြီး အနမ်း မိုးစွေ လိုက်မှသာ သူ့ဘဝင်များ မြေပေါ်သို့ ပြန်ကျလာပါတော့သည်။

ထိုအချိန်မှစ၍ ဂျစ်ကားနှင့်မောင်မောင် မောင်မောင်နှင့်ဂျစ်ကား ခွဲ၍ပင်မရတော့ဘဲ ဂျစ်မောင်မောင်ဟူသော အမည်တွင်သွားလေတော့သည်။

မောင်းနှင်ရင်းပြုံပြင် ပြုပြင်ရင်းမောင်းနှင်မှုကြောင့် သက်ကြားအိုကြီးသည် 'တန်းရော'ခေါ် အထိန်းတံပြုတ်၍ မီးသတ်မျှော်စင်ကို ဝင်တိုက်ခြင်း။

ဝီယာပြုတ်၍ ရောဝတီမြစ်ထဲသို့ ရေချိုးဆင်းခြင်း၊ စသည် စသည် အမှတ်ရစရာ နေ့ရက်များကို ကျော်ဖြတ်ပြီးနောက် မောင်မောင် ၏အထူးပြုပြင် အထိန်းအသိမ်းကောင်းမှုကြောင့် စပါးငါးရာထွက် လယ်တစ်ကွက်ကုန်သွားသောအခါ ဝင်စင်စားကြီးသည် ဖွဲ့ဓာတ်ကို ထမ်းရင်း ဝယ်ရှုပ်ဆင်တစ်သွင်ဆန်းလာခဲ့သည်။

သံမဏိ မြင်းရှိုင်းကြီးကဲ့သို့ သခင့်အလိုအတိုင်း ဓုန်းစိုင်းရန် အသင့်ဖြစ်နေလေခဲ့ပြီတကား။

သို့သော်လည်း ထိုဂျစ်ကား၏ လွမ်းမောစရာနေ့ရက်များကို မမှမရနိုင်ကြသော မြို့သူမြို့သားအပေါင်းကတော့ အသက်ကို ညာက်စောင့်သည်ဟူသော မှေ့ထုံးအရ ဂျစ်မောင်မောင်နှင့် သူ့ကားကြီးကို ယုံကြည်စိတ်ချမှုအလျှင်းမရှိ၍ ငှားစီးမည့်သူမပြောနှင့် ကားသံ ကြားရုံမျှပင် ဝေါ်ဝေါ်ရှေးဝေးဝေးရှောင် ကြလေကုန်သတည်း။

သူ့ဂျစ်ကားကြီးကို မြို့သူမြို့သားများ ယုံကြည်လာရန်အတွက် အစွမ်းပြမှု ဖြစ်တော့မည်ဟု ဂျစ်မောင်မောင် ဆုံးဖြတ်လိုက်သည့် နေ့က. . .

'ဒီမယ်သူငယ်ချင်း ပေဟာဒီတစ်မြို့လုံး၊ တစ်နယ်လုံးက ရဲသိန်းတန် ဆိုတဲ့ မင်းကို ချစ်ကြခင်ကြလွန်းလို့ သူတို့ဘာလုပ်လုပ် ဖမ်းမှာ မဟုတ်ဘူးဆိုပြီး ယုံကြည်နေကြသလို၊

အဲဒီလိုပဲ ငါ့ရဲ့ဝီလီ ဂျစ်ကားကြီးကိုလည်း လိုရာခရီးကို စိတ်ချမ်းချမ်းသာသာ ရောက်မှာမဟုတ်ဆိုပြီး ယုံကြည်နေကြတယ်၊

အဲဒီတော့ မင်းတို့စခန်းက နယ်လှည့်တာဝန်ထမ်းဆောင်တဲ့အခါ သူများကားကို ခေါ်မယ့်အစား ငါ့ကားကိုပဲ ခေါ်ပါကွာ'

ဆိုင်သည်မဆိုင်သည်၊ ပတ်သက်သည် မပတ်သက်သည်မသိ ဂျစ်မောင်မောင်က အတင်းအဓမ္မ သူ့ကားကြီးကို ရဲတပ်ဖွဲ့လက်ထဲသို့ ထိုးထည့်လေတော့သည်။

ရဲသိန်းတန်က အပြင်းအထန်ငြင်းဆန်ပါသော်လည်း သူတို့စခန်းတွင် လိမ့်စရာဆို၍ စတို့ခန်းထဲတွင် သက်ပြည့်ရုံမက သက်ကျော် ပင်စင်ပေးထားသော 'ဟမ်းဘား' စက်ဘီးစုတ်ကြီးသာရှိ၍လည်းကောင်း၊

သွားရမယ့်ခရီးလမ်းအတွက် ကုန်ကျမည့်စက်သုံးဆီကို နှစ်ဆ ကျော်ပေးပါသော်လည်း ယာဉ်ပိုင်ရှင်များ၏ ဒီဇာကြောင်မှုကြောင့် ကားငှား ရာတွင် အခက်အခဲရှိ၍လည်းကောင်း၊ နောက်ဆုံးတွင် ရဲသိန်းတန်နှင့်တကွ မြို့နယ်ရဲတပ်ဖွဲ့သည် ဂျစ်မောင်မောင်၏ သံမဏိမြင်းရိုင်းကြီးနှင့် လက်တွဲမိ ကြလေတော့သည်။

ယုံ၍ ပုံမိခြင်းဟု ထင်ပါသလား. . .

မြို့နယ်လုံးကျွတ် ဝတ်ရွတ် ပြိုင်ပွဲကြီး၌ ရဲတပ်ဖွဲ့မိသားစု ကိုယ်စားပြု အမျိုးသမီးအသင်းမှ 'အထူးဆု'နှင့် 'ပထမဆု' ရခဲ့ခြင်း မှာလည်း ဂျစ်မောင်မောင်၏ ကျေးဇူးမကင်းကြောင်း တစ်မြို့နယ်လုံးက အသိအမှတ် ပြုထားခြင်းဖြင့် သက်သေပြနေသည် မဟုတ်ပါလော။

* * *

ပေါ်ပါမြို့ ။ ဆ.ညွှန့်ကျော်

သရေခေတ္တရာကြည်အောင်၏ လျှပ်တစ်ပြက် ပိုက်ချက်များ

ရဲသိန်းတန်၊ ဂျစ်မောင်မောင်တို့နှင့် ထပ်မံလက်တွဲမိသူကတော့ ကျွန်တော်သရေခေတ္တရာကြည်အောင်ဖြစ်ပါသည်။

အမည်နာမရှေ့က သရေခေတ္တရာဟူသော ဂုဏ်ထူးဝိသေသပါသဖြင့် 'ဗွတ္တဘောင်မင်း' ၏အနွယ်တော်၊ 'ပျူနွယ်ပွား၊ ကျွန်တော်ပြည်မြို့သားဟု ထင်လျှင် 'မှားပြန်ပြီ. . . မှားပြန်ပြီ'

မိဘ၏ လက်ငုတ်လက်ရင်း သားရေထည်ပစ္စည်းလုပ်ငန်းတွင် ဦးစီးလုပ်ကိုင်ရင်း၊ ကံကောင်းအကြောင်းလှ၍ ခြေချော်လက်ချော် တမင်ချော်ပြီး ဆိုင်ချင်းကပ်လျက်ရှိသော ခေတ္တရာလက်ဖက်ရည်ဆိုင် ပိုင်ရှင်အပျိုကြီးမမနှင့် အကြောင်းဂဟေဆက်၍ အာဝါဟ မိသောအခါ၊

လူချင်းပူး ဆိုင်ချင်းပူးရုံမျှမက သားရေဆိုင်နှင့် ခေတ္တရာဆိုင်အမည်ကိုပါ ပူးပေါင်း၍ 'သားရေခေတ္တရာ' ထိုမှတစ်ဆင့်'သရေခေတ္တရာ' လက်ဖက်ရည်မုန့်မျိုးစုံနှင့် သားရေထည်ပစ္စည်းမျိုးစုံဆိုင်ကြီးဖြစ်ခဲ့သလို

'သရေခေတ္တရာ ကြည်အောင်'ဟူသော အမည်လည်းတွင်ခဲ့ သည်။

မင်္ဂလာဦးလက်ဖွဲ့အဖြစ်ရရှိခဲ့သော 'ဆန်ညို'တံဆိပ် 'မောဘ်တိုမီးတစ်' ကင်မရာလေးသည် ငုပ်လျှိုးနေသော ကျွန်တော်၏ အနုပညာပိုးများကို

နိုးကြားထကြွစေခဲ့သည်၊ အလှအပများကို ဖူးပွင့်စေခဲ့သည်၊ လောကကြီးကို ဘောင်ခတ်၍ အလှဆင်နိုင်ခဲ့ပြန်လေသည်၊

ကျွန်တော့်၏ ဝါသနာကို တားဆီးပိတ်ပင်ခြင်း အလျှင်းမရှိ ရှုမွှမကာ မြှောက်ပေးသူ၊ ပေါင်းသင်၊ ရေလောင်း၊ 'ဗိုးအမ်ဘိုကာရှိ' သဘာဝ မြေပြဇာကျွေးသူကတော့ ကျွန်တော့်၏ မိုဒိုရာ၊ လဲလျှောင်းရာ ခေတ္တရာ သူကြီးပင်တည်း၊ ကျွန်တော့်အပေါ် အချစ်ပို၍ ဝါသနာမတားဟု ထင်မြင်ပါသလား၊

ဆန္ဒမစောပါနှင့် ရှုလော့မိတ်ဆွေ. . .

ဆိုင်၌ကျွန်ုပ်ရှိပါက ကျွန်ုပ်၏ လက်ရာမွန်အလှအပများကို ရင်သပ်ရှုမော၊ တအံ့တဩ၊ ဝမ်းသာအားရဖြင့် လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ်တို့ကိုသောက် မျိုဆို့ရင်း ဆိုးမွန်းခန်းဖွင့်တတ်သော ကျွန်ုပ်၏ ချစ်သူငယ်ချင်းများကြောင့် ကြာလျှင်ဆိုင်ပြုတ်လိမ့်မည်၊

ဝါသနာပါလျှင် အမြင်မှာလုပ်ဟူသော ခေတ္တရာသူကြီး၏ မေတ္တာတော်အနန္တကြောင့် ကျွန်ုပ်၏ဝါသနာကို လွတ်လပ်စွာ (ဆိုင်မကပ်ရဘဲ) အကောင်အထည် ဖော်ကြွနွှင့်ရခြင်းသာဖြစ်လေသတည်း၊

သဘာဝ၏ အလှအပများကို သဘာဝအတိုင်းသာ တင်ပြ လိုသော၊ ပကာသနဟူသော အပေါ်ယံအလွှာကို ထွင်းဖောက်၍ အရှိကို အရှိအတိုင်း လျှပ်တစ်ပြက်မှတ်တမ်းတင် ဖော်ကျူးတင်ပြလိုသော ကျွန်ုပ်၏ အနုပညာမာနကို နားမလည်သူ (လူတချို့၊ ဟော်ဟော် များများ၊ တစ်မြို့လုံးနီးပါး)တို့က

တရားနာချိန်တွင် အလှူရှင် 'သမ်းဝေ' နေသောပုံကိုမှ ရိုက်ရသလား၊ ကွမ်းတောင်ကိုင်မလေး ခလုပ်တိုက်၍ မှောက်လျက်လဲ သောပုံကိုမှ ရိုက်ရသလား၊ ဘုရားဇကာကြီး ကားခေါင်းမိုးပေါ်တွင် ကန်တော့ပွဲကြီးကို ပွေ့ဖက်ရင်း လေတိုးမှုကြောင့် သူ့ပုဆိုး လန်တန်၊ ပျံတန်ဖြစ်နေသော ပုံကိုမှရိုက်ရသလား၊ အလှရိုက်သော ပုံကိုလည်း မျက်လုံးမှိတ်ခါနီးမှ ရိုက်ရသလား. . .

စသည်၊ စသည်ဖြင့် အမှန်တရားကို ကိုးကွယ်သော၊ မှန်ကန်မှုကို

မြတ်နိုးသော ကျွန်တော်၏ စေတနာမှန်များကို နားမလည်ကြ၍ ရိုက်ပြီးပုံများကို မရွေးဘဲထားကြလေသောကြောင့် ယိမ်းယိုင်လုလု ဖြစ်လာသော သရေခေတ္တရာ ကြည်အောင်၏ စေတနာမှန် အနုပညာ ဓာတ်ပုံလုပ်ငန်းကို ကျားကန် ဖေးမထောက်ပံ့မှု ပြုခဲ့သူကတော့ ဂျစ်မောင်မောင်နှင့် ရဲသိန်းတန်ပင် ဖြစ်ပါသည်။

သူတို့၏ ပံ့ပိုးမှုကြောင့် (သူတို့၏အကြွေးများဆုံးမှာစိုး၍) မြို့နယ်ရဲမှူးကြီးက လစ်ဟာလျက်ရှိသော ရဲမှူးခင်းဓာတ်ပုံဆရာ အဖြစ် အခွင့်ကြုံလျှင် အသုံးပြုပေးရန်စဉ်းစားပေးမည်ဖြစ်ကြောင်း ပြောဆိုလာပါသည်။

'ပညာရှိရင် ပွဲလယ်တင်' ဟူသော ဆိုထုံးသည် ကျွန်တော့် အတွက် မဟုတ်ပါသလော. . .။

* * *

ဒီတို့သုံးဦးနှင့် ဒေါင်းမြို့ရဲ့ လုပ်ငန်းရေးအမှုကြီး

မိုးနတ်မင်းက မေးမလေးသလား၊ ကျွန်ုပ်၏ ဓာတ်ပုံပညာခန်းကို မှတ်ကျောက်တင်၊ မော်ကွန်းတွင်စေရန်အတွက် ကံတရားက မေးမသော အခွင့်အခါကောင်းကား ပေါ်လာပေပြီ၊ ပညာရဲ့ရင့် ပွဲလယ်တင့်ပေတော့တဲ့။

ကျွန်တော်တို့ မြို့ကလေးနှင့် မိုင် (၂၀)လောက်ကွာသော ရခိုင်နိုးမတောင်ခြေနားရှိ အိမ်ခြေလေးဆယ်ခန့်မျှလောက်သာရှိသော ရွာကလေးတွင် အမဲလိုက်မုဆိုးတစ်ဦးက သူ့မိသားစုများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ရုံမျှမက သူ့ကိုယ်သူလည်း ပစ်ခတ်သတ်သေသွားသောအမှု ဖြစ်ပွားခဲ့သဖြင့် ကျွန်ုပ်သည် ရဲသိန်းတန်တို့အုပ်စုနှင့် ဂျစ်မောင်မောင်၏ သံမဏိမြင်းရိုင်းကြီးကိုစီး၍ အခင်းဖြစ်ပွားသည့် နေရာသို့သွားကြ သည်။

ကျွန်တော်တို့ ရောက်ရှိသွားချိန်က တောင်စွယ် နေကွယ်ခဲ့လေပြီ။ ရွာသူရွာသားများ၏ ပါးစပ်ဂေဇက်' သတင်းကတော့ မုဆိုးသည် သူ့မိသားစုကို သားကောင်ထင်မှတ်၍ ပစ်ခတ်ခြင်းဖြစ်မည်တဲ့၊ အပမှီခြင်း၊ တောမှောက်ခြင်းသို့မဟုတ် တောထဲတောင်ထဲတွင် အမှားအယွင်း လုပ်မိခဲ့လို့ဖြစ်မည်တဲ့၊ ရွာတော်ရှင်ကို တောင်းပန်ရမည်၊ တိုးလျှိုးရမည်၊ ပသရမည်တဲ့။

ရွာကျောင်းဆရာလေး၏ ထင်မြင် ယူဆချက်ကတော့ မုဆိုးသည်

ငှက်ဖျားဖျားနေသည်၊ ဆေးမသောက်၊ ဆေးမစား၊ ဆေးမထိုး သော်လည်း မီးတောက်၊ ထွေးညို၊ စာဥ၊ ချက်စက်း တို့ကိုသောက်မျိုဆို့ပြီး ငှက်ဖျားကို တန်ပြန်ခုခံတိုက်ကြမ်းကုသည်တဲ့။ ငှက်ဖျားကြောင့် အားနည်း နေတုန်း အရက်မူးဇော်ကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် ငှက်ဖျားပိုး ဦးနှောက်ထဲဝင်၍ ထင်ယောင်ထင်မှားဖြစ်ကာ ပစ်ခတ်ခြင်း ဖြစ်သည်ဟု ပြောဆိုကြလေသည်။

ရဲတပ်ဖွဲ့က အိမ်ပေါ်သို့ တက်၍စစ်ချက်ယူသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း ရင်တော့၍ အိမ်ပေါ်သို့ တက်လိုက်သည်။

ဝါကျင့်ကျင့် 'အောက်လင်းဓာတ်မီး'ရောင်အောက်တွင် သွေးရောင် လွှမ်းသောစည့်ခန်းမက မြင်ရက်ကြည့်ရက်စရာမရှိ ရွံရှာ ကြောက်ရွံ့စိတ်ကို ဘေးဖယ်ပြီး ရသမျှ အလင်းရောင်နှင့် ကင်မရာမှ အလင်းရောင်ကို ပေးပေး စပ်ပြီး ရဲတပ်ဖွဲ့အတွက် အထောက်အကူပြုသော ပုံကောင်းများကို ရရှိရန် ကြိုးစားရင်း ကျွန်တော်၏အနုပညာပိုးများ ထကြွလာသည်၊ အနုပညာသွေး များ ဆူဝေလာသည်။

မှုခင်းဂျာနယ်ထဲတွင် 'အရက်သမား အမှားတစ်ထောင်'ဟူသော ခေါင်းစဉ်တပ်ပြီး ဓာတ်ပုံများ ဝေဝေဆာဆာသုံးပြီးထည့်မည်၊ ထို့ပြင် ကျွန်တော်၏ ထူးခြားသော အနုပညာအရည်အသွေးများကို ဖော်ထုတ်ပြီး 'ရွာတော်ရှင်နှင့် ထိုမုဆိုး' ဟူသောခေါင်းစဉ်ဖြင့် ထူးထူးဆန်းဆန်းများကို ထည့်သွင်းဖော်ပြလေ့ရှိသော မဂ္ဂဇင်း၌လည်း 'နင်လားဟဲ့ ငှက်ဖျား' ဟူသော ခေါင်းစဉ်ဖြင့် ငှက်ဖျား ဖျားပါက 'ချက်' အရက်မီးတောက် သောက်သုံးခြင်းဖြင့် ပျောက်ကင်းသွားကြောင်းကိုလည်း ထည့်မည်။

ငှက်ဖျားသာမက အသက်ပါပျောက်ကြောင်းကိုတော့ ဆရာ စား ချန်မည်။

စသည်၊ စသည့်ရည်ရွယ်ချက်များကြောင့် မြင်တွေ့သမျှကို မလွှတ်တန်း၊ မှတ်တမ်းတင် ဓာတ်ပုံ 'တဖျတ်ဖျတ်'ရိုက်ရင်းနောက်ဆုံး၌ မုဆိုးအလှည့်ရောက်လာသည်။

မုဆိုးက ထရံကို ဗို့ဖြန့်ခြေဆင်းထိုင်းရင်း အသက်ထွက်သွားခြင်း ဖြစ်ပုံရသည်၊ ကျည်ဆံက နောက်စေ့မှ ထွက်သွားခြင်းဖြစ်၍ ခေါင်းမှီထားသော ဝါးထရံတစ်ခုလုံး 'ရဲပတောင်း' ခတ်နေသည်၊

မုဆိုး၏ ပုံသည် ရဲတပ်ဖွဲ့အတွက် အထူးအရေးကြီးမည်၊ မှားလို့မရ ထို့ကြောင့် သေသေချာချာ ချိန်ကြည့်သည်၊ မုဆိုးမျက်လုံးက ပွင့်နေသည်၊ ပြူးလည်းပြူးနေသည်၊

ကျွန်တော့်ကို လိုက်ကြည့်နေသလို ထင်ရ၍ ဇောချွေးများ နည်းနည်း ထွက်လာသည်၊ အနုပညာသွေးများအေးကာ ကြောက်သွေးတွေ ဆူဝေလာသည်၊

သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များကြား၌ သိက္ခာတော့အကျမခံနိုင်ပါ၊ အားတင်းရင်း မုဆိုး၏ တစ်ကိုယ်လုံးပုံကို ရှေ့နောက်၊ ဝဲ၊ ယာ ရိုက်ပြီးနောက် အနီးကပ်မျက်နှာကိုပဲ ရိုက်ဖို့ ကျန်တော့သည်၊ မုဆိုး၏ မျက်နှာတစ်ခြမ်း အမှောင်ရိပ်ကျနေသည်၊ ကင်မရာဖြင့် အဝေးမှ ဆွဲရိုက်လို့ကတော့ အလင်းရောင်မလုံလောက်မှုကြောင့် ဝါးသွားနိုင်သည်၊

အနီးကပ်၍ကင်မရာဖြင့် ချိန်လိုက်ရင်း 'ဘယ်ဘဝက ဝဋ်ကြွေးလဲ မုဆိုး၊ မင်းလည်းသားကောင်ကို ချိန်သလို အခု ငါလည်းမင်းကို ချိန်နေရပြီ ဒါပေမယ့် ငါရဲ့ချိန်ခြင်းက အကြင်နာမေတ္တာတွေနဲ့ ပေါင်းစပ်ထားတဲ့ အနုပညာ ချိန်ခြင်းပါ မင်းလိုသွေးစွန်းအောင် အကြင်နာမဲ့တင်း ရက်စက်ခြင်းတရားနဲ့ ချိန်ခြင်းတော့မဟုတ်ပါ၊

အရေးထဲ အနုပညာသွေးများဆူဝေလာပြန်သည်၊ သို့ပါသော်လည်း သွေးများစွန်းပေနေသည့် နီရဲနေသော မညီမညာသွားကြီးများက ဟောင်းလောင်းပွင့်နေသည့် ပါးစပ်အတွင်းမှ ထွက်ပေါ်နေသည်မှာ 'ဒရက်ကူလာ' ဇာတ်ကားထဲမှ သွေးစုတ်ဖုတ်ကောင်ကြီးအတိုင်းပင်၊

ပြူးထွက်နေသောမျက်လုံးအစုံက ကျွန်တော့်လှုပ်ရှားမှုများကို မျက်တောင်မခတ်တမ်းကြည့်နေသကဲ့သို့ ထိုအမြင် ဝါးကြမ်းခင်းထားသဖြင့် ကျွန်တော် ရွှေ့တိုင်း ကြမ်းခင်းလှုပ်သလို မုဆိုးကလည်း လှုပ်နေသဖြင့်

ခေါင်းမွေးတင်မက လက်မွေး၊ ခြေမွေးများပါ ထောင်ချင် သလို ဖြစ်လာသည်၊

မထောင်ခံနိုင်ပါမှုလား။ အသက်ပြင်းပြင်းရှူလိုက်တိုင်း သွေးညှီနံ့ကြီး တထောင်းထောင်းထလျက် နှာခေါင်းအတွင်း အလုံးအရင်းဖြင့် ဝင်ဝင်လာသည်။

စိတ်ကိုတင်း၍ သရေခေတ္တရာ ကြည်အောင်ဟူသော ဝုဏ်ကို ထိန်းရင်း နောက်ဆုံးပုံကို ရိုက်မည်အပြု ခြေဆင်းထားသော မုဆိုး၏ ခြေထောက်ကို ခလုတ်တိုက်မိသွားသည်။

မုဆိုးသည် လှုပ်ရှားသွားပြီး နောက်သို့လန်နေသောခေါင်းက ရှေ့သို့ ငိုက်ကျသွားသည်၊ မြင်ရက်စရာမရှိ ကြည့်ရက်စရာမရှိ ကျွန်တော့် မွေးညှင်းများအားလုံး ထောင်သွားသည်၊ အာခေါင်လည်း ခြောက် သွားသည်၊ ချွေးလုံးကြီးများ စီးကျလာသဖြင့် အားကိုးအားထားစရာ ရဲသိန်းတန်တို့ဘက်သို့ နောက်လှည့်ကြည့်လိုက်သည်၊

ဝါကျင့်ကျင့် အောက်လင်းမီးရောင်အောက်တွင် ပြန့်ကျဲနေသော အလောင်းများ၊ ရဲရဲတောက်နေသော သွေးကွက်များမှတစ်ပါး သက်ရှိ ဟူ၍ ကျွန်တော်တစ်ယောက်သာလျှင် ထိုအိမ်ပေါ်ခန်းမထဲတွင် ရှိနေကြောင်းကို မှုက်ဝါးထင်ထင်သိမြင်လိုက်ပြီးသကာလ ကြောက်ရွံ့ထိတ်လန့်မှုများ အထွတ်အထိပ်သို့ ရောက်သွားပြီး 'တဒိန်းဒိန်း' မြည်ဟီးတာ ခုန်နေသော နှလုံးကြီးသည် လည်ချောင်းထဲသို့ ရောက်ရှိလာသလို ခံစားလိုက်ရသဖြင့်. . .

ကျွန်တော် 'အား. . . ခနဲ' အသံကုန် အော်ဟစ်လိုက်ပြီး 'မိုက်' ခနဲဖြစ်သွားခဲ့လေပြီ။

ငယ်သံပါအောင် အော်ဟစ်ရင်းပြေးလွှားနေသော သံမဏိ မြင်းရိုင်းကြီး၏ နောက်ခန်းရှိ ရဲတပ်သားတို့၏ ပေါင်ပေါ်တွင် စန့်စန့်ကြီး ရောက်ရှိနေကြောင်း ကိုယ့်ကိုယ်ကိုယ် သတိထားမိချိန်တွင် ရှက်ရွံ့စိတ်များက ငယ်ထိပ်သို့ ရောက်ရှိသွားသဖြင့် ကျွန်တော့်ကိုငုံ့ကြည့်နေသော ရဲသိန်းတန်ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း. . .

'မင်း ဘာအသုံးကျလဲ ငါ့ကို တစ်ယောက်တည်းထားခဲ့ကြတယ်'

ကျွန်တော်၏ ဒေါသသည် ကျဆုံးသွားသော ကျွန်တော်၏ ဥအိမ်သိက္ခာကို 'ရွေး'ဝက်လောက်ပင် တက်မလာနိုင်တော့ကြောင်းကို ရဲအခွဲ့ဝင်တို့၏ ပြုံးစစမျက်နှာပေးများက သက်သေပြနေပါသည်။

'ငါတို့အားလုံးက နောက်ဘက်မီးဖိုခန်းထဲမှာဝင်ပြီး တကယ့် လူသတ်ကောင် အစစ်ကို ဝင်ရှာနေလို့ အိမ်ရှေ့ခန်းထဲမှာ မင်း တစ်ယောက်တည်းကျန်ခဲ့တာ'

'ဟေ. . . ဟုတ်လား လူသတ်ကောင်ကို မိခဲ့လား၊ ရွာတော်ရှင်မလား'

'မိခဲ့တယ် ဆိုပါတော့၊ ပိုပြီးသေချာအောင် ဓာတ်ခွဲခန်းနဲ့ ဆေးရုံမှာ အလောင်းကို ရင်ခွဲပြီး စစ်ဆေးရဦးမယ်၊ ဖြစ်ပုံက မုဆိုးက ငှက်ဖျားထပြီး နေမကောင်း ဖြစ်နေချိန်ကြီးမှာ မီးတောက်ချက်အရက်ကို သောက်ရုံ တင်အားမရဘူး(. . . )တွေထည့်ချက်ထားတဲ့ ကြက်သား ဟာလသားချက်ကိုပါ အမြည်းလုပ်နေတာကိုးကွ။

နှစ်ပင်လိမ်တာလေ၊ ငှက်ဖျားဒဏ်ကြောင့် သူ့ခန္ဓာကိုယ်ခံနိုင်စွမ်း အားနည်းနေချိန်ကြီးမှာဆိုတော့ နှစ်ပင်လိမ်တဲ့ ဒဏ်ကို မခံနိုင်တော့ဘဲ ထင်ယောင်ထင်မှားနဲ့ ကိုယ့်စိတ်ကို မနိုင်တော့ဘဲ မဖြစ်သင့်တာတွေဖြစ်ကုန်တာပေါ့၊

အရက်ခွက်ဘေးနားမှာ မှောက်နေတဲ့ ကြက်သား ဟင်းခွက်ကို တွေ့လို့ မသင်္ကာလို့ ဟင်းအိုးထဲသွားကြည့်တာ တန်းနေတာပဲ၊ တကယ့် လူသတ်တရားခံက ရွာတော်ရှင်မ မဟုတ်ဘူး မူးယစ်ဆေးဝါးကွ၊ မူးယစ်ဆေးဝါး. . . နောက်ပြီးတော့. . . .'

ရဲသိန်းတန်၏ နောက်ပြီးတော့ဆိုပြီး ဆက်ရန်ရှိသော စကားသည် ကျွန်တော့်ကို ဆော်တော့မည်ဖြစ်ကြောင်း သိသဖြင့် တစ်ဖက်သို့ လှည့်လိုက်ရာ မျက်နှာချင်းဆိုင်မိသော ရဲသားလေးက ပြုံးစေ့စေ့ဖြင့်-

'ခင်ဗျား အသံနက်ကြီးနဲ့ အော်ဟစ်လိုက်ပြီး လဲကျသွားတော့ ရွာသားတွေ တက်လာပြီး ခင်ဗျားကို ပွေ့ချီသွားကြတာ ကျွန်တော်တို့

ား ချိန်တောင်မရလိုက်ဘူး'

'သူတို့တွေကင်္ဂါကို ဝိုင်းပြီးပြုစုကြတာပေါ့၊ အားနာလိုက်တာကွာ'

သံမဏိမြင်းနိုင်းပေါ်ရှိသူအားလုံး ကျိတ်ပြီးရယ်လိုက်ကြသလား မသိ 'ဟန်း ခွီး' အသံများထွက်လာပြီးနောက် ဂျစ်မောင်မောင်က ကားကို အရှိန်လျှော့ရင်း. . .

'မင်းကို အပမှီတယ်ဆိုပြီး ရွာဦးနတ်စင်ကို ခေါ်သွားပြီး တောင်းပန်ကြတာကွ'

'ဟုတ်လား၊ ကျေးဇူးတင်ဖို့ကောင်းလိုက်တာကွာ၊ ဒါဒါတွေ့ မြန်မာလူမျိုးတွေရဲ့ ဝိုင်းဝန်းကူညီတတ်တဲ့ ဓလေ့ပဲကွ'

'နှိုးနှိုးခေါ်သွားတာမဟုတ်ဘူး မင်းကို ထဘီခြုံပြီး ပွေ့ခေါ်သွားတာကွ၊ ထဘီခြုံပြီးတော့မှ ပွေ့ခေါ်သွားတာ ဟား. . . ဟား. . . ဟား. . . .'

ကျွန်တော့်ဆဲသံကြီးက သူတို့ ရယ်သံကြီးကို မကျော်လွှား နိုင်ပါကြောင်း။

* * *

**တစ်မြို့လုံးတုန်လှုပ်ချောက်ချားသွားသော ရှုခင်းတစ်ရပ်**

ညနေက မိုးမရွာဘဲတိုက်ခဲ့သောလေပြင်းကြောင့် ဓာတ်အားတိုင်ပေါ်သို့ သစ်ပင်ကြီးလဲကျသွားသဖြင့် တစ်မြို့လုံး မီးပျက်သွားရသည့်အထဲ ဝါဆိုလဆန်း (၁၃) ရက်နေ့သာမည့်လမင်းကြီးမှာလည်း မိုးလုံးပြည့်ဖုံးလွှမ်းနေသောတိမ်မည်းညိုများကြောင့် ရောင်ဝါမထွန်းပနိုင်တော့သဖြင့် တစ်လောကလုံး ကျိုးကန်းကို အိုးမည်းသုတ်၍ကတ္တရာပုံးထဲ ထည့်လိုက်သကဲ့သို့ အမှောင်နဲ့ဘလက် (Black) ဖြစ်နေရတော့သည်။

တောမြို့ကလေး၏ ထုံးစံအရ ညကိုးနာရီခန့် အချိန်ရှိပြီဖြစ်၍ လူခြေတိတ်စပင် ပြုနေပြီ ဖြစ်သော်လည်း မြို့နယ်ရဲစခန်းဝင်းနှင့် ကပ်လျက်တည်ရှိသော ကျွန်တော်တို့၏ သရေခေတ္တရာ လက်ဖက်ရည်၊ မုန့်မျိုးစုံနှင့် သားရေထည် ပစ္စည်းမျိုးစုံဆိုင်ကလေးကတော့ ဖယောင်းတိုင် မီးအလင်းရောင်ကို အားပြုလျက် လူတစ်စုရှိနေပါသည်။ ထိုလူစုကတော့ မြို့နယ်စခန်းမှူးနှင့်တကွ ရဲသိန်းတန်တို့ ရဲတပ်သား အုပ်စုလေးပင် ဖြစ်ပါသည်။

ကျွန်တော့်အတွက် ပထမဆုံး မှုခင်းဓာတ်ပုံဆရာအဖြစ် ရရှိလာသော အခကြေးငွေများဖြင့် ရဲသိန်းတန်တို့ကို ဂုဏ်ပြုစည်ခံခြင်း (ထဘီခြုံတိစ္ဆာကို ဖုံးဖိခြင်း)ဖြစ်ပါသည်။

ကျွန်တော့်ရိုက်ချက်များက ရဲတပ်ဖွဲ့ကို အထူးပင် အထောက်အကူ ပြုပါသည်။ ကြည်လင်ပြတ်သား ပါပေသည်ဟု ပြောမိသော မြို့နယ်ရဲမှူး ကိုလည်း အထူးတလည် (မရမက အတင်း) ဖိတ်မန္တက ပြုသည့်အတွက် မအားလပ်သည့်ကြားမှ (မကောင်းတတ်လွန်း၍) လာရောက်ချီးမြှင့် ပေးပါသည်။

ရွှန်းရွှန်းဝေအောင် ကျွန်တော့်ကို ချီးကျူးနေခဲ့သော ရဲမှူးကြီး၏ စကားများကြောင့် မင်္ဂလာဦးည နောက်ပိုင်းမှစ၍ ပျောက်ကွယ်လုလု ဖြစ်နေ သော ကိုယ့်လင်သားကို အထင်ကြီးခြင်း၊ အားကိုးခြင်း၊ ဝမ်းမြောက် ပီတိ ဖြစ်ခြင်းနှင့် ပြည့်လျှမ်းနေသောအပြုံးမှာ. . . သခုမှ ကျွန်တော်၏ ခေတ္တရာ သူကြီး မျက်နှာတွင် ပြန်လည်၍ နေရာယူခဲ့လေပြီ။

ကိုယ့်လင်သားအစွမ်းအစကို သိရှိသွားခြင်းကြောင့် မြေသုတ် ပုဆိုး မြွေစွယ်ကျိုးကဲ့သို့လင့် အလိုလိုက်လင့် အကြိုက်ဆောင်ရန် အသင့် ဖြစ်နေပေပြီ ကျွန်တော်၏ အနာဂတ်အတွက် တောင်းဇာတ်တွေ ခင်းနေစေ ပြီ၊ ရောင်နီသန်းလာချေပြီ။

ထိုစဉ် 'ဒိန်း. . . ဒိုင်း. . 'ဟူသော သေနတ်သံနှစ်ချက်က ရဲစခန်း ဝင်း နောက်ဘက်မှ ပေါ်ထွက်လာပြီးနောက်၊ အနောက်မြောက်ဘက်မှပတ် ၍ 'တဒိုင်းဒိုင်း'ဖြင့် အတွဲလိုက်ပစ်ခတ်သံများ ပေါ်ထွက်သောအချိန်တွင် ဆိုင်အတွင်း၌ ကျွန်တော်တို့လင်မယား နှစ်ယောက်သာ ကျန်ရှိခဲ့တော့သည်၊

လမ်းမပေါ်ရှိနေသူများ၏ ပြေးလွှားသံ၊ ဘယ်သူ့ရေ ဘယ်ဝါ ရေဟု အော်ဟစ်ခေါ်သံများ ကမ္ဘာပျက်မတတ် ဆူညံနေစဉ်မှာပင် သေနတ်သံများနှင့် ရောထွေး၍ကားစက်သံကိုပါ ကြားလိုက်ရပြီး သေနတ်သံများ ကားသံများ တဖြည်းဖြည်း မြို့နှင့် အလှမ်းဝေးသွားသည်၊

သာယာနေသော ကျွန်တော်တို့ မြို့ကလေး မီးပျက်၍ မိုးမှောင် ကျနေချိန်ကို အခွင့်ကောင်းယူကာ ဝင်ရောက်ပစ်ခတ်သွားခြင်း ဖြစ်မည်။

နောက်တစ်ကျော့ ပြန်လာလေမလား၊ မနက်လင်းလျှင်ဖြင့် ဘယ်သူ ဘယ်ဝါတော့ ဘာဖြစ်သွားပြီဆိုပြီး အမင်္ဂလာသတင်းကို ကြားရလေမလားဟု

တဆိတ်ထိတ်ဖြင့် တစ်မြို့လုံးအိပ်ပျော်မည်မဟုတ်၊ တို့အတူ ကျွန်တော်တို့ လင်မယားလည်း ထိုနည်းလည်းကောင်း. . .

မနက်မိုးလင်း၍ ဆိုင်ဖွင့်ဖွင့်ခြင်း ဆိုင်အတွင်းသို့ ဝင်လာသော ဂျစ်မောင်မောင် တွေ့လိုက်ရသဖြင့် ဝမ်းသာအားရကြိုဆိုရင်း. . .

'မင်း ဘာမှ မဖြစ်ဘူးနော်၊ ငါမှာလေ တစ်ညလုံး မင်းမသေပါစေနဲ့လို့ ဆုတောင်းလိုက်ရတာ၊ မင်းသာသေရင် သရဲကြောက်လို့ ငါနေရဲမှာမဟုတ်ဘူး'

တစ်ညလုံး အိပ်ရေးပျက်ထားပုံရသော ဂျစ်မောင်မောင်က ထိုင် လိုက်ရင်း . . .

'သေလိုက်တာကမှ အေးဦးမယ်၊ အခုတော့ကွာ. . .'

ကျွန်တော် မျက်လုံးပြူးသွားသည်။ ဂျစ်မောင်မောင် သေချင်ရ လောက်အောင် မည်သည့်နေရာမှာ ဒဏ်ရာရခဲ့သနည်း။ ကျွန်တော့်မိန်းမ ဆိုင်နောက် ဝင်သွားသည်ကို အခွင့်ကောင်းယူ၍. . .

'တဲ ပြစမ်းကွာ ဘယ်နေရာမှာ ဒဏ်ရာ ရသွားလဲ၊ ရှက်မနေပါနဲ့ ယောက်ျားချင်းပဲဟာ'

သူကအသံမထွက်ဘဲ ညစ်ညစ်ပတ်ပတ်ဆဲလိုက်ပြီးမှ. . .

'ငါ့ကား ကာဝရိုက်တာ' (ကာချူရေတာ) ကိုစိတ်တိုင်းမကျလို့ ပြင်နေတာ မနေ့က တစ်နေ့ကုန်ရော မင်းဆီကိုတောင် မလာဖြစ်ဘူး၊

ညရှစ်နာရီလောက် ကားပြင်ပြီးပြီးခြင်း လူပျိုကြီး မိုးထွဋ်က မိန်းမ ခိုးချင်လို့တဲ့ ငါ့ကားကို လာငှားတယ်။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ၊ ဘယ်လောက်မင်္ဂလာရှိလဲ၊ ငါ့ကားကို ယုံကြည်မှဲ မိုးဆက်သစ်တွေ ပေါက်ဖွား လာတော့မယ်လေ၊

ငါ့မှာဝမ်းသာလွန်းလို့ ထမင်းတောင် မစားဘဲ 'ဂွင်း'တွေ 'ဂွ'တွေ (ကွင်းတွေခွတွေ) ဝက်အူလှည့်တွေကို ဒရိုင်ဘာထိုင်ခုံအောက် စုပြုံ ထိုးထည့်ပြီး တန်းလိုက်သွားမိတယ်၊

လူပျိုကြီးကလည်း ရှက်လို့တဲ့ကွာ ဘယ်သူ့ကို ခိုးမယ်ဆိုတာကို မပြောဘူး ရဲစခန်းဝင်း နောက်ဘက် ပတ်လမ်းကို ကားကိုမီးမဖွင့်ဘဲ မောင်းခိုင်း

တယ်ကွာ၊ မင်းသိတဲ့အတိုင်းပဲ ရဲစခန်းနောက်ကလမ်းက ချိုင့်တွေ၊ ခွက်တွေ ရေမြောင်းတွေနဲ့ ပြည့်နေတဲ့ ကျောက်ခင်းလမ်း ကြမ်းကြီးလေ၊

မိုးမှောင်ကျနေရတဲ့အထဲ မီးမထွန်းဘဲ မောင်းရတော့ နောက်ဆုံး ရေလွှဲမြောင်းထဲကို နောက်ဘီးချော်ကျပြီး ကျောက်တုံးနဲ့ ဆောင့်မိလို့ 'အိပ်ဇောပိုက်' အရင်းကနေ ပြတ်ထွက်သွားတယ်၊

အဲဒီအချိန်မှာ ခေါင်းစွပ်အနွေးထည် ဝတ်ထားတဲ့ ဂိုန်းကလေး တစ်ယောက် ကားပေါ်ကို ပြေးတက်လာတယ်ကွ၊ ငါ့ကား'အိပ်ဇောပိုက်'ပြတ် သွားကြောင်း ပြောမလို့ရှိသေးတယ် မျိုးထွန်းက အတင်း မောင်းခိုင်း တာနဲ့ 'ဂီယာ'ကြီး နံပါတ် 'ဝမ်း'ကို ထိုး'လီဗာ'ကို 'တဗျင်းဗျင်း' ပုတ်ပြီး ရေမြောင်းထဲက အတင်းရုန်းတက်လိုက်တော့ အိပ်ဇောပေါက်သံကြီးက သေနတ်သံလို ဟိန်းထွက်သွားတယ်ဟေ့၊

'လီဗာ'ကို ပြန်လျှော့ချလိုက်ချိန်မှာ ဖြစ်ချင်တော့လည်း ငါစုမြုံ တင်ထားတဲ့ ငွင်းတွေငွတွေထဲက 'မန်းကီး'ငွကြီးက ကားအဆောင့်မှာ ရွေ့ပြီး လီဗာတံကြားထဲမှာ သွားညပ်ပြီးကလန့်နေရော၊ ဆွဲထုတ်လို့မရဘူး လီဗာတံကလည်း ပြန်ကြွမလာတော့ဘဲ၊ နင်းထားတဲ့အတိုင်း ကား ကြမ်းပြင်မှာ သွားကပ်နေတော့ ကားစက်သံက ငယ်သံပါအောင် အော်သလို အိပ်ဇော သံကြီးကလည်း သေနတ်အတွဲလိုက်ပစ်တဲ့အတိုင်း 'ပွက်ပွက်'ကို ညံသွား တော့တာပါပဲကွ၊

မတတ်နိုင်တဲ့အဆုံး ငါလည်း ဒီအတိုင်း ထိန်းမောင်းရင်း မြို့ပြင် လည်းရောက်ရော 'လေးကို'က သူ့'ဟိုင်းလတ်' ကားနဲ့အသင့်စောင့်နေတာ တစ်ခါထဲ ကောင်မလေးကိုပါ တင်သွားကြတော့ စက်ရပ်လို့ မရတော့တဲ့ ငါ့ကားကြီးနဲ့ ငါပဲ ကျန်နေခဲ့တော့တယ်၊

တစ်နေကုန် ပြင်ထားတဲ့ 'ကာဗရိုက်တာ'က ဘယ်လောက်ကောင်း သလဲ မမေးနဲ့၊ ဘက်ထရီကြိုး ဖြုတ်လည်း စက်ကမသေဘူး၊ 'ပလပ်' တွေဖြုတ်လည်း စက်တနိုးတုန်း 'အပမှီ'တဲ့ အတိုင်းပဲ၊ နောက်ဆုံး ကာဗရိုက် တာထဲကို အဝတ်ကြေးထိုးထည့်လိုက်မှာ ကားလည်း စက်ရပ်သွားတော့တယ်'

'ဒါနဲ့များ မင်းက သေချင်ရသတဲ့လား. . . ဟား. . . ဟား. . . . ဟား. . . .'

'ဗျား. . . သေချင်တာက တကယ်မိန်းမဒိုးတဲ့ကောင်က လူမျိုးကြီး မျိုးထွန်း မဟုတ်ဘူး၊

ဆီမှောင်ခိုရာဇာကြီးရဲ့ တစ်ဦးတည်းသော သား 'လေးကို'ကွ နိုးရာလိုက်တဲ့မိန်းကလေးကလည်း ခေန်းမှူးကြီးရဲ့ တစ်ဦးတည်းသော သမီး ဖြစ်နေလို့ပေါ့၊ ဖြစ်နေလို့ဟ'

ကျွန်တော် မရယ်နိုင်တော့ပါ၊ အုံ့အားသင့်သွားသဖြင့် အသံတောင် မထွက်နိုင်တော့ပါ။

'ဟို ခွေးသူတောင်းစားက သူကားနဲ့ ရဲစခန်းဝင်းနားကပ်လာရင် ရိုပ်မိကုန်မှာစိုးလို့ ရဲကားတစ်ပိုင်းလို ဖြစ်နေတဲ့ ငါ့ဂျစ်ကားကို မျိုးထွန်း အနေနဲ့ တစ်ဖက်လှည့်နဲ့ လာငှားတာကွ၊ ခေန်းမှူးကြီးကို ငါဘယ်လို မျက်နှာပြရမလဲ မသိတော့ပါဘူးကွာ'

'ခေန်းမှူးကြီးကို မျက်နှာပြဖို့ကနောက်၊ တစ်မြို့လုံး ထိတ်လန့် အောင်လုပ်မှုနဲ့ မင်းကို တရားစွဲထားတယ်၊ အနည်းဆုံးဒဏ်ငွေတော့ ဆောင် ရမှာပဲ အဲဒီမှာ အရင်မျက်နှာသွားပြ'

ပြောပြောဆိုဆို ရဲသိန်းတန် ဆိုင်ထဲသို့ ဝင်လာသဖြင့် ကျွန်တော် ကလည်း. . .

'ဒဏ်ငွေ ကိစ္စထားပါဦး၊ ဒီကောင် ခေန်းမှူးကြီးကို ဘယ်လို မျက်နှာပြမလဲ ငါစဉ်းစားမရဘူး'

ရဲသိန်းတန်းက ကျွန်တော်တို့ကို တရားခံကြည့် ကြည့်ရင်း. . .

'သူ့သမီးကို စိတ်မချလို့ အိမ်ကမခွာတဲ့ခေန်းမှူးကို မရရအောင် အတင်း ခေါ်ထုတ်ခဲ့တဲ့ မင်းကိုလည်း ခေန်းမှူးကြီးက ကြဲရာပါလို့ ထင်နေ တယ်၊ အဲဒါ. . . မင်းရော ဘယ်လိုမျက်နှာပြမလဲ'

'ဘာ. . . . ငါ. . . ငါက ကြံရာပါဟုတ်လား'

အရာရာတွင် ရဲဝံ့ပြတ်သားသော၊ တာဝန်ကို တာဝန်လို ထမ်း

ဆောင်တတ်သော၊ ဝန်ထမ်းကောင်းကြီးဟု သတင်းမွှေးသော ရဲစခန်းမှူးကြီး တစ်ယောက်က၊ မြို့ကို အကြိမ်ကြိမ် မီးလောင်တိုက်သွင်းနေသော၊ ဥပဒေလမ်းကြောင်းပေါ်တွင် ဆီပေပါ လိုမ့်တမ်းကစားပြနေ သော ဆီမှောင်ခို ဝိသမသမားကြီးနှင့် ခမည်း၊ ခမက်တော်ဖို့ ဆိုတော့လည်း တစ်မြို့လုံး 'အုံးအုံးကြွက်ကြွက်' ကို တုန်လှုပ်သွားတာပေါ့ ခင်ဗျာ။

* * *

ယောက္ခမစီးချင်း

မြို့ပေါ်ရှိ တာဝန်ရှိ ပုဂ္ဂိုလ်အချို့၊ ကျွန်တော်၊ ဂျစ်မောင်မောင်၊ ရဲသိန်းတန်နှင့် သူတို့တပ်ဖွဲ့ဝင်ပေါင်း ဆယ့်ငါးယောက်ကျော်ကျော် ခန့်သည် ■ရာဝတီမြစ်ရေပြင်၏အပေါ် ပေနှစ်ရာခန့်မြင့်သော ရွှေမြင်တင်ချောက်ကမ်းပါးကြီး၏ဘေး မှောင်နေသော 'ဆောက်ဖြို' တောကြီးအတွင်း ခွေးဆွဲသလိုဆွဲနေသော မြင်များ၏ ဇက်ကိုလိုမ့်ခံရင်း အမြီးမလှုပ်၊ နားရွက်မခတ်ဘဲ သန်းခေါင်ကျော်ချိန်အထိ ဒုက္ခစရိယ ကျင့်နေခြင်းမှာ ရဲသိန်းတန်၏ ဘကြီးမိုးကျော် ကောင်းမှုကြောင့်ပင် ဖြစ်ပါသည်။

အကုသိုလ် ခုစရိုက်တောတွင် ပျော်မွေ့နေသော ဘကြီးမိုးကျော်ကတော့ အမှောင်ဖောက်မှ အရိပ်ခိုနေသော သူ့အပေါင်းအဖော်များကို သူနှင့်နို့စို့ဖက်များအလား သဘောထား၍ သတင်းအမှောင်ချထားလေ့ ရှိသည်။ သို့သော်လည်း ပြီးခဲ့သည့်တန်ခူးလက လောင်ခဲ့သောမီးကြီး အတွင်းတွင် သူ့အိမ်မီးထဲပါသွားခဲ့သည်ကိုလည်း မနှမျော၊ မြို့တစ်ဝက် နီးပါးပြာကျသွားသည်ကိုလည်း ဘယ်လိုမှ မခံစားမိသော်လည်း သူ့အသက်နှင့် ထပ်တူတယုတယ မွေးမြူထားရပါသော၊ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ရှုံးပွဲမရှိသည့် မျိုးကောင်း၊ မြီးကောင်းတိုက်ကြက်ကြီး ဖိုးစိန်၏ ဒုတိယမျိုးဆက်သစ်၊

ခွံလက်ပင် မချရသေးသည့် တိုက်ကြက်ကလေး နှစ်ကောင် မီးထဲပါသွားသောအခါ ပျော့မြေလူး အမွှေး မီးဝိုင်းသကဲ့သို့ မချိမဆန့် မစားနိုင်မသောက်နိုင် ခံစားနေရသည်။ သူ၏မျှော်လင့်ချက်များသည် တစ်စစီ ကျိုးပဲ့သွားသောအခါ၊ ဖိုးစိန်၏ မျိုးဆက်သစ်တို့ တိုးတက်'ခွပ်'ဖို့ မရှိအောင် မျိုးဖြုတ်ခန့်တီးခဲ့သော ဆီမှောင်ခို ဝိသမ သမားကြီး၏ ဝိုင်နက်စတီ (DYNESTY) ကိုလည်း အမြစ်ဖြတ်မည်ဟု သန္နိဋ္ဌာန်ချထားပြီး သတင်းပေးခြင်း ဖြစ်သဖြင့် သခုလိုကျွန်တော်တို့ ကင်းပုန်းဝပ်ခြင်းဖြစ်သည်ဟု ထင်လျှင် ငါးဆယ်ရာနိုင်နှုန်းသာ မှန်ပါဦးမည်၊ ရှင်းလင်းရပေဦးတော့။

ဆီမှောင်ခိုသမားများသည် မြို့နှင့်သုံးမိုင်ခန့်ဝေးသော စက်ရုံကြီးတစ်ခုမှ အကျင့်ပျက်ဝန်ထမ်းတချို့နှင့် ပူးပေါင်းကာ လောင်စာဆီများကိုခိုးထုတ်ကြသည်။ သူတို့က 'ကျွန်ကျောင်း' အိတ်ခေါ် 'ဘိုမ'အိတ်ခေါ် 'ကြွပ်ကြွပ်'အိတ်ကြီးများကို လေးငါးလုံးထပ်၍ လောင်စာဆီ အပြည့်ထည့်ကာ အထပ်ထပ် ချည်နှောင်လိုက်သောအခါ ငါးဂါလံမှ ဆယ်ဂါလံ အထိဆန့်သော အရေးပေါ် ဆီသယ်အိတ်ကြီးများ ဖြစ်သွားကြသည်။ ထိုဆီသယ်အိတ်ကြီးများကို အကျင့်ပျက်ဝန်ထမ်းများက စက်ရုံမှခိုးထုတ်ပြီး စက်ရုံနှင့် မလှမ်းမကမ်းရှိ သစ်တောအုပ်ထဲတွင် ဖွက်ထားခဲ့သည်၊ ထိုဖွက်ထားသည့်နေရာကို ဆီမှောင်ခိုသမားများထံ သတင်းပေး၍ အချိတ်အဆက်လုပ်ထားကြသည်၊ ဆီမှောင်ခိုသမားတို့က အကာလညအခါကို အခွင့်ကောင်းယူ၍ ကင်းအထပ်ထပ်ချထားပြီး နောက် ဆီမှောင်ခိုသမားတို့က ထိုဆီအပြည့်ပါသော အိတ်ကြီးများကို ထမ်း၍ ရောဝတီမြစ်ပြင် အထက်ပေနှစ်ရာခန့်မြင့်သော ရွှေမြင်တင် တမ်းပါးအတိုင်းတန်းစီ၍ သယ်ဆောင်လာရင်း 'ဆုံမှတ်' တစ်နေရာ အရောက်အောက်မှ အသင့်စောင့်နေသော ပဲ့ထောင်ခေါ် စက်လှေပေါ်သို့ ဆီအိတ်ကြီးများကို ကြိုးဖြင့်ချပေးကြသည်။

သူတို့လုပ်နည်းလုပ်ဟန်ကို ရဲအဖွဲ့အနေဖြင့် မသိဘဲရှိပါမည်လား၊ စောင့်ဆိုင်း၍ ဖမ်းဆီးပါက၊ ဆီမှောင်ခိုသမားတို့၏ အစောင့်ကင်းသမားက

အချက်ပေးလိုက်သံနှင့်အတူ မှောင်ခိုသမားများက ဆီအိတ်ကြီးများကို မြစ်ထဲပစ်ချ၍ထွက်ပြေးကြသည်။

ပေနှစ်ရာအမြင့်မှ အရှိန်ဖြင့် ကျလာသောဆီအိတ်ကြီးများသည် ရေပြင်နှင့်ထိသောအခါပေါက်ပြဲ၍ ဆီများလည်းထွက်လာကာ ရေစီးနှင့်အတူ မျောပါသွားလေသောကြောင့် သက်သေခံ ပစ္စည်းရရှိရန် မလွယ်ပေ၊ ထို့ကြောင့် ဆီမှောင်ခိုသမားများကိုလည်း ထိုက်တန်၍ထိရောက်သော အပြစ်ဒဏ် ချမှတ်ခံရဖို့ကလည်း မဖြစ်နိုင်တော့ပေ။

မတ်စောက်သော ကမ်းပါးပေါ်မှနေ၍ ရေထဲက ပုံထောင်ကို ဖမ်းဖို့ဆိုတာကလည်းမဖြစ်နိုင်၊ ထို့ပြင် ငါးမိနစ်ခန့် အရှိန်ဖြင့်မောင်းလိုက်ပါက ရောက်ရှိသွားမည်ဖြစ်သော မြစ်တစ်ဖက်ကမ်းသည် ကျွန်တော်တို့ မြို့နယ်လေး၏ ရဲစခန်းလက်အောက်တွင် မရှိသည့်အပြင် ရဲစခန်း၊ ရဲတပ်ဖွဲ့ ဟူ၍လည်းမရှိသော တံငါရွာလေးများသာ ဖြစ်သဖြင့် 'နှမ လက်လျှော့နေလေတော့' သီချင်းကို ဆိုပြီး ပြန်ခဲ့ရပေါင်းကလည်း မရေမတွက်နိုင်တော့။

ယခုတော့ ထိုအခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်း တိုပါ ဘကြီးမိုးကျော်က ပေးလိုက်သဖြင့် ယုံကြည်ချက် ရာနှုန်းအပြည့်ဖြင့် စောင့်နေခြင်းဖြစ်ပါသည်။

သန်းခေါင်ကျော်၍ လဝင်သွားပြီးနောက် ညကြီးအချိန်မတော် ထွက်ပေါ်လာသော ချိုး (ဂိုး) ကူသံနှင့်အတူ လူနှစ်ဆယ်ခန့်သည် အိတ်ကိုယ်စီထမ်းလျက် ကမ်းပါးဘက်သို့ တရွေ့ရွေ့သွားနေသည်ကို မြင်ရသည်နှင့် ကျွန်တော်၊ ရဲသိန်းတန်၊ ဂျစ်မောင်မောင်တို့ သုံးဦးသား သံမဏိ မြင်းမှိုင်းကြီးကို စက်နှိုး၍ မီးမဖွင့်ဘဲ အမြင်းမောင်းနှင်ရင်း ဆီမှောင်ခို သမားများထံသို့ ဦးတည်လိုက်သည်။

သူတို့ကလည်း ရုတ်တရက်ထွက်ပေါ်လာသော ကားစက်သံနှင့် အတူ ဆူညံသော'လက်ခေါက်' မှုတ်သံများကြောင့် ကမ်းပါးဘက်သို့ ပြေးလေတော့သည်။

ဤနည်းအတိုင်းသာဆိုလျှင် ကျွန်တော်တို့ မှောင်ခိုသမားများကို

ခံနိုင်မည် မထင်ပေ၊ ထိုစဉ် ရဲသိန်းတန်က. . .

'ဟေ့ကောင်တွေ ငါ ရဲသိန်းတန်ပါကွ မပြေးနဲ့ မပြေးနဲ့ ငါ ရဲသိန်းတန်ပါကွ' ဟုအော်ဟစ်အပြီး ဂျစ်မောင်မောင်က ကားကို မြန်မြန် မောင်းရင်း. . .

'ဟေ့ကောင်တွေ ညှိလို့ရပါတယ်ကွ၊ ဆီအိတ်တွေ ရေထဲပစ်မချနဲ့ နော် လွှင့်မပစ်နဲ့၊ လွှင့်မပစ်နဲ့" ဟုအော်ဟစ်လိုက်သောအခါ မှောင်ခိုသမားများ အပြေးတန့်သွားပြီး နောက်ပြန်လှည့်ကြည့်ကြစဉ် ဂျစ်မောင်မောင် ညနေထဲက အထူးပြုလုပ်ထားသော ကြိုးတန်းလန်း တပ်ထားသည့် 'ဆလိုက်'မီးကြီးဖြင့် ရဲသိန်းတန်က သူ့ကိုယ်သူထိုးပြသည်။

ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် မီးထိုးပြရင်း ဆီမှောင်ခိုသမား များနှင့် ညှိနှိုင်းရန် အော်ပြောနေကြသဖြင့် ရွံရှာပြီး အထင်သေးသွား ပါသလား မသိသတ် ဆန္ဒမစောနှင့် ဦးလေး. . .။

ကားပေါ်တွင် ကျွန်တော်တို့ သုံးယောက်သာပါကြောင်း ထင်ထင် ရှားရှားသိမြင်သွားသောအခါ မှောင်ခိုသမားများ အပြေးရပ်လိုက်ကြပြီး ဆီအိတ်ကြီးများကိုလည်း မြေပေါ်သို့ ချထားလိုက်ကြသည်။ သူတို့ဘက်က ညှိနှိုင်းကြတော့မည်ပေါ့၊ ရဲသိန်းတန်ဟ ဆလိုက်မီးကို မှောင်ခိုသမားများ ဘက်သို့ လှမ်းထိုးလိုက်သည်၊ ကောင်းလိုက်သည့် အလင်း၊ 'ဖလက်(ရှ်)ဝန်း' ခေါ် ဓာတ်ပုံရိုက်မီးပင် သုံးစရာမလိုဘဲ သူတို့အားလုံး၏ ပုံကို မှတ်တမ်းတင် လိုက်နိုင်၏။

တမ်းပါးအောက်မှ ပုံထောင်စက်နှိုးသံပေါ်လာသည်၊ သူတို့ အထဲမှ တစ်ယောက်က ရဲသိန်းတန်ဖြစ်ကြောင်း ညှိနှိုင်းရန်လာကြောင်း အော်ပြော သံကြားလိုက်ရပြီး စက်ပြန်ရပ်သွားသည်နှင့်အတူ ကျွန်တော်တို့လည်း တမ်းပါး ဆိပ်သို့ ရောက်ရှိသွားသည်၊ ရဲသိန်းတန်က ကားပေါ်မှဆင်း၍ ထိုလူအုပ်ထဲ အသွား ကျွန်တော်တို့နှစ်ယောက်က ကားကိုကွယ်၍ တမ်းပါးအောက်ရှိ ပုံထောင်ကို ဆလိုက်ထိုးကြည့်လိုက်သည်။ အောက်မှ မီးမထိုးရန်အော် ပြောစဉ်မှာပင် ထိုပုံထောင်အတွက် လုံလောက်သော ဓာတ်ပုံများ ရိုက်ပြီးဖြစ်၍

မီးပိတ်လိုက်သည်။ ဆလိုက်မီးကို အကာအကွယ်ပြု၍ ခင်းတို့တစ်အုပ်စုလုံးကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီးပြီဖြစ်ကြောင်း ခင်းတို့က မသိရှိကြသေးဘဲ. . .

ရဲသိန်းတန်းနှင့် ညှိနှိုင်းရန် ဈေးစကားပြောနေကြသည်။ အားလုံး၏ အာရုံသည် ရဲသိန်းတန်တွင် ရောက်ရှိနေချိန်တွင် မြို့ပေါ်တာဝန်ရှိ ပုလိပ်များနှင့် ရဲအဖွဲ့က ဝိုင်းထားပြီးဖြစ်ကြောင်းကို သူတို့ သိရှိသွားချိန်တွင်ကား နိုးထုပ်နိုးထည်များကို ဖျောက်ဖျက်ရန်နောက်ကျသွားလေ ခဲ့ပြီတည်း။

ရဲသိန်းတန် ညှိနှိုင်းပေးမည်ဆိုသည်မှာလည်း တရားဥပဒေနှင့် အညီ တရားဝင်ညှိနှိုင်းပေးတော့မည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိသွားချိန်မှာတော့ ခင်းတို့ ပြေးစရာမြေမရှိတော့ပေ။

ရေထဲမှ လူများတစကျွန်းသော်လည်း 'ဝါးရမ်းပြေး'၊ 'တရားခံပြေး' အဖြစ် အပြစ်ဒဏ် ထပ်တိုးသွားမည် ဖြစ်ကြောင်းနှင့် သူတို့ကို ဓာတ်ပုံရိုက်ပြီးပြီဖြစ်ကြောင်း သိရှိသွားလေသောအခါ. . . .

စက်ရုံမှ အကျင့်ပျက်ဝန်ထမ်းများကို ထပ်မံဖမ်းဆီးခြင်း၊ အားလုံးသော သူများအတွက် ရသင့်ရထိုက်သောအခွင့်အရေးမှန်သမျှကို ရရှိရန်အတွက် ဥပဒေနှင့်အညီ ညှိညှိနှိုင်းနှိုင်းဖြင့် ရဲသိန်းတန်တစ်ယောက် ဖတ်ဖတ်မောအောင် ဆောင်ရွက်နေစဉ်မှာပင် ခမည်းနှင့် ခမက်၏ အမှုက်ခေါ်သအတွက် သမီးနှင့်သမက်မှာ အခက်သောကမွှားနေကြောင်းကို ကျွန်တော်ရေးမပြချင်တော့။

ဆီနိုးအဖွဲ့၊ ဆီမှောင်ခိုဂိုဏ်းအဖွဲ့ကြီးတစ်ခုလုံးကို အမြစ်ပါ မကျန်ရှင်းလင်းသွားပြီ ဖြစ်သဖြင့် ဘကြီးမိုးကျော်သည်လည်း သူ့အိမ် အသစ်ကြီး၏နောက်ဖေးတွင် တိုက်ကြက်ကြီးဖိုးစိန်၏ မျိုးဆက်သစ်များကို ထပ်မံမွေးမြူရန်အတွက် စိတ်အေးလက်အေးဖြင့် ကြက်ခြံအသစ်ကို ဆောက်နေပြီဖြစ်ကြောင်းသာ တင်ပြချင်ပါတော့သည် ခင်ဗျား . . . ။

✱ ✱ ✱

ရဲသိန်းတန်၊ ဂျစ်မောင်မောင်နှင့်
သရေခေတ္တရာကြည်အောင်
တို့၏
မှဆိုးများနှင့် ဒီဇင်ဘာအလွမ်း

ကျွန်ုပ်တို့နှင့် ဝန်းရံထားသော လက်ပံပင်ကြီးအကြောင်း

ညနေသုံးနာရီခန့်တွင် မြို့၏အနောက်ဘက် မြို့ပတ်လမ်းမကြီးနှင့် သုသာန်လမ်းခွဲနားရှိ 'နတ်စင်'များနှင့် ပြည့်နှက်နေသော လူသုံးဖက်ခန့်ရှိလက်ပံပင်ကြီးကို 'မောင်စိန်ပွား'နှင့် သူ့တပည့် လက်ရုံးနှစ်ယောက်က အားကြိုးမာန်တက် ဓား၊ ပေါက်ဆိန်တို့ဖြင့် ခုတ်ထစ်နေကြသည်။

၎င်းတို့ကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ပေးနေသူက ကျွန်ုပ် သရေခေတ္တရာကြည်အောင်ပင် ဖြစ်ဘိ၏။

ဤအနေအထားကို ကြည့်၍နတ်ကိုင်မှာ မကြောက်ဘူးလား၊ ဖမ်းစားမှာမကြောက်ဘူးလားဟု မေးငေါ့ချင်ကြပါသလား၊ မေးမိုးသာ ကျိုးသွားမည်မိတ်ဆွေ၊ ဤလူစုကတော့ နတ်ကိုင်လျှင် ယားကျိကျိ နေမည်၊ ဖမ်း၍စားလျှင် ငံကျိကျိနေမည်ဟု သဘောထားကြသည့် ဤလူကြမ်းကြီးများကို အသင်ကြောက်လန့်နေသော နတ်ကြမ်းများက ကိုင်ရဲ ဖမ်းစားရဲ မည်လော။

ကျွန်ုပ်တို့ မြို့ကလေးတွင် ဤလက်ပံပင်ကြီးသည် အလွန် နာမည်ကြီးသလို၊ မောင်စိန်ပွားကလည်း နာမည်ကြီးသည့်သူ ဤ ကြီးနှစ်ကြီး ထိပ်တိုက်တွေ့ရန် ဖန်တီးလာသည့် အကြောင်းတရားကို ပြန်ပြောင်း ပြောကြားရမည်ဆိုလျှင် . . .

ကောက်ဝါမြို့၊ ဓာ.ဗုံကြိုက်

'တိုင်း. . . . ပရိသတ် နာမည်ကြီးသော လက်ပံပင်ကြီးက စကြွရ ဓအာင်'

ကျွန်ုပ်တို့မြို့ကလေး၏ အနောက်ဘက် မြို့ပတ်လမ်းနှင့် သချိုင်းသို့ သွားရာလမ်းခွဲတွင်တည်ရှိသော လူသုံးဖက်စာလောက်ရှိသည့် ဤလက်ပံပင်ကြီးသည် ကျွန်ုပ်မမွေးခင်ကတည်းက ဤအရွယ်သာရှိ၍ ကျွန်ုပ်မိန်းမတစ်ယောက် ရသည့်တိုင်အောင် ဤအရွယ်အတိုင်းသာ ရှိခြင်းက အရွယ်တင်သည်ဟု ပြောချင်ပြော၊ ထူးခြားသည်ဟု ဆိုချင်ဆိုလိုက်စမ်းပါ၊ အပွင့်ပွင့်ချိန်တွင် အပွင့်များနီရဲ၍ အဖူးဖူးချိန်တွင် အဖူးများ မည်းနက်ခြင်းကတော့ အခြားခြားသော လက်ပံပင်များအတိုင်းထူးခြားမှု မရှိသော်လည်း ထူးခြား၍ နာမည်ကြီးရန် ဖန်လာရသော အကြောင်းက. . .

ထိုအပင်ကြီး၏ ညာဘက်တိုင်းကြီးက လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်သဖြင့် ခုတ်ဖြတ်ရန် ကိစ္စဖြစ်ပေါ်လာသည်။

လျှပ်စစ်ဓာတ်အားအဖွဲ့၏ အကူအညီတောင်းမှုကြောင့် လမ်းမြင်ရသော အဖွဲ့ထဲမှ အလုပ်သမားခေါင်းက နေ့စားကြွက်သိုးဆိုသူအား ခုတ်ဖြတ်ရန် တာဝန်ပေးသည်။

မိုးရာထုံးစံအရ ညာဘက်တွင် ခုတ်မည့်အပင်ရှေ့၌ မြေကြီးထဲသို့ ဓားကိုထောင်၍ စိုက်ထားပြီး လက်ဖက်ဖြင့် ပွဲတင်ကာ ခုတ်ခွင့်တောင်းရကြောင်း၊ နောက်နေ့မနက်မြေကြီးပေါ်သို့ ဓားလဲနေပါက ခုတ်ခွင့်မရှိကြောင်း၊ မလဲပါက ခုတ်ခွင့်ရှိကြောင်း စသည့်ထုံးစံအတိုင်း လုပ်မည်လောဟု ဓာတ်အားပေးအဖွဲ့က ကြွက်သိုးကို မေးကြည့်ပါသည်။

ကြွက်သိုးကလည်း ဟီးနိုးကား 'လေးသံ' ဖြင့် စပါယ်ရှယ် လုပ်ထားသော သူ၏ ဓားမကြီးကို ဤသစ်ပင်အောက်တွင် တစ်ညလုံး ထားပါက လူခိုးမသွားပါဟု သင်တို့အာမခံမည်လောဟု မေးခွန်းထုတ်သလို၊ အကယ်၍ ဓားမလဲပါက မခုတ်ဘဲနေလျှင် ပိုက်ဆံရမှာ မဟုတ်သည့် အတွက် ဓားလဲလဲမလဲလဲ သူကတော့ ခုတ်မည်ဖြစ်ကြောင်း၊ ရဲရဲဝံ့ဝံ့ ပြန်ကြားပါသည်။

ထို့နောက် ကြွက်သိုးက လက်ပံပင်ကြီး အောက်သို့သွား၍ လက်ဓာပ်

ချိုကာ ဤသစ်ပင်၏ ကိုင်းဖျား ကိုင်းနားများကို သူခုတ်ချင်၍ ခုတ်ရတာ မဟုတ်ကြောင်း၊ 'ခေါင်း'(အလုပ်သမားခေါင်း)မှ ခုတ်ခိုင်းတာဖြစ်သောကြောင့် ကိုင်ခြင်းကိုင် 'ခေါင်း'ကိုသာ ကိုင်တော်မူပါဟု၍ အပင်ရှိ အစောင့် အရှောက်များကို တောင်းပန်ပြီးသကာလ တက်ခုတ်လေတော့သည်။

ကိုင်းကြီး ပြတ်ကျသွားသလို၊ ကိုကြွက်သိုးလည်း သစ်ပင်ပေါ်က လိမ့်ကျပြီး ခေါင်းကြီးစောင်းသွားလေတော့သည်။ .

ဤတွင် 'အလုပ်သမားခေါင်း'ကို 'အလုပ်သမားခေါင်း' ဟု မပြောဘဲ 'ခေါင်း'ဟု၍သာ ပြောဆို သုံးနှုန်းခဲ့သည့်အတွက် 'နတ်'မျက်စိ လည်ကာ သူပြောသည့်အတိုင်း 'ခေါင်း'ကိုသာ တိတိကျကျကိုင်ခဲ့သဖြင့် ခေါင်းကြီး စောင်းသွားသည်ဟု တစ်မြို့လုံးက ပြောဆိုကာ မည်သူတစ်၍ နတ်စင်လေး ဆောက်လိုက်မှန်းမသိ တစ်ပင်လုံးနတ်စင်များဖြင့် ပြည့်သွားလေတော့သည်။

လက်ပံပင်ကြီးနှင့်အပြိုင် နာမည်ကြီးသူကား မောင်မောင် စိန်ပွား။ မြို့မျက်နှာဖုံး ဘုရားဒကာ၊ ကျောင်းဒကာ 'စိန်ပွား'ဆီစက်ပိုင်ရှင် သူဌေးကြီး ၏ တစ်ဦးတည်းသောသား၊ လက်မတွင် လက်ပွားလေး ရှိသဖြင့် စိးပွားတက် သည်ဟု မိဘများက ဖူးဖူးမှုတ်ထားသော လူပျိုကလေး မောင်စိန်ပွား။

ရွှေဘုန်းရွှေကံဖြင့် မပူမပင် မတောင့်မတရဘဲ သမ္မာအာဇီဝ လုပ်ငန်းဖြင့် ဒူးနှံ၍ စားသောက်နေထိုင်နိုင်သော်ငြားလည်း အနို့ မောင်စိန်ပွား က အမေ့ခြေရာကို မနင်း။ အမေ့ခြေရာကို မျက်စောင်းပင် မထိုးဘဲ၊ သား တောင်၏ခြေရာနောက်ကိုတကောက်ကောက် လိုက်လံရှာဖွေသည့် မှုဆိုး လုပ်ခြင်းနှင့်သာလျှင် မွေ့လျော်သူဖြစ်ရကား. . .

အလန်ကျွာတာမိန်းအစ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၊ ခင်မောင် အေး (မန္တလေး)၊ မြဝတီ အလယ်၊ ကိုပိုက်နှင့် လင်းမြင့်လှိုင်အဆုံး မှုဆိုးကျော် စာရေးဆရာကြီးများ၏ နည်းနာနိဿယများကို အရည်ကျို သောက်ထား သကဲ့သို့ မုဆိုးအလုပ်နှင့် ကျွမ်းကျင်သူ ဖြစ်ပါသောကြောင့်. . .

မောင်စိန်ပွား၏ အိမ်ကိုသွားကြည့်လိုက်ပါ မိတ်ဆွေ၊ အိမ်ရှေ့ ဧည့်ခန်းအတွင်း'ပြောင်၊ ကျွဲ၊ ဂျီ (ချေ)၊ သမင်၊ စိုင်၊ ဆတ် 'တို့၏ ခေါင်းများ၊

ချို(ချိုး)များကို နံရံပြည့်ချိတ်ဆွဲထားသည့်ကို တွေ့ရမည့်အပြင် ဧည့်ခန်းအလယ်တွင် ခင်းထားသော ကျားရေကြီးမှာ နင်းရက်စရာပင်မရှိ။

တိုင်းရင်းဆေးသုံးရန်အတွက် လိုအပ်သော 'ဝံသည်းခြေ၊ စပါးကြီးသည်းခြေ' စစ်စစ်များကို လိုချင်ပါသလား မောင်စိန်ပွားဆီကိုသွား။ ဤသို့တောကောင်မျိုးစုံ၊ တောထွက်ပစ္စည်းမျိုးစုံက သူ့အိမ်တွင်အပြည့်ရှိနေရသည်မှာ သူ့ဝါသနာအရ ဝယ်ယူစုဆောင်း ထားခြင်းကြောင့်သာ ဖြစ်ပါသည်။

ဤသို့ဖြစ်လျှင် မောင်စိန်ပွား ကိုယ်တိုင်ကိုယ်ကျသည်းထိပ်ရင်ဖိုပစ်ခတ်၍ရတဲ့ သားကောင်တော့ မရှိဘူးလားဟုမေးစရာရှိသည်။ ရရှိခဲ့ဖူးပါသည်။

သူရရှိခဲ့သော သားကောင်အတွက် တစ်မြို့လုံး အုံးအုံး ကြွက်ကြွက်ဖြင့် ထိပ်လန့်တုန်လှုပ်သွားခဲ့ရသည်မှာ ဤနေ့ထိတိုင် မမေ့နိုင်ကြသေးပါ။

သူရရှိခဲ့သော သားကောင်က နှုတ်ဖျားမှ အမြီးအထိ ခြောက်ပေကျော်ကျော်ရှည်လျား၍ အလေးချိန် 'တစ်ဆယ်' ကျော်ကျော်ရှိသော မွဲခြောက်ခြောက် အရောင်အဆင်းရှိသည့် ရောမ 'ဖွတ်မွဲ'ကြီးပင်တည်း။

သူ့အောင်မြင်မှုကို ဝံ့ကြွားရန်အတွက် သားကောင်ကို မြို့တွင်းသို့ သယ်လာရန်ကြိုးစားသော်လည်း မြို့မိမြို့ဖတို့ကလက်မခံ၊ မြို့ထဲသို့ ဖွတ်မွဲဝင်လျှင် မြို့ပြာကျတတ်သည်တဲ့။

ဖွတ်ကြောင့်မဟုတ်ဘဲ ဆီမှောင်မိုသမားကြောင့် တစ်မြို့လုံး ပြာကျခဲ့သည်ကိုရော ဘာပြောမည်နည်းဟု မောင်စိန်ပွားက အယူခံဝင်ပါသော်ငြားလည်း ရှေးလူကြီးများက အယူသည်းသည်၊ လက်မခံ။

အရေခွာ၍ ရုပ်လုံးသွင်းမည်ဆိုတော့လည်း မိဘနှစ်ပါးက အမွှေဖြတ်ရာဇသံပေးသည်၊ ထို့ကြောင့် တိမ်မြုပ်၍ လစ်ဟာခဲ့ရသော အောင်မြင်မှု၏ အမှတ်ဘရနေ့စွဲအတွက် မောင်စိန်ပွား ကျိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရတော့သည်။

ခေတ်လူငယ်ပီပီ အယူသည်းမှုကို တစ်နေ့နေ့တွင် ရိုက်ချိုး ဖျက်ဆီးမည်ဟု အငြိုးအတေး ထားခဲ့သည်။

ထို့ကြောင့် သူ့လက်စွဲတော် 'စပါယ်ရှယ် နံပါတ်ဝမ်း' လေသေနတ်ဖြင့် ငှက်ပစ်ထွက်တိုင်း နီးရာနတ်စင်သို့သွား၍. . .

'ကိုင်း. . . ကိုဘွား ညီဘွားတို့ ချစ်ညီလေးစိန်ပွားတော့ တောကစားထွက်တော့မှမယ်၊ နွတ်သီးကောင်းကောင်း၊ အမြီးလှလှ၊ ဝကြီးကြီး ငှက်မျိုးစုံကို စွန့်ကြလော့၊ ပေးကမ်းလော့'ဟု ရွာတော်ရှင် လမိုင်းသခင်ထံခွင့်တောင်းပြီး တောလည်သည်။

ဘာငှက်မှ မရသည့်အခါများတွင် နတ်စင် ပန်းအိုးများ၊ ရုပ်တုများသည် သူ့သေနတ်၏ ပစ်မှတ်များဖြစ်ကုန်ကြသည်။

ဤကဲ့သို့ နာမည်ကြီးသောမောင်စိန်ပွားတစ်ယောက် ပြီးခဲ့သည့် တစ်ပတ်ကျော်က ဤကဲ့သို့ပင် နာမည်ကြီးသော လက်ပံပင်ပေါ်က ဆက်ရက်နှင့် ဒိုး(ဂိုး)များကို ပစ်ခတ်ရင်း (အပေါ်သို့ မော့ကြည့်သွားရသဖြင့်) လက်ပံပင်မှ အမြစ်ပွားကြီးကို ခလုပ်တိုက်မိ၍ ခြေပွတ်တိုင်လည်သွားလေတော့သည်။

လုံးဝ လမ်းမလျှောက်နိုင်တော့သဖြင့် သူ့လက်ရုံးနှစ်ယောက်တွဲယူ၍ အိမ်သို့ပို့လိုက်ရသည်ဟူသော သတင်းသည် တစ်မြို့လုံး ပြန့်နှံ့သွားပြီးနောက် 'ခေါင်း' ကိုတောင် 'ကွက်တိ'ကိုင်နေတဲ့နတ်ပဲ ခြေထောက်ကတော့ ဖျင်းတောင် ဖျင်းသေးတယ်ဟု 'တွံ'အသင် စိန်ပွား သည် 'အနုပေတံ'သေပြီး ခြောက်လနဲ့ သုံးရက်၊ 'ဂဏှာပတိ' မှတ်လေတော့ဟု မြို့မိမြို့ဖတို့၏ ကောင်းချီးပေးသံများက မောင်စိန်ပွား၏ အသည်းနှလုံးကို ဓားထက်ထက်ဖြင့် မွှန်းသလို ဖြစ်သွားသောအခါ. . .

နိုင်ငံခြားဆေး၊ တိုင်းရင်းဆေး၊ တရုတ်ဆေး၊ ကုလားဆေး၊ ဆေးမျိုးစုံတို့ဖြင့် တစ်ပတ်ခန့် တရကြမ်း ကုသ၍ ပျောက်ကင်းသွားသည်နှင့်. . .

'နင်လားဟဲ့ လက်ပံပင်၊ ငါလားဟဲ့ မောင်စိန်ပွား၊ ကျားနဲ့ဆင်လယ်ပြင်မှာတွေ့ကြသေးတာပေါ့ကွာ'ဟု ကြိမ်းဝါးပြီး တပည့်လက်ရုံးနှစ်ယောက်နှင့်အတူ ဓား၊ ပုဆိန်၊ ငါးမန်းလွှ များကို ယူဆောင်၍ လက်ပံပင်ကြီးကို ခုတ်ထစ်ဖြတ်တောက် နေခြင်းဖြစ်သလို အကျွန်ုပ်ကိုလည်း

ဘ်တာမ်းတင် ဓာတ်ပုံရိုက်ယူရန် ခေါ်ယူထားသဖြင့် အကျွန်လည်း မငြင်းမိပေ။

မျက်စိဖြင့်မမြင်ရသော 'ပရ'လောကသားများသည် ဓာတ်ပုံတွင် ပေါ်သည်ဟု ကြားဖူးနား၀ ရှိသဖြင့် အကယ်၍ဓာတ်ပုံတွင် ပေါ်ခဲ့ပါက အကျွန့်အတွက် ရွှေဖြစ်လာပေမည်၊ မပေါ်ပါကလည်း ထူးထူးဆန်းဆန်းများ ဆည်သွင်းဖော်ပြထားသော မဂ္ဂဇင်းကြီး၌ 'လူကြမ်းလျှင် နတ်ကြမ်းမခံနိုင်' ဟူသော ခေါင်းစဉ်ဖြင့် ဓာတ်ပုံများ ဝေဝေဆာဆာ သုံးကာ 'ငွေ'ဖြစ်ကြ မည်ဟူသော အကြံဖြင့် ဓာတ်ပုံများ ရိုက်နေခြင်းဖြစ်သည်။

လူသုံးဖက်ခန့်ရှိသောလက်ပံပင်ကြီးကို လဲပြိုသွားစေရန်အတွက် ခုတ်လှဲရန်ကိစ္စမှာ လွယ်ကူသည့်ကိစ္စ မဟုတ်ရကား တစ်နာရီလောက်ခုတ်လှဲ ပြီးသောအခါ လူသုံးယောက် လက်ပမ်းကျသွားသည်။

နောက်ဆုံးလက်ပံပင် အောက်ခြေအခေါင်းကြီးထဲသို့ လောင်စာ သည့်၍ မီးရှို့မည်ဟုဆုံးဖြတ်ပြီး ဖြိုဖျက်ထားသော နတ်စင် အပိုင်းအစ များကို လက်ပံပင်အခေါင်းကြီးအတွင်းသို့ စုပုံသွင်းပြီးနောက် သူ့လူတစ်ယောက်ကို မြို့ထဲသို့ ပြန်လွှတ်၍ လောင်စာဆီ တစ်ဂါလံယူခိုင်း မည်ပြုစဉ် အခန့်သင့် စွာပင် ရဲသိန်းတန်တို့အုပ်စုသည် ဂျစ်မောင်မောင်၏ သံမဏိမြင်းရိုင်းကြီးကို စီးနင်း၍ ရောက်ရှိလာခဲ့သည်။

ကျွန်တော်ကိုယ်တိုင်ပြေးသွား၍ ဝမ်းသာအားရဓာတ်ဆီ တစ်ဂါ လံ ချေးယူလိုက်စဉ်မှာပင် ဂျစ်ကား နောက်ခန်းမှ တောခေါင်းကလေး ခေါင်းသောင်းငွေ့ဆင်းလာပြီး ကျွန်တော်တို့ကို လက်ညှိုးငေါက်ငေါက် ထိုး ၍. . .

'ဒီမှာ မောင်စိန်ပွားနဲ့ ခေတ္တရာကြီးတို့ရဲ့ 'ကိုးခရိုင်' စီမံလန်း စိုပြည်ရေးအတွက် မြို့ပေါ်ဝန်ထမ်းပေါင်းစုံက နဖူးကချွေး ခြေမ ကျအောင် သမ်းဘေးအရိပ်ရအပင်တွေ စိုက်ပျိုးပေးနေတာကို အားမနာ၊ မထောက် ထားဘဲ ရှိပြီးသားအရိပ်ရအပင်ကြီးကိုမှ ခုတ်ပစ်ရတယ်လို့ကွာ၊ 'သစ် တစ်ပင်ခုတ်အချပ်သုံးလ' ဆိုတာမကြားဖူးဘူးလား၊ ငါကိုယ်တိုင် တရား လိုလုပ်ပြီး မင်းတို့ကို တရားစွဲထားတယ်၊ ကဲ ရဲသိန်းတန် မင်းတို့

တာဝန်ရှိတဲ့အတိုင်း ဆက်လုပ်ကွာ'

လူကြမ်းလျှင် နတ်ကြမ်းမခံနိုင်သကဲ့သို့ သစ်တောကြမ်းလျှင် လည်း လူကြမ်းမခံနိုင်ကြောင်းကတော့ ကိုယ်တွေ့ပါခင်ဗျာ၊ ဘာပဲဖြစ်ဖြစ် သစ်ပင်စောင့်နတ်က သစ်တောခေါင်းလေး မောင်သောင်းဌေးကိုပဲ ဝင်ပူး သလိုလို၊ အာလိုလိုဖြင့်လက်ပံပင်ကြီး၏ ဝန္တိရဆန်သောသတင်းစကား များကမြို့သူ၊ မြို့သားများ နှုတ်ဖျား၌ ပြန့်လျက်၊ နှံ့လျက်။ ။

* * *

ဘင်းမျိုးကြီးနှင့် နှုတ်ဆက်ကျွ၊ ဦးတွေ့ကြုံကြိုက်စဉ်က

ရဲသိန်းတန်တို့ ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ကျေးရွာအနှံ့သို့ သွားရောက်၍ နယ်လှည့်တာဝန် ထမ်းဆောင်ကြရင်း ရခိုင်ရိုးမနှင့်အလှမ်းမဝေးလှသော 'သခွပ်မြောင်'ရွာကလေးသို့ ရောက်ရှိ၍ ညအိပ်ရင်းစခန်းချစဉ်အတွင်း ကျွန်ုပ်တို့၏ ဝီလ အထုံ၊ ပါရမီများကိုတတ်သည့် ပညာမနေသာဆိုသည့်အတိုင်းပြသရန် အခွင့်အရေးကား ပေါ်ပေါက်လာခဲ့လေပြီတည်း။

ညမှောင်မှောင်၊ လမှောင်မှောင် ကြယ်ရောင်သော်မလင်းတဲ့ အမဲပစ်တဲ့ ညတုန်းကပေါ့ကွယ်. . .။

စူးရှသော၊ ဖျတ်လတ်သော၊ အလွတ်မပေးသော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်တောတောင်ထဲသို့ မျက်တောင်မခတ်၊ နားရွက် မလှုပ်ဘဲ စူးရဲသောမျက်လုံးအစုံဖြင့် ကြည့်ရှုရင်း 'လိုင်ဖို' (ရိုင်ဖယ်) သေနတ်ကြီးဖြင့် လက်တပြင်ပြင်ဖြစ်နေသူကား 'ဂျစ်မောင်မောင်'၊ သူ၏ အသွင်အပြင်ကား'ပီဘီ'ဝါရင့် မုဆိုးတစ်ယောက်အတိုင်းပင်။

ရင်း၏ ဘေးနား၌ 'တွဲလ်ဘို' (12 VOLT) ဘက်ထရီအိုးကြီးနှင့် ဆက်သွယ်ထားသော အဖွင့်၊ အပိတ်ခလုတ်ပါသည့် 'ဝပ်'တစ်ရာ(100 WATT)

အားရှိသော ဆလိုက်မီးကြီးကို ကိုင်ရင်း အမြင်အာရုံ၊ အကြား အာရုံ၊ အနံ့ အာရုံတို့ကို ဖြန့်ကြက်လျက် တည်ငြိမ်ရင့်ကျက်သော အသွင်ကိုဆောင် နေသူက ကျွန်ုပ် 'သရေခေတ္တရာ ကြည်အောင်' ဖြစ်ဘိ၏။

အကျွန်ုပ်တို့နှစ်ဦးကို တင်ဆောင်၍ လှည်းကိုမောင်းရင်း ဟိုကြည့်၊ သည်ကြည့်၊ နွားနှစ်ကောင်ကို ဟိုထိုး၊ သည်ထိုး (နှင်တံဖြင့်) ဣန္ဒြေမရ ဗျာများ ပြာယာခတ်နေသူကား မုဆိုးအလုပ်ကို ဝါသနာကြီးလှပါသည်၊ ပညာ ပေးပါ ဆည်းပူးပါရစေ၊ လေ့လာပါရစေ၊ သင်ယူပါရစေဟုတဖွဖွ၊ တတွတ်တွတ် အနူးအညွတ် တောင်းဆိုလာသည့် ဆယ်ကျော်သက်အရွယ် ကာလသား လက်သစ် 'မောင်ပြောင်ကြီး. . . '

သင်းကလေးကို သနားကရုဏာ ဖြစ်မိပါသဖြင့်၊ 'ခများလေး' အတွက် အတတ်ပညာတစ်ခုဖြင့် ဝမ်းစာပြည့်စေတော့အံ့ဟု စေတနာမွန် ဖြင့်၊ ရွာခံမုဆိုးထံမှာ 'လှိုင်ဖို'သေနတ်ကို ငှားကာ ဂျစ်မောင်မောင်၏ သံမဏိ မြင်းရိုင်းပေါ်တွင် အသင့်ရှိသော 'ဆလိုက်'မီးလုံးကို ယူဆောင်၍ မောင် ပြောင်ကြီး အသင့်ပြင်ထားသော လှည်းပေါ်သို့ တက်ရောက်ပြီး သကာလ ညမီးထိုး အမဲလိုက်ကြခြင်းဖြစ်သတည်း။

'ဆရာ. . . ရှေ့ကချောင်းကျော်ရင် ဖင်ပြွန်းတောကို ရောက် တော့မယ်၊ အဲဒီနေရာမှာဂျီ (ချေ)နဲ့ သမင်တွေ အုပ်လိုက်ကျတတ်တယ်'

ရွာမှထွက်ခွာပြီး တစ်နာရီခန့်အကြာတွင် ဤသို့ မောင်ပြောင်ကြီးက ပြောရှာသည်၊ ဖင်ပြွန်းပင်ဆိုသည်မှာ မည်ကဲ့သို့သော အပင်မှန်းပင် မသိရှာ သည့် ဂျစ်မောင်မောင်က ခေါင်းညိတ်ပြီး. . .

'သိတယ်၊ တပည့်ကြီး စကားမပြောနဲ့၊ ချောင်းမဆိုးနဲ့၊ အသံ မထွက်နဲ့ တတ်နိုင်ရင် အသက်ပါမရှူနဲ့' (မုဆိုးလုပ်စားချင်သူများ နည်းယူ နိုင်စေရန် အရင်းအတိုင်းတင်ပြထားပါ၏)။

ခဏအကြာ ဂျစ်မောင်မောင်က လက်တို့ပြီးအချက်ပြပေးသဖြင့် ကျွန်ုပ်က 'ဆလိုက်မီး'ကို မိုးပေါ်သို့ထောင်၍ ခလုတ်ဖွင့်လိုက်သည်။ ထို့နောက် ညာဘက်မလှမ်းမကမ်းရှိ ကုန်းကမူလေးပေါ်သို့'ဝိုက်'၍ မီးထိုးလိုက်သည်။

အလို. . . ပြောင်ပြောင်လက်လက် မျက်ဝန်းအစုံများစွာကို တွေ့လိုက်ရသည်။ အနည်းဆုံး ငါးကောင်မက ရှိမည်ဖြစ်သော 'ချေ'အုပ်ပင် ဖြစ်ရမည်၊ အသိဉာဏ်မဲ့သော တောကောင်များကား ကျွန်တော်၏ ကျွမ်းကျင်စွာ မီးကစားမှုအောက်၌ ရွေ့လျားနိုင်ခြင်း ကင်းမဲ့စွာဖြင့် မီးရောင်ကို စိုက်၍ ကြည့်ရှုနေကြသည်။

'မီးရိုက်ပြီးတော့ သားကောင်ကို အနားလာအောင်လုပ်လေ'

ဟုဂျစ်မောင်မောင်က လေသံဖြင့်ပြောသည်၊ ဟုတ်ပါသည်၊ သားကောင်နှင့် ကိုက်တစ်ရာကျော်ကျော်ခန့် အလှမ်းဝေးသေးသဖြင့် ဤသို့သော မီးကျိုး၊ မောင်းပျက် လှိုင်ဖိုသေနတ် အစုတ်ကြီးနှင့် ခဏ ခဏ မြုပြင်မြန်လုပ်ထားသည့် ဖူ၊ ထစ်၊ ရွှတ်တွနေသော ဤသို့သော ကျည်ဆံမျိုးဖြင့် ပစ်လို့ကတော့ သားကောင်က၊

'ပစ်လိုက်တော့ ပစ်လိုက်တော့ဟေ့. . . .
သေနတ်အစုတ်ကြီး မဟုတ်လား
ဟုတ်တယ်ဟေ့ သိပ်ဟုတ်'

ဟုသီဆိုအော်ဟစ်ရင်း "ရက်ပ" (RAP) အကဖြင့် ကပြနေပေလိမ့်မည်။

ထို့ကြောင့် 'ခင်း'တို့ရှေ့သို့တိုးလာရန် နည်းမျိုးစုံကို သုံး၍ မီးရိုက် မီးကစားပါသော်လည်း 'ခင်း'တို့က ရှေ့သို့တိုးပေးမည့်ပုံမပေါ်၊ ထို့ကြောင့်လည်း သမားမောင်ပြောင်ကြီးကို လက်တို့၍ သားကောင် ရှိရာဘက်သို့ လှည်းကို တိုးနိုင်းလိုက်သည်၊ မောင်ပြောင်ကြီးက ကြိုးစားပါသော်လည်း နွားတွေက ပေကပ်ကပ် လုပ်နေသည်၊ ကြာလျှင် သားကောင် လွတ်သွားတော့မည်။

ထို့ကြောင့် မောင်ပြောင်ကြီးကို အတင်းတိုးနိုင်းရာ မောင်ပြောင်ကြီးကလည်း နွားကို'နှင်'တံဖြင့် တအားထိုး၍ ညာဘက်သို့ ကွေ့ချလိုက်ရာ-

ကျွန်ုပ်တို့သုံးဦးသည် မီးထိုးထားသော သားကောင်ကိုသာ အာရုံစိုက်နေသဖြင့် အောက်သို့ငုံ့မကြည့်မိပါ၊ အောက်တွင်ကား ဆယ်ပေခန့်နက်သော သဲချောင်းကြီးရှိနေသည်။

ကျွန်ုပ်တို့ကား ဤမှာဘက် ကမ်းပါး၊ သားကောင်တို့က ဟိုမှာဘက်ကမ်းပါး၊ သားကောင်ရှေ့မတိုး၍ ကျွန်ုပ်တို့က တိုးဖို့ကြိုးစားသည်၊ သို့သော်လည်း နွားက 'ချောက်'ကိုမြင်၍ မတိုး။ သားကောင်ဇော နှင့် နွားကို အတင်းတိုးခိုင်းလိုက်ရာ. . .

ဟုတ်ကဲ့ မုဆိုးကြီးဂျစ်မောင်မောင်တအောက်က၊ ကျွန်တော်က သူ့အပေါ်က၊ ကျွန်တော်က ဘာမှမဖြစ်သော်လည်း ဟိုကောင်က 'ခါးမျက်' သွား၍ လုံးဝမထနိုင်တော့၊ 'ထမ်းပိုးကျည်း' (နပိုးကျင်)များ ကျိုးကုန်၍ နွားနှစ်ကောင်လည်းထွက်ပြေးသွားသည်၊ မောင်ပြောင်ကြီးလည်း သူ့နွားများနောက်သို့ ပြေးလိုက်သွားသည်။

ဝင်းမိုးကျိုး၍ ဘီးများပြုတ်ထွက်နေသော လှည်းကျိုးကြီး၊ မီးလုံးကွဲသွားသော ဆလိုက်၊ မှောက်နေသော ဘက်ထရီအိုး၊ ခါးနာ၍ မထနိုင်သော ဂျစ်မောင်မောင်နှင့် ကျွန်တော်သာလျှင် ချောက်ကမ်းပါးအောက် ရေမရှိသော သဲချောင်းပေါ်တွင် ရှိနေပါတော့သည်။

ကျွန်တော့် ခန္ဓာကိုယ်ကြီးဖြင့် ဖိမိထားသဖြင့် ခများ'တဟီးဟီး' ညည်းရင်း တစောင်းခွေခွေကလေး လဲနေသည်၊ ခြေချောင်းကလေးများ လှုပ်နိုင်၍ ခါးမှိုးကျိုးပုံတော့ မပေါ်သေးပါ၊ ကျွန်တော့်ကို 'ဆဲ'နေသဖြင့် ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ လှည်းအကျိုးအပဲ့များကို လိုက်ကောက်နေမိသည်၊ ထိုစဉ်. . .

'ဘုတ်. . . ဘုတ်. . . ဘုတ်'ဟု ကမ်းပါးပေါ်က အသံသဲ့သဲ့ ထွက်ပေါ်လာသည်တွင်. . .

'ဟော့ကောင် ကြည်အောင် သေနတ်ပေး'

ဟုဂျစ်မောင်မောင်က အလန့်တကြားပြောလိုက်သဖြင့် ကျွန်တော်ကလည်း သေနတ်ကိုယူ၍ သူ့ကိုပေးရင်း. . .

'သေနတ်က 'ဒင်'ကျိုးသွားပြီကွ ပစ်လို့ရပါဦးမလား'

သူ့တကျိန်ဆဲရင်း 'မီးမွှေး . . . မီးမွှေး'ဟု သွေးရူးသွေးတန်းပြောပြန်သဖြင့်. . .

'ဟာ. . . ဒီသဲသောင်ပြင်ကြီးပေါ်မှာ မီးမွှေးစရာ ဘာမှမရှိဘူး'

'လှည်း အကျိုးအပဲ့တွေပေါ့ အကဲစစ်လောင်းပြီး မြန်မြန် မွှေးပါဟ ဟင်းမျိုးကြီး ဟင်းမျိုးကြီး'

'မင်းက ဝေါ်ကြီးကျနေပြန်ပြီ ဘယ် 'ဟင်း' ကို ချက်ဖို့ မီးမွှေးနိုင်းနေတာလဲ'

မကြားဝံ့မနာသာများ သူ့ပါးစပ်က စက်သေနတ်ပစ်သလို တရစပ်ထွက်လာသဖြင့် ခများတော့ 'အပ'မှီချေပြီဟု တွေးမိ၏။

ဂျစ်မောင်မောင်က'အမနာပ' များကို အားရအောင် ပြောပြီး မှ. . .

'ကျား. . . ကျားချောင်းနေတယ်ကွ ခွေးမသားရ မီးမြန်မြန် မွှေးပါဟ'

ကျား. . . . ဟုတ်ပ၊ ကျားကို ကျားလို့မခေါ်ဘဲ ဟင်းမျိုးကြီးလို့ ခေါ်နှုန်း ကျွန်တော်သတိပြုမိလိုက်သည်၊ 'တဘုတ်. . . ဘုတ်. . 'ဖြင့် အမြီးပုတ်သံက ကမ်းပါးထက်မှ ထပ်မံ၍ကြားလိုက်ရသဖြင့် ကြက်သီးမွေးညင်း 'ကိုးဆယ်ဒီဂရီ' ဖြစ်ကုန်သည်။

ဟင်းမျိုးကြီးနှင့် နဖူးတွေ၊ ဒူးတွေ့ တွေ့လေပြီတည်း၊ တစ်ကွက်မှားလိုက်ပါကမှုဆိုးနှင့် သားကောင်၊ သားကောင်နှင့် မုဆိုး အပြောင်းအလဲမြန်ကြောင်းကို သိပါပြီ အသင်လောက. . .

အကာလညအခါ အမှောင်ကို အကာအကွယ်ပြု၍ ကျား သတ္တဝါက ကမ်းပါးပေါ်မှ အမြီးပုတ်ရင်း ချောင်းမြောင်းနေသည်၊ အောက်ဘက်သဲသောင်ပြင်ပေါ်တွင်တော့ ကျိုးပဲ့နေသည့်သေနတ်၊ ခါးနာနေသည့် ဒုက္ခိတကြီးမှလွဲ၍ အားကိုးစရာနတ္ထိဖြစ်နေသည့် ကျွန်တော့်အတွက်ကတော့ အသည်းငယ်စရာ၊ သွေးပျက်ဖွယ်ရာပင်။

ဂျစ်မောင်မောင်'ဒင်း'ကတော့ ကျားစာမိလည်း ကိစ္စမရှိ တစ်ကိုယ်ရေတစ်ကာယသမား၊ ကျွန်တော့်မှာ. . . ကျွန်တော်မှာတော့ ရှုမငြီးသော ခေတ္တရာသူငြိမ်း၊ ချစ်၍၊ ခင်၍၊ ကြင်နာ၍ မဝသေး၊ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် ဘဝဆိုသည့် ခရီးကြမ်းကြီးကို ရင်ဆိုင်ဖြတ်သန်းနေတုန်းကျွန်တော်မရှိပါက ခများတစ်ယောက်တည်း လောကအလယ်မှာ ဘယ်လောက်

များ အားငယ်လိုက်မည်နည်းဟု တွေးရင်း တွေးရင်း ခေတ္တရာသူကြီး၏ မျက်နှာကို မြင်ယောင်ပြီး မျက်ရည်များပင် လည်ချင် သလိုလို ဖြစ်လာသည်။

အကယ်၍ ကျွန်တော်သာ သေဆုံးခဲ့ပါက သူများမသာကို ခုနစ်ရက် လောက်ထားလျှင် ကျွန်တော့် မသာကို အနည်းဆုံး ဆယ့်လေး ရက်လောက် တော့ ထားလိမ့်မည်၊ ချစ်၍တော့ မဟုတ် အားရပါးရ သူကိုယ်တိုင်ဦးစီး၍ 'ဖဲဝိုင်း' ထောင်ပြီး အကောက်ကောက်လိမ့်မည်။ဖြစ်ကြောင်း ကောင်းကောင်း ကြီးသိနေသဖြင့် ရင်ထဲမှာဆို့နင့်၍ လာသည်။

ဇွစ်မောင်မောင်၏ အော်ဟစ်ဆဲဆိုတိုက်တွန်းသံကြောင့် ကျွန်တော် လည်း အတွေးများ ပြတ်သွားကာ သတိရလာပြီး ဘက်ထရီ အိုးထဲမှ အက်စစ် များကို လှည်းကျိုးကြီးပေါ် သို့ လောင်းလိုက်ပြီး မီးရှို့လိုက်ရာ မီးဟုန်းဟုန်း တောက်သွားသည်။

ကျွန်တော်နှင့် ဇွစ်မောင်မောင် ကျောချင်းပူးပြီး ပတ်ဝန်းကျင်ကို အလစ်မပေးဘဲ ကြည့်နေကြသည်။

ခဏအကြာတွင် ချောင်းရိုးအတိုင်း'တဖုတ်ဖုတ်'ဖြင့် ပြေးလာသော မောင်ပြောင်ကြီးကိုမြင်လိုက်ရသည်၊ 'သင်းကလည်းမစူး၊ မစမ်း၊ မဆင်ခြင် အန္တရာယ်ကို မမြင်ဘဲ. . .

'ဟာ လုပ်ရက်လိုက်တာဆရာတို့ရယ် ကျွန်တော့်လှည်း၊ ကျွန်တော့် လှည်းလေး သွားပါပြီဗျာ ဖီး. . .'

'ဟဲ့ကောင် ငိုမနေနဲ့ မြန်မြန်လာ ကျား. . . ကျားချောင်း နေတယ်'

မောင်ပြောင်ကြီးလည်း အငိုတိတ်ပြီး ကျွန်တော်တို့အနားကပ်လာ သည်၊ ကျွန်တော်တို့နှစ်ယောက်ကို မယုံသင်္ကာဖြင့် သေသေချာချာကြည့်ရင်း

'ဒီနားတစ်ဝိုက်မှာ တောင်ယာခုတ်လွန်းလို့ ကျားမပြောနဲ့ ကျားသစ်နဲ့ ဝက်ဝံတောင် မရှိတာကျွန်တော်မမွေးခင်ကတည်းကပဲ အခု ဘယ်ကကျားလဲ'

ကျွန်တော်က 'တဘုတ်ဘုတ်'ဖြင့် အမြီးပုတ်သံပေးနေသည့် ကမ်းပါး ပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်၊ မောင်ပြောင်ကြီးက ကမ်းပါးပေါ်သို့ ကြည့်ကာ ကျောက်စရစ်ခဲများ ကောက်ယူပြီး ကမ်းပါးပေါ်သို့ ပစ်လိုက်ရာ

'ဖလူး'ခနဲ မြည်သံနှင့်အတူ ငှက်တစ်ကောင်ထပျံသွားသည်။

မောင်ပြောင်ကြီး၏ မျက်နှာသည် ဖြူတော့မည့်မိုးကဲ့သို့မှိုင်းသွားပြီး

'မြေဝပ်ငှက် ဖုတ်(ဖုန်)လူးတာတောင်မသိဘဲ ကျားအမြီးပုတ်တယ်လို့ ဆရာတို့က ထင်နေကြတယ် ဟုတ်လား၊ ကောင်းပါလေ့ဗျာ၊ ကောင်းကြပါ ပေရဲ့ အီး. . . . . အီး. . . အီး'

ကျွန်တော်နှင့် ဂျစ်မောင်မောင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ မီးဟုန်းဟုန်းတောက်နေသော လှည်းကျိုးကြီးကို ကြည့်လိုက်၊ ရှိုက်ကြီးတငင်ငိုနေသော မောင်ပြောင်ကြီးကို ကြည့်လိုက်လုပ်ပြီးမှ ကျွန်တော်က မနေသာဘဲ ချောင်းဟန့်ရင်း. . .

'အဟမ်း. . . ဟမ်း မငိုပါနဲ့ မောင်ပြောင်ကြီးရယ် မင်းလှည်းကို ငါတို့ လျော်ပေးမှာပါကွ'

ဂျစ်မောင်မောင်ကလည်း ဝေဒနာကြားမှ ခေါင်းညိတ်ပြရှာပါသည်။

'လျော်ပေးမယ်ဟုတ်လား၊ တမ်းပါးပေါ်က ပြုတ်ကျသွားတဲ့ နွားတစ်ကောင် ခြေကျိုးသွားတယ်ဗျ၊ အဲဒီနွားကြီးကိုရော လျော်ပေးမှာလား၊ နွားတခြေကျိုးသွားရင် နိုင်းမရတော့ဘူး၊ အမဲသားပေါ်လို့ပဲ ရတော့မှာဗျ အဲဒီနွားကလည်း သားကောင်ရရင် ဟင်းစားပေးမယ်ဆိုပြီး မတော်ရသေးတဲ့ ယောက်ဖလောင်းရဲ့နွားကို ငှားလာတာဗျ အီး. . . အီး အဲဒီနွားဖိုးကိုပါ လျော်ဗျာ အီး. . . အီး. . .'

ကျွန်တော်တို့၏ ကျေးလူကြောင့် ရွာသူ၊ ရွာသား အပေါင်းနှင့် တကွ ရဲတပ်ဖွဲ့အတွက်ပါ အသားစို၊ အသားစိမ်း ရိက္ခာဖူလုံသွားသည်။ လှည်းဆို'ထင်း'၊ နွား'ဟင်း'ဖြစ်ခဲ့ရပါလေသော ကျွန်တော်တို့နှစ်ဦး၏ အမဲလိုက်စွန့်စားခန်းကတော့ ဟင်း. . . ဟင်း. . . ၊ ဟင်းမျိုးကြီးနှင့် နဖူးတွေ့၊ ဒူးတွေ့တွေ့တုန်းကပေါ့ ခင်ဗျာ. . .။

* * *

ဘာဘာ ဘာမှ မသိပါဘဲရှာ

ဤအမှုအခင်းပြသနာ၏ အစကားမြွေပွေးဖိုးနီ။

ကိုယ့်အပေါ် လာနားသည့် ယင်ကောင်ကိုပင် မလွတ်အောင် ပေါက်နိုင်သော မြွေပွေးနှင့် နှိုင်းယှဉ် ဂုဏ်ပြု၍ အဘယ်ကြောင့် မြွေပွေးဖိုးနီဟု ခေါ်သနည်းဟု သိရှိလိုကြပေမည်။

သူ့အကြောင်းကို ပြောရလျှင် စိတ်ဝင်စားစရာကောင်းသော သူ့အဘိုး 'ကျားပရွန်း' အကြောင်းပါ နည်းနည်းလျှာရှည်ပါရစေ။

မာတာမိခင်ဖွားသန့်စင်သည့် အမည်သညာ ခေါ်စရာကား 'မောင်ကျားပရွန်း' အသက် တစ်ရာနှစ်ဆယ်ကျော် ရှည်စေသော်ဟု မိဘက အမည်ပေးကင်ပွန်းတပ်ခဲ့သည်တော့ မဟုတ်ချိုး အမှန်။ ကျားပရွန်းဟူသော ထူးပေသည့်၊ ဆန်းပေသည့် ဤနာမည်တွင်ခဲ့ပုံက ဂျပန်အဆင်း အင်္ဂလိပ်အတက်ဟု အရပ်ပြော ပြောကြသည့် အချိန်အခါ သမယမှာပေါ့ ရခိုင်မိုးမနှင့်နီးသည့် ကျွန်တော်တို့ ဒေသမှာလည်း ကျားနှင့် ဆင်များ မကြာခဏ အလည်လာတတ်သလို တောဝက်များကလည်း အုပ်လိုက်လာတတ်ပါတယ်။

တန်ဆောင်မုန်းလ ဆောင်းချမ်းမြမြ ရွှေလသာချိန်မှာပေါ့ သူ့တောင်ယာ စပါးခင်းကို 'ဝက်' ကျမှာစိုးလို့ ညစောင့်အိပ်ရအောင် တောင်ယာကို သွားပါသတဲ့၊ ချမ်းလွန်း၊ အေးလွန်းတော့ 'ငါးစပ်' စောင်ကြီးကို မြန်မြန်ခြုံပြီး မျက်နှာ

ကလေးသာဖော်ပြီး တစ်ကိုယ်လုံးကို စောင်နဲ့ပတ်လိုမ့်လိုက်ပြီး သကာလ ကုလားသေ၊ ကုလားမော အိပ်နေလိုက်ပါသတဲ့။

သူနိုးလာချိန်မှာ ကျားမကြီးက သူ့ကုတ်(ဂုတ်)ကို ကိုက်ဆွဲပြီး ကျား ကလေးများရှိရာသို့ သယ်ဆောင်နေတာကို တွေ့ရပါသတဲ့၊ ခွေးလောက်နီးနီး ကျားကလေး သုံးကောင်ရဲ့လက်ထဲမှာ သူ့ကို 'ဝကွက်' အပ်ပြီး ကျားမကြီး ထွက်သွားပါသတဲ့။

ကျားမကြီးအသံဝေးသွားတဲ့ အချိန်ရောက်မှ သူလည်း 'စောင်ပတ်' (အသံထွက် မမှားပါစေနဲ့) ထဲမှ လိမ့်ထွက်လိုက်ပြီး ကျားကလေးတွေကို ချောက်လှန့်ကာ အိမ်အရောက်ထွက်ပြေးပါသတဲ့။

တစ်ကိုယ်လုံး 'မံမီ'ကျပ်စီးထားသလိုစောင်နှင့် လိမ့်ပတ်ထားလို့ ဒဏ်ရာကြီးကြီးမားမား မရခဲ့ပေမယ့်၊ ကုန်းပေါ်မှာ လုပ်မစားရဲတော့ဘဲ ရေထဲမှာ တံငါအလုပ်နှင့် အသက်မွေးပြန်ပါသတဲ့။

တစ်ညမှာ 'ပိုက်'မျှောရင်းလှေပေါ်မှာ အိပ်ပျော်သွားပြန်ပါသတဲ့။ အဲဒီအချိန်က သင်္ဘောဘေးမှာ 'ရေဒလက်'ကြီးတွေနဲ့လည်ပြီး မောင်းရတဲ့ 'ပရန်း'( PROME-ပြည်)ဆိုတဲ့ ဧရာဝတီသင်္ဘော ကုမ္ပဏီပိုင် မီးသင်္ဘော ကြီးဟာ မြစ်ကို ဆန်တက်လာပါသတဲ့. . .

သူ့လှေကိုတွေ့တော့ ဆလိုက်မီးနဲ့ထိုး၊ ဥသြအကြိမ်ကြိမ် ဆွဲပါ သော်လည်း လှေပေါ်မှ ကိုဖိုးကံကောင်းကြီးက 'တုတ်တုတ်'တောင်မှ မလှုပ် တဲ့အတွက် နောက်ဆုံး သူ့လှေကလေးဟာ မီးသင်္ဘောကြီးရဲ့ ရေဒလက် တွေကြားမှာ 'တဖျောင်းဖျောင်း' မြည်အောင်ဝါးမျိုခြင်း ခံလိုက်ရပါသတဲ့။

'ပရန်း' သင်္ဘောကြီးက ကျွန်တော်တို့မြို့မှာ ဆိုက်ကပ်ပြီး သတင်း ပို့တဲ့အတွက် အခင်းဖြစ်ပွားရာကို ရဲအဖွဲ့ကသွားရောက်ရှာဖွေရာ ကျားကိုက်လို့ မသေတဲ့ ကိုဖိုးကံကောင်းကြီးဟာ သင်္ဘောတိုက်လို့လည်း မသေဘဲ သောင် စပ်မှာ ငုငုကြီးထိုင်နေတာကို တွေ့ရပါသတဲ့၊ ရေတွေ ခိုရွှဲပြီး ထိတ်လန့် နေတာကလွဲလို့ ဘာဒဏ်ရာမှ မရပါဘူးတဲ့။

အဲဒီကစပြီး မိဘတွေပေးတဲ့ အမည်ပျောက်ကာ 'ကျားပရွန်း' ဆိုတဲ့

အမည်တွင်သွားပါသတဲ့။

ဤသို့ဆိုလျှင် မြွေပွေးဖိုးနီဟာလည်း မြွေပွေးကိုက်လို့ မသေ၍ ဤနာမည်တွင်ခဲ့ခြင်း ဖြစ်ပါသလောဟု မေးလျှင်ဟုတ်ပါသည်ဟု ဖြေရမည်၊ ဖိုးနီက စက်မှုလယ်ယာထွန်စက် စခန်းမှာ ထွန်စက်မောင်းသမား လုပ်ပါသတဲ့။

တစ်နေ့ မြို့နဲ့ ငါးမိုင်လောက် ဝေးတဲ့နေရာမှာ လယ်ထွန်ရင်း ထွန်စက်ဖျက်လို့ပြင်ပါသတဲ့ အဲဒီမှာ မြွေပွေးက သူ့ခြေမကို ကိုက်သွား ပါသတဲ့ လူသူကင်းဝေးတဲ့အပြင် ဆေးရုံကလည်း ငါးမိုင်ကျော် ကွာဝေးတော့၊ နောက်ဆုံးသူ့ခြေမကို သံတူရွှင်းနဲ့ ထိုးဖြတ်လိုက်ပါသတဲ့၊ ခြေမတစ်ချောင်း ဆုံးရှုံးသွားပေမဲ့ လူကတော့ အကောင်းအတိုင်း ကျန်ခဲ့သလို အမည်ရှေ့မှာ လည်း မြွေပွေးဟူသောဂုဏ် ထပ်ဆင့်တိုးပြီး မြွေပွေးဖိုးနီအဖြစ်တွင်ခဲ့ပါသတဲ့။

တစ်ညနေ နေဝင်ရိုးရီမှာ ဖိုးနီတစ်ယောက် သွေးရှူးသွေးတန်း ဖြင့် ရဲစခန်းအတွင်း ပြေးဝင်ခဲ့ပါတယ်၊ မြောက်ပိုင်းထန်းတောထဲမှာ တစ်ယောက်တည်းနေတဲ့ မုဆိုးဘာဘာတစ်ယောက် အရက်တွေ၊ ထန်းရည်တွေသောက်ပြီး မူးမူးရူးရူးနဲ့ သူ့ထွန်စက်ကိုတားပြီး လမ်းကြုံလိုက်ချင်ကြောင်း ပြောကာ ထွန်စက်ပေါ် အတင်း တက်လာပါတယ်တဲ့။

ထွန်စက်ဆိုသည်မှာ အလွန်အလှုပ်ရမ်းကြောင်း၊ ဆောင့် ကြောင်း၊ ခါကြောင်း၊ ထို့ကြောင့် မလိုက်ပါရန် အတန်တန် တားသော် လည်း မရဘဲ ထွန်စက်ဘီးအဖုံးပေါ်မှ တက်စီးကြောင်း၊ သေသေချာချာ ကိုင်စီးပါရန် ပြောပါသော်လည်း မရသည့်အပြင် အောက်မှပြေးလိုက်နေသော သူ့ရဲ့ အမဲလိုက် အင်းခွေးကြီးကို လှမ်း၍စကြောင်း. . .

ထိုသို့ ရှေ့နောက်ရင်းဖြင့် မြို့အဝင်နားရောက်ခါနီးမှာ ထွန်စက် ပေါ်က ပြုတ်ကျကြောင်း၊ ထွန်စက်ဖြင့် နင်းမိကြောင်း၊ ထို့ကြောင့် လာရောက် သတင်းပို့ အဖမ်းခံခြင်းဖြစ်ကြောင်း ပြောဆိုသည့်အတွက် ကျွန်တော်၊ ရဲသိန်းတန်တို့အဖွဲ့နှင့် မြို့နယ်ဆရာဝန်လေးတို့သည် ဂျစ်မောင်မောင်၏ သံမဏိမြင်းရိုင်းကြီးဖြင့် အခင်းဖြစ်ပွားရာနေရာသို့ သွားခဲ့ကြသည်၊

ထွန်စက်နှင့်ဘေးချင်းယှဉ်၍ သံမဏိမြင်းရိုင်းကြီးကို ရပ်ကာ

အကြမ်းဖျင်း စစ်ချက်ယူကြသည်၊ ထို့နောက် ကျွန်တော့်အလှည့် ရောက်လာသည်။

ဘဘာ၏ခေါင်းနှင့် ထွန်စက်၏ နောက်ဘီး မိတ်ဆွေဖွဲ့မိသဖြင့် ဘဘာမျက်နှာတောင်း မရတော့ပါ၊ မမြင်ရက်၊ မကြည့်ရက်၊ သွေးဖျက်ဖွယ်ရာအတိ၊ သို့သော်လည်း ရဲတပ်ဖွဲ့အတွက် အထောက်အကူ ဖြစ်စေနိုင်သော ဓာတ်ပုံကောင်းများရရှိရန်အတွက် ကျွန်ုပ်မှာ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို မမြင်ချင်၊ မကြည့်ချင်သော်လည်း သေသေချာချာကြည့်၍ ချိန်ပြီး'နှိုက်' နေရသည်။

ဓာတ်ပုံရိုက်၍ ပြီးဆုံးသွားသောအခါ ထပ်မံ၍ မျက်နှာဖျက်စရာ ဘဘာ၌ မရှိတော့သော်လည်း လူမြင်ကောင်းစေရန်အတွက် လူ ယဉ်ကျေးပီပီ မမြင်သင့်တာကို မမြင်ရအောင် ဘဘာ၏ ပုဆိုးကို ဆွဲချပေးလိုက်စဉ် ခြေသလုံးသားပူခနဲ ဖြစ်သွားသဖြင့် နောက်လှည့်ကြည့်လိုက်ရာ၊ ပေါင်လည်ခန့်မြင့်သော ခွေးနက်ကြီးတစ်ကောင်က မာန်ဖီရင်း နောက်တစ်ကြိမ်ထပ်ကိုက်ရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရသည်။

ရဲသိန်းတန်းတို့ အုပ်စုက ခွေးကြီးကို ခြောက်လှန့်၍ မောင်းထုတ်လိုက်ကြသည်၊ ခွေးကြီးကတော့ နောက်သို့ အနည်းငယ်သာ ဆုတ်သွားသည်။ ကျွန်တော့်ခြေသလုံးတွင် သွေးများရွှဲနေသည်ကို ဂျစ်မောင် မောင်က သူ့ကားမှ အရိုက်ဆီများ ယူလာပြီး အနာပေါ် လောင်းချပေးသည်။

စစ်ဆေးရန် ကိစ္စများပြီးသွားပြီဖြစ်၍ ဘဘာ၏အလောင်းကို ဆေးရုံသို့ သယ်ယူရန်အတွက် ရဲသိန်းတန်တို့အုပ်စု အလောင်းကို မလိုက်စဉ် ဘဘာ၏ ခွေးကြီးက ရဲအဖွဲ့ကို ဝင်ကိုက်လေတော့သည်။

အားလုံး ဟိုပြေးသည်ပြေးဖြင့် ဝရုန်းသုံးကား ဖြစ်ကုန်ကြသည်၊ ထွန်စက်ပေါ် ပြေးတက်လိုက်သော ရဲသိန်းတန်ကိုကြည့်ရင်း ကျွန်တော် အားမလို အားမရ ဖြစ်လာသဖြင့် အော်ပြောလိုက်မိသည်။

'ဟေ့ကောင် မင်း ခြောက်လုံးပြူးသေနတ်နဲ့ ပစ်သတ်လိုက်ပါလားကွ'

'ဘာကွ ငါ့ခြောက်လုံးပြူးနဲ့ ဒီခွေးကို ပစ်သတ်ရမယ် ဟုတ်လား

မင်းမို့လို့ ပြောရက်တယ်၊ နောက်တစ်ခွန်းထပ်ပြောရင် မင်းကိုပဲ ပစ်သတ်မယ် ဟင်း'

ရဲသိန်းတန်းက ကျွန်တော့်ကို ကြိမ်းမောင်းရင်း သူ့ခြေထောက်မှ စီးကျလာသော သွေးများကို သုတ်နေသည်၊ လူတိုင်းနီးပါး အကိုက်ခံလိုက်ရသည့် ရဲအဖွဲ့ဝင်များကို ကြည့်တာ ဂျစ်မောင်မောင်၏ ဒေါသများ အထွတ်အထိပ်သို့ ရောက်သွားသည်။

ထို့ကြောင့် ငါးမူးလုံးခန့်တုတ်၍ သုံးပေခန့်ရှည်သော သံပိုက် လုံးကို ကိုင်၍ ကားပေါ်မှဆင်းသွားပြီး ခွေးကြီးကို သွားမောင်းလေ တော့သည်။

ဟုတ်ကဲ့. . . ဂျစ်မောင်မောင် ကားပေါ်ပြန်တက်လာတော့ ပုဆိုး လည်းပြဲသွားသည်၊ လက်မှာလည်း ခွေးကိုက်ရာကြီးပါလာသည်။

မုဆိုးဘာဘာ၏ တိုက်ခိုက်ရေးသင်တန်းကျောင်းတွင် ခြောက်လ ပြတ်၊ တစ်နှစ်ပြတ်၊ သင်ရိုးကုန်၊ အနီးကပ်သင်တန်းများကို ဘာသာစုံ ထူးချွန်စွာ ဂုဏ်ထူးဝေဝေဆာဆာဖြင့် အောင်မြင်ခဲ့ပုံရသည့် ပေါင်လည် ခန့် မြင့်သော အနက်ရောင် အမဲလိုက်အင်းခွေးကြီးကတော့ သူ့သခင်၏ အလောင်း ကို အသက်ပေးကာကွယ်မည့်ပုံဖြင့် သူ့သခင် အလောင်းနားမှာ တစ်ဖဝါးမှ မခွာဘဲ 'တဟင်းဟင်း' မာန်ဖီ၍ ရှိနေသည်။

ဤသို့ဖြင့် ကျွန်တော်၊ မြို့နယ်ဆရာဝန်လေးနှင့် ဂျစ်မောင်မောင် တို့က သံမဏိမြင်းမိုင်းပေါ်တွင်လည်းကောင်း၊ ရဲသိန်းတန်တို့အုပ်စုက ထွန်စက် ပေါ်တွင် လည်းကောင်း ရောက်ရှိနေကြပါသည်။

နေဝင်စပြု၍ အမှောင်ရိပ် သမ်းလာသည်နှင့်အမျှ ခွေးကြီးက ပို၍ပို၍ဒေါသကြီးလာသည်၊ ကျွန်တော်တို့အုပ်စုကို မြေပြင်ပေါ်သို့ပင်အဆင်း မခံဘဲ တိုက်ခိုက်ရန် အသင့် ဖြစ်နေလေတော့သည်။

ဤအတိုင်းသာဆိုလျှင် ကျွန်တော်တို့အားလုံး ကားပေါ်တွင် အိပ်ရ တော့မည်၊ နောက်ဆုံးဆရာဝန်လေး၏ အကြံပေးချက်အရ ဂျစ်မောင်မောင်၏ ကားပေါ်ရှိ တစ်ပေနီးပါး ရှည်သော ကွင်း၊ ခွ (ဂွင်း၊ ဂွ)တို့တွင် အဝတ်စုတ်ပတ် ကာ ထွန်စက်မှ ဒီဇယ်များဆွတ်၍ အရေးပေါ် မီးတုတ်များ လုပ်ပြီး ခွေးကြီးကို

ခြောက်လှန့်မောင်းထုတ်ကြသည်။

ဘာဘာ၏ခွေးကြီးသည် သူ့သခင်ဘာဘာမှ တစ်ပါး အခြားမည်သူမျှ ကိုင်တွယ်လို့ မရအောင် ဆိုးသည်၊ ကြမ်းသည်ဆိုသည်မှာ ယခုမှ သွေးထွက်အောင်မှန်မှန်း သိရသလို၊ တိုး. . . ကမ္ဘာဦး ကျောက်ခေတ်လူသားများ မီးကို တွေ့ရှိအသုံးပြုနိုင်သဖြင့် ၎င်းတို့ထက် အဆများစွာ ကြီးမားသော သတ္တဝါကြီးများကို အနိုင်ယူ၊ ရှင်းလင်းနိုင်ခဲ့ကြောင်းမှာလည်း ယခုမှ မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်။

မီးတုတ်များကြောင့် ခွေးကြီးအနားမကပ်နိုင်တော့၊ အလောင်းကို ထွန်စက်ပေါ်တင်၍ သယ်ယူလာနိုင်ခဲ့သည်၊ ခွေးကြီးက နောက်က အတင်းလိုက်လာသော်လည်း မီးတုတ်သုံးလေးခုနှင့် ပစ်ပေါက်လိုက်သောအခါ အားမတန် မာန်လျှော့ပြီး ခွေးကြီးလည်း လက်မှိုင်ချ ကျန်ခဲ့တော့သလို၊ သူ၏ ဂွင်းများ၊ ဂွများဖြင့် ပစ်ပေါက်ရပ်မလားဟု၍ ဖျစ်မောင်မောင်၏ ညစ်ညစ်ပတ်ပတ် ဆဲသံများကား နားနှင့်မဆံ့၊ . .

ထိုဂွင်းဂွများကို ရဲအဖွဲ့က လျှော်ကြေးပေးရမည့်အကြောင်းကိုလည်း တတွတ်တွတ်ပြောရင်း ဆောင့်ကြီးအောင့်ကြီးဖြင့် ကားကို မောင်းနှင်ခဲ့လေတော့သည်။

သုံးရက်ခန့် ကြာပြီးနောက် သခင်မရှိသော ဘာဘာ၏ ခွေးကြီးသည် သူ၏ဘုမိနက်သံ မြောက်ပိုင်းထန်းတောထဲတွင် မရပ်မနား ပြေးလွှားရင်း တွေ့သမျှ လူသူ တိရစ္ဆာန်များကို ကိုက်ခဲနေသည့် သတင်းများ ကြားရသလို၊ ရာသီဥတုကလည်း နွေရာသီ လက်ပံပွင့်ချိန်၊ ခွေးရူးပြန်ချိန်ဖြစ်သဖြင့် အနီးအနားရှိလူများက ခွေးကြီးကို ကိစ္စတုံးလိုက် ကြလေတော့သည်။

ကိစ္စမတုံးသေးသော ကျွန်တော်၊ ဖျစ်မောင်မောင်နှင့် ရဲသိန်း တန်တို့ တပ်ဖွဲ့ဝင်များကတော့ မြို့နယ်ဆေးရုံတွင် 'ချက်'ပတ်လည် ဝေဒနာများကို ခံစားလျက်၊ ဤကိစ္စများကို အမှန်တကယ် ဘာဘာ ဘာမှ မသိပါခင်ဗျား။

* * *

**ဆောင်းအချစ်ကြွားရူးသော ဒီဇင်ဘာအလွမ်း**

နှင်းဖွဲဖွဲကျနေသော ဒီဇင်ဘာနံနက်ခင်း ငါးနာရီခန့်သည် လူတကာအတွက် ကွေးကောင်း၊ အိပ်ကောင်း နေကြမည် ဖြစ်သော်လည်း မြို့နယ်ရဲစခန်းဝင်းအတွင်းတွင်တော့ လူစုလူဝေးနှင့် လှုပ်လှုပ်ရှားရှား ရှိနေကြခြင်းမှာ ဒသမအကြိမ်မြောက် ရဲမိသားစု အားကစားပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသောကြောင့် ဖြစ်သည်။

မာရသွန်ပြေးကြမည့် ရဲမိသားစုများနောက်မှနေ၍ ကျွန်တော်နှင့် ဖျစ်မောင်မောင်က သံမဏိခြင်းရိုင်းနှင့် လိုက်ပါစောင့်ရှောက်ရန် တာဝန်ယူထားသဖြင့် ရောက်ရှိနေကြပါသည်။

ပြေးတဲ့သူများကလည်း အမောပြေ၊ စိုစိုပြည်ပြည်လည်း ဖြစ်စေရန်အတွက် လော်စပီကာနှင့် အသံချဲ့စက်ကို ကားပေါ်တင်ရန် ရဲမှူးကြီး ထံတောင်းသောအခါ၊ မဏ္ဍပ်တွင် တပ်ထားသော အသံချဲ့စက်ကို မပေးနိုင်ကြောင်း ငွေအကုန်ခံ၍ ထပ်မံငှားရမ်းလိုကြောင်း၊ လိုချင်ပါက သူ့အိမ်တွင် 'ဝပ်တစ်ရာ' အားရှိသော တရုတ်ကက်ဆက်ကြီးရှိကြောင်း ယူသုံးနိုင်ပါကြောင်း ပြောကြားပါသော်လည်း ကက်ဆက်မြင်ဆိုင်ဖြင့် ရွှေလမ်းငွေလမ်း ဖောက်ထားသော ယုံ့ယုံ့သာရှိသည့် တရုတ်ကက်ဆက်ကြီးက ပြဿနာကို

သက်ယပ်ခေါ်သလို ဖြစ်နေ၍ ကိုယ့်အလုည့်ကျမှ တစ်ခုခု ဖြစ်ခဲ့လျှင် နေရင်းထိုင်ရင်း မျက်နှာမပြရဲအောင် ဖြစ်မှာစိုးသည့်အတွက် ရဲစခန်းဝင်းနှင့် ကပ်လျက်ရှိသော ကျွန်တော့် သရေခေတ္တရာ လက်ဖက်ရည်ဆိုင်သို့ပြန်ကာ ခေတ္တရာသူကြီးမသိအောင် 'ဝပ်နှစ်ရာ'အား ရှိသော 'ဆောင်း ဘောက်' ကြီးနှစ်လုံးနှင့် 'အမ်ပလီဖိုင်ရာ' အသံချဲ့စက်ပါသော ကက်ဆက်ကြီးကို ဖြုတ်ယူ၍ ကားပေါ်တင်လိုက်စဉ်တွင် ရုတ်တရက်အိပ်ရာမှ နိုးထလာသော ခေတ္တရာသူကြီး၏ ကျွန်ုပ်တို့ကြည့်နေသော မျက်နှာသည် ထစ်ချုန်း မိုးသို့မဟုတ် မိုးကြိုးမုန်တိုင်း ကျရောက်တော့မည်ဖြစ်ကြောင်း ရာနှုန်းပြည့် သေချာသွားသဖြင့်. . .

ကျွန်တော် အလုပ်ရှုပ်ရမှန်းမသိဖြစ်နေစဉ် ရဲသိန်းတန်ရောက်ရှိလာပြီး နွားနို့ခွက် 'ငါး'ဆယ်နှင့် ကြက်ဥများမုန့်များကို အော်ဒါမှာသဖြင့် နောက်မှ တွေ့ကြသေးတာပေ့ါဟူသော မျက်နှာရိပ်ကိုပြပြီး မီးဖိုထဲဝင်စဉ် ကျွန်တော် လည်း မိုက်ကာရိုဖုန်းနှင့်လက်လှမ်းမီရာ သီချင်းခွေ သုံးခွေခန့်ကို ကောက်ယူပြီး ထွက်လာခဲ့သည်။

ဆောင်းဘောက်ကြီးနှစ်လုံးကို ဂျစ်ကား၏ နောက်ခုံပေါ်တွင် ထောင်၍ တင်လိုက်ပြီး ဝါယာကြိုးများကို ဟိုထိုး သည်ထိုး ပြုလုပ်နေစဉ် မာရသွန်ပြေးမည့် ရဲမိသားစုဝင်များမှာလည်း ဘောင်းဘီတို၊ စွပ်ကျယ် လက်ပြတ်နှင့် နံပါတ်ပြားကို ကျောတွင်ချိတ်ရင်း 'ခိုက်ခိုက်တုန်'နေပေပြီ ထိုကြောင့် မိုက်ကရိုဖုန်းကို စမ်းရင်း. . .

'ဟုတ်ကဲ့ခင်ဗျာ ကျွန်တော်တို့ ဒသမအကြိမ်မြောက် ရဲမိသားစု အားကစားပြိုင်ပွဲ ဖွင့်ပွဲအနေနဲ့ မာရသွန်ပြေးကြမည့် အပြေးသမားများ နေရာယူပြီးကြပြီမို့ ရဲမှူးကြီးခင်ဗျာ မင်္ဂလာသေနတ်ကို ပစ်ဖောက်ရန် ပန်ကြားအပ်ပါတယ်ခင်ဗျာ'

'သေနတ်သံက မင်္ဂလာရှိတယ်လို့ ဘယ်အဖေက မင်းကို ပြောထား လဲကွ'

မာရရေကြောရေနိုင်လှသော ရဲမှူးကြီးအသံနှင့်အတူ တာဝန်မှူး၏

'ဒရုန' (ဒီဇီ)သံထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လေ၏အလျင်ကဲ့သို့ တရေ့သွန်သမားများပြေးကြစဉ် ကျွန်တော်လည်း သီချင်းတိတ်ခွေတစ်ခွေကို ကတ်ဆက်ထဲထည့်ပြီး ဖွင့်လိုက်သည်။

'မီးမုန်တိုင်း. . . . မီးမုန်တိုင်း'

ဟူသော 'ဇော်ဝင်းထွဋ်'အသံကြီးက 'ဝပ်နစ်ရာ'အားဖြင့် ထွက်ပေါ်လာရာ. . .

'စောစောစီးစီး ဒီသီချင်းမျိုးမှ ဖွင့်ရသလားဟဲ့. . .'

ဟူသော အော်သံများကြောင့် နောက်တစ်ခွေ ပြောင်းဖွင့်လိုက်သည်။

'မောင့် အချစ်မြားစူး. . . . မှုရပြီကောလေ. . .'

ဟူသည့် နီနီဝင်းရွှေ၏ အသံထွက်ပေါ်လာသောအခါ 'မီးမုန်တိုင်းနဲ့စာရင် မောင့်အချစ်မြားစူးတမှ တော်သေးတယ်'ဟု မှတ်ချက်ပေးကြသဖြင့် ထိုသီချင်းကိုဖွင့်ရင်း အပြေးသမားများနောက်မှ ဖြည်းဖြည်းလိုက်ခဲ့သည်။

မြို့ပြင်သို့ရောက်ရှိလာပြီဖြစ်၍ လည်းကောင်း၊ ပြေးနေသောရဲမိသားစုကို အားပေးလို၍လည်းကောင်း မိုက်ကိုတစ်ရင်း သီချင်းနှင့်ရော၍ 'တော်ကီ'ပွားလိုက်သည်။ နီနီဝင်းရွှေက. . .

'ဆံမြည်စေ့မျှ. . . မေ့မရလေဘူး. . . ချစ်ဦးသူ'

'ဟုတ်ကဲ့ခင်ဗျာ. . . ကျောန်ပတ်ရှစ် ကိုချစ်ဦးခင်ဗျာ ဘယ်လိုမှ မေ့လို့မရတဲ့အတွက် လက်ဖက်ရည်အကြွေးများကို လကုန်လျှင် လာရောက်ဆပ်ပါရန် သတိပေးပါရစေခင်ဗျာ'

ပြေးနေသူအားလုံးဝါးခနဲ ရယ်လိုက်ကြသည်၊ နီနီဝင်းရွှေကလည်း

'မောင့်ကို အသည်းနှလုံးမှ ချစ်တဲ့ဝေဒနာ ဖြေမွှာမရ သေချာစွဲခဲ့ပြီလေ. . .'

'ဟုတ်ကဲ့ ကိုမောင်ကိုခင်ဗျာ အရက်ဒဏ်ကြောင့် အသည်း ဝေဒနာနဲ့ ရေဖျင်းစွဲနေတဲ့ ခင်ဗျားဗိုက်ကြီး အသေအချာ ပျောက်အောင် ပြေးပါခင်ဗျာ၊

ပြေးထားပါ'

ရဲမောင်ကို နောက်သို့လှည့်ဆဲသည်၊ နီနီဝင်းရွှေကလည်း. . .

'မောင့်အချစ်ပြားအသည်းမှာစူး နုတ်လည်းနုတ်ချင်လေဘူး. .'

'မနုတ်ချင်လည်း ရေနွေးဖျော၍ ရေများများထိုးလိုက်ပါလို့ တပ်တွင်းမွေးမြူရေးသမားကြီး ကျောနံ့ပါတ် တစ်ဆယ့်ငါး တပ်ကြပ်ကြီး ကြည်မြင့်ကို အကြံကောင်းပေးပါရစေခင်ဗျာ'

ဆဲသံနှင့် ရယ်သံများ ဆူညံစွာပေါ်ထွက်လာသည်၊ တဖြည်းဖြည်းနှင့် မြို့တဝင်လမ်းပေါ်ပြန်ရောက်လာသည်။

'ပြေးထားကြစေ့ မပြေးနိုင်လို့ ကျွန်တော်တို့ ပြန်ကြားရေးကားပေါ်ကိုလိုက်ပါချင်သူများ ကားခမပေးရင်တော့ ဆောရီးပဲခင်ဗျ၊ အဲ. . . ပန်းဝင်တဲ့သူတိုင်းကို ဆုငွေကျပ် ငါးဆယ်တိတိနဲ့ နွားနို့များ၊ ကြက်ဥများ မုန့်များက ကြိုဆိုနေပါတယ်၊ နွားနို့ကလည်း ကောင်းသလားလို့ မမေးနဲ့ ကျွန်တော်တို့ သရေခေတ္တရာ လတ်ဖက်ရည်ဆိုင်ကြီးက နိုင်ငံတကာ အဆင့်မီ (အိုင်၊ အက်(စ်)၊ အို) လက်မှတ်ရ (ကောတ်ရထား တာပါ) ထားတဲ့ နွားနို့စစ်ကိုပဲ သုံးတာပါခင်ဗျ။

ဟော. . . ကြက်ဥဆိုရင်လည်း ကောင်းသလား၊ လတ်ဆတ် သလား မမေးနဲ့၊ ဟော. . . ဟိုရှေ့က USA ကြက်မွေးမြူရေးပိုင်ရှင် ဦးစန်းအောင် ကိုယ်တိုင်ကိုယ်ကျ သူ့ကြက်မများကို တယုတယနဲ့ ကိုယ်ဗိ ရင်ဗိ မျိုးစပ် ပေးထားတာပါခင်ဗျ'

မွေးမြူရေးခြံရှေ့တွင် ထွက်၍ကြည့်ရှုနေသော ဦးစန်းအောင်က ငါနဲ့ကိုင်တုတ်သည်။

'ကျောနံ့ပတ် 'တစ်'ရထားပြီး ရှေ့ဆုံးမှာ ပြေးနေတဲ့သူကတော့ မြို့မေတ္တာခံယူနေတဲ့ ရဲသိန်းတန်ဖြစ်ပါတယ်ခင်ဗျာ၊ ရှေ့ဆုံးမှ ပြေးနေပါတယ်၊ ကျွန်တော်တို့ကားရဲ့ရှေ့ဆုံးမှာပါ သူ့နောက်မှာ ကျွန်တော်တို့ ကား တစ်စီးပဲရှိတော့ပါတယ်ခင်ဗျ အားမလျှော့နဲ့ ကိုသိန်းတန်ပြေးထားပါ ကိုသိန်းတန် ဟိုး. . . ရဲစခန်းအဝင် ညောင်ညိုပင်ရိပ်မှာ ဘကြီးမှုံနှင့်

ထွေးညိုတို့ စောင့်နေတယ် ကိုသိန်းတန်၊ ကလေးစရိတ်တောင်းဖို့တဲ့'

'ခွေးကောင်တွေ ဒီမှာပြေးလို့ မောရတဲ့အထဲ ရယ်ရတာနဲ့ သေတော့မယ် မင်းတို့ပါးစပ်ပိတ်ထား'

ရဲသိန်းတန်က နောက်သို့လှည့်ဟောက်လိုက်သဖြင့်. . .

'ဟုတ်ကဲ့ ကျွန်တော်မပြောတော့ပါဘူး၊ ကဲ. . . ညီမလေး နီနီဝင်းရွှေ ရေ မောင့်အချစ်များစူးလိုက်ကြစို့လား ညီမရဲ့'ဟုပြောကာ ကတ်ဆက်ဖွင့်လိုက်သည်။

ရဲစခန်းဝင်းထဲမှ ပန်းတိုင်နားသို့ ရောက်ရှိလာပါသည်၊ ရဲမိသားစုဝင်အားလုံးရော အနီးအနားရှိ သူအပေါင်းမှာလည်း လာရောက်၍ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ကြိုဆိုကြသည်။

ဤတွင် ရုတ်တရက် ရဲသိန်းတန်က အပြေးရပ်လိုက်ပြီး သူ့ခြေထောက်ကို မြောက်ကာလက်ဖြင့် ကိုင်၍'ခုန်ဆွ၊ ခုန်ဆွ'လုပ်ရင်း 'ကြွက်. . . ကြွက်တက်လာပြီ'ဟုအော်လိုက်သည်။

ဂျစ်မောင်မောင်၏ သံမဏိမြင်းရှိုင်ကြီး၏ 'ဘရိတ်'က သုံးချက်နင်းမှ တစ်ချက်မိသော 'ဘရိတ်'မျိုးဖြစ်ရကား နှစ်ချက်သာ နင်းလိုက်နိုင်သည် 'ဒိုင်း'ခနဲ ရဲသိန်းတန်ကို ဝင်တိုက်လိုက်ရာ ရဲသိန်းတန် လဲကျသွားသည်။

'ဟာ. . .'ဟူသော အာမေဋိတ်သံကြီး ဟိန်းထွက်လာသည်၊ ကားက ဘရိတ်မိသွားပါသည်၊ ရဲသိန်းတန်က မြေပြင်ပေါ်တွင် ခွေခွေ လေးလဲကျနေသည်၊ ကျွန်တော် ကားပေါ်မှပြေးဆင်း၍ ရဲသိန်းတန်ကို ပွေ့ချီလိုက်သည်။

မိသားစုဝင်များလည်း အပြေးအလွှားရောက်လာပြီး 'လုပ်ကြပါဟ ဆေးရုံကိုပို့ပါဟ' ဆူညံစွာအော်ဟစ်၍ ရဲသိန်းတန်ကို သံမဏိမြင်းရှိုင်း၏ နောက်ခန်းသို့ ပွေ့တင်လိုက်စဉ် မည်သူဝင်တိုက် လိုက်မှန်းမသိ ကျွန်ုပ်၏ ချစ်လှစွာသော ရှမငြီးသည့် ခေတ္တရာသုကြီး၏ 'ဆောင်းဘောက်' ကြီးသည် ကားပေါ်မှမြေကြီးပေါ်သို့ 'ဝုန်း'ခနဲ မြည်အောင် 'ကျွမ်း' ပြန်ကျသွားသည်။

'ဘုရား. . . ဘုရား' ကျွန်တော်အပြေးသွားကောက်လိုက်စဉ် ဆောင်းဘောက်သစ်သားဖရိန်ကြီးမှာ ကွဲသွားခဲ့ပြီတည်း။

[illegible]

ကျွန်တော့် နှလုံးသားကွဲကြေမြုန်းသကဲ့သို့ ခံစားမှုဖြင့် ဆောင်းဘောက်အကွဲကြီးကို တယုတယ ဖက်လိုက်စဉ် . . .

'မင်းမိန်းမ ဆောင်းဘောက်နဲ့ လူ့အသက် ဘယ်ဟာက အရေးကြီးသလဲ'

ဟုအော်လိုက်သော ဂျစ်မောင်မောင် အသံကြောင့် ကျွန်တော်လည်း ကားပေါ်သို့ ပြေးတက်ပြီး ဆေးရုံသို့ လိုက်သွားခဲ့သည်။

ဂျစ်ကားက အရှိန်သိပ်မပါဘဲ မြည်းမြည်းလေးဝင်တိုက်လိုက်မိ၍သာ ရဲသိန်းတန် ဒဏ်ရာကြီးကြီးမားမားမရခဲ့၊ မြေပြင်ပေါ် လဲသွား၍ 'ဒုံး' 'တဒေါင်' လောက်သာ ပွန်းရုံ၊ ပဲ့ရုံကလေး ဖြစ်ခဲ့ရသဖြင့် ရင်အေး ရသော်လည်း . . .

ကွဲသွားသော ကျွန်တော့်မိန်းမဟာကြီးအတွက် ချစ်လှစွာသော ခေတ္တရာသူကြီးကို ကျွန်တော်မည်ကဲ့သို့ ရင်ဆိုင်ရပါမည်နည်းဟု တွေးရင်း ရင်ပူလာသည်။

နေထွက်ပြုလာမှ နှင်းကလည်း ပိုပိုပြီးကျလာသည်၊ တစ်ချက်တစ်ချက် သုတ်လိုက်သော လေနုအေးကလည်း ကျွန်တော့်ရင်ကို မအေးချမ်းနိုင်ပါ၊

မောင့်အချစ်မြားစူးမိသဖြင့် ဇီဇင်ဘာ အလွမ်းတို့ကား အစပျိုးခဲ့လေပြီတည်း . . .။

✱ ✱ ✱

ရဲသိန်းတန်၊ ဂျစ်မောင်မောင်၊
သရေခေတ္တရာကြည်အောင်
တို့၏
ပြန်ပြောပြဖို့ တော်တော်ခက်လိမ့်မည့်
အမှုကြီး

ကျွန်ုပ်တို့နှင့် 'ဖြတ်လုံး' ကြီးတစ်ခု

'ဒိုင်း'ခနဲ မြည်ဟီးသံကြီးက ရခိုင်ရိုးမတောကြီးကို ပဲ့တင်ရိုက်ခတ်သွားသည်။ ဘာသာဘာဝ ဆုဆုညံညံ အော်မြည်မြူးတူးနေကြသော သတ္တဝါအပေါင်းမှာလည်း လန့်ဖျပ်၍ ဝေးရာသို့ ဒရောသောပါး ပြေးကြလေကုန်၏။

တစ်တောလုံး တိတ်ဆိတ်သွားပြန်သည်။ ထိုအချိန်ကျမှ. . .

'မှားပြီ. . . . မှားပြီ. . မင်းကားစုတ်ကြီးကို စီးလာမိတာတိုက 'ခွေးမှား မှားတာ'

မချိတင်ကဲ ငိုသံကြီးနှင့် ကျယ်လောင်စွာရေရွတ်လိုက်သူက မြို့မေတ္တာ ခံယူနေသော ရဲသိန်းတန်ပင် ဖြစ်ဘိ၏။

ဟုတ်ပါသည်။ ရဲသိန်းတန် ခွေးမှားကြီး၊ မှားရလောက်အောင် ပင်ကြုံတွေ့နေရသည့် ပြဿနာကို ပြန်ပြောင်းပြောကြားရမည်ဆိုလျှင် ကိုင်းပရိုသတ် ကန်နီ၊ ကန်တုတ်က စကြရအောင်. . .

ကျွန်တော်တို့ မြို့နယ်လေး၏ အစွန်အဖျား ရခိုင်ရိုးမနားတွင် တည်ရှိ၍ အခြားမြို့နယ်များနှင့်ပါ ဆက်စပ်လျက်ရှိသော ကန်နီနှင့် ကန်တုတ်နှစ်ရွာကား တော၊ တောင်၊ စိမ့်စမ်း၊ ရေတန်ကြီး/ငယ်တို့ဖြင့်

သာယာစိုပြည်ရုံမက မိမိုးဖလာလယ်ယာလုပ်ငန်းဖြင့် ဝပြောစည်ပင်သော ရွာများဖြစ်ကြပါသော်လည်း. . .

ကန်နီ၊ ကန်တုတ်-လှည်းမဖြုတ်နှင့်

ဖြုတ်လေ၊ ဖြုတ်သော်-မအိပ်လေနှင့်

အိပ်လေ၊ အိပ်သော်- မပျော်စေနှင့်

ပျော်လေ၊ ပျော်သော် -မမျှော်လင့်နှင့်

ဟူသော စာချိုးတစ်ခုက ထိုရွာသူ ရွာသားအပေါင်းတို့၏ အသည်းနှလုံးကို ကွဲကြေပြုန်းစရာ ပေါ်ပေါက်လျက်ရှိပါသည်။

စိမ့်ကြီး၊ စမ်းကြီး၊ တောကြီး၊ တောင်ကြီး ရှိသော ထိုဒေသသို့ ထင်းခုတ်၊ ဝါးခုတ်၊ တောင်ယာလုပ်အောင်သွားလာရင်း အချိန်လင့်၍ ညရောညတာ အိပ်စက်ပါက လှည်းမှနွားကို ဖြုတ်ပြီးမအိပ်ပါနှင့်၊ အိပ်ပါက နိုးနိုးကြားကြားအိပ်ပါ၊ သတိလက်လွတ်ပျော်သွားအောင် အိပ်လိုကတော့ နွားများကို ပြန်ရဖို့ မျှော်လင့်ချက်မရှိတော့ပါဟူသည့် ဘယ်ပညာရှိ ဘယ်ကလေကချေ၊ ဘယ်ကလေကဝ၊ ဘယ်ပေါက်လွှတ်မဲ့ စားက စပ်ဆိုမှန်းမသိသော၊ 'စာချိုး' အတိုင်း နွားများကလည်း ပျောက်ဆုံးလျက် ရှိပါသောကြောင့်၊ မပြေးသော်လည်း 'ကန်'ရှိရာ ဆိုသည့်အတိုင်း နွားများပျောက်ဆုံးသော နေရာနှင့် အနီးဆုံးဖြစ်သော ကန်နီနှင့် ကန်တုတ် နှစ်ရွာသည် ကြားမှ အချောင် နာမည်ပျက်ရလေတော့သည်။

ရိုးသား၍၊ ကြိုးစားသော်လည်း မိုးမစားတတ်သော ထိုရွာသူ ရွာသားအပေါင်းမှာ သူတို့ရွာများနာမည်ပျက်စေရန်အတွက် ဖန်တီးလာသော နွားသူခိုးများကို အစိမ်းလိုက် ဝါးစားချင်လောက်အောင် ဒေါသအမျက်ထွက်လျက်ရှိပါသောကြောင့် ကျွန်တော်တို့ မြို့နယ် ရဲစခန်းကို လူကိုယ်တိုင် တစ်ဖုံ၊ စာနှင့်တသွယ် ထိုအရေးအခင်းကို တင်ပြ၍ ဖြေရှင်းပေးပါရန် အကြောင်းကြားလေတော့သည်။

အခြားအခြားသော မြို့နယ်များနှင့်တကွ ရခိုင်ရိုးမကြီးနှင့် ပါဆက်စပ်လျက်ရှိသော ဤရွာများ၏ ပထဝီအနေအထားကိုလည်းကောင်း

ကျူးလွန်ပုံ ကျူးလွန်နည်းများကိုလည်းကောင်း၊ အပြန်ပြန် အလှန်လှန် သုံးသပ်၍ အမာခံ သတင်းပေးထံမှ ရသောသတင်းများနှင့် ချင့်ချိန်ကာ ဤနေ့ ဤရက်တွင် နွားသူခိုးအုပ်စုသည် ခိုးယူထားသော နွားများနှင့်အတူ နယ်ပြောင်း ကြတော့မည်ဟု တွက်ချက်၍ အချိန်မီ အမိဖမ်းနိုင်ရန် ဂျစ်မောင်မောင်၏ သံမဏိမြင်းနှိုင်းကို စုန်းစိုင်း၍ ခရီးနှင်လာခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်းပေါ့လေ၊ မနက် ကိုးနာရီမှစ၍ မြို့မှထွက်ခဲ့သော ကျွန်တော် သရေခေတ္တရာကြည်အောင်၊ နယ်မြေခံလမ်းပြနှင့် ရဲသိန်းတန်တို့ တပ်ဖွဲ့များစီးနင်းလိုက်ပါလာကြသော ဂျစ်မောင်မောင်၏ သံမဏိ မြင်းနှိုင်း ကြီး၏ ကောင်းမှုကြောင့် ယခုညနေ 'လေး'နာရီ ထိုးပြီးသည့်တိုင်အောင် ရည်မှန်းချက်ရှိရာ မိုင်ငါးဆယ်ခရီးကို မပေါက်သေးပေ၊ နောက်ထပ် ခုနစ်မိုင် ခန့်ခရီးတာ ကျန်ရှိနေသေးသဖြင့် ရဲသိန်းတန်က ခွေးမှား မှားပါသည်ဟု ညည်းညူနေခြင်း ဖြစ်ဘိ၏။

ဂျစ်မောင်မောင်ကလည်း . . .

'ငါ့ရဲ့ဂျစ်ကားကို လူဆယ့်ငါးယောက်လောက်လည်း စီးသေးတယ်၊ အတက်အဆင်းကလည်းကြမ်း၊ 'တင်း'တောင်း၊ 'မြည်'တောင်း လောက်ရှိတဲ့ ကျောက်တုံးကျောက်ခဲတွေကလည်း များလွန်းလို့ ရှောင်လို့ ကလည်းမလွတ်၊ 'ချိုင့်'တွေ 'ကျင်း'တွေကလည်း တင်းကြမ်းပြည့်နက်နေတဲ့ လမ်းမဟုတ်တဲ့ လမ်းကိုလည်း မောင်းနိုင်သေးတယ်၊ ပြီးတော့ ငါ့ကားကိုလည်း စော်ကား သေးတယ်၊ ဒီမယ်ရဲသိန်းတန် ငါ့ကိုသာ အစော်ကားခံမယ်၊ ငါ့ကားကိုတော့ လုံးဝအစော်ကား မခံနိုင်ဘူး'

ဤသည်လည်း မှန်ပြန်ပါပေ၏၊ နွားသူခိုးအဖွဲ့က အင်အားကြီး သဖြင့် လျှော့တွက်လို့မရ၊ ထို့ကြောင့်ရဲသိန်းတန်တို့အဖွဲ့ (၁၂)ယောက်ပါလာ သည်။

လမ်းပြ၊ ကျွန်တော်နှင့် ဂျစ်မောင်မောင်ဆိုတော့ အားလုံး တစ်ဆယ့် ငါးယောက်ကို တင်ဆောင်ထားရသည့် ဂျစ်မောင်မောင်က သံမဏိမြင်း နှိုင်းကြီးလို့ တင်စားခေါ်ဝေါ်ထားသော လက်ပွ၊ ခြေပွ၊ ဖုတ်ပွ (ဖုန်ပွ) တိုက်၍

ကောက်ဝင်မြို့မ စာအုပ်တိုက်

ဟိုနိုက် သည်နိုက်လုပ်ထားရသည့် ဒုတိယကမ္ဘာစစ် လက်ကျန် သက်တမ်းလွန် ဂျစ်ကားကြီးမျာ 'ခြောက်'လက်မအမြင့်ကိုပင် ငယ်သံပါအောင်အော်၍ ရှန်းနေရသည့်အထဲ အတက်ရောက်တိုင်း မတော်တဆ လန်ကျမှာစိုး၍ ဂျမ်းတုံး (ကြမ်းတုံး)ကိုင်၍ ကားနောက်က ပြေးလိုက်ရသော ရဲသားလေးတွေ ခမျာမှာလည်း တစ်ယောက် တစ်လှည့်ဖြင့် ကြမ်းတုံးကိုင်လက်ဆင့်ကမ်း ပြေးပွဲသာ ကျင်းပလျှင် ကမ္ဘာ့အိုလံပစ်ပွဲတော်၌ ရွှေတံဆိပ်ဆုကြီးကို မျော် မျော်ကြီး ဆွတ်ခူးရရှိ မည်မှာ မလွဲဧကန်။

အင်းပေါ့လေ. . ကားကကျိတ်မှိတ်၍ ရှန်းချင်သည်ဆိုဦးတော့ လမ်းကလည်း ကြည့်ပါဦး၊ ပုသိမ်၊ မုံရွာ လမ်းမကြီးပေါ်မှ ခွဲဆင်းလာကတည်း က ဤဆယ်မိုင်လောက် ခရီးသည် လူသွား၊ လူလာဟူ၍မရှိဘဲ သစ်၊ ဝါး ဆွဲသော ကျွဲလှည်းသာသွားသည့် လမ်းကြမ်းသာ ဖြစ်သဖြင့် မိုးကြိုးပစ်ရစေ့ 'လ' 'မ'သတ်'လမ်း' ကြီးပင်ဖြစ်သောကြောင့် ကားဘီးနှစ်ခါ ပေါက်သွားသည်။

ထို့ကြောင့် 'လဲ' စရာအပိုဘီးမရှိတော့သဖြင့် ရှေ့ဆက်သွားဖို့ အရေးမပြောနဲ့ နောက်ပြန် လှည့်ဖို့ပင် မဖြစ်နိုင်တော့ပါ။ နယ်မြေခံ လမ်းပြကလည်း ဤလမ်းအတိုင်းမဟုတ်ဘဲ ဟိုဘက်တောင်ရိုးပေါ်မှ ဖြတ် ဆင်းလျှင် ရည်မှန်းရာသို့ အချိန်မီ ရောက်နိုင်ကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်သရေခေတ္တရာကြည်အောင်သည်လည်း လက်စွဲတော် 'ကင်မရာ' ထည့်သော'အိတ်'ကို ကောက်လွယ်လိုက်သလို ရဲသိန်းတန် တပ်ဖွဲ့ကလည်း လက်နက်နှင့် ဝန်စည်စလယ်များကို အသင့်ပြင်၍ ထွက်ခွာကြရန်အပြု ဂျစ်မောင်မောင်က ကားဘီးဖြုတ်သော 'ဘီးဂေါက်' ကြီးကို ကိုင်၍ အကျွန် တို့သွားမည့်လမ်းကို ပိတ်ရပ်ရင်း. . .

'ဒါမျိုးလုပ်လို့ ရမိုးလားကွ၊ အတူတူလာပြီးတော့မှ ငါတစ်ယောက် ထဲကို ထားခဲ့လို့ရမလား'

ဒေါသ'ခိုး'များဆူဝေ၍ အမှားအမှန်ကိုတောင်ခွဲခြားမသိနိုင်သော ဂျစ်မောင်မောင်ကိုကြည့်ရင်း ကျွန်တော် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက် ရင်း. . .

'ချစ်သူငယ်ချင်း ဂျစ်မောင်မောင် ဘယ်သူက မင်းကို ထားခဲ့မယ်လို့ပြောလို့လဲ တစ်ခါထဲလိုက်ခဲ့ပေါ့ကွ၊ ခရီးလမ်းကြမ်းလို့ မင်းခြေဖဝါး တော်နုနု သွေးခြေဥမှာကြောက်ရင်လည်း ဟိုးတောင်တန်းမှာ ရဲတွေထမ်း ခေါ်ပါမယ်၊ ဟိုတောင်နိုးကျ ရဲတွေ အဲ. . . အဲထမ်းခေါ်မှာပဲ၊

ဂျစ်မောင်မောင်က ညစ်ညစ်ပတ်ပတ်၊ ညစ်ညစ်စုတ်စုတ်ဆဲသဖြင့် အကျွန်ုပ်စကား ဘယ်နေရာမှာ မှားသွားလဲဟု စဉ်းစားသော်လည်း စိုးစဉ်မျှ မပေါ်၊

ထိုစဉ် ဂျစ်မောင်မောင်က ငိုသံပါကြီးနှင့်. . .

'ဒီလိုနွားခိုးတဲ့နေရာမျိုးမှာ ငါ့ကားကို မခိုးဘူးလို့ ဘယ်သူ အာမခံမှာလဲ ငါ့ကားကြီးကို ထားမပစ်ခဲ့နိုင်ဘူး'

အလကားပေးတောင်ယူမည့်သူ မရှိသော သူ့ကားစုတ်ကြီးကိုခိုးမှာစိုးသတဲ့၊ ဘီးပေါက်နေသောကားစုတ်ကြီးကို ခိုးပါပြီတဲ့ ဘာနဲ့သယ် မှာလဲ၊ ဘယ်လိုသယ်မှာလဲ ရှည်ရှည်ဝေးဝေးမစဉ်းစားချင်၍ ရဲသိန်းတန်ကို မေးငေါ့ပြလိုက်သည်၊ ဂျစ်မောင်မောင်က ခေါင်းခါရင်း. . .

'ဟိုတောင် ရဲသိန်းတန်က သူ့မှာတာဝန်ရှိတယ်၊ သူသွားပါစေ မင်းနေခဲ့'

ဂျစ်မောင်မောင်၏ စကားအဆုံး ရဲသိန်းတန်က ခေါင်းညိတ်ပြရင်း. . .

'ခေါက်ဆွဲခြောက်ထုပ်တွေနဲ့ ကော်ဖီမစ်ထုပ်တွေ ထားခဲ့တယ် စားသောက်ပြီးစောင့်နေကြ ကိစ္စပြီးတာနဲ့တန်းပြန်မယ်၊ အဆင်မသင့်လို့ ညအိပ်ရရင်လည်း မိုးလင်းလင်းချင်းပြန်လာခဲ့မယ်'

ပြောပြောဆိုဆိုဖြင့် ရဲသိန်းတန်တို့ အဖွဲ့လမ်းပေါ်မှ ဖုံဆင်း၍ တောင်ကြောအတိုင်းလျှင်မြန်စွာ တက်သွားလိုက်ကြသည်မှာ ကျွန်တော် တားချိန်တောင်မရလိုက်၊

ကျွန်တော် ဒေါသတွေထွက်၍ ဆဲချင်သည်၊ ဘယ်သူ့ကို ဆဲရမှန်းမသိ၊ ကြုံတောင့်ကြုံခဲ နွားသူခိုးဂိုဏ်းစစ်ဆင်ရေးကြီးတွင် တစ်ထောင့်

တစ်နေရာမှာနေ၍ ရဲတပ်ဖွဲ့အတွက် အထောက်အကူပြုသော မှတ်တမ်းတင် ဓာတ်ပုံများကို ရိုက်ခွင့်ရလျှင်ဖြင့် ဓာတ်ပုံဝေဝေ ဆာဆာဖြင့် မှုခင်းဖျာနယ်များ မှုခင်းမဂ္ဂဇင်းများတွင်ထည့်၍ ငွေဖြစ် ကြံမည်ဟူရသော ရည်မှန်းချက်များ သဲထဲ ရှူးပေါက်သလောက်ပင် အရာမထင်ဖြစ်ရတော့မည်ဟု အပူလုံးကြွပြီး ထိုင်မရ ထမရဖြစ်နေမိတော့၏။

ဖျစ်မောင်မောင်က သူ့ကားကြီးကို ဇိုက်(ဇစ်ဇက်)တွေ၊ တုံးတွေ ခုန်၍ ဘီးဖြုတ်ရင်း. . .

'ဟင်း. . . ဒီလောက်လမ်းဆိုးမှန်းသိရင် မလိုက်ပါဘူးကွာ၊ ကြည့် စမ်းပါဦး ငါ့ကားတာယာတွေ ပွဲရွဲ့ကုန်ပြီ၊ အခုနေအခါမှာ တာယာ တစ်လုံး နှစ်သောင်းလောက်ရှိတယ်ကွ၊ တောက်. . .'

ကျွန်တော်က ကားဘေးနားတွင် မီးမွှေးရင်းမှ. . .

'ထွီ. . မင်းကားတာယာတွေက ငါးရှဉ့်နဲ့ကျောက်ကျော ဘုရားသား ကုမ္ပဏီထုတ်ထင်ပါရဲ့၊ 'ပန်း'မရှိဘဲချော်နေလိုက်တာများ ဆံပင်ညှပ်ဆိုင် ရှေ့တောင် ဖြတ်မမောင်းရဲဘူး၊ တော်ကြာဆံပင်မွေးစူးပြီး ဘီးပေါက်မှာ စိုးလို့. . .'

'တော်. . . တော် ကြည်အောင် မင်းစကားဒီတင်ရပ်ပြီး ဟောဒီ ငါ့ကား စပါယ်ရာ (အပို)ဘီးက တာယာသားကိုပဲ လာကြည့်ဦး ဂျပန်အစစ် 'ယိုကိုဟားမား' တာယာကွ 'ပန်း'တွေကလည်း ငါးမူးထု ကျော်ကျော် အထူကြီးပဲ ရှိသေးတယ်၊ သူတို့ မိုလ့်မညှာမတာ နိုင်းရက်တယ်၊ တွေ့မယ် ဘီးပေါက် ဖာခတွေ ဖင်းတို့ဆီက တောင်းရမယ်'

တဖျစ်တောက်တောက်ညည်းညူပြောဆိုနေသဖြင့် ကျွန်တော် လည်း အမြင်ကတ်လာပြီး . . .

'ဖာ'ခတောင်းဖို့နောက်ထား၊ ဒီကနေ ဆယ်မိုင်လောက်ဝေးတဲ့ ပုသိမ် မုံရွာလမ်းပေါ်က ဖာဆိုင်ဆီကို ဒီကားဘီးနှစ်လုံးကို ဘာနဲ့ သယ်မလဲ၊ ဘီးလုံး နှစ်လုံးအလယ်ခေါင်မှာ တုတ်ထိုးပြီး မင်းတခွစီး သွားမှာလား'

'ဟ. . . ဒါကတော့ ရဲသိန်းတန်တို့ ပြန်လာမှ တပ်ဖွဲ့ဝင်တွေကို

သယ်နိုင်းရမှာပေါ့ကွ၊ မသယ်နိုင်ရင်လည်း လမ်းပြပါလာတာပဲ အနီးဆုံးရွာ သွားပြီး လှည်းငှားသယ်တာပေါ့၊ ဟုတ်တယ် အဲဒါက ပိုကောင်းမယ်ကွ၊ အာလို့ဆို ဖာပြီးရင်လည်း ဒီကိုပြန်လာရဦးမှာမဟုတ်လား'

ကျွန်တော့်စိတ်မာတ်များ 'အဝိစိ'အထိကျသွားသည်၊ သူ့ပြောပုံ အတိုင်းဆိုလျှင် မနက်ရဲသိန်းတန်တို့ ပြန်လာမှ အနီးဆုံးရွာကိုသွား၊ လှည်းငှားဦး၊ ဆယ်မိုင်ခန့်ဝေးတဲ့ နေရာမှာ ဘီးသွားဖာဦး၊ ပြီးလျှင် ဒီကိုပြန်လာဦး ဆိုပါက အသွားအပြန်မိုင်နှစ်ဆယ် ခရီးကို လှည်းဖြင့် သွားလို့ကတော့ တစ်နေကုန် ကြာပေတော့မည်။

ဤကဲ့သို့ ကြာမည်မှန်းမသိ၍ ကုန်သည်နေဝင်းနှင့် မနက်ဖြန် ညနေတွင် ချိန်းထားခဲ့သည်၊ ကုန်သည်နေဝင်းကား အလွန်တိကျ၍ 'ကတိ'တည်သည့် လူစားမျိုး၊ မနက်ဖြန်အချိန်မီ ကျွန်တော် မရောက်ခဲ့လျှင် တော့ ကျွန်တော် ရရန်ရှိသော ငွေများကို အကုန်အစင်ပင် နေဝင်းမှနေ၍ ကျွန်တော့်၏ ရှုမငြီးသည့် ဇနီးခေတ္တရာသူကြီးကို ပေးပေလိမ့်မည်။

ထိုအခါ ကျွန်တော် 'ဖျောင်ထား' 'ဘတ်'ထားသော 'ဘတ်'ငွေများ အကြောင်းကို ခေတ္တရာ သူကြီး သိရှိသွားပေတော့မည်၊ ထိုအခါ ဖြစ်ပေါ်လာ မည့် ပြဿနာများကို ရင်ဆိုင်ရမည့်အစား 'ကျား'ကိုသာ သွားကြားထိုးပေး လိုက်ချင်ပါတော့သည်ဟု တွေးရင်ပင် ရင်မောလာသဖြင့် ပတ်ဝန်းကျင်ကို ပင်လျှင် မေ့လျော့သွားမိသည်။

စိတ်နှင့်ကိုယ်နှင့် မြဲချိန်တွင်တော့ အနောက်ဘက်တောင်ကုန်း လေးအတိုင်းတက်လာနေသော ကောက်လှိုင်းများ အပြည့်တင်လာသည့် လှည်းနှစ်စီး၊ လူကသုံးယောက်၊ လှည်းနောက်တွင် ကြိုးရှည်ရှည်ဖြင့် ချည်နှောင်ထားသော နွားသုံးကောင်ကလည်း လှည်းပေါ်မှ ကောက်လှိုင်း များကိုဆွဲ၍ ဆွဲ၍ စားနေသည်ကို ဝင်လုဆဲဆဲ နေရောင်ဖြင့် လှပစွာ မြင်တွေ့ လိုက်ရသည်။

မာတ်ပုံပြိုင်ပွဲတွင် ဆုရနိုင်သော ရှုခင်းဖြစ်သဖြင့် မာတ်ပုံရိုက်လျှင် ကောင်းမည်ဟု ကင်မရာအိတ်ကို သွားယူမည်ပြုစဉ် အကြံတစ်ခု 'ဖျပ်'ခနဲ

ရလိုက်သဖြင့်. . .

'ဟော့ကောင် ချစ်မောင်မောင် အဲဒီလှည်းသမားတွေကို အကူ အညီတောင်းကြည့်ပါလား မင်းကားဘီးတွေ သွားဖာရအောင်'

ကျွန်တော်စကားပင် မဆုံးသေးပါ။ အကူအညီတောင်းပြီးလေပြီ သဘောကောင်းသော လယ်သမားကြီးများကလည်း ဒုက္ခသည် ကျွန်တော်တို့ အား ကူညီရန်အသင့် ဖြစ်နေတော့သည်။

'ဒီမယ်ကြည်အောင် ကားဘီးတွေကိုယူပြီး သူတို့နဲ့ ငါလိုက်သွားရင် မင်းတစ်ယောက်တည်း ဒီမှာနေရဲလား'

ဤကဲ့သို့ တောကြီးမျက်မည်းထဲတွင် တစ်ယောက်တည်း တော့ ညမအိပ်ရဲတာ အမှန်ပါပဲခင်ဗျ၊ ဒင်းကလည်း တစ်ယောက်တည်း မနေရဲ၍ ကျွန်တော့်ကို ခေါ်ထားခြင်း မဟုတ်ပါလော။

ယခုမှ တွေ့ရသောလူစိမ်း၊ သူစိမ်းများလက်ထဲသို့ ကားဘီးနှစ်လုံး ကို 'ဝ' ကွက်အပ်လိုက်ဖို့ကလည်း မဝံ့ရဲတာအမှန်၊ ငြင်းရင်းခုန်ရင်း၊ ဆွဲရင်း ရုန်းရင်းဖြင့် ကျွန်တော်တို့ နှစ်ဦး၏ ဖြစ်ပုံပျက်ပုံအလုံးစုံကို ကြည့်ရင်း တပြုံးပြုံး ဖြစ်နေကြသူတွေကတော့ ပီဘိနိုးသားဖြူစင်သော မျက်နှာများ ပိုင်ရှင် တောင်နိုးမျော် လယ်သမားကြီးများပင် ဖြစ်ပါသည်။

နိုးသားဖြူစင်လှသော သူတို့၏ မွန်မြတ်သည့် စေတနာ၊ မေတ္တာ၊ ကရုဏာများကို ကျွန်တော်တို့ နှစ်ဦး၏ ယုံမှားသံသယများကအနက် ရောင်စွန်းထင်းစေခဲ့ပြီလော ဟု၍အားနာမှုများစွာ ဖြစ်မိပါတော့၏။

ချီတုံ၊ ချတုံဖြစ်နေသော ကျွန်တော်တို့ကို ကြည့်၍သနား ကရုဏာ များစွာ ဖြစ်သွားကြပုံရပါသည်။

သူတို့သည် ဤနေရာမှ များစွာမဝေးကွာလှသော မြောက်ဘက် ရွာများမှ ဖြစ်ကြောင်း၊ လယ်ထဲမှ စပါးရိတ်၍ ယခုမှ ပြန်လာကြကြောင်း အချိန်လည်း အတန်ငယ်လင့်ပြီဖြစ်၍ သူတို့ သွားတော့မည် ဖြစ်ကြောင်း သို့ပါသော်လည်း ကျွန်ုပ်တို့၏ ဒုက္ခကို တွေ့မြင်ရ၍ များစွာ ကရုဏာသက် မိပါကြောင်း၊ ကျွန်ုပ်တို့နှစ်ဦးစလုံး လိုက်လိုကလည်း လိုက်နိုင်ပါကြောင်း

သူ့ဂျစ်ကားကြီးကိုထားပြီး မသွားဟု ဂျစ်မောင်မောင်က ငြင်းဆန်သည်။

သို့တည်းမဟုတ် မလိုက်လို၍ ကားဘီးကြီးများကို ထည့်ပေးလိုက်လျှင်လည်း ရွာသို့ ရောက်ရောက်ခြင်း၊ ညတွင်းခြင်းပင် လှည်းတစ်စီးဖြင့် ကားဘီးများကို ဖာဆိုင်သို့ အရောက်ပို့ပေးမည် ဖြစ်ကြောင်း၊

ဖာပြီးပြီးခြင်းလည်း ဤနေရာသို့ ပြန်လည်၍ ယူဆောင်ပေးမည် ဖြစ်ကြောင်း၊ ထို့အတွက်ဝန်ဆောင်ခ မယူဘဲ ဒုက္ခရောက်နေသူများကို သနားသဖြင့် နှိုးသားစွာ ကူညီလိုပါကြောင်း သို့သော်လည်း ဖာခကိုတော့ အကြေအလည် ပေးလိုက်စေလိုပါကြောင်း စေတနာ ရှေ့ထား၍ ပြောကြားလာပါသည်။

ကျွန်ုပ်တို့မှာလည်း လွန်စွာဝမ်းမြောက်ပြီးသကာလ ဘီးဖာခ 'မြောက်ရာ' ကျပ်နှင့်တကွ၊ စေတနာကို ငွေအသပြာဖြင့် တန်ဖိုးမဖြတ်နိုင်ကောင်းသော်လည်း ငွေ 'လေးရာ' ကျပ်ကိုတော့ ယူစေလိုပါကြောင်း အတင်းပင် မရမက စုစုပေါင်းငွေ 'တစ်ထောင်' ကျပ်ပေးကာ ဘီးပေါက်ကြီးနှစ်လုံးကို သူတို့လှည်းပေါ် သို့ တင်ပေးလိုက်သည်။

ရဲသိန်းတန် ပြန်လာလျှင်ဖြင့် ငွေထောင့်ငါးရာကျပ်ကို တောင်းယူမည်ဟု နှစ်ဦး သဘောတူ ညှိနှိုင်းပြီး ခေါက်ဆွဲခြောက်စား၊ ကော်ဖီ'မစ်'ကို သောက်၊ ဆေးလိပ်တို့ဖွာရင်း ဤအတိုင်းဆိုလျှင် အဆင်ပြေပါက မနက်မိုးလင်း၍ ရဲသိန်းတန်တို့ ပြန်ရောက်လာလျှင် ကားဘီးများလည်း တပ်ပြီးဖြစ်ပေတော့မည်၊ ကုန်သည်နေဝင်းနှင့် အချိန်မီတွေ့ဆုံနိုင်တော့မည်ဖြစ်၍ကျွန်တော်တို့လည်း စိတ်လက်ပေါ့ပါးစွာဖြင့် တွေရာလေးပါးစကား များ ပြောကြားပြီးနောက်၊ ညဉ့်လည်းတော်တော်နက်လာပြီဖြစ်၍ အိပ်စက်ရန်အတွက် ပြင်ကြလေတော့သည်။

ထိုအချိန်တွင် 'တရှဲရှဲ' တောတိုးသံနှင့်အတူ ရဲသိန်းတန်တို့အုပ်စု မောကြီးပန်းကြီးပြန်လည်ရောက်ရှိလာခဲ့သည်။

'မနက်မိုးလင်းမှ မင်းတို့ပြန်လာမယ် ထင်နေတာ၊ ဘယ်လိုလဲကွ မတွေ့ခဲ့ဘူးလား'

'အင်းဒီကောင်တွေသိပ်လည်တယ် ဇာပ်စုခွဲပြီးတော့ လစ်ကုန်ကြပြီလေ စောစောစီးစီးသာရောက်ခဲ့ရင်မိတယ် အခုတော့ 'တောက်' ဇကဲ အဲဒါအသာထားပါ မင်းတို့ကို စိတ်မချလို့ ညတွင်းချင်းပြန်လာတာ စားစရာတွေလုပ်ကွာ ဆာလှပြီ'

ရေနွေးပေါလောဖြင့် ခေါက်ဆွဲခြောက်ထုပ်များကို သူတို့ တပ်ဖွဲ့ဝင်များ အလုအယက်စားနေစဉ် ရဲသိန်းတန်က ကားဘေးရှိ လှည်းဘီးရာများကို မြင်သွားပြီး. . .

'ဟာ. . . လှည်းဘီးရာ အသစ်စက်စက်တွေပါလား၊ လှည်းနှစ်စီးလာသွားတယ် မဟုတ်လား ဘယ်လောက်ကြာပြီလဲ'

'အင်း. . . လာသွားတယ်၊ နှစ်နာရီခွဲ သုံးနာရီလောက်တော့ ကြာသွားပြီ'

ဂျစ်မောင်မောင်က ကော်ဖီမစ် ဖျော်ရင်းပြန်ဖြေလိုက်စဉ်၊ ရဲသိန်းတန်က သက်ပြင်းရှည်ကြီးကိုချ၍ ခြေပစ်၊ လက်ပစ် ထိုင်လိုက်ရင်း. . .

'ဒီလောက်ကြာမှတော့ လိုက်လို့လည်း မမီတော့ပါဘူး၊ အဲဒါ နွားသူခိုးတွေကွ၊ တော့လွဲ လွဲသွားတာ နာလိုက်တာ'

ဂျစ်မောင်မောင်က ခုန်ထလိုက်ရင်း. . .

'ဘာ. . . . အဲဒါနွားသူခိုးတွေ ဟုတ်လား'

'အေး. . . ဒီကောင်တွေက နွားတင်မကဘူး၊ လှည်းရော၊ သူများလယ်ထဲက ရိတ်ထားတဲ့ ကောက်လှိုင်းတွေပါ ခိုးသွားတာ၊ သူတို့ ခိုးထားတဲ့ နွားတွေကိုလည်း လှည်းနောက်မှာ ချည်ထားတာ မြင်မှာပေါ့ ဘယ်နှကောင်လဲ'

ဂျစ်မောင်မောင်က မျက်လုံးပြူးသွားသည်၊ ဘာစကားမှ ထွက်မလာတော့ပါ၊ ကော်ဖီမစ်ဖျော်နေတဲ့ ခွက်ကြီးလွတ်ကျသွားသည်၊ ကျွန်တော်က ဂျစ်မောင်မောင်ရင်ဘတ်ကို ဖိရင်း ရဲသိန်းတန်ကို. . .

'ပဟုကောင်မြန်မြန်. . . မြန်မြန်လိုက်ပါဟ၊ ကားဘီးတွေကို သူတို့လှည်းပေါ် တင်ပေးလိုက်တယ်. . . .'

ရဲသိန်းတန်က ခေါင်းခါပြစဉ် တပ်ကြပ်ကြီး ကြည်မြင့်က. . .

'ဒါဆို ပုသိမ်၊ မုံရွာလမ်းပေါ်က ကင်းလှည့်ရဲကားတွေကို 'ဝေါ်ကီတော်ကီ'နဲ့ အကြောင်းကြားလိုက်မယ်၊ လိုအပ်ရင် ကင်းလှည့်ရဲ 'ရဟတ်ယာဉ်'ကိုအပေါ်ကနေဝဲပျံစောင့်ကြည့်ဖို့ပါ 'ဝေါ်ကီတော်ကီ'နဲ့ သတင်းပို့လိုက်ရမလား'

သွေးရူးသွေးတန်းဖြစ်နေသော ဂျစ်မောင်မောင်က. . .

'ကြည့်မြင့် လုပ်ပါ လုပ်ပါ မြန်မြန်အကြောင်းကြားလိုက်ပါ'

'ကောင်းပြီးဒါဆိုရင် ပိုက်ဆံပေး ဝေါ်ကီတော်ကီဝယ်ဖို့၊ ရန်ကုန်သွားပြီး ဝယ်ရရင် လမ်းစရိတ်ပါ ထပ်ပေးလိုက်ဦး'

ဂျစ်မောင်မောင် ပက်လက်လန်၍ လဲကျသွားသည်၊ ညစ်ညစ်ပတ်ပတ်ဆဲရုံမှအပ ကျွန်တော်က ဘာများတတ်နိုင်ပါဦး မည်နည်း။

ဟုတ်ကဲ့ခင်ဗျာ ငွေတစ်ထောင်နှင့် ကားဘီးနှစ်ဘီးပါ အစစ်ပါသွားခဲ့ပါသည်။

ရဲသိန်းတန်တို့ လုပ်ထုံး လုပ်နည်းများကို အကုန်အစင် နားမလည်နိုင်သော်လည်း၊ အကြမ်းအားဖြင့် ပြန်ပြောင်းပြောကြားရမည်ဆိုလျှင်၊ ရွှေ့မှ သွားနှင့်ပြီးဖြစ် သော နွားသူခိုးများ၏လှည်းသည် တစ်နာရီလောက်မောင်းရုံဖြင့် လှည်းလမ်းဆုံနေရာသို့ ရောက်ရှိသွားပြီဖြစ်၍ မည်သည့်မြို့နယ်၊ မည်သည့်ရွာသို့ ဦးတည်သွားသည်ကို ချက်ချင်း၊ သိရှိနိုင်မည် မဟုတ်ခြင်း၊

မရေရာ မသေချာမတိကျဘဲ နောက်မှလိုက်နေပါက ချောက်လှန့်သလို ဖြစ်သွားပြီး အချိန်ကာလ ကြာမြင့်သည့်တိုင်အောင် ခြေရာပျောက်ကြလိမ့်မည်ဖြစ်ခြင်း စသည့်၊ စသည့်အကြောင်းများကြောင့် ပြည်တော်ပြန်မျက်နှာပန်းမလှသူ ကျွန်တော်မျိုးတစ်သိုက်ကတော့. . .

'နွားပျောက်လို့ပါ ဆရာ'

'ဘယ်သူ့နွားလဲ'

'ညစောင့် 'ဒရဝမ်' ရဲ့နွားပါ'

'ဘယ်မှာ ထားလို့လဲ'

'ပတ္တရောင်လှည့်တဲ့ ပုလိပ်ရဲ့ ခြေထောက်မှာ ချည်ထားတာပါ'

ဟူသောကိုလိုနီခေတ် ပြက်လုံးကြီးအတိုင်း ကြုံတွေ့ခဲ့ရပါသဖြင့်၊

မြို့သို့ ပြန်ရောက်ပါက 'ဘီး'မပါသော ဂျစ်မောင်မောင် ကားကြီးအကြောင်း မေးကြလျှင်ဖြင့် ကျွန်တော်တို့အနေနဲ့ ပြန်ပြောပြဖို့ ဇာတ်တော်ကြီးကို ခက်လိမ့်မည်မှာ မလွဲဧကန်ပင်တည်း။

* * *

သရေခေတ္တရာ ကြည်အောင် 'ဘာလဲ၊ ဘယ်လဲ'

ပေါင် '၁၅၀'ခန့်ရှိသော ဂျစ်မောင်မောင် တစ်ယောက် 'လ'ပိုင်းအတွင်း မျက်တွင်းဟောက်ပက်ဖြစ်အောင် ပိန်သွားလိုက်ပုံမှာ AIDS ရောဂါများ ကူးစက်လိုက်လေသလားဟုထင်ရသည်။

လူကလည်း ထိုင်းထိုင်းမှိုင်းမှိုင်းဖြင့် တက်ကြွမှု အလျဉ်းကင်းမဲ့၍ တစ်ခါ၊ တစ်ခါ ပတ်ဝန်းကျင်ကိုပါ သတိမေ့နေသကဲ့သို့ ဖြစ်တတ်သည်၊ သူ့ကို ကြည့်၍ အကျွန်မည်ကဲ့သို့ စိတ်ချမ်းသာနိုင်ပါမည်နည်း။

အဘယ်ကြောင့်ဆိုသော် ယခုလည်း ကြည့်ပါဦး၊ ကျွန်တော့် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ကုန်သွားသော ပန်းကန်ထဲသို့ ဇွန်းလေးဖြင့်မွှေနေသည်၊ ပြီးလျှင် လက်ဖက်ရည်ဖိုး မပေးဘဲ၊ မေ့လျော့စွာ ထွက်သွားပေဦးတော့မည် (ဤကိစ္စအတွက် ကျွန်တော် ရင်ထုမနာဖြစ်ခဲ့ရသည်မှာ အကြိမ်ကြိမ်)။

သူ့ကိုသနားမိသလို ကျွန်တော့်ကိုယ် ကျွန်တော်လည်း သနားမိသည်၊ 'ဘီး' မရှိတော့သော သူ့ဂျစ်ကားကြီး မြို့ကိုပြန်ရောက်ဖို့အတွက် သုံးညခန့် တောထဲတွင် အိပ်ခဲ့ရသည်၊ ထိုအတောအတွင်း 'ကိုတီကျကြီး' ကုန်သည်နေဝင်းကလည်း အတိအကျပင်မက ပိုငွေများကိုပါ အတိအကျပင်

နှမငြီးသော ချစ်ဇနီး ခေတ္တရာသူကြီးကို ပေးအပ်လိုက်သဖြင့် ကျွန်တော်၏ နှုံးသားဖြူစင်လှသော အကျင့်စာရိတ္တကို ဘွားဘွားကြီးတွေမြင်သွား၍ အိမ်ပေါ်မှဆင်းသွားသည်။

သူဆင်းသွားတာက ကိစ္စမရှိ သူမရှိတော့ ကျွန်တော့်မှာ ဘာကိုသုံးရ ဘာကိုကိုင်ရမှန်းမသိတာတော့အမှန် (လက်ဖက်ရည်ဆိုင်နှင့် ပတ်သက်သော ကိစ္စအားလုံး သူတာဝန်ယူထားသည် မဟုတ်ပါလား) မိန်းမ သဘီနားခိုစားသည်ဟု ကျွန်တော့်ကို ပက်ပက်စက်စက် ပတ်ဝန်းကျင်က ပြောကြသည်။

ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထဘီပေါ်အိပ်၊ ထဘီ နားစားခဲ့သော ကျွန်တော့်မှာ ဘာဆိုဘာမှ မလုပ်တတ်၊ ထို့ကြောင့် 'ချိုဆိမ့်' မှာလျှင် ဆီးချိုဖြစ်လောက်အောင် ချိုသော၊ 'ချိုကျ'မှာလျှင် အစိစိရောက် လောက်အောင် ကျသော၊ 'ချိုခါး'မှာလျှင် ပွဲချင်းပြီးလောက်အောင် ခါးသော အကျွန့်လက်ရာမွန်များကြောင့် ဆိုင်ပါပြုတ်လောက်ပြီဟု အထင် **'Small'** နေပါလားပရိသတ်။

အကျွန့်၏ လက်ရာမွန်များကို ကျိတ်မှိတ်ပြီး သောက်သုံးရင်း 'ရဲသိန်းတန်၊ ဇျစ်မောင်မောင်၊ သရေခေတ္တရာကြည်အောင်တို့၏ စွန့်စားခန်း အတွဲ(၂)၊ အပိုင်း(၃)ပြန်ပြောဖို့တော်တော်ခက်သော ကိုလိုနီခေတ် ပြက်လုံး ကြီးကို လာရောက်နားထောင်သူများက 'ဖုန့်ဒေး'ဖြစ်နေပါသဖြင့် အကျွန့်မှာ လက်မလည်ရုံမျှမက ပါးစပ်မလည်ရုံတမယ်ပင်။

အမြုပ်ထွက်အောင် မိုးလုံးပြည့် မုသာဝါဒများကို ရွှန်းရွှန်းဝေအောင် ဝါဒဖြန့်ရင်း မအားလပ်ပါသဖြင့် သောက်သုံးသူများက ကိုယ်တိုင်ဖျော်စနစ်ကို ကျင့်သုံးကြပါသောကြောင့် မြန်မာတွင်မက 'ကမ္ဘာ'တွင်ပါ ကိုယ်တိုင်ယူစနစ် ထက်မြင့်သော ကိုယ်တိုင်ဖျော်စနစ်ကို ကျင့်သုံးသည့်ဆိုင်ဟူ၍ အကျွန့် တစ်ဆိုင်ထဲသာ ရှိသဖြင့် ဝမ်းသာဂုဏ်ယူမိပါသည်။

ခေတ်နှင့်အညီ ရင်ပေါင်တန်း၍ ကမ္ဘာ့ရောင်းဝယ်ရေး ဈေးကွက်ကို မျက်ခြည်ပြတ်မခံသော ကျွန်တော်ကလည်း(အင်တာနက်နဲ့ တက်ချိတ်မလို့တား

ဆိုင်ခေါင်းရင်း မန်ကျည်းပင်ပေါ်က ဗျားအုံနဲ့ မလွတ်မှာစိုးလို့ လက်လျှော့ထား ရတာသာကြည့်) တစ်ဆင့်တက်၍၊ ကိုယ်တိုင်ဖျော် ကိုယ်တိုင်သောက်၊ ကိုယ်တိုင်ထည့် (ကျသင့်ငွေကို ပိုက်ဆံ သေတ္တာထဲသို့ ထည့်ရန်)စနစ်ကို ကျင့်သုံးလိုက်ရာ ရောင်းချက်ကတော့ ကောင်းသလားမမေးနဲ့ ပရိသတ် 'အချိန်တစ်ဆယ်'ဝင် ချက်နို့ဆီပုံးများ ဟောတစ်လုံး၊ ဟောတစ်လုံးနဲ့ ပြိုက်ခနဲ၊ ပြိုက်ခနဲ ကုန်သွားသဖြင့် အလျှင်မမီအောင် မှာရသည်မှာလည်း အကြိမ်ကြိမ်။

၂၀-ရာစုကို ဖျက်ဖြည်ပြတ်၍၊ နှစ်ဆယ်ရာစုတွင် ကုပ်ကပ်နေခဲ့သော'ချက်' နို့ဆီ'ဖိုး' ပိုင်ရှင်ကြီးကလည်း၊ မိုးရွာတုန်းရေခံ၊ နေပူတုန်း အဝတ်လှန်းရကောင်းမှန်းမသိဘဲ နောက်ယူတာကို နောက်မှပေး အရင်ယူတာကို အရင်ပေး ဟူသည့် ဟောင်းနွမ်း၍ သုံးမရတော့သော ဈေးရောင်း နည်းကြီးဖြင့် 'ဘု'ကလန့် လုပ်ကာနေသဖြင့် နောက်တစ်ဆိုင်ကို ပြောင်းပြီး ချက်နို့ဆီမှာလိုက်သည်၊ ဖောက်သည်အသစ်ဆိုပြီး 'အကြွေးပေးသည့်အမြင့် ဆိုင်အရောက်တောင်လာပို့သွားသည်။

မူလလက်ဟောင်း ချက်နို့ဆီဖိုး ပိုင်ရှင်ကြီးက ဒေါသအမျက် ချောင်းချောင်းထွက်၍ ဘူနို့ဆီကြွေးများ လာ လာ တောင်းသည်မှာလည်း အကြိမ်ကြိမ်။

ပိုက်ဆံသေတ္တာ ဖွင့်လိုက်တိုင်း သိဒ္ဓိတင်ထားသော သေတ္တာ စောင့် ကျပ်တန်လေးတစ်ရွက်ကို တွေ့ရတိုင်း ကျွန်တော် ရင်ဖိုမိ ရသည်မှာလည်း အကြိမ်ကြိမ်။

ယခုဖြစ်ခဲ့သော 'နို့ဆီ' ပြဿနာကို အဖြေရှာကြည့်သည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်သည်၊ ဆန်းစစ်သည်၊ အကြံပြုသည်၊ အနုလုံ ပဋိလုံ အကြိမ်ကြိမ်အဆပ်ဆပ် စဉ်းစားလိုက်တော့ လွဲမှားနေသောအရာကို သွားတွေ့သည်။

ထို့ကြောင့် ဆိုင်၏နံရံ လေးဘက်လေးတန်အပြည့် ကပ်ထား သော မနောမယ ဂမ္ဘီရလက်ဆောင်များကို ဖြုတ်ခွာလိုက်ပြီးနောက် (ကြွေးတင် ရှင်ဘုရင်ဆပ်) ဟူသော ဂမ္ဘီရပုံကိုသာ အပြည့်ကပ်ထားလိုက် သည် ပြဿနာ

ကိုင်းမှာ အဖြေရှိသည် မဟုတ်ပါလော။

သို့ပါသော်လည်း အဖြေမရှိသော ပြဿနာကား 'ကားဘီးကိစ္စ' ရဲသိန်းတန်က ရှင်းရှင်းလေးပြောသွား၏၊ ကားဘီးများကို ပြန်ရချင် ပါသလား၊ ဖြစ်ပွားခဲ့သောကိစ္စကို တောစကားတောပျောက်တောင် စကားတောင်ပျောက် ဆိုသလို မြို့ကိုသယ်မလာခဲ့ပါနဲ့ ထိုကိစ္စ လုံးဝ မပေါက်ကြားပါစေနဲ့တဲ့။

ရဲတို့၏လုပ်ငန်းဆိုသည်မှာလည်း ရုပ်သိရှာသိ လုပ်သောကိစ္စ မဟုတ်ရကား ကျွန်တော်တို့နှစ်ဦးနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ အတူတကွ ခရီးသွားကြသည်ကို မြို့ကလူများ မသိလိုက်ကြ၊ 'ရဲသိန်းတန်တို့ တပ်ဖွဲ့ဝင် များက မြို့ဖြပ်မှာစောင့်၍ ကားစီးခဲ့ရခြင်းဖြစ်၍ ကျွန်တော်နှင့် ဂျစ်မောင်မောင် နှစ်ယောက်ထဲ ကားတစ်စီးနှင့် ထွက်သွားသည်ကို မြင်လိုက်ကြသည် မဟုတ်ပါ သလား။

ထိုကြောင့် ကားဘီးပြဿနာက ကျွန်တော်တို့နှစ်ယောက် ခေါင်း ပေါ် ပုံကျလာသည်။

ဘီး 'တာယာ' သာဆုံးခဲ့ပါက ဘီးကွဲလို့၊ ဘီးပေါက်လို့၊ သုံးမရ တော့လို့ လွှင့်ပစ်ခဲ့သည် စသည်ဖြင့် ပြောဆိုလို့ရသေးသော်လည်း ကားဘီး သံဝှေကြီးနှစ်လုံးပါမလာခဲ့မှုက ဖြေရှင်းရတော်တော်ခက်သည်၊ အကြံဉာဏ် တောင်းရအောင်လည်း ကားဘီးနှစ်လုံး၊ နွားသူခိုးများ လက်ထဲပါသွား ကတည်းက ဝမ်းနည်းပက်လက်၊ ဝမ်းနည်းမှောက်ခုံ၊ ဝမ်းနည်း မတ်တပ်ဖြင့် ဖြေမဆည်နိုင်သော ဂျစ်မောင်မောင်က လူမသေသော်လည်း စိတ်သေသွား လေပြီ၊ ကားဘီးကိစ္စမှလွဲ၍ ဘာကိုမှ သတိမရတော့။

ထိုကိစ္စအတွက် ကျွန်တော်မှာ ဝမ်းနည်းမဆုံး ယူကြုံးမရ ဖြစ်ရသည်၊ သူ့ကားစုတ်ကြီး မြို့ကိုရောက်ဖို့ ကုန်ကျသမျှကို ကျွန်တော်မှ စိုက်ထုတ်ပေး ခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ် ကျွန်တော့်ဆိုင်လေးဘေးမှဖြတ်၍ ရဲစခန်းအတွင်း ဝင်သွား သော ကားကိုကြည့်၍ ဂျစ်မောင်မောင်က. . .

'ငါ့ကားတာယာက ဘယ်မှာဝယ်ဝယ်ရတယ်၊ ဆိုင်တိုင်းမှာ ရှိတယ်၊

ကားဘီးသံငွေ (ခွေ) ကြီးကတော့ရန်ကုန်၊ မန္တလေးမြို့တွေမှာ တော်
သေသေချာချာလိုက်ရှာမှ ရနိုင်မှာ၊ 'ငွေရှိပေမဲ့ငွေ' မရှိတဲ့ဘဝ (အကြွေးတွေ
ပြန်ဆပ်ဖို့ သင့်တာပေါ့ဗျာ)။

မင်းစဉ်းစားကြည့်စမ်း ဂျစ်ကား၊ 'လင့်ရိုဘာ၊ လန်ခရူဇာ' ကားတွေ
ရဲ့ငွေဟာ (၁၆) ဆိုဒ်ကွ အားလုံး 'အန်းတစ်' (ရှေးဟောင်း) ငွေတွေကြီးပဲ၊
နောက်ပြီး ငွေချင်းတူတာတောင်မှ 'နှပ်' (ဝက်အူ) ထိုင်တဲ့ အပေါက်က
ငါးပေါက်နဲ့ ခြောက်ပေါက်ထပ်ခွဲသေးတာ ဘယ်လောက် ရှားတယ်မှတ်သလဲ၊

ဟို. . . ကုန်းပိုင်းက 'အောင်မြင့်နိုင်'က သူ့ဂျစ်ကားကို 'တူးစီ'
(2-C) ဒီဇယ် အင်ဂျင်လဲ၊ နောက်တန်းတွေ၊ ငွေတွေပါအသစ်ပြောင်းလို့
ပိုတဲ့ငွေလေးတွေ ရောင်းပါဆိုတော့လည်း၊ တစ်စုံလုံး (ငါးလုံး) မှ ရောင်းမယ်
တဲ့ သူ့ငွေတွေဈေးကလည်း ပါရဲ့ရိုး ကားအသစ် တစ်စီးလုံး စာလောက်
ဈေးကြီးနေတော့မဝယ်နိုင်(ဈေးလည်းနှိမ်သေး၊ အကြွေးလည်းဝယ်သေးဆို
တော့ ဟိုက ဘယ်ရောင်းမလဲ)မနက်မိုးလင်းလို့ မျက်နှာသစ်ပြီးတာနဲ့
ဘီးမရှိတဲ့ငါ့ကားကြီးကို ကြည့်ကြည့်ပြီး ငါဘယ်လောက် စိတ်ဆင်းရဲရတယ်
မှတ်သလဲ၊ ပတ်ဝန်းကျင်ကလည်း ဗိုင်း'ဟား' ကြ မေးငေါ့ကြ၊ အပြစ်ပြောကြနဲ့
ငါ. . . ငါ. . သတ်သေချင် စိတ်ပေါက်လာပြီ. . .'

ဤကဲ့သို့စိတ်လိုက်မာန်ပါ မလုပ်သင့်ကြောင်း အတန်တန်ဝင်
တားမြစ်ရပါသည် (ခင်းသေလို့မဖြစ်၊ ခင်းဆီမှာရစရာ အကြွေး များစွာရှိသည်)၊
သေသောသူ ကြာလျှင်မေ့၊ ပျောက်သောငွေ ရှာလျှင် တွေ့နိုင်ကြောင်း တရား
ရေအေး အမြိုက်ဆေးများကို လျင်မြန်စွာ တိုက်ကျွေးရပါတော့သည်။
(နောက်ဘဝမှ ဆပ်လျှင်ဖြင့် ယခုဘဝတွင် ဒေါသထွက်လို့ကျွန်တော်သေမည်)
ဒေါသကလည်းထွက်သလား မမေးနှင့်၊ သူ့များကို ထွက်မရတော့ ကိုယ့်ကိုယ်
ကိုယ် ထွက်ရပြန်သည်။

လိမ်ညာမည့်သူသည် မှတ်ဉာဏ်ကောင်းရမည်တဲ့ စာဆိုရှိသည်၊
မှတ်ဉာဏ်မကောင်းသော ကျွန်တော်က ထိုကားဘီးကိစ္စကို တစ်ယောက်လာ
တစ်မျိုးပြောလွှတ်လိုက်ရာ ဘယ်သူ့ကို ဘယ်လိုပြောလိုက်မှန်းပင် မမှတ်

မိတော့။

ထိုကြောင့် တစ်ယောက်တည်းကိုပင် နှစ်မျိုးပြောမိသဖြင့် အလိမ်တွေက ပေါ်ကုန်သည် (မယားကလွဲ၍) ဘယ်သူ့ကိုမှ မလိမ်တတ်သော ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရသည် မဟုတ်ပါလား။

ကိုယ်တိုင်ဖော်၊ ကိုယ်တိုင်သောက်စံနစ်ကို ကျင့်သုံးသော်လည်း ကိုယ်တိုင်ထည့်စနစ်ကို ကျင့်သုံးရကောင်းမှန်းမသိသည့် သောက်သုံးသူအပေါင်းကလည်း သူတို့အချင်းချင်း ဆုံတွေ့၍ကားဘီးကိစ္စကို ပြောဆိုရာ တစ်ယောက်တစ်မျိုး ဖြစ်ကုန်ကြသဖြင့် တိကျခိုင်မာသော သတင်းအစစ်အမှန်ကို ရရှိရန်အတွက် ဖိအားပေး တောင်းဆိုနေကြပြီဖြစ်၍ မနက်ဖြန်တနင်္ဂနွေနေ့၊ နေ့လယ်အလုပ်ပိတ်ရက် ရုံးပိတ်ရက်တွင် (အားအား ယားယား သူတို့မို့လို့) လူစုလူဝေးနှင့် လာ၍ အဖြစ်မှန်ကို ဖြေရှင်းပေးရန် တောင်းဆိုကြလိမ့်မည်ဖြစ်ကြောင်း နိုင်နိုင်လုံလုံသတင်းက ရရှိထားသဖြင့် ရင်ပူနေသလို လာရဲ၊ လာကြည့် လက်ဖက်ရည်ကြွေးတောင်း ပစ်လိုက်မည်ဟု မောင်းတင်ထားရင်း ဘာကြောင့်များ အဖြစ်မှန်ကို ဖုံးကွယ်ထား နိုင်းတာပါလိမ့်ဟု စခန်းကိုပင် မကပ်တော့သော ရဲသိန်းတန်ကို မေးကြည့်လိုက်ချင်သည်။

ထို့အပြင် မနက်ဖြန်၌ ရင်ဆိုင်ရမည့် ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရမည်နည်းဟုလည်း ကိုယ့်ကိုယ်ကိုယ် မေးမြန်းကြည့်လိုက်ပါသည်။

သရေခေတ္တရာကြည်အောင် ဘယ်လဲ ဘာလဲ. . .

* * *

အချစ်လားဟေ့ . . . . ဖြန့်ကြပါတော့ရှာ

| | | |
|---|---|---|
| အချိန် | - | မွန်းလွဲတစ်နာရီ |
| နေ့ရက် | - | တနင်္ဂနွေနေ့ |
| နေရာ | - | သရေခေတ္တရာ လက်ဖက်ရည်<br>မုန့်မျိုးစုံနှင့်သားရေထည်ဆိုင်ကြီး။ |

ဟုတ်ကဲ့ပါခင်ဗျာ ကျွန်တော်သရေခေတ္တရာ မောင်ကြည်အောင် ၏ လက်ဖက်ရည်ဆိုင်အတွင်းမှာတော့ နေ့လယ် ဆယ့်နှစ်နာရီလောက်ကတည်းက တဖွဲဖွဲဖြင့် သောက်သုံးသူများ လာရောက်ကြသည်မှာ ယခု မွန်းလွဲ တစ်နာရီတွင် ဆိုင်ပြည့် ဆိုင်လျှံဖြစ်နေပါပြီ။

ဆိုင်အလယ်ခေါင် စားပွဲဝိုင်းတွင် တစ်ဦးတည်းထိုင်ရင်း ပတ်ဝန်းကျင်ကို မေ့လျော့ ဂရုမစိုက်စွာဖြင့် လက်ဖက်ရည်ကုန်ပြီးသားခွက်ထဲသို့ ငွန်းလေးဖြင့် မွှေနေသူကတော့ ခြေကျိုးနေသော သံမဏိမြင်းရိုင်းကြီး ပိုင်ရှင် ဂျစ်မောင်မောင်ပင် ဖြစ်ပါသည်။

သူ၏ဇွန်းဖြင့် မွှေသံ 'တခေါင်ခေါင်' 'တဂျစ်ဂျစ်' မြည်သံမှ လွဲ၍ တစ်ဆိုင်လုံးတိတ်ဆိတ်ငြိမ်သက်လျှက် ရှိနေပုံမှာ တမ္ဗဒွာန်း ကျောင်းတိုက်

အတွင်းသို့ ရောက်နေသကဲ့သို့ပင်။

သောက်သုံးသူအပေါင်းအား တိတ်ဆိတ်မှုကို မည်သူ စတင် ဖြိုခွဲမလဲ၊ သိလိုသော အကြောင်းအရာများကို ဘယ်သူစမေးမလဲဟု တစ်ယောက်နှင့်တစ်ယောက် အရိပ်အခြေကြည့်နေကြပုံမှာလည်း 'ကောင်း ဘွိုင်'နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အသေအကြေ သေနတ်ချင်း ယှဉ်ပစ်တော့မည့်ကဲ့သို့ပင်။

ကိုယ်တိုင်ထည့်စနစ်ကို လက်တွေ့အကောင်အထည်ဖော် တတ်စေရန်အတွက် ပိုက်ဆံသေတ္တာနားတွင် ဆေးပေါ့လိပ်ကြီးကို တဆောင်းထောင်းထအောင်ဖွာရင်း စူးရှသော မျက်လုံးသော မျက်ဝန်းတစ်စုံဖြင့် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် ကြည့်ရှုနေသူကတော့ ကျွန်တော် သရေခေတ္တရာကြည်အောင်ပင်တည်း။

ပြဿနာ၏အစကို ဖော်ထုတ်မည့်သူအား လက်ဖက်ရည်ကြွေးများ မတန်တဆ တောင်းပစ်မည်ဟု သန္နိဋ္ဌာန်ချထားပြီး တင်းမာခက်ထန်သော မျက်နှာကြီးနှင့် ကျွန်တော့်ပုံသဏ္ဌာန်မှာလည်း သဘောမတူသောသမက်ကို သမီး၏အခန်းအတွင်းသို့ မဝင်စေလိုသော ယောက္ခမ ကဲ့သို့ပင် ဖြစ်ပါသည်။

ထိုစဉ် ကျွန်တော်ဆိုင်ရှေ့သို့ ကားတစ်စီး ဆိုက်ရောက်လာပြီးနောက် ထိုကားပေါ်မှဆင်းလာသော ရဲသိန်းတန်နှင့် လူစိမ်းတစ်သိုက် ဆိုင်ထဲဝင်လာသဖြင့် ကျွန်တော်တို့နှစ်ယောက်နှင့်တကွ သောက်သုံးသူ အပေါင်းကား စူးစမ်းလေ့လာသမှု ပြုနေကြစဉ်၊ ရဲသိန်းတန်က ကျွန်တော်နှင့် ဂျစ်မောင်မောင်ကို လက်ညှိုးထိုးပြ၍. . .

'သူတို့ပေါ့ ဂျစ်ကားဘီးတွေကို နွားသူခိုးလက်ထဲ ထည့်ပေးလိုက်တာ'

သောက်သုံးသူအပေါင်းက သူတို့အလွန်အင်မတန် သိချင်လှပါသော ပြဿနာ၏အဖြေကို ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီး သိရှိသွားကြသဖြင့် မျက်နှာများ ဝင်းပသွားကြစဉ် လူစိမ်းတစ်ဦးက. . .

'ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ တကယ်ပါပဲ ခင်ဗျားတို့ရဲ့ ကြံရည် ဖန်ရည်၊ လက်ရုံးရည် နှလုံးရည်ကတော့ လိုက်မမီအောင်ပါပဲ၊

ခင်ဗျားတို့ ဦးနှောက်တွေကို ရွှေချထားချင်တယ်ဗျာ တကယ်. . . တကယ်'

ပြောပြောဆိုဆို လူစိမ်းများက ကျွန်တော်တို့ကို ဝမ်းသာအားရကြီး လက်ဆွဲ နှုတ်ဆက်ကြသည်။

ပြောရဲဆိုရဲ၊ လက်ရဲဇက်ရဲ နိုင်လှသော လူစိမ်းတို့၏ အပြုအမူကြောင့် သောက်သုံးသူ ပရိသတ်အပေါင်းကား 'တခွီးခွီး'ဖြင့် ကျိတ်ရယ်ကြလေ၏။

ဂျစ်မောင်မောင်ရင်ထဲတွင် မည်ကဲ့သို့ ခံစားလိုက်ရသည်ကို မသိသော်လည်း၊ လက်ဖက်ရည် သောက်သုံးသူများရှေ့တွင် ဤကဲ့သို့ 'အချွန်'နှင့်မ,လိုက်သော ရဲသိန်းတန်ကို အစိမ်းလိုက်ဝါးစားပစ်လိုက် ချင်သည်(နည်းနည်းတော့ ရှုံ့တာပေါ့ဗျာ)၊ လူစိမ်းများက နောက်တစ်ဆင့် တက်လာသည်၊ ကျွန်တော်တို့နှင့်တွဲ၍ ဓာတ်ပုံရိုက်ချင်ပါသည်တဲ့၊ ပြောပြောဆိုဆို သူတို့နှင့်ပါလာသော လူတစ်ယောက်က တဖျပ်ဖျပ် ရိုက်လေတော့သည်။

ဤပ ဇာတတော့ အတော်အတန်လွန်လာပါပြီ၊ အကျွန်ုပ် ကဲ့သို့သော ဝါရင့်ဓာတ်ပုံဆရာကြီးကို မထေမဲ့မြင့် လုပ်ဝံ့လောက်အောင် 'ဒင်း'တို့က ဘာတွေတုံး (သူ၏ လျှပ်တစ်ပြက်ရိုက်ချက်များက အဘယ်ကဲ့သို့သော ပုံဆိုးပမ်းဆိုးများ ပေါ်ထွက်လာတော့မည်ကို မြွေးမြွေးချင်း ခြေတွင်မက ဖိနပ်ရော၊ သဲကြီးပါ မြင်နေမိသည်)။

ပြီးတော့မည်မို့၊ ပေါက်ကွဲတော့မည့် မီးတောင်၊ 'အန်'တော့မည့် အမူးသမားကဲ့သို့ ဖရိုဖရဲ ပြိုကွဲလျက်ရှိသော မျက်နှာကြီးဖြင့် ဂျစ်မောင်မောင်က ကျွန်တော့်ကို လှမ်းကြည့်သည်။

ဟုတ်သည်၊ ဤကဲ့သို့ ရှိုးစုမဲ့စု သိက္ခာလက်ကျန်လေးကို လူရှေ့ သူရှေ့၊ ဖောက်သည်များရှေ့တွင် ကျသွားအောင်လုပ်ခဲ့မက 'ဖနောင့်' နှင့်ဝါတက်ပေါက်ရက်သော ရဲသိန်းတန်နှင့် လူစိမ်းတစ်သိုက်ကို ပြင်းပြင်းထန်ထန် တုံ့ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်ချိန်တွင်. . .

ကိုလူစိမ်း၏ နှုတ်များမှ ထွက်ပေါ်လာသော စကားများသည် နူးညံ့၍ သိမ်မွေ့နူးနယ်လှသော အကျွန်ုပ်တို့၏ နှလုံးသားများကို သကြားခွက်ထဲသို့

များရည်မှောက်ကျလိုက်သလိုလည်းကောင်း၊ နို့ဆီခွက်ထဲသို့ ကြွက်သကာကျ လိုက်သလိုလည်းကောင်း ချိုစိမ့် အီလျှံ၍သွားလေတော့သည်။

ကိုလှစိမ်း၏ နှုတ်ဖျားတွင်မက အသည်းနှလုံးမှ ထွက်ပေါ်လာသော စကားလုံးများကို ပြန်ပြောင်းပြောကြားရမည်ဆိုလျှင်. . .

နွားသူခိုးအဖွဲ့ကြီးကို အမြို့မြို့အနယ်နယ်မှ အလိုရှိနေကြောင်း ဝါရင့်သဘာရင့်ကြီးများ ပါဝင်သဖြင့် ပိရိသေသပ်မှုကြောင့် ဖော်ထုတ်ရန် မလွယ်ကူပါကြောင်း၊ ဤကဲ့သို့ လက်ရဲဇက်ရဲနိုင်လှသော နွားသူခိုး အဖွဲ့ကြီး ကို ရဲသိန်းတန်နှင့် ကျွန်တော်တို့သွားဖမ်းစဉ် နွားသူခိုးအဖွဲ့နှင့် ရဲသိန်းတန်တို့ တော့လွဲလေးလွဲသွားပြီး ကျွန်တော်တို့နှစ်ယောက်နှင့် လာတိုးပါကြောင်း၊ ပြည်သူ လူထု၏ အကျိုးစီးပွားကို ကာကွယ်ရန် အသင့် ဖြစ်နေသော ကျွန်တော်တို့ နှစ်ယောက်က ကိုယ်ကျိုးစွန့်ကာ ဖြတ်ထိုးဉာဏ်ဖြင့် ကားဘီးကြီးနှစ်လုံးကို နွားသူခိုးလက်ထဲသို့ ပေးအပ်လိုက်ကြောင်း၊

ထိုဖြစ်စဉ် အဝဝကို ရဲသိန်းတန်က လျှို့ဝှက်စွာ သတင်းပို့ထား သဖြင့် အမြို့မြို့အနယ်နယ်ရှိ ရဲတပ်ဖွဲ့များက အထူးတလည် သတိထား၍ ကားဘီးများကို စောင့်ကြည့်နေကြပါကြောင်း၊ နွားသူခိုးများကလည်းသူတို့ 'ခွင်' ဖြစ်သည့် နွားကိုသာ လက်သည် မပေါ်အောင် အစဖျောက်နိုင်သော် လည်း သူတို့ 'ခွင်' မဟုတ်သည့် ကားဘီးကြီးများကိုတော့ အစမဖျောက် နိုင်ပါကြောင်း

ကားဘီးများကို လာရောင်းစဉ် ဖမ်းဆီးပါက ကွင်းဆက်ပြတ်၍ ကျန်သူများ ထွက်ပြေးလွတ်မြောက်သွားမည်စိုး၍ ကားဘီးများကို မသိမ်းယူဘဲ ဤအတိုင်း မျှောထားရပါကြောင်း၊ ထို့ကြောင့် ကားဘီးများ ပြန်လည်သိမ်းယူရ မည့် ကိစ္စနှောင့်နှေး၊ ကြန့်ကြာနေရသည်ကိုလည်း တောင်းပန်ပါကြောင်း (ထိုအချိန်တွင် ဂျစ်မောင်မောင်၏ မျက်နှာကား 'ခန္တီစ' သည်းခံခြင်းတရား ကို လက်ကိုင်ထားသော မေတ္တာသမားကြီး များကဲ့သို့ ခွင့်လွှတ်ခြင်း အပြုံးများ ဖြင့်ကြည့်နေပုံကို မြင်စေချင်ပါသည် ပရိသတ်၊ သူ့ငွေများပြန်ရပြီဆိုတာ သေချာသွားပြီ မဟုတ်လား)၊

ယခုတော့ ကားဘီးလာရောင်းသူမှအစပြု၍ မီးခိုးကြွက်လျှောက်

လိုက်သံနှိမ်နင်းမှာ နွားသူခိုးအားလုံးကို တစ်ယောက်မကျန် ဖမ်းဆီးလိုက်နိုင်ပါကြောင်း ထို့ကြောင့် အမြို့မြို့အနယ်နယ်ရှိ ရဲတပ်ဖွဲ့များသာမက ခရိုင်ရဲတပ်ဖွဲ့ကပါ ကျွန်တော်တို့နှစ်ဦးကို ဂုဏ်ပြုလိမ့်မည်ဖြစ်ကြောင်းကို နွှန်းနွှန်းဝေအောင် ပြောသွားလိုက်သည်မှာ သူ့နှုတ်ဖျားကို စိန်စီ၍ ရွှေချထားချင်သည်။

ထိုအခါကျမှ လူစိမ်းများမှာ အရပ်ဝတ် ဝတ်ထားသော အခြားမြို့နယ်မှ ရဲများဖြစ်ကြောင်း သိရှိရသလို သောက်သုံးသူအပေါင်းမှလည်း ရိုင်းသပ်ရှုမော အံ့ဩဘနန်းဖြင့် အကျွန်တို့နှစ်ဦးကို ကြည့်ရှုနေကြပါတော့သည် ပရိုသတ်။

ကိုယ့်အကြောင်း ကိုယ်သာသိသော ကျွန်တော်တို့နှစ်ဦးမှာလည်း ဘယ်လိုမှထိန်းမရတဲ့ 'ဘဝင်'များမိုးပေါ် ရောက်ကုန်သည်၊ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးခြင်း၊ ဂုဏ်ယူခြင်း၊ ယုံကြည်ခြင်းများလည်း ပြည့်နှက်လာပါတော့သည် ပရိုသတ်။

အနီး ထိုလူစိမ်းများမှပင်လျှင် ဂျစ်မောင်မောင်အား သူ၏ ကားငွေနှင့် တာယာများကို မှတ်မိပါ၏လောဟု၍ စေ့ငုလေသော်၊

ဂျစ်မောင်မောင်က သူနှင့်ဂျစ်ကား လင်မယားဖြစ်ခဲ့သည်မှာ အတော်တော ရှိခဲ့ပါသဖြင့် မှန်ကြည့်လျှင် ကိုယ့်မျက်နှာကို မှတ်မိသကဲ့သို့ မှတ်မိပါကြောင်းဖြင့် ပြန်ပြောင်းပြောသည်ရှိသော် ငွေနှင့်တာယာများကို သွား၍ ယူလာစေပါသည်။

ကျွန်တော့်ဆိုင်၏ သံမံတလင်းပေါ်သို့ 'ဂွမ်'ခနဲ ချလိုက်သော ကားဘီးငွေကြီးနှစ်ခုကို ကြည့်၍ ဂျစ်မောင်မောင် ငုတ်တုတ်မေ့ကာ မူးလဲမတတ် ဖြစ်သွားသဖြင့် အကျွန်ပြေး၍ ဖေးထားလိုက်ရပါ၏။

မြင်ရက်စရာပင်မရှိပါ၊ ကားဘီးခွေကြီး၏ အလယ်ခေါင် အပေါက်တွင် သံပိုက်လုံးကြီးတစ်လုံးက အသေအချာ အကျအန 'ဗျိုင်း' (ဂဟေ)ဆော်၍ မြဲမြဲစွာစိုက်ထူပြီး ထောင်လျက်တပ်ဆင်ပြီး ဖြစ်နေပါတော့သည်။

ဂျစ်မောင်မောင်၏ ကားဘီးငွေကြီးများကား 'ဆံသ'ဆိုင်၏ ဆံပင်

ညှပ်သည့် 'ဆုံလည်' ထိုင်ခုံ၏ အောက်ခံသံချေ အဝိုင်းကြီးများ အဖြစ်သို့ ရွေ့လျောသွားခဲ့လေပြီတည်း။

ထိုစဉ် 'ဖုန်း' ခနဲ မြည်အောင်ပစ်ချလိုက်သော တာယာဖိနပ် အစည်းကြီးကလည်း ရင်ဝကိုကန်ချလိုက်သကဲ့သို့ ဘဝင်မကျနိုင်အောင် ဖြစ်ရပါတော့သည်။

ဂျစ်မောင်မောင်၏ ငါးမူးထု အထူရှိသည် ဆိုသော 'ယိုကိုဟား မား' တာယာများသည်လည်း ငါးမူးထုအထူ တိတိကျကျရှိသော ဂျပန် စစ်စစ် တာယာဖိနပ်များ အဖြစ်သို့ ပြောင်းလဲသွားခဲ့လေပြီတည်း။

ဪ. . . လောက လောက ဖြစ်မှုပျက်မှု အစုစုတား မမြဲသည့် ရုပ်နာမ် သင်္ခါရ အနိစ္စ ဖြစ်ကြောင်းကို 'ဘွားဘွားကြီး' သိပါပြီ အသင် လောက။

ဆံသထိုင်ခုံအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်၍ သူ၏ဂျစ်ကားတွင် ပြန်လည်အသုံးပြု၍ ရကောင်းနိုင်စရာမရှိတော့သော သူ့ကားဘီး ခွေကြီးများကို သူ့သားသမီးကဲ့သို့ တယုတယပွတ်သပ်ရင်း မျက်ရည် တလည်လည် ဖြစ်နေသော ဂျစ်မောင်မောင်ကို ကြည့်၍ အကျွန်ုပ်ရင် မချိတော့ပါ။

ထို့ကြောင့် ကားတာယာများ တစ်ဖြစ်လဲ တာယာဖိနပ်များကို ယူစီး ကြည့်မိသည်၊ လက်ရာကတော့ အတော်ပင် မြောက်ပါသည်၊ ချေ၊ မိုး၊ ဆောင်း ဥတုသုံးပါး အကြမ်းခံ၊ ရေစိမ်ခံပင်ဖြစ်ဘိတော့၏ (တစ်ရံလောက်ကတော့ အားပေးရဦးမှာပေါ့၊ ကိုယ့်အချင်းချင်းတွေပဲ မသကာအကြွေးနဲ့ နှိမ်သင့် ရင်နှိမ်ရမှာပေါ့)။

ထိုစဉ်တာယာဖိနပ်များ အပုံကြီးရှိလျက်နှင့်ပင် ကျွန်တော့် ခြေထောက်မှဖိနပ်ကို အတင်းချွတ်ယူနေသော မျက်ရည်လည်ရွှဲဖြင့် ဂျစ်မောင်မောင်ကို အသံတိုးတိုးလေးဖြင့် နှစ်ကိုယ်ကြား အားပေးလိုက် ရသည်။

'သူငယ်ချင်း ငိုစရာရှိရင် ငိုချလိုက် ငိုချလိုက် အောင့်မထားနဲ့ ငိုလိုက် ငိုလိုက်. . . အဲဒါမှ စိတ်ပေါ့သွားမှာ. . .'

တွဲကျလုလု ပုလဲ မျက်ရည်များ၊ ပါးစပ်ပေါ်စီးကျလုလု နှာရည်များကို 'ရှူး'ခနဲပြန်သွင်းရင်း မေးကြောကြီးများထောင်အောင် အံကျိတ်ထားသော ဂျစ်မောင်မောင်က ဖြည်းညင်းစွာခေါင်းရမ်းနေစဉ် 'ဖုန်း'ခနဲ၊ 'ဖုန်း'ခနဲမြည်သံနှင့်အတူ မြန်မာပြည်ဖြစ် က. စ. လ တာယာအသစ်ကြီးများတပ်ထားသည့် ဘီးနှင့်ခွေ 'ဝမ်းဆက်'ကြီးနှစ်လုံး ရောက်ရှိလာပြန်ပါချေ၏။

အကျွန်ုဆိုင်အပြည့်ရောက်ရှိနေသူ ပရိသတ်အပေါင်းနှင့် ကျွန်တော်တို့နှစ်ဦးမှာ ရဲ၏ပရိယာယ်အလွန်ကြွယ်ဝမှုကို နားပင်မလည် နိုင်အောင်ဖြစ်ရသည် ပရိသတ်။

ကိုလူစိမ်းမှပင်လျှင် ယခုယူလာသော ဂျစ်ကားခွေများသည် ခရိုင်ရုံးမှ အသုံးမလို၍(သုံးမရလို့နေမှာ) လေလံပစ်တော့မည့် ဂျစ်ကားမှ ဖြုတ်ယူလာခဲ့ခြင်းဖြစ်ကြောင်း၊ က. စ. လ ထုတ် တာယာအသစ်စက်စက်များကလည်း ခရိုင်ရဲတပ်ဖွဲ့မှ ဂုဏ်ပြုလက်ဆောင်ပေးလိုက်ခြင်း ဖြစ်ကြောင်း ကျေညာလိုက်စဉ်တွင် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပါချေတော့၏။

ဤသို့ အထင်ကြီးခြင်း၊ ဂုဏ်ယူဝမ်းမြောက်ခြင်း အကြည့်များဖြင့် ကျွန်တော်တို့နှစ်ဦးကို ကြည့်ရှုနေသော ပရိသတ်က ဤသို့မင်သက်ကာ ငြိမ်သက်နေစဉ်. . .

မီးသတ်ကားရှစ်စီး ခေါင်းချင်းဆိုင်၍ အပြိုင်'ဥဩ'ဆွဲလိုက် သကဲ့သို့ ကျက်သရေအလျှင်းကင်းမဲ့သော အသံဆိုးကြီးဖြင့် ဂျစ်မောင် မောင်မှ 'ဟီး' ခနဲ 'အီး' ခနဲ ငိုချလိုက်ရာ ဆိုင်အတွင်း၊ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေသည်။

ထိုအချိန်တွင် ကျွန်တော်၏ 'သရေခေတ္တရာ' လက်ဖက်ရည် မုန့်မျိုးစုံနှင့် သားရေပစ္စည်းမျိုးစုံ ဆိုင်ကြီး၏ အပေါက်ဝမှနေ၍. . .

'အမလေးတော့ ကိုကြည်အောင်ရေ. . . ကိုကြည်အောင်ရဲ့ ကိုကြည်အောင် ဘာဖြစ်လို့လဲတော့ တယ်ကြပါဦးအရပ်ကတို့ရဲ့'

ဟူသော စိုးရိမ်ပူပန်ကြီးခြင်း၊ ယူကြုံးမရဝမ်းနည်းခြင်း၊ ချစ်ခြင်း

မေတ္တာကို အရင်းခံသော သံယောဇဉ်ကြီးများနှင့် ပြည့်နှက်နေသော အသံဖြင့် အော်ဟစ်ငိုယိုရင်း ပြေးဝင်လာသူကတော့ အကျွန်ုပ်၏ ရှမငြီးသော ချစ်ဇနီးချော ခေတ္တရာသူကြီးပင် ဖြစ်ဘိတော့၏။

အဟိတ်တိရစ္ဆာန်ဖြစ်သည့် ကိန္နရီ ကိန္နရာတောင်မှ တစ်ညတာ ခွဲရှံနဲ့ ရက်ပေါင်းခုနစ်ရာဆွေးရသေးတာပဲ၊ နူးညံ့သော လူသား နှလုံးသားနှင့် ခံစားမှုအပြည့် ရှိသော ချစ်ဇနီးချောကလည်း ကျွန်တော်နှင့် ခွဲခွာခဲ့ရသည်မှာ ကြာညောင်းခဲ့၍ နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေရင်း သတိရလွမ်းဆွတ် တမ်းတစွာဖြင့်(ဆိုင်ကိုစိတ်မချ၍ ဖြစ်မည်) မြန်အလာ ဆိုင်အတွင်း သူများစုပြုံပိုင်းအုံနေသည့်အမြင်၊ ဂျစ်မောင်မောင်၏ ဝမ်းသာအားရ အော်ငိုသံကြီးကြောင့် အကျွန်ုပ်တော့တစ်စုံတစ်ခု ဖြစ်သွားပေပြီဟုသောအထင်ဖြင့် ဝမ်းပန်းတနည်း၊ ရှိုက်ကြီးတငင် ငိုယို၍ ပြေးဝင်လာခဲ့သော ဇနီးချောသည် အကျွန်ုပ်ကို အရှင်လတ်လတ်ကြီး တွေ့မြင်သွားပြီး သကာလ. . .

ဆက်ပြီး ငိုလိုက်ရတော့မလား. . .

အော်ပြီးပဲ ရယ်လိုက်ရတော့မလား

ပြေးပြီးပဲ ပါးရိုက်လိုက်ရတော့မလား. . .

စသည့် လားပေါင်းများစွာဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေချိန်တွင် လက်ဦးမှုကိုရယူ၍ သူ့ကို ကျွန်တော်ပြေးဖက်လိုက်ရင်း. . .

'ဩော်. . . အချစ်ပါလား' ဟုအသားယူလိုက်စဉ်. . .

သူမနောက်မှနေ၍ ဆိုင်အတွင်းသို့ ယောင်ပေယောင်ပေဖြင့် ဝင်လာသူကို မြင်လိုက်ရ၍ ကျွန်တော်နှလုံးခုန်နှုန်းမြန်သွားသည်။

ထိုသူကား မူလလက်ဟောင်း ချက်နို့ဆီဗို ပိုင်ရှင်ကြီးပင်တည်း၊ ယောင်အအဖြစ်နေသော ချစ်ဇနီးချော၏ ပခုံးကို အသာအယာပွေ့ဖက်ထားမိသော အကျွန်၏လက်များသည်လျှင်မြန်စွာဖြင့် အောက်သို့ လျှောသွားပြီး သူမ၏လက်နှစ်ဖက်ကို တင်းကြပ်စွာဆုပ်ထားမိလိုက်သည်။

သူမက စနေသမီးစိတ်ကြီးသည်၊ နေတက်၊ ရေတက်၊ အဖေ တက် (သူမအဖေမှာ အတက်ရောဂါရှိသည်) တွင် မွေးဖွားခဲ့သူဖြစ်သဖြင့် လက်ရဲ

ဖက်ရဲ့ နိုင်သည်၊ လူရှေ့သူရှေ့ မရှောင် လုပ်ချင်တိုင်းချင်သူ ဖြစ်သဖြင့်. . .

ရဲသိန်းတန်နှင့် ကိုလှစိမ်းတို့ကြောင့် အထက်'ဘဝင်'အထိ ရောက်နေသော ကျွန်တော်၏ ဂုဏ်သိက္ခာ သတင်းများသည် မကြာမီ သူမ၏ ခြေဖဝါး အောက်သို့ ကြွရောက်ပေတော့မည်။ အနိပ္ပရိသတ်ရှေ့၌ လုံးဝအဆုံးရှုံးခံ၍မဖြစ်။

သရေခေတ္တရာ ကြည်အောင်တည်းဟူသော ဂုဏ်သိက္ခာကြီး အဓွန့်ရှည်တည်တံ့စေရန်အတွက် ဤဆိုင်အတွင်း လူတစ်ယောက်မှ (အထူးသဖြင့် ချက်နို့ဆီဗို ပိုင်ရှင်ကြီး)မရှိမှ ဖြစ်ပေလိမ့်မည်။

ထို့အပြင် နှစ်ကိုယ်ကြားမြေရှင်းရမည့် ကိစ္စကို လူကြားထဲ ချမပြသင့်ဟု မိုးသားစွာယူဆ၍လည်း ဖြစ်ပါသည်။

ထို့ကြောင့် နောက်သို့လှည့်ပြီး ဆိုင်ရှိလူအားလုံးကို. . .

'ပြန်. . . ပြန်ကြပါတော့ဗျာ. . .'

ဟု ငိုသံပါကြီးနှင့် ပန်ကြားလိုက်ရလေတော့သတည်း။

* * *

ဇက်ရဲ နိုင်သည်၊ လူရှေ့သူရှေ့ မရှောင် လုပ်ချင်ကိုင်ချင်သူ ဖြစ်သဖြင့်. . .

ရဲသိန်းတန်နှင့် ကိုလူစိမ်းတို့ကြောင့် အထက်'ဘဝင်'အထိ ရောက်နေသော ကျွန်တော်၏ ဂုဏ်သိက္ခာ သတင်းများသည် မကြာမီ သူမ၏ ခြေဖဝါး အောက်သို့ ကြရောက်ပေတော့မည်၊ အနိုပရိသတ်ရှေ့၌ လုံးဝအဆုံးရှုံးခံရမဖြစ်၊

သရေခေတ္တရာ ကြည်အောင်တည်းဟူသော ဂုဏ်သိက္ခာကြီး အဓွန့်ရှည်တည်တံ့စေရန်အတွက် ဤဆိုင်အတွင်း လူတစ်ယောက်မှ (အထူးသဖြင့် ချက်နီ့ဆီဖို ပိုင်ရှင်ကြီး)မရှိမှ ဖြစ်ပေလိမ့်မည်၊

ထို့အပြင် နှစ်ကိုယ်ကြားဖြေရှင်းရမည့် ကိစ္စကို လူကြားထဲ ချမပြသင့်ဟု မိုးသားစွာယူဆ၍လည်း ဖြစ်ပါသည်၊

ထို့ကြောင့် နောက်သို့လှည့်ပြီး ဆိုင်ရှိလူအားလုံးကို. . .

'ပြန်. . . ပြန်ကြပါတော့ဗျာ. . .'

ဟု ငိုသံပါကြီးနှင့် ပန်ကြားလိုက်ရလေတော့သတည်း၊၊

* * *



# ရဲသိန်းတန်၊ ဂျစ်မောင်မောင်၊ သရေခေတ္တရာကြည်အောင် တို့၏ ကျွန်ုပ်တို့နှင့် ကော်လံပေါ်က နှုတ်ခမ်းနီအမှုကြီး

မအေးပွင့်၊ မြင့်မြင့်စမ်း၊ ဝေါ်ရာသုံးဆယ်

မအေးပွင့်။ ။ ၃၅-၂၄-၃၆ ၊ ဖြူ၏၊ ချော၏၊ တောင့်၏၊ ဖြောင့်၏ ရှိသင့်သည့်နေရာတွင်ရှိ မရှိသင့်သည့် နေရာတွင်မရှိ ယောကျ်ား တစ်ရာလျှင် တစ်ရာ့ကိုးဆယ်လောက် နောက်ထပ်တစ်ခါလောက် ထပ်ကြည့်ချင်သည့် ရုပ်မျိုး။

မြင့်မြင့်စမ်း။ ။ ထိုနည်းလည်းကောင်း. . . ထိုနည်းလည်းကောင်း။

အနီ့မအေးပွင့်၊ မြင့်မြင့်စမ်းတို့ ညီအစ်မနှစ်ယောက်နှင့် ဝေါ်ရာသုံးဆယ် မည်ကဲ့သို့ပတ်သက်ကြောင်း သိချင်ပါသလား ပရိသတ် ကိုင်း. . . ဝေါ်ရာ သုံးဆယ်တစကြစို့။

ကျွန်တော်တို့မြို့၏ အနောက်တောင်ဘက် တစ်မိုင်ခန့် အကွာတွင် ကုန်းကမူလေးနှင့် သရက်တောလေးရှိသည်၊ အင်္ဂလိပ် အဆင်း၊ ဂျပန်အတက် တွင်လား၊ ဂျပန်အဆင်း၊ အင်္ဂလိပ်အတက် တွင်လားမသိ၊ တစ်ယောက်ဆင်းပြီး တစ်ယောက်တက်သည့် အချိန်အခါ သမယမှာပေါ့ ဝေါ်ရာမြင်းစီးတပ်ကြီးက ထိုနေရာတွင် စခန်းချပါသတဲ့။

သတင်းအတိအကျရထားသည်ထင်သည် (ဘယ်သူသတင်းပေး သည်ကိုတော့ ကျွန်တော်မသိ၊ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က

ျှန်တော်မမွေးသေး) ဂျပန်လေယာဉ်ပျံတွေလာ၍ ဗုံးကြဲရာ ဂေါ်ရာ
စ်သားသုံးဆယ် အစအနရှာမရအောင် ကျဆုံးသွားသဖြင့် ထိုနေရာကို
ဂေါ်ရာသုံးဆယ်ကုန်း’ဟူ၍ ခေါ်ကြသည်။

ထိုနေရာကို တော်ရုံတန်ရုံ လူမသွားရဲကြ ခြောက်ခြားသည်တဲ့ ခြောက်ခြား
သာကတော့ အမှန်တကယ်ပါပဲရှိသတဲ့၊ ထိုနေရာတစ်ဝိုက်တွင် ဗုံးဒဏ်ကြောင့်
ျင်းကြီးတွေ၊ ချိုင့်ကြီးတွေ ဖြစ်ကုန်သဖြင့် ညီညီညာညာဖြင့် မြေချောတာ
ို့မတွေ့ခဲ့ရပါ။

ခေတ်တွေစနစ်တွေနှင့်အညီ ကျွန်တော်တို့မြို့ကြီးကို ထပ်၍
ဲုံးချဲ့လိုက်ရာ ထိုနေရာသည်လည်း လူနေရပ်ကွက် ဖြစ်သွားသည်၊ ဗုံးကျင်း
ကြီးတွေကိုလည်း ‘ဘူဇိုဇာ’ခေါ် မြေထိုးစက်ကြီးများဖြင့် ထိုး၍ ရေကန်ကြီး
သပ်ပစ်လိုက်ပြီး ကိုးခန်းစီမံကိန်းစိုပြည်ရေး စီမံချက်ဖြင့် သစ်ပင်များကို
ိုက်ထားရာ အလွန့်အလွန်ကို သာယာစိုပြည်သွားပါ သည်။ မြကန်သာကန်၊
ကန်သာရပ်ကွက်ဟု လှလှပပလေး ကဗျာဆန်ဆန် အမည်ပေးထားသော်
ည်း ဒေသခံတွေကတော့ ဂေါ်ရာ သုံးဆယ်ကန်၊ ဂေါ်ရာသုံးဆယ် ရပ်ကွက်
ဟု သာ နှုတ်ကျိုးနေကြပါတော့သည်။

ထိုမြကန်သာခေါ် ဂေါ်ရာသုံးဆယ်ကန်ကြီး အတွင်းသို့ ပေနှစ်ရာ
ဘ်လည် ဇိုမီဂါ (ဘူးသီးမှိုတ်) ပုံစံထိုးထွက်နေသော ကျွန်းလေးပေါ်တွင်တော့
သမားတော်ကြီး ဉာဏ်ပိန်၏ ခမ်းနားထည်ဝါလှသော မြကျွန်းသာအမည်ရှိ
ားသောက်ဆိုင်ကြီးရှိ၏။

သမားတော်ကြီးဆို၍ တိုင်းရင်းဆေးသမားတော်ကြီးလား၊ အထူးကု
သမားတော်ကြီးလားဟု ထင်မိပါသလားပဲရှိသတဲ့၊ အရက် သမား၊ ဖဲသမား၊
ှင်သမား၊ ကြက်သမား၊ နွားသမား စသည့် မကောင်းသည့် ‘သမား’ နေရာများ
ှင် ထူးချွန်စွာတော်သောကြောင့် သမားတော်ကြီးဟူသော ဂုဏ်ထူး ဝိသေသ
ကို ရရှိထားခြင်းဖြစ်ပေ၏။

လွန်ခဲ့သည့် တစ်နှစ်ခန့်က စီးပွားရှာရန်ဟု အကြောင်းပြ၍
အောက်ပြည် အောက်ရွာသို့ သမားတော်ကြီး ဉာဏ်ပိန်ထွက်ခွာသွားခဲ့သည်။

ဆရာကြီးဉာဏ်ပိန် အောက်ပြည်အောက်ရွာသို့ ထွက်ခွာ သွားပါပြီဟု သတင်းစာထဲမှာ မကြော်ငြာခဲ့ပါသော်လည်း ပြန်လာသော အခါ၌ကား 'မခါကြီး' ပါလာသဖြင့် ဟိုး.. ဟိုး. . ကျော်သွားခဲ့ပါသည်။

ဉာဏ်ပိန်က သုံးဆယ်စွန်းစွန်း၊ မခါကြီးက ငါးဆယ်ကျော်ကျော် မသုတော်ချင်း သတင်းလွှလွှ ပေါင်းဖက်တွေလာကြသည်၊ ဉာဏ်ပိန်က မခါကြီး၏သမီးနှစ်ယောက်ဖြစ်သော မအေးပွင့်နှင့် မြင့်မြင့်စမ်းကို ကြိုသည်၊ မခါကြီးနှင့်ရသွားသည်ဟု ဝေါ် ရာသုံးဆယ် အသိုင်းအဝိုင်းက ပြောကြသည်။

မခါကြီးက စီးပွားအရှာတောင်းသည်၊ ကျွန်တော်တို့မြို့ကို ရောက် ရောက်ခြင်း၊ ဉာဏ်ပိန့်အိမ်ကြီးကို အကုန်အကျ မြောက်မြားစွာ ခံ၍ပြုပြင်ကာ မြကျွန်းသာစားသောက်ဆိုင်ကြီး ဖွင့်သည်၊ စည်ဘီယာနှင့် အရက်တွဲရောင်း သည်၊ ကာရာအိုကေနှင့် စင်တင်တေးဂီတလည်း ပါသည်။

ယခင်က ချောင်ကျသော ထိုနေရာလေးသည် ကားဂိတ်နှင့်လည်း နီးသည့်အပြင် သဘော်ဆိပ်နှင့်ပါ သိပ်မဝေးသောကြောင့် စည်ကားလာသည်။

မအေးပွင့်နှင့် မြင့်မြင့်စမ်းရောက်လာမှ ပိုပြီးစည်ကားလာပါသည်ဟု ဆိုလျှင်လည်းရပေ၏။

ဤကား ကော်လံပေါ်က နှုတ်ခမ်းနီအမှုကြီး၏ နိဒါန်းသာတည်း။

* * *

[illegible]

ဦးချစ်သူစာဖတ်ပရိသတ်ကြီးရှင့် . . .

ရဲစခန်းနှင့် ကပ်လျက်ရှိသော ကျွန်တော်၏ သရေခေတ္တရာ လက်ဖက်ရည်ဆိုင်ကလေးကတော့ မိုးအေးသဖြင့် ညကိုးနာရီလောက် ကတည်းက ဆိုင်ပိတ်ပြီးပြီ ဖြစ်သော်လည်း အတင်းဆွဲထုတ်လျှင်တောင် ပြန်မည့်ပုံမပေါ်သည့် ဒုရဲအုပ်သိန်းတန်နှင့် ဂျစ်မောင်မောင်တို့ဝိုင်းသို့ ငါးဘိုး မြောက် ရေနွေးခရားကို ချပေးလိုက်ရင်း. . .

'ဘယ်လိုမှ မအောက်မေ့နဲ့နော် အောက်မေ့ရင်လည်း စာရေး လိုက်နော် ကဲ ပြန်ကြဖို့ကောင်းပြီ'

ဂျစ်မောင်မောင်က ဆေးပေါ့လိပ်ကို မီးညှိလိုက်ရင်း. . .

'Customer Right ဆိုတဲ့ စားသုံးသူအမှန်ဆိုတဲ့ စကားကို မကြားဖူးဘူးလား'

'မင်းလို Customer ကိုတော့ 'ရိုက်' ပစ်ဖို့ပဲရှိတယ်၊ အလိုက် ကမ်းဆိုးကို မသိဘူး'

ရဲသိန်းတန်က ရေနွေးကိုငှဲ့ရင်း. . .

'ဘယ်လိုလဲမင်းနဲ့ မအေးပွင့်တို့ အခြေအနေ ဘယ်အဆင့်ထိ ရောက်နေပြီလဲ'

ကျွန်တော့်တစ်ကိုယ်လုံး 'တုန်' သွားပြီးနောက် အပြေးအလွှားမြင့်

ရဲသိန်းတန်ပါးစပ်ကို ပိတ်လိုက်ရင်း. . .

'ကိုယ်တော် ဒီညာ ဒီမှာအိပ်ချင်ရင်လည်း အိပ်ပါနော်၊ တပည့် းတော်ကိုတော့ ခေါင်းနဲ့ဆင်းရအောင် မလုပ်လိုက်ပါနဲ့'

ချစ်မောင်မောင်ကမျက်လုံးအပြူးသားဖြင့် ကျွန်တော့်ကို ကြည့်ရင်း. . .

'ဩ. . ငါ့သူငယ်ချင်းရိုးလှ. . ရိုးလှနဲ့ ယောင်းမကို HONDA သုပ်စီးနေတာကိုး'

'ရပြီ. . . ရပြီ ဒီလောက်ဆိုသဘောပေါက်ပြီ လက်ဖက်ရည်ထပ် မှော်ပေးမယ် ဟုတ်ပြီလား'

ရဲသိန်းတန်က ရေနွေးကိုတစ်ကျိုက် သောက်လိုက်ပြီးခပ်တိုးတိုး လေသံဖြင့်. . .

'ငါတကယ်မေးနေတာကွ မင်းတို့ဘယ်အဆင့် ရောက်နေပြီလဲ'

ကျွန်တော်ကအိပ်ခန်းဘက်သို့လှည့်ကြည့်လိုက်သည်၊ ကျွန်တော့် နီးခေတ္တရာ သူကြီးကအခန်းထဲတွင် တီဗွီကြည့်ရင်း တဟင်း. . ဟင်း ခွင့်ရယ်နေတာကို တွေ့လိုက်ရမှ ရဲသိန်းတန်၏ဘေးသို့ သွားထိုင်လိုက် ပြီး. . .

'ဟို. . . ဆီတင်သင်္ဘောကြီးက ငါ့သူငယ်ချင်းကခေါ် ပြီးကျွေးလို့ ပူတို့ ဆိုင်မှာနှစ်ခါ၊ သုံးခါလောက်သွားစားရင်း ရင်းနှီးသွားတာပါကွာ၊ ဘယ်အဆင့်မှ မဟုတ်ပါဘူး'

အမှန်ပါခင်ဗျာ၊ ကျွန်တော်တို့မြို့ရှိ ရေနံချက်စက်ရုံကြီးတွင် ဆီလာ တင်သည့် 'ဇက်ခရပ်'ခေါ် ဆီသင်္ဘောကြီးပေါ်ရှိ 'ဆီစာရေး' က ကောလိပ် ကုန်းက ကျွန်တော့်သူငယ်ချင်း အလွန်ရင်းနှီးသူဖြစ်သည်။

သူက ကျွန်တော်တို့မြို့သို့ ဆီတင်ရန် တစ်လနှစ်ကြိမ်နီးပါးခန့် လာရသည်၊ ကျွန်တော်နှင့်ပြန်ဆုံတော့ 'ရေလှို' သောသူက ကျွန်တော့်ကို ခေါ်၍ ကျွေးမွေးရင်း ထိုဆိုင်သို့နှစ်ခေါက်၊ သုံးခေါက်၊ လေး၊ ငါးခေါက် လောက်ရောက်ဖြစ်သွားသည်။

ခဏ ခဏ ရောက်တော့လည်း မအေးပွင့်တို့ညီအမနှင့် ရင်းနှီးခဲ့ရ သည်၊ ဒါပါပဲ သည့်ထက်မပို၊ အဲ. . . အင်း နည်းနည်းတော့၊ မကပါဘူး

များများတော့ ကျွန်တော့်ဘက်က ပိုချင်ပါသည်။

ဦးစိန်မှိုး၏စကားနှင့်ဆိုလျှင် သူတို့က 'မဟ' လို့၊ သူတို့ 'ဟ' လို့ကတော့ ကျွန်တော်က ပါပြီးသားပဲ။

'အဲဒီညီအမနှစ်ယောက်က မခါကြီးနှင့် ဘာမှမတော်ဘူးဆိုတာ မင်းသိလား'

ကျွန်တော် အံ့အားသင့်သွားပြီး. . .

'ဟုတ်ပါ့မလားကွာ၊ မခါကြီးကိုမာမီ၊ မာမီနဲ့ခေါ်ပြီး သိပ်ဂရုစိုက်ကြတဲ့ ညီအစ်မနော်'

'မာမီခေါ်တိုင်းသာ အမေဖြစ်ရရင်၊ ရွှေရှုပ်လွှာ မိတ်ကပ်ဆိုင်က အခြောက်ကြီးကိုလည်း မာမီ၊ မာမီနဲ့ မင်း သွားသွားခေါ်နေတာပဲ အဲဒါ မင်းအမေလား'

'ဟော့ကောင်ဂျစ်မောင်မောင် စကားကိုကပ်မပြောနဲ့ ငါက ဟို ညီအစ်မက သူတို့အမေကို သိပ်ဂရုစိုက်ကြောင်း ပြောပြနေတာ'

'သူတို့ကညီအစ်မအရင်းလည်းမဟုတ်ဘူးကွ'

ကျွန်တော်ရော၊ ဂျစ်မောင်မောင်ပါ တအံ့တသြဖြင့် ရဲသိန်းတန်ကို ကြည့်လိုက်မိကြသည်၊ ရဲသိန်းတန်ကရေနွေးခွက်ကိုပြန်ချရင်း. . .

'သူတို့အားလုံး ဘာမှမတော်ကြဘူး၊ မခါကြီးက ပြည့်တန်ဆာ ပွဲမနဲ့ ထောင်ကျဖူးတယ်၊ လွတ်လာပြီး ဒီကိုရောက်လာတာ၊ ဒီရောက်တော့လည်း အေးအေးဆေးဆေး မနေဘူး၊ ရွာနီးချုပ်စပ်က အရွယ်ကောင်းလေးတွေကိုခေါ် ဆိုင်မှာအလုပ်လုပ်ခိုင်းပြီးတော့ တစ်မြို့ တစ်ရွာက ပိုက်ဆံပေါ်တဲ့သူဆိုရင် ကောင်မလေးတွေနဲ့ လွှတ်ပေးပြီး တိတ်တိတ်ပုန်း ဖိမ်ခန်းဖွင့်နေတာကွ'

'ဒါဆိုမအေးပွင့်တို့ညီအစ်မလည်း'ဟိုဟာ' တွေပေါ့၊ ဟုတ်ပါ့ မလား ရဲသိန်းတန်ရယ် ငါနဲ့တွေတော့ သူတို့တွေက 'ဟိုဟာ' တွေလိုမဟုတ် ပါဘူး၊ သူတို့ဆိုင်ကိုလာတဲ့ စားသောက်သူကို ဖော်ဖော်ရွေရွေ ဧည့်ခံတာ လောက်ပဲ ရှိပါတယ်၊ မလိုသူတွေက တမင်ပြောတာ နေမှာပါကွာ'

'အဲဒါကြောင့် မင်းကို ဘယ်အဆင့်ရောက်နေပြီလဲလို့ မေးနေ

တာပေါ့ကွ၊ သူတို့က တို့မြို့ခံတွေနဲ့ မလွှပ်ရှားဘူး၊ တခြားမြို့က လူတွေနဲ့ဆိုရင် ချိတ် ချိတ်ချင်း ချိတ်ပြီးမှလှုပ်ရှားတာကွ၊ အခုဟာက သူတို့တင်မကတော့ဘူး၊ တို့မြို့ပတ်ဝန်းကျင်ကအရွယ်ကောင်း အမျိုးသမီးလေးတွေကိုပါ ငွေနဲ့ပေါက်ပြီး ဖျက်ဆီးနေကြတာ'

ကျွန်တော် ခေါင်းကိုယမ်းလိုက်သည်၊ မဖြစ်နိုင် ဘယ်လိုနည်းနဲ့မှမဖြစ်နိုင် သူတို့ ညီအစ်မဆိုင်က မြို့ပေါ်တွင် ရောင်းအကောင်းဆုံး ဖြစ်နေ၍ မလိုလားသူတွေက သွားပုတ်လေလွင့် ပြောကြခြင်းဖြစ်မည်။

ဒါကို ရဲသိန်းတန်က ယုံနေတာပဲ ဖြစ်ရမည်၊ ရဲသိန်းတန်က ကျွန်တော့် ပခုံးကိုပုတ်ရင်း. . .

'မင်းကိုပဲ အားကိုးရမှာပဲ'

ကျွန်တော်က ကြောင်အအဖြင့် သူ့ကိုပြန်ကြည့်လိုက်ရင်း. . .

'ငါ့ကိုဘာအားကိုးရမှာလဲ၊ ဒီကိစ္စကိုစုံစမ်းပေးရမှာလား၊ ဒီမှာ ရဲသိန်းတန် ႏိကိစ္စတစုံစမ်းစရာမလိုဘူး၊ လုံးဝမဟုတ်ဘူး'

'မင်းစုံစမ်းစရာမလိုပါဘူး၊ ငါတို့အားလုံးစုံစမ်းပြီးသားပါ၊ ဒါပေမယ့် လက်ပူးလက်ကြပ်မိဖို့ လိုတယ်လေကွာ၊ သူတို့ဆိုင်က နာမည်ကြီးဆိုင်ကြီးမပိုင်ဘဲနဲ့သွားလုပ်ရင် ငါပါ အလုပ်ပြုတ်သွားမယ်၊ မင်းစဉ်းစားကြည့်လေ သူတို့ဆိုင်ကရေပတ်လည်ဝိုင်းနေတာ ဝင်ပေါက်ကလည်း တစ်ပေါက်တည်းပဲရှိတယ်၊ ငါတို့အဲဒီအပေါက်က ဝင်လို့ကတော့ သူတို့တွေသိသွားပြီး အားလုံးကို လက်စဖျောက်ပြီးသား လုပ်လိုက်မှာ ပေါ့ကွ၊ နောက်ပြီးတို့မြို့ကကျဉ်းတော့ ငါတို့ခနီးက လူတွေအားလုံးကို လည်း သူတို့က သိထားပြီးသားလေကွာ'

'ဟ. . . သူ့ကိုလည်း ရဲသတင်းဓာတ်ပုံဆရာလို့ သူတို့ညီအစ်မက သိပြီးသားဖြစ်မှာပေါ့'

ဂျစ်မောင်မောင်၏ အချက်ပိုင်သော စကားကြောင့် ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'သိပေမဲ့၊ ဒီကောင်နဲ့သွားပြီး စားသောက်တဲ့ကောင်တွေက တကယ့် 'ဘော့စ်'တွေကွ၊ နောက်ပြီး ဒီကောင်ရှေ့အခန်းမှာ အရက် သောက်စားနေ

တုန်း နောက်ခန်းမှာဟိုကောင်တွေ သွား ကမြင်းတာကို ဒီကောင်ကြီးက သာ မသိတာ ဟိုကောင်မတွေက ဒီကောင်ကြီး သိပြီးသားလို့ ထင်နေတာကွ အလိုတူအလိုပါလို့လည်း ထင်နေကြတာ'

ဘုရားရေ. . . ရဲသိန်းတန်၏ စကားကြောင့် ကျွန်တော် ဘုရား တလိုက်မိသည်၊ ယခုမှလည်း ပြန်စဉ်းစားမိသည်၊ ကျွန်တော့်သူငယ်ချင်းနှင့် ပါလာသူများက စားရင်းသောက်ရင်းဖြင့် အပေါ့အပါးသွားသလို ဆိုင် နောက်ဘက်သို့ ဝင်သွားကြသည်၊ ဝင်သွားလျှင်လည်း တော်တော်နှင့် ထွက် မလာကြ၊ ထိုအတူ မအေးပွင့်တို့ညီအစ်မနှင့်တကွ စားပွဲထိုးနေသော၊ သီချင်း ဆိုနေသော ကောင်မလေးတွေပါ တစ်ခါတလေ ပျောက် ပျောက်သွားသည်။

ရဲသိန်းတန်က လည်ချောင်း ရှင်းလိုက်ပြီး. . .

'စားသောက်ဆိုင်ကာရာအိုကေခန်းရဲ့ စားပွဲကောင်တာမှာ ဥက္ကဋ်ပိန် ထိုင်တယ်၊ ငွေသိမ်းတယ်၊ ဆိုင်နောက်ဘက်က အိမ်သာ၊ ရေချိုးခန်း ကပ်လျက်ရှိတဲ့ တိုက်ခန်းတွဲက ကောင်မလေးတွေအိပ်တဲ့ နေရာမှာ မခါကြီး ထိုင်တယ်၊ လှုပ်ရှားမဲ့သူက မခါကြီးကို သုံးပုံ နှစ်ပုံပေး ရတယ်၊ ကောင်မလေးကို သုံးပုံတစ်ပုံပေးရတယ်၊ ကောင်မလေးတွေ အိပ်ခန်းက ရေစပ်နားမှာ မင်းသိ တယ် မဟုတ်လား'

ကျွန်တော်သိပါသည်၊ အရက်သောက်ရင်း ဆီးတောင့်သဖြင့် ဆီး သွားရန် ဆိုင်နောက်ဖေးဘက်ထွက်တော့ ကောင်မလေးတွေ အိပ်ခန်းရှေ့ အခန်းကျယ်ကြီးတွင် မခါကြီးတစ်ယောက် တီဗွီ၊ ဗွီဒီယို ကြည့်နေသည် ကိုအမြဲတန်းတွေ့ရသည်၊ ဂျစ်မောင်မောင်က စိတ်ဝင်တစားဖြင့်. . .

'မင်းဘယ်လိုလုပ်မယ်စိတ်ကူးထားလဲ၊ ရေထဲကနေ ကူးသွားမှာလား'

ရဲသိန်းတန်ကခေါင်းညိတ်လိုက်သည်။

'ဒါဆိုလှေလိုမှာပေါ့၊ လှေကိုငါ့ကားနဲ့ သယ်လို့ရပါ့မလား'

'ဟ. . . လှေကြီးကို ကားပေါ် တင်ပြီးသယ်တော့ တစ်မြို့လုံး သိသွား မှာပေါ့ကွ'

ဟုတ်ပါသည်၊ မြစ်ဆိပ်နှင့် မိုင်ဝက်ခန့်ဝေးသဖြင့် လှေကြီးကို

အားပေါ် သို့ဝိုင်းတင်လျှင်ဖြစ်စေ၊ တင်ပြီးမောင်းလာသည်ဖြစ်စေ အားလုံး သိကုန်ကြတော့မည်။

'ဒါဆိုရေကူးသွားမှာလား၊ မင်းတို့လက်နက်တွေက ရေစိမ်ခံလို့လား၊ ပြီးတော့ရေက လူသုံးရပ်လောက်နက်တာနော်၊ မင်းတို့စစ်ဖိနပ်ကြီးတွေနဲ့ ဆိုရင် ရေထဲမှာကျောက်ချသလိုဖြစ်သွားမယ်'

'ထွန်စက်နောက်ဘီး လေလုံးတွေကို လေထိုးထားတဲ့ ဘောကြီး တွေရှိတယ်၊ ငါတို့ရဲတွေ လေ့ကျင့်ပြီးသား၊ အဲဒါကငါတို့အပိုင်း'

ဂျစ်မောင်မောင်က တခွီးခွီးဖြင့်ကျိတ်ရယ်ရင်း. . .

'ရှိတာလေးတွေနဲ့ လုအောင်ဝတ်ဆိုသလို မင်းတို့လည်း ရှိတာ လေး တွေနဲ့ရအောင် ကူးရတော့မှာပေါ့ ဟီး. . ဟီး. . ၊ ဗွီဒီယိုဇာတ်ကားတွေထဲမှာ ဆိုရင် 'စပီဘုတ်' ကြီးတွေနဲ့ ဝေါခနဲကူးမလား၊ ရေငုပ်ဝတ်စုံတွေဝတ်ပြီး ရေအောက်ကနေ တိတ်တိတ်ကလေးသွားမလား၊ ဟား. . ဟား. . ဟား . . မင်းတို့ကျမှ ရဲတွေ'ဘော' စီးပြီးကူးရတယ် လို့ကွာ ဟာ. . းဟား. . ဟား. .'

ကျွန်တော်မရယ်နိုင်ပါ၊ ထို့ကြောင့် ခေါင်းကိုသာခါယမ်းရင်း. . .

'နေပါဦး ရေထဲကနေရအောင်ကူးတာက မင်းတို့အပိုင်းဆိုတော့ ငါ့အပိုင်းကဘာလဲ'

'နောက်တစ်ခေါက် မင်းသူငယ်ချင်းလာရင်လိုက်သွား၊ မင်းကိုယ်တိုင် မအေးပွင့်ဖြစ်ဖြစ်၊ မြင့်မြင့်စမ်းဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့ ရအောင်လှုပ်ရှား'

ဂျစ်မောင်မောင်က တခွီးခွီးဖြင့်ထပ်ရယ်ရင်း. . .

'ရဲသိန်းတန်ရယ် မင်းသေသေချာချာစဉ်းစားပါဦး၊ ဒီကောင် ရုပ်ရည် လုပ်ရည်ကိုင်ရည်နဲ့ဆို မအေးပွင့်နဲ့ မြင့်မြင့်စမ်း မပြောနဲ့ မခါကြီးနဲ့ပဲ လှုပ်ရှား လို့ရချင်ရမှာ ဟီး. . ဟီး. .'

သဟာကတော့ ဂျစ်မောင်မောင်ကျွန်တော့်သိက္ခာကို စော်ကား လိုက်ခြင်း ဖြစ်ဘိ၏၊ ကျွန်တော်ဆယ်ရှစ်နှစ် မှတ်ပုံတင်လုပ်တုန်းက ရိုက်ထား သည့်ပုံကိုကြည့် 'တိုက်တန်းနစ်' မင်းသား 'လီယိုနာဒို' နဲ့ချွတ်စွပ်၊ ပော. . အခုလိုလူလတ်ပိုင်း ရောက်လာတော့'တွမ်ခရု' လိုလို 'ဘရက်ပစ်' လိုလိုနဲ့

ရဲသတင်းမှာတိပုံဆရာလုပ်တော့ အဟန့်ကောင်းစေရန် နှုတ်ခမ်းမွေး သဲ့သဲ့လေးထားလိုက်တော့ ဟိုဘက်နှစ်လမ်းကျော်က လက်ဖက်ရည် အကြွေးလာလာသောက်တတ်တဲ့ ဒေါ်ဘုတို့ကတောင် ကိုဝင်းဦးအလွမ်းပြေ သတိရမိပါတယ်ဆိုပြီး မျက်ရည်လေး စစ, စစ ဖြစ်နေတာ ဒီကောင်သိရဲ့သားနဲ့ အလကား မနာလိုတာ။

ရဲသိန်းတန်က စပ်ဖြီးဖြီးဖြင့် ခေါင်းညိတ်လိုက်ရင်း. . .

'မခါကြီးဆို ပိုတောင် တောင်းသေးတာပေါ့ကွ၊ ကြက်သားဟင်းကမာနေရင် ကိုယ့်ထက်အသက်ကြီးတဲ့ ကြက်ပဲဆိုပြီး ဦးချပြီးတော့ စားရသေးတာပဲ၊ မင်းလည်း မခါကြီးကိုအရင်ဦးချလိုက်ဦးပေါ့ကွ ဟား. . ဟား. . ဟား. .'

ကျွန်တော်ညစ်ညစ်ပတ်ပတ် ဆဲပစ်လိုက်ရာ သူတို့နှစ်ယောက်စလုံး တဟား. . ဟား. . ရယ်ရင်းဆိုင်ထဲမှထွက်သွားကြလေတော့သည်။

* * *

## 'ဂု' ထုတ် ဒီဒေး (D- DAY)

ဒီနေ့၊ ဒီရက်ကတော့ ဝေါ်ရာသုံးဆယ် ကန်တော်မင်္ဂလာအတွင်း၌ မြကျွန်းသာဇိမ်ခန်းကြီးကို အမြစ်ကလှန်မည့်နေ့ ဖြစ်ဘိ၏။

ကျွန်တော် ရင်နည်းနည်းခုန်ချင်နေသည်၊ မခုန်ခံနိုင်ရိုးလား ပရိသတ်၊ မှုခင်းဂျာနယ်၊ မှုခင်းမဂ္ဂဇင်းထဲတွင် ပါရှိသော သတင်းများက မှုခင်းဖြစ်ပွားသည်ကို ကိုယ်တိုင်မမြင်မတွေ့ရဘဲ၊ ရဲ၏သတင်းပေးချက်၊ မျက်မြင်သက်သေများ၏ ပြောပြချက်များကို ကိုးကားပြီးရေးသား တင်ပြခြင်းဖြစ်သည်။

ယခုကျွန်တော်ကကိုယ်တိုင် ပါဝင်သရုပ်ဆောင်ပြီး၊ ကိုယ်တိုင်တင်ပြရလျှင်မြင့် ဘာပြောကောင်းမလဲ ပရိသတ်ရေ၊ နောက်ပြီးတော့ ယခုမှုခင်းကလည်း စာဖတ်သူတွေ သွားရည်တမြားမြားကျစရာ မဟုတ်ပါလားခင်ဗျာ။

ဒါပေမယ့်၊ ဒါပေမယ့်ပေါ့ခင်ဗျာ၊ ကိုယ်တိုင်နဖူးတွေ့ဒူးတွေ့ ပထမဆုံးဆိုတော့ ရင်ခုန်သံနည်းနည်း မြန်နေသည်ပေါ့။

ဟို. . . ဆီသဘောက သူငယ်ချင်းကလည်း လာမခေါ်သေးသဖြင့် ဘာလုပ်ရမှန်းမသိဘဲ ဆိုင်ထဲဝင်လိုက်ထွက်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေသည်။

အေးမြသောမိုးသက်လေကလေးကလည်း ကျွန်တော့်အပေါ်ကို

မငြိမ်းနိုင်သည့်အလား ဖြစ်နေ၍ လူမှာချွေးစို့လာသည်၊ ထို့ကြောင့်အပေါ်မှ သပ်ဝတ်ထားသော ဂျင်းဂျာကင်ကို ခဏချွတ်လိုက်၍ တိုင်တွင် ချိတ်လိုက်ပြီး တစ်ဆယ့်ကိုးကြိမ်မြောက် မှန်ရှေ့သို့သွားကာ အကြိမ်နှစ်ဆယ်မြောက် ခေါင်းဖြီး၊ ပေါင်ဒါရိုက် လုပ်လိုက်သည်။

'ရှင်ဘာဖြစ်နေတာလဲ နည်းနည်းမှဂနာမငြိမ်ဘူး'

ရှုမငြီးသောကျွန်တော်၏ဇနီး ဒေါ်တ္တရာသူကြီး၏ပုံက မှန်ထဲတွင် ပေါ်လာသလိုစူးရှသော အသံကလည်းနောက်မှနေ၍ ကြားလိုက်ရသဖြင့် ကျွန်တော် 'တုန်' သွားပြီး. . .

'ဘာ. . . ဘာမှမဟုတ်ပါဘူးကွာ၊ ဟို သူငယ်ချင်းလာမယ်ဆိုလို့ စောင့်နေတာ ဒီကောင်တစ်ခါမှဒီလောက် နောက်မကျဖူးပါဘူး'

ဒေါ်တ္တရာသူကြီးကကျွန်တော့်အနားကပ်လာပြီး. . .

'ရှင်မှန်မှန်ပြောစမ်း၊ ရှင့်သူငယ်ချင်းသူဌေးက ကျွေးတယ်၊ မွေးတယ်ဆိုပြီးဟိုဆိုင်ကြီးမှာ ခဏခဏသွားစားနေတာ မရှက်ဘူးလား. .'

'ဟ. . ဘာလို့ရှက်ရမှာလဲကွ၊ အဲဒီကောင်က ကျောင်းနေတုန်းကသူငယ်ချင်း သိပ်ခင်တာ'

ကြည့်စမ်း အခုမှတွေးမိတယ်၊ ကိုယ့်ယောကျ်ားက မိန်းမချော လေးတွေ ဝိုင်းဝိုင်းလည်နေသည့် စားသောက်ဆိုင်ကို မကြာခဏသွားပြီး စားသောက်တော့မနာ့လိုဖြစ်နေတာ၊ သဝန်တိုနေတာ၊ အဲဒါကိုက သူမ ကျွန်တော့်ကို တယ်လောက်ချစ်ကြောင်း သက်သေပြနေသည် မဟုတ် ပါလားပရိုသတ်၊ မိန်းမရေ မင်းကလွဲရင်ဖွဲ့နဲ့ ဆန်ကွဲပါပဲကွာ ဒါပေမယ့် ဖွဲ့နဲ့ဆန်ကွဲကလည်း ဈေးကောင်းလာတော့လည်း ဟဲ. . ဟဲ. . . ကျွန်တော် ဂုဏ်ယူနေစဉ်မှာပင်. . .

'ရှင်တို့ယောကျ်ားတွေက သူငယ်ချင်းကကျွေးလို့တို့၊ သူငယ်ချင်းက တိုက်လို့တို့ဆိုပြီး ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သွားပြီး စားသောက်ဘတ်ကြတာ မသိဘူးမှတ်နေသလား၊ ကဲပြောစမ်း ရှင်ဘယ်နှခါ ရှင့် သူငယ်ချင်းကို ပြန် ကျွေးပြီးပြီလဲ'

ခြော်. . လက်စသတ်တော့ သူတတယ်ချစ်တာကငွေပါလား။ ဘယ့်နှယ်ဗျာ ကိုယ့်ယောကျ်ားကမိန်းမချော၊ မိန်းမလှလေးများ စားပွဲထိုးသော စားသောက်ဆိုင်ကို သွားစားတာကို သူမှာဘယ်လိုမှမနေ၊ ဘယ်လိုမှမဖြစ်၊ ဒါဘာသဘောလဲ၊ ကိုယ့်ယောကျ်ားရဲ့ စစ်မှန်သော ဗီဇကိုသိလို့ မနာလိုတိုရှုည်မဖြစ်ခြင်းများလား၊ ဒါမှမဟုတ် ဘာမှအစွမ်းအစမရှိတဲ့သူ၊ ငါမယူရင် ယူမဲ့သူရှိမှာမဟုတ်ဘူးဆိုပြီးများ အထင်သေးခြင်းများလား၊ ဟင်း. . ဟင်း. . ဟင်း၊ ပေါင်းလာတာကြာပြီ အခုအထိ ကိုယ့်ယောကျ်ားအကြောင်း ကောင်းကောင်း မသိသေးဘူးလား၊ ငါဟဲ့ ယောကျ်ားဆိုပြီး ယောင်ပြလိုက်ချင်တယ်(အမောက်) ကျွန်တော့် အတွေးများ မဆုံးသေးခင်ပင် သူမက တိုက်စစ်ဆင်လာသည်။

'ပြီးခဲ့တဲ့အခေါက်က နို့ဆီဗိုးတွေပေးနိုင်းလိုက်တာ၊ ဟိုကမရသေးဘူးဆိုပြီး လာတောင်းနေပါရောလား၊ ပြောစမ်းပါဦး အဲဒီငွေတွေ ဘယ်ရောက်သွားပြီလဲ'

'မင်းကိုကိုယ်ပြောပြီးပြီပဲ တီဗွီပျက်လို့ပြင်တာ ပေးလိုက်တယ်ဆိုတာလေ'

'အဲဒီတီဗွီပြင်ဆရာ ကိုချစ်အောင်ရဲ့မိန်းမနဲ့တွေ့ပြီးပြီ၊ ဘာပစ္စည်းမှ မလဲရဘူးတဲ့၊ ဝါယာကြိုးလွတ်နေလို့ 'ခဲ' တို့ပြီးပြန်ပေးလိုက်တာ လက်ခတောင် မယူဘူးဆိုပါလား'

စိတ်ထဲမှာကျိတ်ဆဲချင်စရာကောင်းလိုက်တာ ကိုချစ်အောင်ရယ်၊ ခွေးမသားကြီး၊ ဘယ့်နှယ်ဗျာ သူ့ကိုလက်ဖက်ရည်ဖိုးဆိုပြီး နှစ်ရာပေးခဲ့တာ (ပိုတဲ့ငွေကတော့ကျွန်တော်ယူတာပေါ့) သူကလည်း သူ့မိန်းမကို ထပ်ပြီး ရိုက်စားလုပ်လိုက်တာနေမှာ၊ ဟောအခုသူ့မိန်းမ ကိုယ့်မိန်းမ တွေ့လည်းတွေ့ကြရောပေါ့ ကုန်ပြီ၊ ညာလက်စနဲ့ထပ်ပြီး ညာရတော့မှာပေါ့။

'ကိုယ့်ယောကျ်ားပြောတဲ့စကားတောင် မယုံတော့ဘူးလား၊ ကိုချစ်အောင်က အဲဒီငွေတွေ သူ့မိန်းမကို မပေးချင်လို့ညာပြောတာ နေမှာပါကွာ၊ ဒီလိုမှန်းသိရင်တစ်ခါတည်း 'ဘောက်ချာ' ပါ တောင်းယူလာခဲ့ပါတယ်'

'တော်တို့ယောက်ျားတွေကအတူတူပဲ. . .'

သူမ ဆက်ပြီးလေကြောရှည်မှာစိုး၍ အိမ်သာထဲသို့ ခပ်သွက်သွက်ကလေး ပြေးဝင်လိုက်သည်၊ တော်ပါသေးရဲ့အိမ်သာရှေ့အထိ လိုက်ပြီးဆုဆဲမနေလို့ မထူးပါဘူး သူငယ်ချင်းမလာမချင်း အိမ်သာထဲပဲ နေလိုက်တော့မယ်။

ထိုစဉ် ဂျွန်တော့်သူငယ်ချင်း၏အသံကို ဆိုင်ရှေ့မှကြားလိုက်ရသဖြင့် အိမ်သာထဲမှ ခပ်မြန်မြန်လေးထွက်ကာ၊ တိုင်တွင်ချိတ်ထားသောချင်းဂျာကင်အကျီကို ဆွဲယူလိုက်ပြီးနောက် ဆိုင်ရှေ့သို့ အပြေးအလွှား ထွက်သွားလိုက်သည်။

လှည့်မကြည့်သော်လည်း ရွှမ်ငြီးသောချစ်ဇနီးချော၏ အကြောင်းသုံးပါးမရှေးသည့် မျက်စောင်းများက ကျောဘက်တွင် ကပ်ပါလာကြောင်းကောင်းကောင်းကြီး သိနေ့ငံ့နေပါသည်။

မြကျွန်းသာစစ်ဆင်ရေး

ဤညဲ ဤဆိုင်တွင် ကျွန်တော်တော်တော်လေး စုမြှုနေသည်၊ ယခင်ယခင်က သူတို့ညီအစ်မကို မိကောင်းဖခင်သားသမီးများမှတ်၍ ထိန်းထိန်းသိမ်းသိမ်း နေခဲ့ရသလောက် ယခုတော့သူတို့အကြောင်း ကိုကောင်းကောင်းကြီးသိထားသဖြင့် ကာယကံနည်းနည်း၊ ဝစီကံများများ၊ မနောကံမဟား တရားဖြင့် စနောက်စည်းရုံးနေမိသည်။

အလုပ်သဘောဖြစ်၍ မည်သည့်နည်းနှင့်မျှ ကာယကံမြောက်ကျူးလွန်ခြင်းကို လုံးဝမပြုရဟူသောရဲသိန်းတန်၏ သတိပေး၊ အမှာစကားများကိုကြားယောင်မိသောကြောင့် ဩော်. . သိန်းတန်. . သိန်းတန် ငါ့ကိုနတ်မှတ်ပြီးများ အငွေ့ပဲစားနိုင်းလေသလားကွာဟု တွေးမိသလို ဤစစ်ဆင်ရေးကြီးပြီးပါက ကျွန်ုပ်၏ချစ်မငြီးသောခေတ္တရာသူကြီး၏ အမျက်မာန်ပြေစေရန်နှင့် အိမ်ဝင်ခွင့် 'ဗီဇာ' ရရန်ကို စခန်းမှူးကြီးနှင့် သိန်းတန်ကိုယ်တိုင်က အာမခံထား၍ အငွေ့ပဲ ရှူရပေတော့မည်။

'ဘယ်လိုလဲကြည်အောင် ဒီနေ့တော်တော်သွက်နေပါလား၊ မင်းလှုပ်ရှားချင်လို့လား၊ လုပ်လေကွာ ငါပေးလိုက်မယ်'

ကျွန်တော်သူငယ်ချင်း၏ စကားကြောင့်အတွေးများပြတ်သွားကာ

'ဟဲ. . . ဟဲ. . စိတ်ကတော့ တော်တော်လေးပါနေပြီကွ၊ ဒါပေမယ့် ဒီကိစ္စအတွက်ငွေကိုတော့ ကိုယ့်သူငယ်ချင်းဆီက မယူကောင်း ပါဘူးကွာ၊ မင်းကျွေးတာမွေးတာနဲ့ကို အားနာနေပါပြီ'

ငွေကိုသူ့ဆီက ယူလို့မဖြစ် စခန်းမှူးကြီးနှင့်ရဲသိန်းတန်က ထိုကိစ္စတွင် အသုံးပြုမည့်ငွေများကို နံပါတ်မှတ်၍ ကျွန်တော့်ကို ပေးထားပြီးသား ဖြစ်သည်။

'ဒါဆိုလည်း သွားလေကွာ၊ ဘယ်သူ့ကိုကြိုက်လဲ မအေးမွှင့်လား မြင့်မြင့်စမ်းလား ငါပြောပေးမယ်'

တစ်ယောက်တစ်မျိုးစီ လှသွေးကြွယ်နေသော ညီအစ်မကို ဘယ်သူ့ကို ရွေးရမလဲကျွန်တော် မဆုံးဖြတ်တတ်ပါ။

နှစ်ယောက်စလုံးနှင့် တစ်ပြိုင်တည်းသွားရကောင်းမလား စဉ်းစားမိသည်မှာ အမှန်ပင်ဖြစ်ပါသည် ပရိသတ်၊ သို့သော်လည်း . . သို့သော်လည်း. . ပေါ့လေ. . .

'မင်းတို့အဖွဲ့တွေကရော၊ ဒီနေ့ငြိမ်လှချေလား၊ မလှုပ်ရှားကြတော့ဘူးလား'

ကျွန်တော့်သူငယ်ချင်းက ခေါင်းခါလိုက်ရင်း. . .

'ငါတို့အလုပ်တွေများနေလို့ နှစ်ရက်ရှိပြီကွမအိပ်ရသေးတာ၊ အရမ်းပင်ပန်းနေတယ်ကွာ၊ သောက်စားပြီးရင်ပြန်တော့မယ်၊ ကဲ မမြင့်ရေ ဟောဒီက ကိုယ့်သူငယ်ချင်းကြီးကမမြင့်ရဲ့ အပြုအစု အယုအယကို ခံချင်လို့တဲ့ကွာ ပြုစုပေးလိုက်ပါဦး'

တိုက်ဝါးဘီယာပုလင်းကို ဖွင့်နေသောမြင့်မြင့်စမ်းက ရွှန်းလဲ့နေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကိုကြည့်လိုက်ရင်း. . .

'တကယ်လားကိုအောင်၊ မမြင့်ကလေ ကိုအောင့်ကိုမြင်ကတည်းက ဘာကြောင့်မှန်းမသိဘူး စွဲလမ်းနေတာ'

မအေးမွှင့်ကလည်း အားကျမခံ. . .

'မမြင့်ရယ် ကိုအောင့်ကို မမွှင့်ပဲပြုစုပါရစေ၊ မမွှင့်က ကိုအောင့်

ကို မြင်ကတည်းကချစ်မိနေတာ'

ကံဇာတာကတော့ ငယ်ထိပ်အထိ တက်နေပါရောလား ပရိသတ်ဒီစကားကို ဟို. . . ဂျစ်မောင်မောင်ဆိုတဲ့ ဂျစ်ကားစုတ်ပိုင်ရှင်ကြီး ကြားစေချင်လိုက်တာဗျာ တကယ်. . . တကယ်

မဒေးပွင့်က လျှင်မြန်စွာဖြင့် ကျွန်တော့်လက်ကိုဆွဲ၍ ဆိုင်နောက်ဘက်သို့ ခေါ်သွားသည်။

သူမနောက်ကို တန်းလိုက်လို့မဖြစ်သေး၊ ရဲသိန်းတန်တို့ကို အချက်ပြ ရောက်စွာနှိုး၍ 'ခဏ' ဟုပြောကာ ရေကန်စပ်နားရှိ ရေလောင်း အိမ်သာဘက်သို့ ထွက်ခဲ့သည်။

ရေလောင်းအိမ်သာက အုတ်ဖြင့်ဆောက်ထားခြင်းဖြစ်ပြီး လေဝင်ပေါက်ကရေကန်ဘက်တွင်ရှိသည်၊ ကျွန်တော်က အိမ်သာထဲ ဝင်ဝင်ခြင်း တံခါးကိုပိတ်၍ မီးခလုတ်ကိုသုံးခါ အဖွင့်အပိတ်လုပ်လိုက်သည်။

အုတ်အိမ်သာကအလုံဖြစ်၍ မီးရောင်ကိုဆိုင်တွင်း၊ ဆိုင်ဘေးလုံးဝမမြင်နိုင်စရာမရှိ၊ သို့သော်လည်း အိမ်သာနောက်ကျောဘက် အုတ်တစ်ချပ်လွတ်ထားသော အပေါက်ကတစ်ဆင့် ရေကန်ဟိုဘက်ခြမ်းရှိ ရဲသိန်းတန်တို့ကတော့ မြင်ပေလိမ့်မည်။

ထိုအခါရေကန်ကို ဖြတ်ကူးရန်အတွက် 'ဘော' ပြင်ကြပေတော့မည်၊ ဒါကပထမအဆင့်၊ ဒုတိယကငွေပေးပြီး ချစ်ဗျူဟာ ခင်းရန်အတွက် အခန်းအတွင်းသို့ ရောက်ပါကလည်း ထိုကဲ့သို့သုံးကြိမ်မြောက် မီးအပိတ် အဖွင့်လုပ်ပြရဦးမည်။

ထိုအခါ ရဲသိန်းတန်တို့အဖွဲ့က ရေပြင်ကို 'ဘော' တင်၍ကူးလာကြပေတော့မည်၊ အခန်းအတွင်းမီးအဖွင့်အပိတ်လုပ်သည်ကို မဒေးပွင့်မှ မေးမြန်းပါကလည်း ဖြေစရာစကားလုံးများကို စဉ်းစားပြီးသားဖြစ်၍ ရင်ကော့ကာ အိမ်သာတံခါးကိုဖွင့်၍ ထွက်လိုက်သည်။

အပြင်ရောက်ရောက်ခြင်း မဒေးပွင့်က ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ပြီး. . .

[illegible]

'ကိုအောင်'ဟု ညင်သာတိုးတိတ်စွာ ခေါ်လိုက်သဖြင့်

'ဟင်' ဟု ထူးလိုက်ရာ. . .

'ပွင့်တို့လိုလူမားတွေရဲ့စကားကို၊ ကိုအောင်တို့လိုယောကျ်ားတွေကယုံမှာမဟုတ်ပေမယ့် ပွင့်ကတော့ ပြောရမှာပဲ၊ ပွင့်ဟာလည်းချစ်တတ်တဲ့ နှလုံးသားရှိတာပဲ ကိုအောင်ရယ်၊ ကိုအောင့်ကိုလေ ပွင့်စတွေ့ကတည်းက ချစ်မိနေတာ'

'ကိုအောင်ကယောကျ်ားပီသတယ်၊ သိမ်မွေ့တယ်၊ စာနာတတ်တယ်၊ ပွင့်တို့ကို ဘယ်လိုအတန်းအစားတွေမှန်း သိပေမယ့် တကယ့် မိကောင်းဖခင်သားသမီးလို ဆက်ဆံတယ်၊ ဂရုစိုက်တယ် အဲဒီအပြုအမူတွေကြောင့် ကိုအောင့်ကို ပွင့် ချစ်မိနေခဲ့တာ'

'ဟိုက်' ကောင်းကြသေးရဲ့လားပရိသတ် (ကောင်းတာပေါ့ဗျာ) အိမ်ကဟာမကြီးနဲ့ရော မကွာပေဘူးလား (ကွာတာပေါ့ဗျာ)။

မျက်ရည်ဥများဝေ့သီနေသော သူမ၏မျက်ဝန်းအစုံက သူမ မှန်သောစကားပြောနေမှန်းသိရ၍ ကည်ငြိမ်နူးညံ့သော ကျွန်တော်၏ နှလုံးသားများလှုပ်ရှားသွားသည်။

ဟို. . အငြိမ့်ခွေထဲက လူရွှင်တော်ပြက်လုံးလို အိမ်က 'မယားဖိုး'ကို 'ဓားမတို' ဖြင့်ခုတ်ပစ်ချင်စရာ ကောင်းနေသည် မဟုတ်ပါကလား။

မှန်တာပြောချမ်းသာရပါလို၏ ပရိသတ်၊ မြင်မြင်သမျှကို မိကောင်းဖခင်သားသမီးဟု ထင်မြင်ယူဆတတ်သော ကျွန်တော်၏ စိတ်ဓာတ်ကိုကယောကျ်ားပီသခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဖြူစင်သန့်ရှင်းခြင်းပင် မဟုတ်ပါလားပရိသတ်၊ ဂုဏ်ယူပါတယ်ခေတ္တရာ ကြည်အောင်ရယ်ဟု ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူနေစဉ်မှာပင် မအေးပွင့်က ကျွန်တော့်ပါး ကို မွှေးမွှေးပေးရင်း. . .

'ကိုအောင်. . . အခုကုန်မယ့်ငွေကို၊ ကိုအောင်လုံးဝမပေးရဘူးနော်၊ ကိုအောင့်ငွေကို ပွင့်မယူရက်ဘူး. .'

အမယ်လေးဗျာ ရှိသမျှ နတ်အပေါင်းကယ်ကြပါ၊ ဒီကိစ္စကတော့ မဖြစ်ရေးချမဖြစ်ပါ၊ ရဲသိန်းတန် စီစဉ်ရေးဆွဲရိုက်ကူးသော မြကျွန်းသာ

စစ်ဆင်ရေး၏ အဖွင့်နိဒါန်းမီးစိမ်းကို ပြပြီးနေပြီ၊ အခန်းထဲရောက်လို့ နောက်ထပ်အချက်ပြလိုက်လျှင် သူတို့ဝင်စီး ကြပေရော့မည်။

မိတောင်းမခင်သားသမီးလေးများ လမ်းမှားမရောက်စေရန်နှင့် မအေးပွင့်တို့ညီအစ်မ လမ်းမှန်ပေါ်ပြန်ရောက်စေရန်အတွက်(မှန်သော စကားပါပရိသတ် မှုခင်းဂျာနယ်ထဲမှာ ခေတ်ပုံစေစေဆာဆာဖြင့် ထည့်ပြီး 'ဘော်ချက်'မှာကတော့တစ်ပိုင်းပေါ့) မဖြစ်ဖြစ်သည့်နည်းဖြင့် ဆက်လက် လုပ်ဆောင်ဖို့သာရှိသည်၊ ထိုကြောင့်. . .

'မဟုတ်သေးဘူးလေ ပွင့်ရယ်(လေသံနည်းနည်းပြောင်းသွားသည် ကိုသည်းခံကြပါခင်ဗျာ) ပွင့်ရဲ့စကားတွေအားလုံးကို၊ ကိုအောင် ယုံတယ်၊ ပွင့်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက ထွက်ပေါ်လာတဲ့ ရင်ထဲကပဲ့တင်သံ တွေမှန်းလည်း ကိုအောင်သိတယ်၊

ကိုအောင့်မှာလည်း ခံစားနားလည်တတ်တဲ့ နှလုံးသားလည်း ရှိတာ ပါပဲကွယ် (အချစ်ဝတ္ထုရေးစားချင်သူများ ကူးယူနိုင်ပါသည်၊ ကျွန်တော် ကိုယ်တိုင်ကလည်း ကူးရေးထားတာ မို့လို့ပေါ့) ဒါပေမယ့် ဒီငွေကိုတော့ ပွင့်လက်ခံရလိမ့်မယ်၊ ဒီငွေအတွက်နဲ့ကိုအောင့်ရဲ့ နှလုံးသားကို အညစ်နွမ်းမခံ နိုင်ဘူး'

ပြောပြောဆိုဆိုဖြင့် ဂျင်းဂျာကင်အပေါ်အိတ်မှငွေများကို နှိုက်ယူ လိုက်သည်၊ ဘုရား. . ဘုရား. . ကျွန်တော့် ရင်ခုန်သံတွေ မြန်သွားသည်၊ ရဲသိန်းတန်နှင့် စခန်းမှူးကြီးကိုယ်တိုင် နံပါတ်မှတ်၍ ပေးလိုက်သော ငွေစက္ကူ များတစ်ရွက်မှ မရှိတော့၊ အိတ်ကပ်အားလုံးကို နှိုက်၍ ရှာလိုက်ပြန်သည် လုံးဝမတွေ့၊ ကျွန်တော် ဇောချွေးများပြန်လာသည်။

ကျွန်တော်သေသေချာချာ ဂျင်းဂျာကင်အင်္ကျီအပေါ် ဘယ်ဘက် အိတ်ကပ်ထဲသို့ထည့်၍ ကြယ်သီးဖြင့်သေသေချာချာ ပိတ်ခဲ့သည်ကို အမှတ်ရမိ သည်။

ယခုကြယ်သီးကလဲတပ်ပြီးသား၊ သို့သော်လည်း ငွေတစ်ပြားမှ မရှိ တော့ အပြန်ပြန်အလှန်အလှန်အိတ်များကို နှိုက်နေသော ကျွန်တော့်ကို

ကြည့်၍ မအေးပွင့်ကနားမလည်နိုင်စွာဖြင့် ကျွန်တော့်လက်တစ်ဖက်ကို ဆွဲ၍ ဒွိဒိယိုကြည့်နေသော မခါကြီးအနားသို့ခေါ်သွားပြီး

'မာမီ. . . ဒါသမီးချွေသည်. .'

မခါကြီးက ကျွန်တော့်ကိုလှည့်ကြည့်ရင်း ပြုံးပြသည်၊

'မာမီ. . . လိုင်းကြေးမယူရဘူးနော်. . .'

ပြောပြောဆိုဆိုဖြင့် မအေးပွင့်က ကျွန်တော့်ကိုဆွဲခေါ်၍ ညာဘက် ထောင့်ရှိ အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်၊ မခါကြီးကလည်း. . .

'မအေး. . . မအေး. . သမီးသဘော. . သမီးသဘော. .'

ဟုပြော၍ စူပုတ်ပုတ်မျက်နှာပေးဖြင့် တီဗွီဘက်သို့ လှည့်သွားသည်၊

ပိုက်ဆံလည်းတစ်ပြားမှမရှိဘဲနှင့် ကမြင်းကြောထချင်လို့ ကောင် မလေးတွေကို ညာပြီးမြူဆွယ်နေတဲ့ကောင်ဟု အဓိပ္ပာယ်ရသော မခါကြီး၏ စူပုတ်ပုတ်မျက်နှာပေးကြောင့်ဒေါသများ ယောင်းခနဲ ထသွားသလို၊ ထိုစူပုတ် ပုတ်မျက်နှာပေးကြောင့်ပင် အိမ်ကဟာမကြီး၏ မျက်နှာကို 'ဖျပ်' ခနဲသတိရ သွားသည်၊

ဟုတ်ပြီ ဒါ ခင်းလက်ချက်၊ သေချာတယ် ဒါ. . ခင်းလက်ချက်၊ ကျွန်တော်အိမ်သာထဲဝင်နေတုန်း ချွတ်ထားခဲ့သည့် ဂျင်းဂျာကင်အကျီကို သူမရှာဖွေလိမ့်မည်၊ ငွေများတွေ့သောအခါ သူမဆီက 'ဘုံး' ထားသော 'တို့' ထားသော၊ 'ဘတ်' ထားသော၊ 'ကစ်' ထားသော၊ 'ဖျောင်' ထားသော 'နိုက်' ထားသော၊ 'နိုက်' ထားသောငွေများဟုထင်ပြီး သူမယူထားလိုက်လိမ့်မည်၊

ထိုစဉ် မအေးပွင့်က ကျွန်တော့်ကို အခန်းအတွင်းသို့ဆွဲသွင်းကာ တံခါးကို 'ဂျက်' ထိုးလိုက်ပြီး အခန်းမီးကိုပါပိတ်လိုက်သဖြင့် ကျွန်တော်လည်း ယောင်ယမ်း၍ လျှင်မြန်စွာ မီးကို ပြန်ဖွင့်လိုက်ရင်း. . .

'နေ. . . နေပါဦး ပွင့်. . . ကိုအောင်စမ်းလိုက်ဦးမယ်'

အ. . ထစ်ထစ်. . ယောင်. . အအဖြစ်နေသော ကျွန်တော့်ကို မအေးပွင့်က အားမလို အားမရဖြင့်. . .

'ဘာဖြစ်နေတာလဲ. . . ဘာကိုစမ်းမှာလဲ. . .'

ဟုချပ်ညှညှပြောရင်း မီးခလုတ်ကို 'ထောက်' ခနဲပြန်ပိတ်လိုက်သဖြင့် ကျွန်တော်က တုန်တုန်ရင်ရင်ဖြင့် မီးခလုတ်ကို ပြန်ဖွင့်လိုက်ရင်း. . .

'ဟိုဟာ. . ဟိုဟာကိုစမ်းမှာ အဲ. . . အဲ. . . ပိုက်ဆံကိုစမ်းမှာ၊ ကိုအောင့်ပိုက်ဆံတွေက နံပါတ်မှတ်ထားတာ အခုဘယ်ရောက်နေလဲလို့ စမ်းမှာ'

မအေးပွင့်က တ. . ခစ်. . ခစ်. . အသံထွက်အောင် ရယ် ရင်း. . .

'ပိုက်ဆံများ နံပါတ်မှတ်ထားရတယ်လို့ ကိုအောင်ရယ် ဟ. . ဟင်း. ဟင်း'

ထိုအခါမှ ကျွန်တော့်အမှားကိုသတိရလိုက်ပြီး. . .

'နံပါတ်မှတ်ထားတာ မဟုတ်ပါဘူး၊ နံပါတ်ကို မှတ်မိနေတာပါ'

ကျွန်တော်က အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်စဉ် မအေးပွင့်က ကျွန်တော့်ကိုသိုင်းဖက်၍ အနမ်းမိုးရွာရင်း. . .

'ကိုအောင်ကမှတ်ဉာဏ် သိပ်ကောင်းတာပဲနော်. . .'

ဟုကန့်ကရပြောပြီးနောက်၊ မီးပိတ်ရန် ခလုတ်ကိုလက်လှမ်းလိုက်သဖြင့် ကျွန်တော်က သူ့မလက်ကို ဆွဲယူထား ထားလိုက်ရင်း စိတ်ထဲမှလည်း ဒီ. . ဒီ. . တစ်ခါ မီးပိတ်လိုက်ရင် သုံးခါပြည့်ပြီ၊ သုံးခါပြည့်ရင် ရဲသိန်းတန်တို့က ရေကန်ကို ကူးလာကြတော့မယ်၊

ကူးလာပြီးလို့ ဝင်ဖမ်းရင်ဘယ်မှာလဲ နံပါတ်မှတ်ထားတဲ့ ပိုက်ဆံတွေက ကယ်ကြပါဦးဗျာတို့ နံပါတ်မှတ်ထားတဲ့ပိုက်ဆံတွေက ကျွန်တော့် အိမ်ကဟာမကြီးဆီမှာ အသေအချာကို ရှိနေမှာပဲ၊

လင့်ပိုက်ဆံ မယားခိုးယူမှုနဲ့ ဖမ်းလို့ကတော့ ဒီထက်သတ်သေ ခိုင်လုံတာမရှိ ခင်းဘယ်လိုမှငြင်းလို့မရ၊ အလီဘိုင်လည်းပြလို့မရ ဒါ. . . ဒါပေမဲ့. . . အခုရဲသိန်းတန်တို့က ဒီကိုဝင်စီးမှာ၊ ငါဘာလုပ်ရမလဲ . . ငါ ဘာလုပ်ရမလဲ၊

ကျွန်တော့်ရင်တွေ 'တဒိန်းဒိန်း' ခုန်လာသည်၊ မအေးပွင့်က ကျွန်တော့်လက်ထဲမှ သူ့မလက်ကိုရုန်းလိုက်ရင်း. . .

'မီးမွှင့်ထားရင် ပွင့်တရှက်တယ် ကိုအောင်ရဲ့၊ မီးပိတ်လိုက်မယ်နော်'

ပြောပြောဆိုဆိုဖြင့် မီးပိတ်ရန်ပြင်လိုက်ရင်း ကျွန်တော့်မျက်နှာကို ကြည့်လိုက်ရာ အငြိမ့်လှရှင်တော် ငြိမ်းချမ်း၏ မျက်လုံးထက်နှစ်ဆခန့်ပိုပြီး ပြူးကျယ်ဝိုင်းစက်နေသော မျက်လုံးပြူးပြူးကြီးနှင့် ရေချိုးထားသကဲ့သို့ တသွင်သွင်စီးနေသော ချွေးချောများ၊ မီးကြိုးများမချိမဆန့် ဝိုင်းသွယ်ခြင်းခံထားရသော မာတ်တိုင်ကဲ့သို့ထိုးထိုးထောင်ထောင်ဖြင့် ဖြစ်ချင်တိုင်း ဖြစ်နေသောဆံပင်များ၊ အောက်ခံဖို့မြေမရှိတော့သည့် ခြတက်ထား၍ ယိုင်လဲလုလုဖြစ်နေသော တယ်လီဖုန်းတိုင်နှင့် အလားသဏ္ဍာန်တူနေသော ကျွန်တော့်ခန္ဓာကိုယ်ကြီးနှင့်တကွ ရုပ်ဆင်းအင်္ဂါသာမက၊ ဗုဒ္ဓဟူး၊ ကြာသပတေးသောကြာအထိ တွေမြင်သွား၍ မအေးပွင့် ရုတ်တရက် ကြောင်သွားပြီး. . .

'ကိုအောင်. . . ကိုအောင် ဘာဖြစ်နေတာလဲ'

ကျွန်တော်က တံတွေးကို 'ဂလု' ခနဲ အသံမြည်အောင် မျိုချလိုက်ရင်း. . .

'ရင်. . . ရင်. . . တွေ . . . ပူ . . . အဲ. . . အဲ . . . . ရင်တွေခုန်နေတာ. . .'

'အမလေး. . . ကိုအောင်ရယ်. . . အတွေ့အကြုံမရှိတဲ့ လူမျိုကလေး ကျနေတာပဲ၊ ဘာလဲ အိမ်ကအိမ်ရှင်မကို သတိရနေလို့လား. . .'

'ရတယ်. . . ရတယ်. . . အရမ်း အရမ်းကိုသတိရတာပဲ. . .'

ကျွန်တော့်ပါးစပ်ကယောင်ပြီး လွှတ်ခနဲထွက်သွားရာ၊ မအေးပွင့်က ကျွန်တော့်ကို တွန်းထုတ်လိုက်ပြီး ခုတင်ပေါ်သို့သွားကာ တရှုံ့ရှုံ့ ငိုရင်း . . .

'သိပါပြီ ကိုအောင်ရယ်. . သိပါပြီ. . ကိုအောင်ဟာလေ ကိုယ်မိန်းမကလွဲလို့ တခြားမိန်းမကိုမပြစ်မှားဝံ့တဲ့ သစ္စာရှိတဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်၊ သူတော်ကောင်းကြီးဆိုတာ ပွင့်သိပါပြီ. . . ရှုတ်ရှုတ်. . . ကိုအောင်အတွက်လည်း ဂုဏ်ယူပါတယ် ပြီးတော့ . . . ပြီးတော့ . . . တန်ဖိုးမရှိ . . . သိက္ခာမရှိတဲ့ တွေသမျှ ယောကျ်ားကိုမြူဆွယ်နေရတဲ့ ဘဝကိုလည်း . . . ပွင့်. . . ပွင့်. . . အီး. . . အီး. . . အီး. . .'

မအေးပွင့်၏ စကားများကြောင့် ကျွန်တော့်မှာ အုတ်နံရံကိုပဲ ခေါင်းနဲ့ တိုက်လိုက်ရကောင်းမလား၊ ရေကန်ထဲကိုပဲ တစ်ခါထဲခုန်ချ လိုက်ရကောင်းမလား၊ ကိုယ့်လည်ပင်းကိုယ်ပဲ ညှစ်ပစ်လိုက်ရ ကောင်းမလား၊ ဘာလုပ်ရရင်ကောင်းမလဲဟု မတွေးတတ်တော့ဘဲ ခုတင်နားသို့ သွားကာ မအေးပွင့်၏ ပခုံးလေးကိုပုတ်လိုက်ရင်း. . .

'မဟုတ်ဘူးလေ. . . မှား. . . နေ. . . ပြီ. . . ဟိုဟာကမှားနေပြီ. . .'

'ဘာကမှားနေတာလဲ. . . ဟီး. . . ဟီး. . . ဟီး. . .'

မအေးပွင့်က ဆူဆူအောင့်အောင့်ဖြင့်အော်ရင်း ထပ်ငိုလိုက်သည်။

မှန်တာပြော သစ္စာပါ ပရိသတ်၊ မှားတာကတော့ ဝတ်ဝက်တွဲအောင်ကို မှားနေပါပြီ ဘာမှားနေတာလဲလို့ ကျွန်တော်လည်းရှင်းမပြတတ် ကျွန်တော့်မှာ အရေးတကြီးတွေးစရာ၊ ရွေးစရာကနှစ်လမ်းရှိနေသည်။

တရှုံ့ရှုံ့ငိုနေသော မအေးပွင့်ကိုချော့မော့ရမည်လော (ငိုနေသော မိန်းမကိုချော့ရတာ ဘယ်လောက်ကောင်းသလဲဆိုတာ အိမ်ထောင်သည်ချင်း ကိုယ်ချင်းစာကြည့်ပေါ့ဗျာ၊ အိမ်ထောင်မရှိသေးရင်လည်း ကြုံတွေ့ပြီးတော့ ကိုယ်ချင်းစာလိုက်ပါ)။

ရဲသိန်းတန်တို့ကို အစီအစဉ်ဖျက်သိမ်းကြောင်း အသိပေးရန်အတွက်ရေကန်ဘက်သို့ပြေးပြီး မလာကြနဲ့ဟေ့. . . မလာကြနဲ့ဦးဟ. . . ဟု အော်ရလျှင်ကောင်းမည်လော။

ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် အကြံတစ်ခုရလိုက်သဖြင့်. . .

'ပွင့်. . . ပွင့်. . . ရယ်. . .'

ကျွန်တော်က တယုတယဖြင့် ခေါ်လိုက်ရာ၊ မအေးပွင့်က မျက်ရည်လည်ရွှဲဖြင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။

'ပွင့်ကို. . . ကိုအောင်ချစ်ပါတယ်ကွယ်. . .'

မအေးပွင့် အငိုတိတ်သွားသည်၊ ကျွန်တော်က သူမ၏မျက်ရည်စလေးများကို ယုယုယယဖြင့် သုတ်ပေးလိုက်ရင်း. . .

'ကိုအောင့်ကိုချစ်ရင်. . . ကိုအောင်မိုင်းတာတစ်ခုကိုတော့ ပွင့် သပ်ပေးပါနော်'

မအေးပွင့်က ကျွန်တော့်ကိုဖက်လိုက်ရင်း. . .

'ပြောကိုအောင်. . . ကိုအောင့်အတွက်ဆို ပွင့် ဘာလုပ်ပေးရ ပေးရ လုပ်ပေးမယ်. . . ဒါပေမယ့်. . . ဟို. . . တစ်ခုကိုတော့ ခွင့်လွှတ်ပါနော်. . .'

အရေးထဲဗျာ ဘယ်တစ်ခုကို ခွင့်လွှတ်နိုင်းနေပြန်မှန်း ကျွန်တော် သိ၊ စဉ်းစားရန်အချိန်ကလည်းမရှိ၊ ထို့ကြောင့်. . .

'ဟုတ်ပြီ ဒါဆိုရင် မီးမပိတ်လိုက်နဲ့နော်၊ မီးကိုလုံးဝ မပိတ်လိုက် နဲ့နော်'

ပြောပြောဆိုဆိုဖြင့် သူမကိုယားခဲ့ပြီး တံခါးဖွင့်၍ထွက်လာခဲ့သည်၊ သူမငိုနေမလား၊ ဆဲနေမလား ဘာဖြစ်နိုင်မလဲ တွေးပင်မတွေးနိုင်တော့ဘဲ အိမ်သာဘက်သို့ အပြေးအလွှားလာခဲ့သည်။

အိမ်သာမီးကို လေး၊ ငါး၊ ခြောက်ခါဖွင့်လိုက်၊ ပိတ်လိုက်လုပ်ပြ လိုက်လျှင်ဖြင့် အတင်းပါးသောရဲသိန်းတန်တို့က ကျွန်တော် အခက်အခဲ တစ်ခုခုဖြစ်နေ၊ ရှိနေပြီကိုသိလောက်၊ သဘောပေါက်လောက်ပါသည်။

အိမ်သာရှေ့ရောက်တော့ ရင်ဆို့သွားသည်၊ အထဲမှာလူတစ်ယောက် ရှိနေသည်၊ မစောင့်နိုင်တော့၍ တံခါးကိုခေါက်လိုက်ရာ. . .

'ဟာ. . . ဘာအရေးကြီးနေလဲ သယ်ရင်းရဲ့ ဗီမှာ အပိုင်း 'တစ်' ပြီးသေးတယ်'

အိမ်သာထဲမှ အာလေး၊ လျှာလေးဖြင့်အမူးသမားတစ်ယောက်၏ အသံထွက်လာသဖြင့်. . .

'အဲ. . . အင်း. . . အရေးကြီးလို့ပါ သူငယ်ချင်းရယ် နောက်မှ အပိုင်း နှစ်၊ အပိုင်း 'သုံး' ကိုဆက်ပါကွာ မြန်မြန်တံခါးဖွင့်ပါတော့'

'ဖြစ်မလားကွ ဗီမှာက တန်းလန်းကြီးနဲ့ အတင်းကြော်ငြာဖြတ်ဝင် ခိုင်းရမလား'

အရေးထဲဗျာ တရုတ်ဇာတ်လမ်း ထုတ်လွှင့်သူနဲ့ လာတွေ့နေရတယ်၊

အခုအချိန်လောက်ဆို ဟိုကောင်တွေ ရေလယ်ခေါင်ရောက် လောက်ပြီ အချိန်မရှိတော့၍. . .

'သယ်. . . သယ်ဂျင်းရေ. . . ဒီမှာ မအောင့်နိုင်တော့လို့တံခါး ဖွင့်ပေး လားကွာ. . .'

'မြစ်တူး သယ်ဂျင်းရဲ့ ဒီမှာက အလကားရလို့ ဘုန်းနှိခေါက်ဆွဲ ဈေး လေး ငါးပွဲစားလာတာဆိုတော့ သံယောဇဉ်က အမှုင်တတန်းတန်းနဲ့ မှိုပါကွာ သယ်ဂျင်း မနေနိုင်ရင်လည်း ရေစပ်ကိုသွားကွာ၊ မြွေမကိုက်ပါဘူး မြွေ မြွေချင်း မြေမြင်ပါတယ်ကွ. . .'

အမလေးဗျာ ဘယ်မြွေက၊ ဘယ်မြွေကို မြေမြင်ခိုင်းနေတာလဲ အမူးသမားရဲ့၊ ကျွန်တော်ဘာလုပ်ရမှန်းမသိဘဲ ခုန်ဆွ၊ ခုန်ဆွဖြစ်နေစဉ် ဆိုင်၏နောက်ပေါက်မှ ဆီသဘော်က ကျွန်တော့်သူငယ်ချင်း ထွက်လာပြီး ကျွန်တော့်ကိုမြင်သွားသဖြင့်. . .

'ဟ ကောင်ရ မြန်လှချည်လား၊ အေးကွာမြန်တာပဲကောင်းပါတယ် မင်းကိုလူတစ်ယောက် လာရှာနေတယ်၊ ဘာဖြစ်လို့လဲမသိဘူး'

'သူဘာဖြစ်ဖြစ် အရေးမကြီးဘူး၊ ငါ့ကိစ္စက မပြီးသေးဘူး မပြီးသေးဘူး'

'ဟော. . . ဖွတ်ပါလား၊ ဒါမျိုးမှကြိုက်တာ ကဲ. . ကဲ. . . မင်းကိစ္စ မပြီးသေးဘူးဆိုတဲ့အကြောင်း မင်းဟာမင်းသွားပြောကွာ ဆိုင်ရှေ့မှာ ဟိုဂျစ်ကား နဲ့ကောင်စောင့်နေတယ်'

ဘုရားရေ ဂျစ်မောင်မောင်စောင့်နေတယ်ဆိုပါလား၊ သူ့ကို မြန် မြန်သွားပြောမှဖြစ်မည်၊ ထို့ကြောင့် ဖရောသောပါးဖြင့်ဆိုင်ရှေ့ကို ထွက်လိုက် တော့ ဂျစ်မောင်မောင်က ဘီယာဘူးကိုကိုင်ရင်း တွေ့လိုက်ရသည်။

ဒီလောက်အသည်းအသန် ဖြစ်နေတာတောင်မှ ဒီကောင်က အေးအေးဆေးဆေး ဘီယာသောက်မလို့လုပ်နေတာ တွေ့လိုက်ရသဖြင့် ဒေါသများ တထောင်းထောင်းထသွားသည်။

'ဟေ့ကောင် လာမြန်မြန်သွားမယ်. . .'

'ဩော်. . . အေး. . . ငါက မင်းကြာဦးမယ်မှတ်နေတာ. . .'

ကျွန်တော်က ကားဆီသို့သွားရင်း လူရှင်းရာအရောက်. . .

'ဟေ့ကောင်. . . သိန်းတန်တို့ကိုမြန်မြန်သွားတားစမ်း၊ ငါ့တို့ရဲ့ အလုပ်မဖြစ်ဘူး မြန်မြန်သွားတားကွာ'

ဂျစ်မောင်မောင်က အူကြောင်ကြောင်ဖြင့် ကျွန်တော့်ကိုကြည့်ရင်း-

'ဟို ညီအစ်မတွေက 'ဟိုဟာ' မဟုတ်ဘူးလား'

'ဟိုဟာကဟုတ်တယ် မဟုတ်တာက ဟိုဟာမဟုတ်ဘူး'

'မင်းဘာတွေပြောနေတာလဲ ဘီယာလေးတောင် ငါအေးအေး ဆေးဆေး မသောက်ရဘူး'

ဂျစ်မောင်မောင်က ကားစက်ကိုနှိုးပြီး ဘီယာကိုမော့နေသဖြင့် ကျွန်တော်က သူ့လက်ထဲမှ ဘီယာဘူးကိုဆွဲယူလိုက်ရင်းဖြစ်ပုံ၊ ပျက်ပုံ အလုံးစုံကို အမြန်ပြောပြလိုက်သည်။ ဂျစ်မောင်မောင်က 'တခွီးခွီး' ရယ်ရင်း

'မင်းတို့တွေ ဒီဆိုင်ကိုသွားကြပြီလို့ သတင်းရရခြင်း ရဲသိန်းတန် တို့အဖွဲ့က ငါ့ကားနဲ့ ရေကန်ဘက်ကိုလာမလို့ လုပ်တုန်း အထက်ကနေ ကော်ဆီတ်'(message) ဝင်လာတယ်၊ မခါကြီးကိုမဖမ်းရဘူးတဲ့'

'ဘာကွ မခါကြီးကို မဖမ်းရဘူးဟုတ်လား၊ မခါကြီးက ဟိုဟာ အကြီးစားကြီးကွ၊ ဒါကို အထက်ကမဖမ်းရဘူးဆိုတော့ ဒါဘာသဘောလဲ'

ကျွန်တော့်စကားမဆုံးခင် ဂျစ်မောင်မောင်၏ လက်တစ်ဖက်က ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်ပြီး

'မခါကြီးက ဟိုဟာအကြီးစားကြီးတင် မကဘူး၊ ကောင်မလေး တွေကို နိုင်ငံခြားကိုညာရောင်းစားတဲ့ အဖွဲ့ထဲမှာလည်းပါတယ်ကွ၊ ဒါကြောင့် ကွင်းဆက်ပြတ်သွားမှာစိုးလို့ မဖမ်းနိုင်းတော့တာတဲ့ကွ၊ ကြိုးရှည်ရှည်နဲ့ လှန်ထား တာလား မသိဘူး။

မင်းသိတဲ့အတိုင်း မင်းတို့ ငါတို့က ရဲတွေရဲ့လုပ်ထုံးလုပ်နည်းကို ဘယ်လိုလုပ်ပြီး အသေးစိတ်ကိုသိနိုင်ပါ့မလဲ၊ အဲဒါကြောင့် အစီအစဉ်ကို ဖျက် လိုက်ပြီး မင်းကိုပြောရအောင် ငါလာခဲ့တာ'

မင်းအလာကောင်းပေမယ့် ငါ့မှာတော့အခါနှောင်းခဲ့ပါပြီ ဂျစ်မောင်

မောင်ရယ်ဟုသာ အော်ဟစ်လိုက်ချင်ပါတော့သည် မရိုသတ်။

ဂျစ်မောင်မောင်က ကားကိုမောင်းရင်း ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး. . .

'ရဲမှူးကြီးကသူ့ပိုက်ဆံတွေ ဆုံးရင်လည်း ဆုံးပါစေတဲ့ ပြန်မတောင်းခဲ့နဲ့တဲ့ ပြီးတော့ဒီကိစ္စဟာ သိပ်အရေးကြီးလို့ ဘယ်သူမှမသိပါစေနဲ့လို့လည်း မှာလိုက်သေးတယ်ကွ၊ ဟီ. . ဟိ. . . ရဲစရိုက်နဲ့ ဟိုခင်။ ဟိုဟာလုပ်ရတာ မင်းတစ်ယောက်ပဲ ရှိသေးတယ်။

'ကဲ. . တဲ. . . မင်းမိန်းမဆီက ပိုက်ဆံကိုပြန်တောင်းပြီး မင်းနဲ့ ဘီယာအ၀ သောက်ကြတာပေါ့ကွာ'

ကျွန်တော်က ဒေါသတကြီးဖြင့် ဂျစ်မောင်မောင်ကို ကြည့်လိုက်ရင်း. . .

'ဘာကွ၊ ရဲမှူးကြီးက သူ့ပိုက်ဆံတွေဆုံးရင် ဆုံးပါစေပြန်မတောင်းခဲ့နဲ့တဲ့ဟုတ်လား'

'အေးလေ အခုအချိန်လောက်ဆို ပိုက်ဆံတွေကို မင်းကဟိုမှာ ပေးပြီးပြီလို့ ရဲမှူးကြီးက ထင်ထားတာကိုးကွ'

'ပိုက်ဆံတွေက ငါ့မိန်းမဆီမှာပဲ'

'အဲဒါကြောင့် မင်းမိန်းမဆီကိုသွားတောင်းဖို့ပြောနေတာပေါ့'

'ဘယ်လိုပြောတောင်းမှာလဲ ငမောင်ရဲ့ ငါဟိုဟာလုပ်ဖို့ ရဲမှူးကြီးကပေးလိုက်တာပါလို့ပြောရမှာလား'

'အဲ. . . အဲလိုပြောလို့တော့ ဘယ်ဖြစ်မှာလဲ၊ ဒါပေမယ့် သေသေချာချာတော့ရှင်းပြရမှာပေါ့'

'ဟာ. . . ဒီကိစ္စကြီးက ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းသိရဲ့သားနဲ့၊ ငါ့မိန်းမကို သွားရှင်းပြရင် တစ်မြို့လုံးကိုတစ်ယောက်မကျန် ရှင်းပြသလို ဖြစ်သွားမှာပေါ့ကွ၊ ဒီကိစ္စကိုသူများတွေ သိကုန်မှာစိုးလို့ ဒီကိစ္စ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိလို့ ဒီလောက်ကပ်စေးနဲတဲ့ ရဲမှူးကြီး သူ့ငွေတွေအဆုံးခံလိုက်တယ် ဆိုတာရော မင်းသဘောပေါက်ရဲ့လား. . .

'အဲ. . . အေး. . . ဟုတ်တယ်၊ ဒီကိစ္စကို မင်းမိန်းမသိလို့ မဖြစ်ဘူး နောက်ပြီး ဒီငွေတွေဟာလည်း ရဲမှူးကြီးငွေတွေလို့လည်း သိလို့ မဖြစ်ဘူးကွ မင်းမိန်းမသာ သိသွားရင်လေ လူစုံချိန်ဈေးလယ်ကောင်မှာ အာဘောင်အာရင်းသန်သန်နဲ့ ပြောနေမှာကို မြင်ယောင်မိသေးတယ်ဟေ့၊ ကဲပါကွာ အဲဒီငွေတွေကိုလည်း အဆုံးထားလိုက်ပါတော့'

'အဲဒီငွေတွေကို အဆုံးထားလို့ရော ရမလားကွ၊ အခု ငါအိမ်ပြန်ရောက်ရင် ဒီငွေတွေဘယ်ကရသလဲလို့ ငါ့ကိုမေးတော့မယ်၊ ငါမဖြေနိုင်ရင် သူ့ငွေတွေငါခိုးထားတာ သေချာပါတယ်ဆိုပြီး ငါ့ကို ပြဿနာ ရှာတော့မှာမရောမင်းတွေးမိလား'

ပြောပြောဆိုဆိုဖြင့် ဂျစ်မောင်မောင်၏ ကားသည် ကျွန်တော့်ဆိုင်ရှေ့သို့ရောက်လာသည်၊ ဆိုင်တွင်းမှာလူလည်း တော်တော်ရှင်းနေသည်၊ ကျွန်တော့်မိန်းမက ဆိုင်အတွင်းမှနေ၍ ကျွန်တော့်ကိုလှမ်းကြည့်နေသဖြင့် ကျွန်တော့်ရင်တွေ 'တဒိန်းဒိန်း' ခုန်လာပြန်သည်၊ ရင်ခုန်ရတာတွေကများလွန်းလှသဖြင့် အခုအချိန်တွင် ကျွန်တော့်ဦးနှောက်က ညဏ်နီ၊ ညဏ်နက်တွေထွက်မလာနိုင်တော့ပေ။

သူမကဆိုင်အပြင်သို့ထွက်ဖို့ဟန်ပြင်နေသည်၊ တိုက်ပွဲခေါ်သံပေါ့ခင်ဗျာ. . . ကားပေါ်မှ မဆင်းဘဲ ပေကပ်နေသော ကျွန်တော့်ကို ဂျစ်မောင်မောင်က တွန်းချရင်း. . .

'သူများလင်မယားကြား ဝင်မပါပါရစေနဲ့ကွာ၊ မင်းမိန်းမကို ကြောက်လွန်းလို့ပါ'

ပြောပြောဆိုဆိုဖြင့် ကျွန်တော့်ကိုကားပေါ်မှချပြီး သူ့ဂျစ်ကားကို ပြန်ထွက်ဖို့ကွေ့နေသည်၊ ထိုစဉ် ဆိုင်အတွင်းမှ သီချင်းသံလေးက မိုးသက်လေကလေးနှင့်အတူ လွင့်ပျံ့လာသည်။

'မပေတော့ပါဘူး. . . မမိုက်တော့ပါဘူး . . . ဆုံးဖြတ်ချက် လုံးလုံးချကာရယ်. . . သခင့်ဆီ. . . အပြေးပြန်လာမည်. . . . သခင့်ဆီ . . . အပြေးပြန်လာမည်အချစ်ကလေးဆီ. . .'

ဟုတ်ကဲ့ပါ နိုင်းထီးဆိုင်ရယ် ခင်ဗျားသိချင်းအတိုင်းပါပဲ။ ဆုံးဖြတ်ချက်ကို လုံးလုံးကြီးချလိုက်ပါပြီ။ မယူပေမယ့်ယူမိပါတယ်၊ မခိုးပေမယ့်ခိုး မိပါတယ်၊ မလိမ္မာ ခဏ. . . ခဏ မိုက်လေးမိုက်ခွင့်လွှတ်ပါလို့ တောင်းပန်ရတော့မှာပဲ၊ ဟိုကဗျာဆရာမကြီး ကြည်အေးရဲ့ စကားလုံးနဲ့ဆို မီးမှိတ်တော့လည်း ညည်းစိတ်လျှော့ရတော့မှာပဲ မဟုတ်လား ခေတ္တရာသူ ကြီးရဲ့။

ဆုံးဖြတ်ချက်ကိုချပြီးပြီမို့ ဂျစ်မောင်မောင်၏လက်ကျန်ဘီယာဘူး ကို အကုန်မော့ပြီး ဘူးခွံကို လွှင့်ပစ်လိုက်ကာ ဆိုင်အပြင်သို့ထွက်စ ပြုနေသော သူမနှင့်ရင်ဆိုင်ရန်အတွက်. . . ရင်ကိုကော့ကာဝင့်ကြွား သောဟန်ဖြင့် ခြေလှမ်းပြင်နေသော ကျွန်တော့်၏ပုံသဏ္ဌာန်မှာလည်း မြန်ကွေ့ လာသော ဂျစ်မောင်မောင်၏ ဂျစ်ကားစုတ်ကြီး၏ မီးရောင် အောက်တွင် တိုက်ပွဲကြီး တစ်ပွဲကို အောင်မြင်စွာ ဆင်နွှဲတော့မည့် စစ်သူကြီး၏ ပုံသဏ္ဌာန်အလား ထင်မှားနိုင်ပါပေ၏။

ထို့ ၁၃ ဂျစ်မောင်မောင်၏ ဂျစ်ကားကျွန်တော့်အနားရောက်လာပြီး. . .

'ဟေ့ကောင်. . . ကြည်အောင်. . . ကြည်အောင်. . . အခု ကားမီးရောင်နဲ့မှ သေသေချာချာမြင်ရတယ် မင်းရဲ့ပါးမှာရော၊ လည်ပင်းမှာရော အင်္ကျီမှာပါ နှုတ်ခမ်းနီရာတွေ အများကြီးပဲ အဲဒါတွေ ဖျက်လိုက်ဦး'

ဟုပြောပြောဆိုဆိုဖြင့် ကားကိုမောင်းထွက်သွားလေတော့သတည်း။

* * *

ရဲသိန်းတန်၊ဂျစ်မောင်မောင်နှင့်

သရေခေတ္တရာကြည်အောင်

တို့၏

စိတ်ကူးတွေယဉ်၍ထိပ်ဖူးတွေကျဉ်နေသူ

အသေခါတ္တည်ဝါ ဒေဝစ္စရာ

သူတော်ကောင်းတွေ ကိန်းအောင်းမွေ့လျော်သည့် စုံတော မဟာမြိုင်ကြီး မဟုတ်ပေလင့်ကစား၊ ရှုကြည့်လေလေရာ စိမ်းစို၍ နေပြောက် မထိုးနိုင်လောက်အောင် အမြိုင်းအရှိုင်း ပေါက်နေသော သစ်ပင်မျိုးစုံ၊ ဝါးရုံပင်မျိုးစုံတို့ကြောင့် မဟာမြိုင်တောကြီးနှင့်တင်စားမည် ဆိုလျှင်လည်း တင်စားနိုင်လောက်သော 'ဓမ္မိကဝတီ'တောရကျောင်းလေး၏ ပတ်ဝန်းကျင်သာဖြစ်ပါသည်။

မြို့နှင့် ရွာနှင့် လူနှင့် သူနှင့် လေးဝါးမိုင်ခန့် ဝေးသဖြင့် လူသံ၊ သူသံတိတ်ဆိတ်ငြိမ်သက်နေသော်လည်း ဓလနုအေးလေး၏ သွေးဆောင်မှုကြောင့် ယိမ်းတနေကြသော ဝါးရုံပင်တို့၏ အသံသည် လည်းကောင်း၊ ရော်ဝါရွက်တို့၏ လေဟုန်စီးရင်း တေးသီနေသည့် ..အသံသည်လည်းကောင်း. . .

ဟိုးအဝေးရှိ ပင်ယံအိုထိပ်များမှ ဖော်ကျွဲဝေးနေသော ချိုးငှက်ငယ်၏ လွမ်းတေးသီသည့် တကူကူး တကူကူး ဟူသည့် အသံများမှတစ်ပါး သတ္တလောကကြီးတစ်ခုလုံး တိတ်ဆိတ်အေးချမ်းနေသဖြင့် သံသရာတည်းဟူသော 'ဝဲသြုယ်'မှ လွတ်မြောက်ရန်အတွက် တရားအားထုတ်သည့် သူတော်ကောင်းများ မွေ့လျော်ရာ ဤဓမ္မိကဝတီတောရ ကျောင်းလေးသို့

တစ်ခါ၊ တစ်ခေါက် လာရောက်လည်ပတ်မိသူ အဖို့မှာတော့ သောကအပူ ဟူသမျှငြိမ်းချမ်းသွား၍ စိတ်အေးချမ်းသာမှုကို လက်တွေ့ခံစားရမည်မှာ မြေကြီးလက်ခတ် မလွဲနိုင်ပါပေ၊

သို့ပါသော်လည်း ဤခမ္ဘီကဝတီတောရကျောင်းလေးမှတစ်ပါး အခြား ခြေချစရာ မြေနေရာတစ်ပေမှမရှိသည့် ကျွန်တော် သရေခေတ္တရာကြည် အောင်အဖို့မှာတား. . .

ရော်ဝါရွက်တို့၏ တေးသီသံ 'တဖျောက်ဖျောက်'ကို ကျွန်ုပ်၏ ချစ်လှစွာသော ရှမငြိးသည့် ဇနီးချော ခေတ္တရာသူကြီး၏ ခြေသံလေးများ လား. . .

ပင်ဝါးရုံတို့၏ယိမ်းကသံ 'တရှဲရှဲ' ကိုလည်း ကျွန်ုပ် နှလုံးသည်း ပွတ်မကာ မြတ်နိုးတွယ်တာရပါသော ခေတ္တရာသူကြီး၏ ရှုရှုသံ အဲ. . . တရှဲရှဲဖြင့် မုန့်ကြော်သံလေးများလား. . .

ဝိုးတဝါး အတွေးဖြင့် လွမ်းစိတ်တွေ ယိုဖိတ်နေရသည့်အထဲ၊ ဖော်ကွဲ ငှက်ငယ်ချိုးကလေး၏ တကူကူး. . . တကူကူး ဆိုသည့် လွမ်းတေးသံကလည်း ကျွန်ုပ်၏နားသောတဝယ် 'တစ်ဂိုး ကြော. . . တစ်ဂိုး ကြော. . .'ဟုကြားယောင် မိပါ၍ ယခုချက်ချင်းပင်လူပျိုကြီး မိုးထွန်း၏ စလောင်းတပ်ထားသော ဗွီဒီယိုရုံသို့ပြေးသွားချင်လောက်အောင် သွေးဆောင်နေပါသဖြင့် အကျွန်ုပ်၏ လက်ထဲတွင်ကိုင်ထားသော တစ်ရာ ရှစ်လုံးပုတီးကုံးပင်လျှင် လွတ်ကျမိပါတော့ သည် ပရိသတ်. . .

သို့ပါသော်လည်း စိတ်ရှည် ဖွဲ့သန် သည်းညည်းခံ ပြုရန်သာသနာ ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ထား၍သော်လည်းကောင်း၊ အတိတ်ကို အတိတ်မှာချန်၊ အနာဂတ်ကိုမစဉ်းစားနဲ့ ပစ္စုပ္ပန်ကိုတည့်တည့်ရှုသော 'ဘဘုန်းကြီး'၏ ဆုံးမစကားကို ချက်ချင်းပင်သတိရမိ၍ လွင့်မြော နေသော စိတ်ဆင်ရိုင်းကို သတိဟူသော 'ချွန်း'လက်နက်ဖြင့် ပြန်လည်သိမ်းသွင်း စုစည်းပြီးသကာလ၊ လွတ်ကျသော ပုတီးကို ပြန်ကောက်လိုက်ပြီး စိတ်နှင့် ရှပ်ကိုတစ်ထပ်တည်းထားလိုက်ကာ ပုတီးကို သတိဖြင့် တစ်လုံးချင်း

စိပ်လိုက်သည်။

'တစ်လုံးတစ်မတ်၊ တစ်လုံးတစ်မတ်. . . ဟာ. . . မဟုတ် သေးပါဘူး အပေါ်အောက်. . . အပေါ်အောက်. . . ဟာ. . . ဒုက္ခပါပဲ. . . အဲ. . . ဟုတ်ပြီ ဒုက္ခ၊ ဒေါမနဿ၊ ဥပါသာယ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ. . ဝေဒနာ၊ ဝေဒနာ ပစ္စယာ. . . ဝေဒနာပစ်စရာ ကြည်အောင်၊ ကြည်အောင်မှန်တာ နဖူးပါ။

တကယ်ဆိုတော့ မင်းက ကိုယ့်ကိုမှန်အောင်ပစ်တာ မဟုတ်မှန်း ကိုယ်သိပါတယ် အချစ်ရယ်၊ မင်းက ဘေးကိုပစ်တာပါ၊ ကိုယ်တယောင်ပြီး ရှောင်လိုက်လို့ နဖူးကို တည့်တည့်မှန်သွားတာပါ၊ ဝီပြဿနာရဲ့ဇစ်မြစ်ဟာ ကိုယ်အပေါင်းအသင်းမကောင်းမိလို့ပါ။

ဟို. . . ရဲသိန်းတန်တို့ ဂျစ်မောင်မောင်တို့လို တလေကဝတွေနဲ့ ပေါင်းမိလို့ မင်းနဲ့ကိုယ်ရဲ့ အပြစ်ကင်းမဲ့တဲ့ ချစ်ခြင်းဟာ အခုတော့ ခွတ်အတင်းကို ကွေကွင်းခဲ့ရပါလား အချစ်ရယ်. . . လွမ်းတယ် အချစ်ရယ်. . .'

'ကြည်အောင်. . .'

'အချစ်ရယ်. . .'

'ဒေါက်'

'အောင်မလေး သေပါပြီဗျ'

နဖူးတစ်ခုလုံး မီးပွင့်သဖြင့် မှိတ်ထားသော မျက်စိကို အတင်းဖွင့်ကြည့်လိုက်တော့. . . လား. . . လား. . . အမေ၏ညီ 'ဘဘုန်းကြီး' က တောင်ဝှေးဖြင့် နောက်တစ်ချက်ရိုက်ရန်ရွယ်နေသည်ကို တွေ့လိုက်ရသဖြင့် တောင်ဖြိုလက်ဝါး နဂါးနိုင်မားသိုင်းကွက်အမှတ်ငါးကိုသုံး၍ နောက်သို့လိမ့်ရှောင်လိုက်ရာ နောက်ကျောနှင့် တစ်ထောင့်ထွာအကွာရှိ ဖျဉ်နံရံကို နောက်စေ့ဖြင့် 'ဒိုင်း'ခနဲဆောင့်မိသွား၍ နောက်စေ့မီးပွင့်ကာ ရှေ့သို့ပြန်အငိုက် ဘဘုန်းက ထပ်အရိုက်ကွက်တီပါပဲ ပရိသတ်၊ နှစ်ချက်ရိုက်ရင် နှစ်ချက်ပဲနာရမဲ့ဟာ အရှောင်ကောင်းတော့ သုံးချက်စာဖြစ်သွား၍ လူလည်းမှန်ထူသွားကာ. . .

'ဘ ဘုန်းဘုရား စိတ်ထိန်းပါ ဘုရား. . .'

'ဟင်. . . မင်းကလား ငါ့ကို စိတ်ထိန်းနိုင်းတာ၊ မင်းစိတ်ကို မင်းမနိုင်လို့အခုလိုဖြစ်နေတာဟဲ့ ကြေည်အောင်ရဲ့၊ ငါလုပ်လိုက်ရရင် သေတော့မှာပဲ၊ ဘေးကယောဂီတွေကို အားမနာ၊ ငါ့တူဖြစ်ပြီး ငါ့ကို အရှက်ခွဲတဲ့ကောင်'

'တပည့်တော် ဘာလုပ်မိလို့လဲ ဘုရား'

'ဘာလုပ်ရမှာလဲ ပုတီးစိပ်ပါဆိုတာကို ပုတီးတလွှတ်ကျတယ်၊ လွှတ်ကျတဲ့ ပုတီးကို ပြန်ကောက်ပြီး ပြန်စိပ်မလား မှတ်တယ်၊ ပုတီးကို လက်ညှိုးမှာစွပ်ပြီး လေထဲကို ပန်ကာလှည့်သလို လှည့်နေတာဟာ ငါ့ကို စော်ကားနေတာမဟုတ်လား'

'ဒါ. . . နောက်ဆုံးပေါ် ပုတီးစိပ်နည်းပါ ဘုရား. . .'

'ဘာနောက်ဆုံးပေါ်လဲ ငါကမင်းကိုသတိပေးချင်လို့ 'ကြည်အောင်' လို့ခေါ်တော့ မင်းက ပြန်ထူးတယ်လေ 'အချစ်ရယ်'တဲ့၊ ငါဖနောင့်နဲ့ပေါက်လိုက်ရကွာ၊ ဟင်း. . . ငါ့အစ်ကိုကလည်း ဒီလို ရှုးကြောင်ကြောင် အကောင်မျိုးမှ မွေးတတ်ပလေတယ်၊ ဒီလိုအရူးမျိုး ကိုလည်း ယူဝံ့တဲ့ မိန်းမများ အံ့ပါရဲ့၊ မိန်းမက နှင်ချတော့နေစရာမရှိလို့ ကျုပ် ကျောင်းကို ရောက်လာတယ်လေ. . .

ကျုပ်ကလည်း ငယ်ဖြူဘုန်းကြီးပေမယ့် ပုထုဇဉ်ပဲကိုး ဒကာ၊ ဒကာမ (ဒါယကာ၊ ဒါယိကာမ) တို့ရဲ့ ဆွေမျိုးဆိုတဲ့ စိတ်ကလေးရှိတော့ သနားတာနဲ့ လက်ခံထားရတာကလား. . .'

စသည်ဖြင့် . . . စသည်ဖြင့် ကျွန်တော်မောင်ကြည်အောင်၏ ဘဝဇာတ်လမ်းမှ ကောင်းနိုးရာရာများကို ထုတ်နုတ်၍ ဥပမာ၊ ဥပမေယျဖြင့် သာဓက ပုံဆောင်ပြကာ ဘုန်းဘုရားက ယောဂီအပေါင်းအား တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးသမှု ပြုနေသည်မှာ လေးဆယ့်ငါး မိနစ်ခန့်ရှိပါသည်။

နောက်ဆုံး ယောဂီအပေါင်းနှင့် ကျွန်တော် မောင်ကြည်အောင် ကိုယ်တိုင် သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုပြီး ညနေခင်း တရားမြုတ်ပါသဖြင့် ကျောင်းအောက်သို့ ရှေ့ဆုံးမှ အပြေးဆင်းခဲ့ရပါလေတော့သည်။

မှန်သောစကားပါ ပရိသတ်၊ ဤမွှေ့တဝတီ ဟူသော တောရ

ကျောင်းသို့ ကျွန်တော်မောင်ကြည်အောင် ခြေဦးပင်မလှည့်ချင်ပါ။

ဒါဆို သံသရာဘေးကို မကြောက်ဘူးလားဟု ပရိသတ်က မေးမည်ဆိုပါက ကျွန်ုပ်ကလည်း ဤကဲ့သို့ပင် ဖြေဆိုရပါလတ္တံ့၊ သံသရာ ဘေးထက် ခေတ္တရာဘေးကို ပိုကြောက်ပါသည်ခင်ဗျား. . .။

ကျွန်ုပ်၏ ရှုမငြီးသော ချစ်ဇနီးချောကြီးက ကျွန်ုပ်ကို နှင်ချလိုက်သဖြင့်မျက်စိသူငယ်၊ နားသူငယ်ဖြင့် အမိမဲ့သား ရေနည်းငါးကဲ့သို့ သနားစရာအလွန်ကောင်းသော ကျွန်တော်မောင်ကြည်အောင်မှာ ပြေးစရာ ဟူ၍ ခြေတစ်ပေမျှပင် မရှိပါသဖြင့် အကျွန်ုပ်မွေးသဖခင်၏ ညီအရင်း ဘဘုန်းကြီးကို အားကိုးသမှုပြုကာ ဓမ္မိကဝတီသို့ အနိုင်နိုင် အားတင်းရင်း လျှောက်လှမ်းမိခဲ့ပါသည် ပရိသတ်. . .။

ရှေးရှေး ဘဝ ဘဝက ကုသိုလ်ကံများ အကျိုးပေးချိန်တန်ပြီဟု ထင်ပါသည်၊ ဘဘုန်းကြီးက ဆယ်ရက်တရားစခန်း ဖွင့်သည့်နေ့နှင့် တည့်တည့်ကြီးတိုးနေပါသဖြင့် ငါတော့ပွဲပေပြီ၊ ဘဘုန်းကြီး အလုပ်ရှုပ်၍ ငါ့ကိုမျက်လုံးဒေါက်ထောက် မကြည့်နိုင်တော့၊ ငါတော့ အနေချောင် အစားချောင်ပြီဟု ဝမ်းသာအားရ ဖြစ်မိပင် ရှိပါသေးသည် ပရိသတ်၊ ဘဘုန်းကြီးကို ခြေဆုပ်လက်နယ် ပြုလုပ်ပေးနေသော ဓာတတ်၊ ပေတတ်၊ တရားထောက်တတ်သည့် ကပ္ပိယကြီးသည် ဖင်း၏ တုမ အသည်းအသန် မမာမကျန်းဖြစ်နေ၍ လှူလွှတ်ခေါ်သောကြောင့် သူ့တူမရွာသို့ ခေတ္တ ခဏပြန်သွားလေတော့ရာ. . .

ကျွန်တော် မောင်ကြည်အောင်လည်း နေရင်းထိုင်ရင်း 'ကပ္ပိယ' ရာထူးသို့ ပရိုမိုးရှင်း အတိုးခံရပြီး သကာလ မနက်လေးနာရီထ၍ ဘုရားအမှုးပြုသောသံယာတော်အပေါင်းနှင့် ယောဂီအပေါင်းအတွက် အာရုံဆွမ်းချက်ရသည်မှစ၍ ညဆယ်နာရီ တရားစခန်းဖြုတ်သည်အထိ ယားလို့ပင်မကုတ်အားနိုင်အောင် **non-stop** အလုပ်များရပါတော့သည်။

ယောဂီများ တရားထိုင်နေစဉ်တွင် ခြေညောင်း လက်ဆန့် အနားယူလိုက်မည်ဟု အားခဲပါသော်လည်း ကိုယ့်တူကိုယ့်သားအား ကျောသားရင်သားမခွဲခြားဘဲ အမတနီဗ္ဗာန်သို့တက်လှမ်းနိုင်ရန် ရည်သန်၍ သနားခြင်း

ကြီးစွာဖြင့် မျက်စိအောက်မှ အပျောက်မခံနိုင်သော ဘဘုန်း၏ တစ်ချက်လွှတ်အမိန့်အရ ယောဂီအပေါင်း၏နောက်တွင် ကျွန်တော် မောင်ကြည်အောင်ကို ထိုင်စေပြီး တရားရှုမှတ်ခိုင်းပါတော့သည်။

ရင့်သန်သော ပါရမီကြောင့် ထွက်လေ၊ ဝင်လေရှုမှတ်ရင်းမှ ပထဝီကသိုဏ်း၊ နောက်ဆက်တွဲ ကြမ်းပြင်ကသိုဏ်းကို မကြာခဏရှုမိ၍ နဖူးနှင့်ကြမ်းပြင် 'တဒိုင်းဒိုင်း' ဆောင့်မိသောကြောင့်၊ တရားမှတ်နေသော ယောဂီအပေါင်းအာရုံမပျက်စေသောငှာ ကိုယ့်တူကိုယ့်သားကို ဥပေက္ခာ မထားတဲ့ မဟာတရုဏာတော်ဖြင့် အကျွန့်မဟာနဖူးကို လက်စွဲတော် တောင်ဝှေးဖြင့် ကပ္ပိရင်း ပုတီးပဲ စိပ်ခိုင်းပါတော့သည်။

ဘုံမခန်းလောက်သော ရှေးဘဝက အကျိုးပေးကောင်းမှုကြောင့် ကျွန်တော် မောင်ကြည်အောင်မှာ ယခုတော့ စိတ်ကူးတွေယဉ်ပြီး ထိပ်ဖူးတွေ ကျဉ်နေရပါပြီ ပရိသတ်။

ဤကဲ့သို့ ထိပ်ဖူးတွေကျဉ်သော အဖြစ်အပျက်၏ အရင်းခံကတော့ ဇာတ်ညွှန်းရဲမှူးကြီး၊ ဒါရိုက်တာ ရဲသိန်းတန်၊ ဇာတ်ရဲ ဂျစ်မောင် မောင်တို့နှင့်အတူ ကျွန်တော် သရေခေတ္တရာမောင်ကြည်အောင်ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သော 'မအေးပွင့်၊ မြင့်မြင့်စမ်း၊ ဝေါ်ရာသုံးဆယ်' ဆိုသည့် ဇာတ်ကားကြီးဖြစ်ကြောင်းကို ပရိသတ်ကြီး သိပြီးသားဖြစ်ပေမဲ့ နှစ်ထပ်ရှိတော့ မှတ်မိဆိုသလို ပြန်ပြောင်း၍တင်ပြရသည်ရှိသော်. . .

အင်း. . . သို့ပါသော်လည်း အလွန်တရာနုနယ်သော နှလုံးသားတစ်စုံတည်းသာရှိသည့်ကျွန်တော် ခေတ္တရာမောင်ကြည်အောင်၏ ရင်တွင်းခံစားချက်များကတော့ ယခုပြောလျှင် ယခုပင်ငိုချင်၊ နောက်မှ ပြောလျှင် နောက်မှပင်ငိုချင်ဖြစ်နေပါသဖြင့် ဘယ်လိုမှ မအောက်မေ့ပါနှင့် ပရိသတ်၊ အောက်မေ့လျှင်လည်း စာသာရေးလိုက်ကြပါတော့ ခင်ဗျာ. . .

ဤကဲ့သို့ လွမ်းဆွတ်ကြေကွဲ တမ်းတအောက်မေ့ဖွယ်ရာ အဖြစ်အပျက်များ ပြည့်လျှမ်းနေသည့် မအေးပွင့်၊ မြင့်မြင့်စမ်း၊ ဝေါ်ရာသုံးဆယ် ဇာတ်လမ်းကိုတော့ နောက်ထပ်တစ်ဖန် ပြန်ပြောမပြပါရစေနဲ့တော့လို့

တောင်းပန်ရင်း ဝေါ်ရာသုံးဆယ်ဇာတ်လမ်း၏ နောက်ဆက်တွဲလေးကိုသာ ရှုစားကြပါတော့ခင်ဗျာ. . .

မနေ့ကတော့ ရက်လည်နေ့. . . အဲလေ. . . ဆယ်ရက်တိတိပြည့်သောနေ့ဖြစ်သဖြင့် တရားစခန်းသိမ်းသွားပေပြီ၊ ထို့ကြောင့် ရင်ဝမှ အလုံးကြီးကျသွားသလို နဖူးမှအလုံးကြီးလည်း အရောင်လျော့သွားပြီလို့ ထင်ပါသလားပရိသတ်။

ငယ်ဖြူဖြစ်တော်မူသော ဘဘုန်းကြီး၏ အဲ့မခန်း အောက်သက်ကြေမှုကြောင့် ကိုယ့်တူ ကိုယ်သားကို အချစ်ပွားပြီး မျက်လုံးဒေါက် ထောက်ကြည့်ရှု စောင်မမှုကြောင့် မနက်မှနေဝင်၊ နေဝင်မှမိုးချုပ်၊ မိုးချုပ်မှ မိုးလင်းတိုင်အောင် မရပ်မနား စနစ်တကျ ခိုင်းစေမှုကြောင့် နဖူးမှချွေး နောက်စေ့ကျရလောက်အောင် (နဖူးမှာ ဘုထနေသဖြင့် ခြေမသို့ ချွေးကျစရာလမ်းမရှိပါ) ပင်ပန်းလှပါသည်ပရိသတ်။

ထို့ကြောင့် ကျွန်တော်မောင်ကြည်အောင်သည် ဖြစ်ပုံ၊ ပျက်ပုံ အလုံးစုံကို အနုလုံ၊ ပဋိလုံဆင်ခြင်သုံးသပ်မိပါသည်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်ုပ်သည် အလွန်နိုးသားတည်ကြည်ပြီး၊ မဖောက်ပြားသောသစ္စာ၊ မယိမ်းယိုင်သော သိက္ခာနှင့် ဖြောင့်မတ်သော နိုးသားမှုရှိသည်ကို တွေမြင်ရသည့်အမြင်၊ အပြစ်ဟူ၍သမျှလည်း မြူမျှပင် မရှိပါသဖြင့် ဤမိုးကဝတီတောရသို့ ခြေချသည့်နေ့မှစ၍ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ကို ချထားခဲ့သည်။

ရဲမှူးကြီး၊ ရဲသိန်းတန်နှင့် ဂျစ်မောင်မောင်တို့ တစ်ယောက်ယောက်က 'ဝေါ်ရာသုံးဆယ်' ဇာတ်လမ်းကြီး၏ ဖြစ်ရပ်မှန်ကို ကျွန်ုပ်၏ နှလုံးသည်းပွတ်မက မြတ်နိုးရပါသော ခေတ္တရာသူကြီးသည် အကျွင်းကျွင်း မုန့်တီဟင်းကဲ့သို့(မုန့်တီဟင်းက ဘယ်နေရာမှာများ အကျွင်းကျွင်းဖြစ်နေကြောင်းတော့ ကျွန်တော် မသိပါ ခင်ဗျာ) ရှင်းရှင်းလင်းလင်းကြီး သိမြင်သွားပြီး. . .

'အမလေး. . . ငါတော့ ငါ့လင်သူတော်ကောင်းကြီးကို ပစ်မှားမိလေခြင်း'

ဟူ၍သည်းအူပြတ်မတတ် ပူဆွေးငိုကြွေးရင်း အကျွန်ုပ်ရှိရာ ဤ

ခမ္ဘာကဝတီသို့ သူကိုယ်တိုင်လိုက်လာ၍ အကျွန်ုပ်၏ခြေသလုံးကို ဖက်၍ တောင်းပန်ပါမှ 'ပပ'ထူမှထမဲ့ ဒီက ခေတ္တရာ 'ကုသ' လက်သစ်ပေါ် ခင်ဗျာ၊

သို့ပါသော်လည်း ယခုလို ရက်ပေါင်းများစွာ ကြာညောင်းသည့် ဘိုင်အောင် လိုက်ခေါ်မည့်အရိပ်အယောင်မှ မမြင်ရပါသဖြင့်. . .

'ကြော်. . . ငါဟာ အတောင်နှစ်ဆယ်ဝတ် (တကယ်လို့သာ ဝတ်ရ သို့ကတော့ ဘယ်လောက်များလေးပြီး၊ မိုသိဖတ်သိနိုင်လိုက်မလဲလို့) မင်းယောက်ျားပဲ မိန်းမနဲ့တူပြီး စိတ်ခုနေလို့မဖြစ်ဘူးဆိုပြီး အစိတ်လျှော့၊ အစိတ်လျှော့နဲ့ ငါးဆယ်တိတိလျှော့လိုက်ပါပြီ ပရိသတ်၊

သူမကိုယ်တိုင်မလာနိုင်ရင်လည်း တစ်ယောက်ယောက်ကို ခေါ်ခိုင်းလိုက်ရင်ဖြင့် ညတွင်းချင်းပင် ပြန်ရန်အသင့်ပါခင်ဗျာ၊

သို့သော်လည်း. . . သို့သော်လည်းပေါ့လေ ဆယ်ရက်ကျော်၍ 'လ'ဝက်ပင်သီသီစွန်းကာနီးသော်လည်း သတင်းစကား ရှင်းလင်းပြောကြားမည့် မင်းခယောက်ျား ခွဲသိန်းတန်နှင့် ဂျစ်စုတ်ပိုင်ရှင် ဂျစ်မောင်မောင်တို့ နှစ်ယောက်၏ အရိပ်အယောင်ကိုပင်လျှင် ရေးရေးမျှ မမြင်ရပါသဖြင့် ကိုယ့်ဟာကိုယ် အိမ်ပြန်ရကောင်းမလားဟု စဉ်းစားမိပါသော်လည်း. . .

အကယ်၍များ အိမ်ထဲသို့ အဝင်မခံပါက ဤခမ္ဘာကဝတီသို့လည်း ပြန်ပြီးဝင်စရာလမ်းမရှိတော့ပါသဖြင့် အနိုင်နိုင်ပင် အားကိုတင်း၍ အောင့်အီးသည်းခံနေရပါတော့သည်၊

ယခုလည်း အလွမ်းစိတ်ကို အံကျိတ်၍တင်းပါသော်ငြားလည်း တမ်းတစိတ်က စတ္တန်နှင့်အမျှ ဝင်ရောက်နှိပ်စက်နေပါသောကြောင့် ရင်နှင့်အမျှ ခံစားရသမျှကို အလင်္ကာသဘောနဲ့တင်ပြ၊ ပြောပြရမည်ဆိုလျှင် (ဘယ်သူ့ကဗျာမှန်းမသိဘူး ကူးချလိုက်ဦးမယ်). . .

'လွမ်းကြွင်ငှက်လို သစ္စာဆိုမည်
တို့ချစ်ခြင်းကို ကွင်းအောင်တစေ
နေ့တိုင်းမျှော်သည် ကုန်းမတိုသည်
ရေလိုခမ်းခြောက်ပါစေသား၊

လို့သာ ကျိန်စာတိုက်ချင်ပါတော့တယ် အချစ်ရယ်. . .'

'ကြည်အောင်'

'အချစ်. . . ဘုရား'

'ဘယ်လိုထူးလိုက်တာလဲ နင့်ခေါင်းထဲမှာ ဒီဟာပဲ ရှိသလား တယ်လေ. . .'

'အရှင်ဘုရားလို့ ထူးတာပါ ဘုရား'

'ဟိုမှာ အာဂန္တုဧည့်သည် ငါးယောက်ရောက်လာတယ်၊ ငါ့ တရားစခန်းပွဲကို ရက်မှားပြီး လာမိတာတဲ့၊ ရောက်ပြီးမှ မထူးပါဘူးဆိုပြီး ဆရာတော်ဘုရား တရားပြတော်မူပါလို့ အတန်တန်တောင်းပန်နေကြတယ်ကွဲ့'

အသက်သုံး၊ လေးဆယ်အရွယ် သန့်ပြန့်သောလူငါးယောက်က ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေကြသည်ကို မြင်ရသဖြင့် ကျွန်တော့် ရင်မှာ နုံးနုံးကြီးဖြစ်သွားရုံမျှမက အကျွန်ုပ်၏ နောင်ရေးကိုလည်း ရင်လေးဖွယ်ရာ တွေးမိသဖြင့်. . .

'ဟာ. . . ဘဘုန်း ကလည်း၊ မနေ့ကမှ တရားစခန်း ပွဲသိမ်း တယ် ဆယ်ရက်လုံးလုံးနေ့မအိပ် ညမအိပ်နဲ့ ဒကာ၊ ဒကာမတွေကို ရင်ဝယ်သား ကဲ့သို့သနားပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းတွေပေးခဲ့တာ တော်တော်လေးကိုပင်ပန်းနေမှန်း တပည့်တော် သိပါတယ်ဘုရား၊ အဲဒါကို မနားဘဲ ထပ်ပြီးတော့ တရားစခန်းဖွင့်မယ်ဆိုရင် ဘဘုန်းကျန်းမာရေးနဲ့ မသင့်တော်လို့ပါဘုရား. . .'

'အိမ်းလေကွယ်. . . ဒါတော့ ဘဘုန်းသိတာပေါ့၊ ဒါပေမယ့် ဒီဒကာတွေက ဟိုးတစ်နယ် တစ်ကျေးကနေ ဘဘုန်းရဲ့ တရားစခန်း သတင်း က ကြီးလွန်းလို့ တကူးတကကို အမီလာကြတာဆိုကပဲ'

'တားပါရစေဦး ဘဘုန်းရယ်. . .'

'မတားနဲ့ ကြည်အောင်၊ မတားနဲ့တော့ ဘဘုန်းကိုယ်တိုင် သိမှတ်ထားတဲ့ ကိုယ်တွေတရားတွေကို အရိုးကျေကျေ၊ အရေခန်းခန်း လက်ဆင့်ကမ်းရမှာပဲ၊ မင်းလည်း အရင်တရားပွဲတုန်းကလုပ်နည်း၊ လုပ်ဟန်တွေကိုသိနေ

ပြီပဲကွာ ဒီဇကာငါးယောက်လောက်တတော့ မင်းတစ်ယောက်တည်းနဲ့ ချက်ပြုတ်ကျွေးမွေးထိန်းသိမ်းနိုင်ပါတယ်လေ၊ တခြားသူတွေမခေါ်တော့ပါဘူး ကဲ ကဲ ဒီဇကာငါးယောက်ကို အရှေ့က သိမ်အသစ်ထဲမှာ နေရာချပေးလိုက်ကွာ'

'ဘုး'ဆိုရင် 'ဩဇာ' မသိးသော ဆရာတော်ကို ဘယ်လို့ တား၍ ရမည်မဟုတ်၊ ထို့ကြောင့် လူစိမ်းငါးဦးကို သူတို့နေရမည့် သိမ်အသစ်ထဲသို့ လိုက်ပို့ရင်း တရားချကာ မြန်ကြွကြွရန်ပြောမည်ဟု ကြံစည်ပါသော်သည်း သူ့ကောင့်သားငါးဦးက တရားစခန်းသိမ်းပြီးမှ ရောက်လာရခြင်းဖြစ်၍ အလွန့်အလွန်အားနာပါကြောင်း၊ ဘုန်းဘုရားကလည်း စေတနာထက်သန်စွာဖြင့် တရားစခန်းဖွင့်ပေးမည်ဆို၍ အရမ်းအရမ်းကို ဝမ်းသာပါကြောင်း. . .

သို့အတွက်ကြောင့် တရားစခန်းရက်အတွင်း အုန်းတျေတျေ အရေခန်းခန်းအားကျိုးမာန်တက် တရားအားထုတ်မည့်အကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောကြားသည့်အတွက် သိမ်အသစ်မှ အောင်မြင်စွာဖြင့် ဆုတ်ခွာလာရပါတော့သည်။

'ရွှေရင်စို့ရပါပြီ အမေနဲ့ အမေတို့ရေ မိဘကပေးခဲ့တဲ့ မဟာနဖူး အမွေကြီးတော့ ပောဒိနောက်ဆက်တွဲ တရားစခန်းကြောင့် ဖျက်စီးယိုယွင်းရတော့မယ်ဗျ. . . ကိုကြည့်လှည့်ပါဦး ခေတ္တရာသူကြီးရဲ့ မြင်စမ်းစေချင်ပါတယ်. . .'

'မြင်ပါတယ် လူကလေး သိမ်ထဲက လူကလေးထွက်လာတာကို မြင်လို့ အဘ ဒီနားက ရပ်စောင့်နေတာပါ'

ဘာကိုမှ ဂရုမစိုက်ဘဲ ငိုကြီးချက်မနှင့် ဒေါ်မြည်တမ်းရင်း သိမ်ထဲမှ ထွက်လာခဲ့သော ကျွန်တော့်ကို အပေါ်အောက် အဖြူဝမ်းဆက် ဝတ်ထားသော ၅၊သက်ခြောက်ဆယ်ခန့် အဘိုးကြီးတစ်ယောက်က ဆီး၍ ပြောလိုက်သဖြင့် လန့်သွားပြီးနောက်. . .

'ဩော်. . . အဘ၊ အဘကလည်း ဘုန်းဘုန်းရဲ့တရားစခန်း ကောင်းသတင်းကြားလို့လာခဲ့တာလား ခင်ဗျာ၊ တရားစခန်းက မနေ့က ပြီးသွားခဲ့ပါပြီ

အဘရယ်. . .၊ ဘုန်းဘုန်းလည်း တော်တော်လေးကို ပင်ပန်းပြီး ကျန်းမာရေး ချူချာနေတော့ တောင်းပန်ပါရစေ အဘရယ်. . .'

တစ်ယောက်လျှော့လည်း မနည်းဘူးဟု အတွေးဖြင့် ပြောချလိုက်ရာ. . .

'အဘကတရားစခန်းဝင်ဖို့ လာတာမဟုတ်ဘူး လူလေးရဲ့ တရားထိုင်ဖို့ လာခဲ့တာ. . .'

'ဗျာ. . . တရားစခန်းဝင်တာနဲ့ တရားထိုင်တာ အတူတူပဲ မဟုတ်လား အဘရဲ့'

'ဟုတ်တော့. . . ဟုတ်တယ်၊ မဟုတ်ဘူးဆိုသလိုပေါ့ကွာ ဒီလိုကွ အဘက 'မာတ်'ကျရာနေရာတွေသွားပြီး တရားထိုင်တာ အခု ဟောဒီ ဘုန်းကြီးကျောင်းရဲ့ အနောက်ဘက်အစွန်ဆုံးက ကိုးတောင်ပြည့် တစ်ဝဂ္ဂ စေတီလေးမှာ တရားထိုင်ဖို့ မာတ်ကျလို့လာခဲ့တာပဲ၊ ဒီစေတီက ဒီကျောင်းက ပိုင်တာထင်လို့ ဘုန်းဘုန်းကို ဝင်ဖူးရင်း ခွင့်တောင်းအောင် လာခဲ့တာပါ'

တစ်ရန်တော့ အေးပြီဆိုပြီး ဗျာဗျာသလဲ. . .

'ဆရာတော်က သိပ်သဘောကောင်းတာအဘရဲ့၊ ဒါနဲ့ အဘက ဘယ်နှရက်လောက်နေမှာလဲ၊ စားဖို့သောက်ဖို့ ကိစ္စကတော့ မပူနဲ့ အဘရေ ဒီကျောင်းက တောရကျောင်းဆိုပေမယ့် ဆွမ်း၊ ကွမ်းကတော့ ပြည့်စုံပါတယ်'

'ကိုးရက်အဓိဋ္ဌာန်ထားတယ်လူကလေးရဲ့ အဘက မီးလွတ်ဆိုတော့ ကိုယ့်ရိက္ခာနဲ့ ကိုယ်လာတာပါ ဒုက္ခမရှာပါနဲ့ကွယ်'

ဘာဒုက္ခမှ မရှိတော့သောကြောင့် ဝမ်းသာအားရဖြင့် ဆရာတော်ထံ ခေါ်သွားလိုက်သည်၊ ဆရာတော်ကလည်း ခွင့်ပြုပါသည်၊ အဖြူ 'ဝမ်းဆက်' ဖြင့် အဘကလည်း ဘုန်းဘုန်းအတွက် လှူဖွယ်အချို့ကို လှူဒါန်းပြီး ဦးချ ထွက်ခွာသွားသည်။

ထိုအခါမှ ဆရာတော်က ကျွန်တော့်ကို မျက်တောင်နီကြီးဖြင့် ကြည့်ရင်း. . .

'ကြည်အောင် နင်ခေါ်လာတဲ့ ဘိုးတော်ယောင်ယောင်ကို နင်ပဲ

ဂရုစိုက်ပေတော့ ငါ့ကျောင်းကပစ္စည်းတစ်ခုခုပျောက်လို့ကတော့ နင် သေဖို့သာ မြင်ကြားလား. . .'

'တင်ပါ့. . .'

ဟု ပြောသာပြောလိုက်ရသည်၊ လူကအားမရှိတော့၊ ဘယ်နှယ်ဗျာ စဉ်းစားကြည့်ပါဦး၊ ဘုန်းဘုန်းကျောင်းဝိုင်းကအကျယ်ကြီး ရှေးဟောင်း စေတီတွေ၊ ရှေးဟောင်းဆင်းတုတော်တွေ၊ ရှေးဟောင်းပစ္စည်းတွေက များမှများ ကျောင်းသားကမရှိ ကိုရင်နှစ်ပါးက သူတို့ရွာတွေကို အလည်ပြန်သလို ခန်းနေ ဦးပဥ္စင်းကလည်း မန္တလေးကိုကြွနေသည်။

ကျွန်တော်တစ်ယောက်တည်း နေရာတကာလိုက်ကြည့်ဖို့က မဖြစ် နိုင်၊ ဒီကြားထဲ တစ်ခုတစ်ခုပျောက်ပါက ကျွန်တော် ဆက်မတွေးဝံ့တော့ ထို့ကြောင့် တရားစခန်းဝင်မည့်သူ ငါးဦးကို အကူအညီတောင်း၍ ကျောင်းဝင်း အတွင်းရှိသမျှ လက်လှမ်းမီသမျှ ဆင်းတုများနှင့် ပစ္စည်းများကို ကျောင်းဘေးရှိ သိမ်အဟောင်းသို့ ရွှေ့ပြောင်း၍ သော့ခတ်ထားလိုက် လေတော့သည်။

နောက်ငါးရက်အကြာ ကပ္ပိယကြီး ပြန်ရောက်လာသဖြင့် ကျွန်တော် လည်း အသက်ရှူချောင်သွားသလို နဖူးမှ 'ဘုကြီးလည်း အနည်းငယ် လျော့ပါး သွားလေပြီ။

သို့ပါသော်လည်း 'မိ'မွေ့'ဘ'မွေ့ မဟာနဖူးကြီး အစွန့်ရှည် တည်တံ့ရန် အတွက် ဤကျောင်းမှ ဝေးရာသို့ပြေးခွာရန် မဖြစ်နိုင်ပါသောကြောင့် ကျွန်ုပ်၏ ရှုမငြီးသော ဖနီးချောကြီး ခေတ္တရာသူကြီး တစ်ယောက် အမှန်ကိုမြင်၍ အမြင် မှန်ရပြီးသကာလ ခလုတ်မထိ ဆူးမငြိဘဲ အမြန်လာရောက်ခေါ်စေရန်. . .

စုံဆယ်ဖြာ ထိပ်မှာမိုး၍
လွှမ်းစေတီအနီး ပန်းရေဆီမီးဖြင့်
ကောင်းမှုအထွေထွေကို တောင်းဆုချွေခဲ့ပါသည်။

ဖြစ်လေရာ ဘဝတိုင်းမှာ(ခံစားချက်ချင်း ထပ်တူဖြစ်သွား၍ ကိုသန်း လှိုင်သီချင်းကူးချမိသလို ဖြစ်သွားရင်ခွင့်လွှတ်ပါ) ဖြစ်လေရာဘဝ နောက်ထား ယခုဘဝတွင်ပင်. . .

တူစုံနှစ်မြှာ မခွာမခွဲ
မခွဲမခွာ နေချင်ပါ၍
လာခေါ်လှည့်ပါ ခေတ္တရာ။

မနက် အရက်ဆွမ်းစားပြီးနောက် ယောဂီအပေါင်း တရားထိုင်နေကြသည်၊ တပွဲယကြီးရှိသဖြင့် ကျွန်တော်လည်း စိတ်အေးလက်အေး မီးဖိုထဲတွင် ငိုက်မျဉ်းနေစဉ် ရဲသိန်းတန်တို့အဖွဲ့ ဂျစ်မောင်မောင်၏ ကားစုတ်ကြီးနှင့် ရောက်ရှိလာကြသည်၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နံနက်ခင်းပါတကား. . .

ရဲသိန်းတန်တို့၏ ပြုံးရွှင်လျက်ရှိသော မျက်နှာရိပ် မျက်နှာကဲကို စေ့ငုမြီးသကာလ ဟင်း. . . ဟင်း သေချာပေါက် ခေတ္တရာသူကြီးက ငါ့ကို ခေါ်နိုင်းလိုက်တာဖြစ်မယ်၊ သရေခေတ္တရာကြည်အောင်ဆိုတဲ့ ဂုဏ်ကို ယောက်ယားပြီး သိက္ခာနဲ့နေဦးမှပဲဟု စိတ်ကိုတင်းကာ ခပ်တည်တည်ဖြင့်ပင် ကျွန်တော်က ရေနွေးပွဲနှင့်ကောက်ညှင်းပေါင်း အကြော်စုံ ဇလုံကြီးကိုချပေးလိုက်ပြီး ဆေးပေါ့လိပ်ဖင်ကို စားပွဲပေါ်တွင် တဒေါက်ဒေါက်ခေါက်ရင်း. . .

'ဘာလဲ မင်းတို့ငါ့မိန်းမကို ရှင်းပြလိုက်လို့ အခုငါ့ကို ခေါ်နိုင်းလိုက်တာလား၊ ဘယ်မလဲ ငါ့မိန်းမ ခင်းကိုယ်တိုင် လိုက်မလာရဲဘူး မဟုတ်လားဟင်း. . . ဟင်း'

ဂျစ်မောင်မောင်က ကောက်ညှင်းပေါင်းကို ပလုတ်ပလောင်းဝါးရင်း. . .

'ဘာလဲ. . . မင်းက အရမ်းအရမ်းကို တွေ့ချင်မြင်ချင်နေပြီပေါ့ဟုတ်လား. . .'

ကျွန်တော်က ဆေးပေါ့လိပ်ကိုမီးညှိရင်း. . .

'ဝေးပါသေးတယ်ကွာ. . . ငါက မှန်တဲ့သူပဲ ကိုယ့်လိပ်ပြာ ကိုယ်လုံတယ်'

'ဒါဆိုလည်း ပြီးတာပဲလေ. . .'

ဟုဆိုကာ စကားစကို ရပ်ထားလိုက်သဖြင့် ကျွန်တော့်မှာ ဒေါင်သက်သက်ဖြစ်သွားသည်၊ တပ်ကြပ်ကြည်မြင့်က အကြော်တစ်ခုကို မဝါးဘဲ မျိုချလိုက်ပြီး. . .

'အေးဗျာ. . . ကိုကြည်အောင် တင်းမယ်ဆိုလည်း တင်းနိုင်တာပေါ့၊ ဘယ့်နှယ်ဗျာ ဗိုလ်လောက်အေးချမ်းတဲ့ ဘုရားရိပ်၊ ကျောင်းရိပ်မှာ နေရတာက တစ်မျိုး၊ အစားအသောက်က မပူမပင်ရဆိုတော့ ခင်ဗျား မိန်းမကြီးက ငိုကြီးချက်မခြေသလုံးကို ဖက်ပြီးတောင်းပန်ပြီးခေါ်ရင် တောင်မှ Sorry ပဲ မိန်းမရေ ဆယ်နှစ် ဆယ်နှစ်ဆိုပြီး အပေါ်စီးကနေ ပစ်'ပေါက်' နိုင်တာပေါ့'

ကျွန်တော်က ခပ်မိန့်မိန့်ကြီး ပြုံးပြလိုက်ပြီး ဆေးလိပ်မီးမှိုး တဖွောင်းဖွောင်း ထ,အောင်ဖွာနေလိုက်သည်၊ ကိုယ့်နဖူးနာကိုယ်ပဲ သိတယ် မဟုတ်လား ပရိသတ်. . .

စကားကို ကုန်အောင်မပြောနဲ့ အစားကိုသာ ကုန်အောင်စားဟုသော ရှေးထုံးကို လက်ကိုင်ထားကြသည့် ဤုတ်ကြီးကျ တစ်စုကတော့ ကောက်ညှင်းပေါင်းနှင့် အကြော်တစ်ဇလုံကြီး ကုန်သွားရုံသာမက ငှက်ပျောသီးတစ်ဖီးပါကုန်သွားသည့်တိုင်အောင် စကားတစ်ခွန်းမှ ထပ်မဟကြတော့သဖြင့် ကျွန်တော့်မှာ ဟတ်ကော့(**half chord**) ကြီး ဖြစ်နေသည်။

စားလို့သောက်လို့ဝမှ ဆေးပေါ့လိပ်ကိုယ်စီဖွာရင်း ရဲသိန်းတန်က နာရီကိုတစ်ချက်ကြည့်ကာ ကျွန်တော့်ကိုမေးငေ့ါရင်း. . .

'ကဲ အချိန်မရှိဘူး၊ လာ. . . သွားကြရအောင်'

ဟု ပြောလိုက်ရာ ကျွန်တော့်မှာ 'ထောင်း' ခနဲ ဒေါသထွက်သွားသည်၊ ဘယ့်နှယ်ဗျာ ဒီလို မဖွယ်မရာ၊ မလေးမစား၊ ဂရုမစိုက်၊ မထေမဲ့မြင်နိုင့်ထက်စီးနင်းအပေါ်စီးစကားနဲ့ ခေါ်ပုံကို ကျွန်တော်လုံးဝမကြိုက်၊

တကယ်ဆိုမင်းမိန်းမက အဖြစ်မှန်ကို နားလည်သွားပြီ၊ အဲဒါ ကြောင့် မင်းကိုခေါ်ခိုင်းလိုက်တယ်၊ သူကတော့ သူ့အမှားနဲ့သူ ဒီအထိ မလိုက်ရဲလို့ပါကွာ ဘာညာ ဘာညာနဲ့ ပြောရင် တော်သေးတာပေါ့၊ အခုတော့ တစ်ဆယ့်ငါးရက်လုံးလုံး ဒုက္ခရစရိယာ အကျင့်ခံထားရတဲ့သူကို သူ့မိန့်လို့ မညာမတာ

အပေါ်စီးက ခေါ်ရက်တယ် Sorry ပဲ မလိုက်ဘူးလို့ ပြောပစ်လိုက်ချင်ပါသော်လည်း သို့သော်လည်းပေါ့လေ သိပ်ပြီးတော့ အစာမကြေကြောင်းပြသည့် အနေဖြင့် မျက်နှာကိုရှစ်ခေါက်ချိုးလိုက်ပြီး ဒေါသစိတ်ကိုလည်း ငယ်ထိပ်လောက်မှာထားရင်း. . .

'ဘယ်မလဲ ငါ့မိန်းမ ဒင်းကလိုက်မလာရဲတော့ ဘာပြောလိုက်သေးလဲ'

ဂျစ်မောင်မောင်က ထားသောကို ကောက်ယူလိုက်ရင်း. . .

'ငါ့ကိုတောင် အလိုတူအလိုပါဆိုပြီး သူ့ဆိုင်ရှိပ်တောင် မနင်းပါနဲ့လို့ပြောထားတယ်'

တင်းထားသော ရှစ်ခေါက်ချိုးမျက်နှာကို လေးခေါက်အထိ လျှော့ချလိုက်ရသလို ဒေါသစိတ်ကိုလည်း ချက်အထိ လျှော့ချရင်း ရဲသိန်းတန်ကို ကျွန်တော်ကြည့်လိုက်သည်။ ရဲသိန်းတန်က. . .

'မနေ့ညနေက မဲဇလီရွာမှာ ရေတွင်းဟောင်းဆင်းပြီးဆယ်တဲ့ ကာလသားနှစ်ယောက်တွင်းထဲမှာသေသွားတယ်၊ အခုမနက်လေးနာရီခွဲလောက်က အလောင်းတွေဆေးရုံလာပို့ရင်း စခန်းမှာ သတင်းဝင် ပို့သွားတယ်ကွ။

ဆရာဝန်လေးက ခွာတ်ငွေ့အဆိပ်သင့်ပြီးသေတာလို့ လောလောဆယ် မှတ်ချက်ပေးထားတယ်ကွာ၊ အဲဒါကို ငါတို့က စစ်ချက်ယူဖောင် သွားမလို့ ကားလမ်းအတိုင်းသွားရင် အနည်းဆုံးဆယ်မိုင်လောက် ပတ်မောင်းရမှာ အဝေးကြီးပဲ၊ အဲဒါကြောင့် မင်းတို့ဘုန်းကြီးကျောင်း နောက်က မြေနီလမ်းအတိုင်းမောင်းမယ်ကွာ၊ ကမ်းပါးပြတ်ကြီးနား ရောက်လို့ရှိရင် ကားထားခဲ့ပြီး မြေလျှောင်ဆင်းလျှောက်ရင် ခဏလေးနဲ့ ရောက်မှာ အဲဒါကြောင့် မင်းကို ဝင်ခေါ်တာ မင်းရဲ့ကင်မရာအိတ်ကလည်း ဂျစ်မောင်မောင်ရဲ့ကားပေါ်မှာ ရှိပြီးသားပဲ၊ ကဲ. . . လိုက်မှာလား. . .

ကျွန်တော် ငုတ်တုတ်မေ့နေသည်၊ ကျွန်တော်လိုချင်သော အဖြေက ဒါမဟုတ်၊ ကျွန်တော့်မိန်းမ၏ ပြန်လာခဲ့ပါဟူသော စကားလေး တစ်ခွန်း ဂျစ်မောင်မောင်နှင့် ရဲသိန်းတန်က စလိုနောက်လို၍ ကျွန်တော့်ကို ကျီစား

နေသည်ဟု ထင်ထားသည်။

ယခုတော့ ကျွန်တော့် လေးခေါက်ချိုးမှတ်နာတ ရှစ်ခေါက်ခွက် ပြန်ဖြစ်သွားသည်၊ စိတ်မာတ်များလည်း ခြေဖဝါးအောက် ရောက်ကုန်သည် အော်ငိုချင်သောစိတ်ကို အနိုင်နိုင်ထိန်းရင်း. . .

'ဝါ ဝါဆို အခုမင်းတို့ ငါ့ကို လာခေါ်တာက ငါ့မိန်းမက ခေါ်ခိုင်းတာ မဟုတ်ဘူးပေါ့ ဟုတ်လား. . .'

ရဲသိန်းတန်က သက်ပြင်းရှည်ကြီးကို ချရင်း. . .

'ဂေါ်ရာ ကိစ္စကို အထက်ကတိုက်ရိုက်ကိုင်နေတယ်၊ ငါတို့ လုံးဝ မလှုပ်ရှားရဘူး၊ အဲဒါကြောင့် မင်းမိန်းမကို ရှင်းပြလို့မဖြစ်သေးဘူး'

အကျွန်ုပ်၏ လွမ်းစမျက်ရည်ကို နလုံးသားမရှိသော ဂျစ်မောင်မောင်နှင့် ရဲသိန်းတန်တို့အဖွဲ့ မမြင်စေရန်အတွက် တစ်ဖက်သို့ လှည့်ရင်း. . .

'ငါ့မှာတော့ မင်းတို့ကြောင့် ကိုယ်ချစ်တဲ့သူနဲ့ ရှင်ကွဲကွဲနေရတယ် ဒါကို မစာမနာ မင်းတို့ကဒီအတိုင်းထိုင်ကြည့်နေကြတယ်၊ ဟော အလုပ်ရှိတော့ ချက်ခြင်းလာခေါ်ကြတယ်၊ ငါ့မိန်းမကိုကျတော့ ငါ့ကို လာခေါ်အောင် တစ်နည်းနည်းနဲ့ ဖျောင်းဖျပေးမယ်လို့တော့ မရှိဘူး။

ဒီမယ်ငါပြောမယ် ငါ့မိန်းမက ငါ့ကိုနှင်ချလိုက်တာဟာ ငါ့ကို သိပ်ချစ်လို့ကွ ငါ ဒီပြင်မိန်းမနဲ့ ချစ်နေပြီထင်လို့ မနာလိုလို့ ဝမ်းနည်းကြေကွဲစွာနဲ့ ငါ့ကိုနှင်ချလိုက်တာ၊ တကယ်ဆို သူငါ့ကို ဘယ်လောက် ချစ်တယ်ဆိုတာ ငါ အသိဆုံး၊ သူငါ့ကို ဘယ်လောက်ပြန်ခေါ်ချင်နေတယ် ဆိုတာကို ငါအသိဆုံး။

ဒါကို မင်းတို့လည်း သိမှာပါ၊ မသိချင်ယောင်ဆောင်ပြီး နေကြတာ မဟုတ်လား၊ အခုတော့ ကွဲ ကွဲ လို့ပြောတာက အများ တကယ်ကွဲရတာက ငါတို့လင်မယားကွ၊ ဟင်း. . . မပြောလိုက်ချင်ဘူး၊ ဒီမယ် ရဲသိန်းတန် ငါဆိုတဲ့ကောင်က တစ်သက်မှာ တစ်ယောက်၊ တစ်ယောက်မှာ တစ်ချစ်တည်းနဲ့ ခေတ္တရာသူကြီးကို ချစ်ခဲ့တာကွ'

ရင်တွင်းမှ ခံစားချက်များက အနုမြူဗုံးတစ်လုံးကဲ့သို့ ပေါက်ကွဲသွားရာ မာန်တွေ၊ ဟန်တွေ၊ အသံတွေအပြည့်ဖြင့် ရင်ဖွင့်မိသော အကျွန်ုပ်၏

အသံက အနည်းငယ် ကျယ်လောင်သွားသဖြင့် ကျောင်းပေါ်မှနေ၍ 'ဒုန်း'ခနဲ အသံကို ကြားလိုက်ရသည်။

ရင်းနှီးနေသော ထိုအသံက ဘဘုန်း၏တောင်ဝှေးနှင့် ကြမ်းပြင်ဆောင့်တာမှန်းလည်း သိသောကြောင့်. . .

ခံစားချက်ကို မျိုသိပ် ပါးစပ်ကို တံခါးပိတ်၍ ဖျစ်မောင်မောင်နှင့် ရဲသိန်းတန်တို့အုပ်စုကို လက်တို့ကာ ကျွန်တော်ကိုယ်တိုင် ရှေ့ဆုံးမှနေ၍ မှီတက်ခဲ့ရလေတော့သည်။

မနက်အရုဏ်ဦး ရောင်နီလာစပြုချိန် လောကကြီးတစ်ခုလုံး သာယာအေးမြနေသော်လည်း မအေးမြ မရွှင်လန်းနိုင်သော ကျွန်တော့်ကတော့. . .

မင်း ဘယ်လောက် ရက်စက် ရက်စက်
တို့ဘက်က အချစ်မပျက်ဘဲ
ခေါ်မဲ့နေ့ကို စောင့်စားရင်း
မျှော်လင့်လျက်ပါ ခေတ္တရာ. . .။

* * *

**ကျွန်ုပ်တို့နှင့် စိုလ်အောင်ခင်ဖြန့်လာပြီ အမှုကြီး**

ကမ်းပါးပြတ်ကြီးထိပ်အရောက် ဂျစ်မောင်မောင်က သူ့ကားကို အလွန်အရှိန်ကောင်းသော မန်ကျည်းပင်ကြီးမှအောက် ထိုးဝင်ရပ်လိုက်ရင်း. . .

'ငါလည်းလိုက်တော့ လိုက်ချင်သား ဒါပေမယ့် ငါ့ဒီကားပေါ်ကပဲ စောင့်နေတော့မယ်'

'အေးကွာ မင်းကားတစ်စီးလုံး နောက်ဘီးက ဈေးအကြီးဆုံး ဆိုတော့ သေသေချာချာ မပျောက်ပျက်အောင် စောင့်ပေါ့ကွာ ဟီး. . . ဟီး. . .'

'လိုက်ချင်ရင် လိုက်ခဲ့ပါလား၊ နောက်ဘီးနှစ်လုံးဖြုတ်ပြီး လိမ့်လာခဲ့လို့ရသားပဲ ဟဲ. . . ဟဲ. . .'

စာတ်သိဖြစ်၍ ရဲများက ဝိုင်း၍စကြနောက်ကြသည်(မြန်မြောပြမှ့ တော်တော်ခက်လိမ့်မည့် အမှုကြီးကို ကြည့်ပါ)။

'မင်းတို့တွေ ငါ့ကို စော်ကားချင်စော်ကားကြ၊ မင်းတို့ ကျေးဇူးရှင်ကြီးတို့တော့ မစော်ကားကြနဲ့ကွ'

ဟုပြောပြောဆိုဆို ဂျစ်မောင်မောင်က မန်ကျည်းပင်ရိပ်တွင်ကား မိုးကာစလေးခင်း၍ ထိုင်ကျန်နေခဲ့သည်။

ကမ်းပါးပြတ်ကြီးမှ ဆင်းပြီးသည့်နောက် နဘူးချုံကြီးများ ဝါးရုံပင်

ကြီးများဖုံးလွှမ်းထားသော လျှိုကလေးဖောက်ခြေ၌ မိုးကြိုးပစ်ရခဲ့ရပေဟု ကျိန်ပြောမှ ယုံရမည့် မြေသွားလမ်းကလေးရှိနေသည်၊ တွင်းများ၊ ချိုင့်များ၊ သစ်ငုတ်များ၊ ချုံဖုတ်များနှင့် ပြည့်နှက်နေသော လမ်းဟူ၍ ဃုံရခက်သည့် အနှီလမ်းကလေးကို ဒီရဲတွေဘယ်လိုများ သိကြပါလိမ့်ဟု ကျွန်တော် အံ့သြမိသည်။

ဟိုချုံတိုး၊ ဟိုလျှိုဖြတ်၊ ဟိုတောင်ကျော်ဖြင့် လေးဆယ့်ငါးမိနစ်နီးနီး ခရီးပြင်းနှင်ပြီးသကာလ 'မယ်ဇလီ' ရွာအနောက်ဘက်တံခါးကို 'ဘွားဘွား' ကြီးမြင်တွေ့ရလေတော့သည်။

အိမ်ခြေလေးငါးဆယ်ခန့်သာ ရှိမည်ဖြစ်သော ဤရွာကလေးတွင် ရွာရှိအိမ်ခြေနှင့်မမျှအောင် များပြားလှသည်ဟုထင်မိသော ကလေးများနှင့်တကွ ရွာသူရွာသားအပေါင်းက လမ်းမဟုတ်သောလမ်းမှ ဗြုန်းစားကြီးရောက်ရှိလာသော အကျွန်ုပ်တို့ကို မြင်လျှင်မြင်ခြင်း တအံ့တသြ ဖြစ်သွားကြသည်၊ ရွာသူကြီးကိုယ်တိုင်ပင်လျှင်. . .

'ဆရာတို့ကို နေ့လယ်လောက်မှ ရောက်လာမယ်ထင်နေတာ၊ ပြီးတော့လည်း ရွာအရှေ့ဘက်လမ်းမကြီးကနေ ကားနဲ့လာလိမ့်မယ်လို့တောင် ထင်နေခဲ့တာဗျ၊ လူအသုံးနည်းတဲ့ ရွာအနောက်ဘက်က လမ်းကို ဆရာတို့သိလိမ့်မယ်လို့တောင် ထင်မထားဘူးဗျာ'

ဤကဲ့သို့ လျှင်လျှင်မြန်မြန်ရောက်ရှိလာခြင်း၊ သူတို့ရွာ၏ လူသုံးနည်းသောဖြတ်လမ်းကို သိရှိနေခြင်းတို့ကြောင့် ကျေးရွာလူထု အံ့သြသမှုပြုနေကြသည်ကိုမြင်ရတော့ ရဲများနှင့်တကွ ကျွန်တော်ပါ ရင်တော့ ခေါင်းမော့မိနေပါပကောလား။

ရဲကြပ်ကြီး ကြည်မြင့်ကလည်း 'ဖျောင်း' ခနဲမြည်အောင် ကျိုးသွားမတတ် သူ့ရင်ဘတ်ကြီးကို ကော့ရင်း သူ့ပခုံးစွန်းတွင်လွယ်ထားသော ဒုတိယကမ္ဘာစစ်လက်ကျန် 'ကာဘိုင်' သေနတ်ကြီးကို နေရာရွှေ့သလိုလိုနှင့် သူ့လက်မောင်းမှ မျဉ်းကြောင်းလေးသုံးကြောင်းကို လူမြင်အောင် ပြသနေသည်။

ဝိုင်းအုံကြည့်ရှုနေကြသော ပရိသတ်ထဲမှ နှာရည်တရွှဲရွှဲဖြင့် ဆယ်နှစ်

သားကလေးက သူစလွယ်သိုင်းထားသော ပုဆိုးထဲမှ မန်ကျည်းသီးတစ်တောင့်ကိုထုတ်၍'ဂွတ်'ခနဲ ကိုက်လိုက်ရင်း. . .

'ငါ့နယ်ကွာ ရဲသားတွေလာမယ်ဆိုလို့ တို့ရွာမှာလာပြသွားတဲ့ ဗွီဒီယိုဇာတ်လမ်းထဲကလို'ဝင်းအောင်. . . ဝင်းအောင်'လို့အော်ပြီး ခေါင်းမိုးပေါ်မှာလည်း မီးပန်းကိုမီးရှို့ထားသလို ရောင်စုံမီးတွေ 'ဖျပ်တတ် ဖျပ်တတ်'နဲ့ လင်းနေတဲ့မီးတွေ အများကြီးပါတဲ့ ကားတွေနဲ့ လာမယ် မှတ်နေတာ အခုတော့ သူလိုကိုယ်လိုခြေထောက်ကြီးနဲ့လာတာပါပဲလား'

ဟုပြောဆိုပြီးကောင်လေးက မန်ကျည်းသီးကို တစ်ကိုက် ထပ်ကိုက်လိုက်သည်၊ ကြားထဲမှ ကျွန်တော်သွားတွေကျိန်းသွားသည်။

'အေး. . . ပါကွာ ငါလည်း အဲဒီလိုကားကြီးနဲ့ လာမယ်မှတ်နေ တာ၊ လာသာလာခဲ့လို့ကတော့ ငါ့ရဲ့'ဖဲယီး'သံချောင်းအကောင်းစားကြီး တုံးချင်တုံးသွားပါစေ၊ မှတ်မှတ်ရရဖြစ်သွားအောင်အဲဒီကားကြီးကို ခြစ်ပစ်မယ်လို့ကြံထားတာ၊ အခုတော့ ကာလသားနှစ်ယောက်သာ သေရတယ် မတန်လိုက်တာ'

စူးရှထက်မြက်သောအတွေးအခေါ်ဖြင့် ထောက်ခံမှတ်ချက်ပေးလိုက်သော ကြောင်ကျိုးရှုပ်ကလေးတစ်ယောက်၏ စကားကြောင့် ဂျစ်မောင်မောင်တစ်ယောက်ပါမလာခဲ့ခြင်းက ဏံကောင်းပေစွဟု တွေးမိစဉ်မှာပင်. . .

'ငါကလည်း ရဲတွေလာမယ်ဆိုတော့ 'လနံ့ဘို'ဇာတ်ကားထဲကလိုကျည်ဆန်တွေကိုကြိုးနဲ့သီထားတဲ့သေနတ်ကြီးတွေပါမယ်ထင်နေတာ အခုတော့ ငါ့အဖေလုပ်ပေးတဲ့ ထန်းလက်ပြားသေနတ်က ဟိုရဲကြီး လွယ်ထားတဲ့သေနတ်ထက်တောင်ကောင်းသေးတယ်'

ဂတုံး(ခေါင်းတုံး)လေးတစ်ယောက်က သူ့လက်ထဲတွင် ကိုင်ထားသော ထန်းလက်ပြားသေနတ်ကိုပြရင်း ကြွားဝါလိုက်စဉ် သူ့ဘေးမှ နှပ်ချေးထူကလေးကလည်း ပညာရှိလေသံဖြင့်. . .

'ဟဲ့ ဟဲ့ အဲဒီရဲကြီးလွယ်ထားတဲ့သေနတ်ဖင်မှာ ၃၀၃ ဆိုတဲ့ ဂဏန်းကြီးသုံးလုံးရေးထားပါလား၊ ကောလ္လ အဲဒီရဲကြီးက အဲဒီနံပါတ်ကြီးနဲ့များ. . .'

နှပ်ချေးထူ၏ စကားမဆုံးခင်မှာပင် ရွာသူကြီးက. . .

'ဟဲ့ ဟဲ့ ကလေးတွေ တော်ရာသွားနေကြစမ်း ရှုပ်ရှက်တိုခပ်နေတာပဲ သွား သွား သွားပြေ'

ဤကဲ့သို့ ဗိုတိုအာဏာသုံး၍ သူတို့ရွာ၏ ဂုဏ်ထူးဆောင် ကြီးဆိုရေးဆပ်ကော်မတီဝင် ကြောင်ချေးရှပ်၊ ဂတုံး၊ နှပ်ချေးထူတို့အပေါင်းအပါ တစ်စုအား နှင်ထုတ်လိုက်သည်။

ကော့ထားသော ရင်ဘတ်ကြီး နဂိုအနေအထားအတိုင်း ပြန်ဖြစ်သွားသော ရဲကြပ်ကြီးကြည်မြင့်ကို ကျွန်တော်ကြည့်ရင်း ပြုံးမိသွားသည်။

အမှုအခင်းနှင့် ပတ်သက်သော ရဲအဖွဲ့တို့၏ လုပ်ထုံးလုပ်နည်းများ အားလုံးပြီးစီးသွားပြီဖြစ်၍ နံနက် ၁၀ နာရီမထိုးခင်ပင် ကျွန်တော်တို့ အားလုံး လာလမ်းအတိုင်းပြန်ခဲ့ကြသည်။

လမ်းတစ်ဝက်အရောက် ရဲသိန်းတန်က တွံခနဲရပ်လိုက်ပြီး ရဲကြပ်ကြီးကြည်မြင့်ဘက်သို့လှည့်၍. . .

'ကဲ ပြန်ခါနီးမှာ ဥက္ကဋ္ဌက တိုးတိုးတိတ်တိတ်နဲ့ မင်းကိုဘာပြောလိုက်သလဲ'

ရဲကြပ်ကြီးကြည်မြင့် သတိဆွဲရင်း. . .

'ဟောဟို ကမ်းပါးပြတ်ကြီးရဲ့ ဟိုဘက်အခြမ်းမှာရှိတဲ့ လယ်စောင့်တဲကလေးမှာ ဟိုဘက်ရွာက လူတစ်စုနဲ့ သူတို့ရွာက လူတစ်စု ကြက်ဝိုင်းလုပ်မယ်လို့ သတင်းရထားတယ်တဲ့၊ အဲဒါ အစရှိရင်နောင်ဖြစ်မှာစိုးလို့ အဲဒီကြက်ဝိုင်းမလုပ်ဖြစ်အောင် တစ်ခုခုလုပ်ပေးပါတဲ့၊ ဒါပေမယ့် ဖမ်းလား ဆီးလားတော့ မလုပ်ပါနဲ့တဲ့ သူတို့တွေက အပျော်သဘောမျိုးလုပ်တာမို့လို့ နောင်ကျဉ်သွားရုံလောက်သာတစ်ခုခုလုပ်ပေးပါလို့ အကူအညီတောင်းလိုက်တာပါ။

အဲဒါ ဝိုလ်လေး(ရဲသိန်းတန်ကို ချစ်စနိုးခေါ်သောစကား) ကို တိုက်ရိုက်ပြောဖို့အားနာလို့ ကျွန်တော့်ကို ကျိတ်ပြီးမှာလိုက်တာပါ။

ရဲသိန်းတန်က သက်ပြင်းရှည်ကြီးကိုချရင်း. . .

'အကူအညီတောင်းတာကလည်း ဖမ်းလားဆီးလားတော့မလုပ်ပါနဲ့ နောင်ကျဉ်အောင်သာတစ်ခုခုလုပ်ပေးပါတဲ့ ဟုတ်လား'

'ဟုတ်'

ရဲတပ်ဖွဲ့ဝင်များက သတိဆွဲရင်း 'ဟုတ်'၊ ဆိုသောအဖြေကြောင့် ကျွန်တော်ပင်လျှင်ရောယောင်ပြီး သတိဆွဲမိသွားသည်၊

'ငါတို့တွေ အဲဒီနေရာကိုသွားမယ်၊ ညာသံပေးအော်ဟစ်ပြီး ဝိုင်းဖမ်းချင်ယောင်ဆောင်လိုက်ရင် ဒင်းတို့တွေထွက်ပြေးမှာ အမှန်ပဲ၊ နောက်ဆိုရင် ဒီနေရာကို ငါတို့ရဲတွေသိသွားပြီဆိုပြီး လုပ်ရဲမှာ မဟုတ်တော့ဘူး၊ ကဲ အဲဒီနေရာရဲ့ မြေအနေအထား ဘယ်သူသိသလဲ'

ရဲဘော် မောင်ကိုက သတိဆွဲရင်း. . .

'ကျွန်တော်သိတယ် ဗိုလ်လေး၊ ဟောဒီလျှိုကလေး ညာဘက်ကနေ နာရီဝက်လောက် ပန်းတက်လိုက်ရင် ဖျဉ်းမပင်ကြီးအောက်ကို ရောက်သွားလိမ့်မယ်၊ အဲဒီဖျဉ်းမပင်နဲ့ ကိုက်တစ်ရာကျော်ဝေးတဲ့ လယ်ကွင်းပြင်ကို ဖြတ်လိုက်ရင် လယ်စောင့်တဲကလေးဆီကို ရောက်မယ်'

ရဲသိန်းတန်က ခေါင်းညိတ်ရင်း. . .

'ဖျဉ်းမပင်နဲ့ လယ်စောင့်တဲကလေးကြားမှာ ကိုက်တစ်ရာလောက်ရှိတဲ့ လယ်ကွင်းကြီးရှိတယ်ဆိုတော့၊ ဒါ သတ်ကွင်း သဘောမျိုးပေါ့၊ ငါတို့တွေ သတ်ကွင်းထဲကိုဖြတ်ရင် သူတို့တွေငါတို့ကို ထင်ထင်ရှားရှား မြင်မှာသေချာတယ်၊ ဟုတ်ပြီလယ်စောင့်တဲရဲ့ ပတ်ဝန်းကျင်အနေအထားကို ပြောပါဦး'

'လယ်စောင့်တဲလေး ဘေးပတ်လည်မှာ ခပ်နိမ့်နိမ့် သစ်ပင်သုံးလေးပင်ပဲ ရှိပြီးဘူးစင်၊ ပဲရှည်စင်ကြီးတွေ ထိုးထားတာလေး၊ ငါးခုလောက်ရှိတော့ အရိပ်တော်တော်ကောင်းပြီး ကြက်ဝိုင်းအတွက်ကတော့ 'ရှယ်'ပဲ ဗိုလ်လေး၊ နောက်ပြီးတော့ လယ်စောင့်တဲကလေးဘေးမှာ ရေခမ်းနေတဲ့ မိုးကလေးရှိတယ်၊ အဲဒီမိုးကလေးနဲ့ကပ်လျက်မှာတောအုပ်ကလေးရှိတယ်'

ရဲသိန်းတန်က ထပ်မံ၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း. . .

'ငါတို့တွေ ဖျဉ်းမပင်ကြီးအောက်ကနေ လူယောင်ပြပြီး အော်ဟစ်လိုက်ရင် ဒင်းတို့တွေ မိုးလေးဟိုဘက်က တောအုပ်ကို ထွက်ပြေးဖို့ အချိန်ကောင်းကောင်းရပ့ါမလား. . .'

'သူတို့ ပြေးမယ်ဆိုရင်တော့ အချိန်ကောင်းကောင်းရတာပေါ့'

'မင်းဆိုလိုတာက. . .'

'ဝိုလ်လေးသိတဲ့အတိုင်းပဲလေ ဒီဘက်ရွာတွေက လူရိုးကြီးတွေပဲ ဆိုတော့ ကျွန်တော်တို့က ဟေ့. . . မပြေးနဲ့ ရပ်လို့အော်ကြည့်ပါလား ဟုတ်ကဲ့ မပြေးပါဘူးဆိုပြီး ထိုင်စောင့်နေကြမှာကို မြင်ယောင်လို့ပါ. . .'

စိတ်မထိန်းနိုင်တော့ဘဲ ကျွန်တော်'တခွီးခွီး' ရယ်လိုက်မိသည်။

မရယ်ဘဲ နေနိုင်နိုးလားပရိုသတ်၊ အထူးလေ့ကျင့် သင်ကြားပေးထားသော ရဲတပ်ဖွဲ့၊ မပိုင်လျှင်မလုပ်သည့် ရဲတပ်ဖွဲ့၊ သတင်းအနံ့ရလို့ကတော့ မီးခိုးကြွက်လျှောက်လိုက်ပြီး ရာဇဝတ်သားကို ပြေးပေါက်မရှိ 'တွဲ'ခနဲ နေအောင် ဖမ်းနိုင်စွမ်းရှိသော ရဲတပ်ဖွဲ့ကြီးက အခုတော့ ဘာမဟုတ်တဲ့ တက်သစ်စကြွက် ဝိုင်းလေးတစ်ခုကို ထွက်ပြေးလို့ မလွတ်လွတ်အောင် နည်းပရိယာယ်တွေ ရှာဖွေနေသည်ကို မြင်ရတော့ ကျွန်တော်တခွီးခွီးဖြင့် ရယ်နေရခြင်းဖြစ်ဘိ၏။

ကျွန်တော်ကျိတ်၍ရယ်မောနေသည်ကို ဂရုမစိုက်ဘဲ ရဲသိန်းတန်က စစ်သုံးဘေးလွယ်အိတ်ကိုဖွင့်၍ အထဲမှ နီကယ်ရောင်ပြောင်လက်နေသော 'ပစ္စတို' သေနတ်တစ်လက်ကို ဆွဲထုတ်ယူလိုက်သည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်ခေါင်းကြီးသွားပြီး. . .

'မင်း. . . မင်း. . သေနတ်နဲ့ ပစ်မလို့လား'

'အေးလေကွာ. . . သူတို့တွေလန့်ပြီးပြေးအောင် လေး၊ ငါးချက်လောက်တော့ ပစ်မှဖြစ်မယ်'

'မတော်တဆ မှန်ကုန်ပါဦးမယ်ကွာ၊ တော်ကြာ 'အနော်ရထာ'က 'မင်းညိုနောင်'ကို ဆုံးမလိုက်ပါလို့ခိုင်းတာကို အသေဆုံးမလိုက်သလို ဖြစ်နေပါဦးမယ်'

ရဲသိန်းတန်က သူ့ ပစ္စတိုသေနတ်ကို ကျွန်တော်မျက်နှာရှေ့ထိုးပြလိုက်ပြီး. . .

'ဒါ. . . ဘာသေနတ်လဲ သေသေချာချာကြည့်၊ ရဲဓာတ်ပုံသတင်း ထောက်လုပ်ပြီး ညံ့လှချေလား'

ဟုတ်ပါသည်၊ တရုတ်ပြည်ဖြစ် 'ဖျောက်အိုး'သေနတ်ခေါ် 'ယမ်း' သေနတ်ကြီး ဖြစ်နေပါသည်၊ လက်ရာကတောင်းသလို အရွယ်အစား၊ အရောင်အဆင်း ပုံသဏ္ဍာန်ကအစ စံချိန်မီဖြစ်၍ အစစ်နှင့်ပင် ခွဲခြားမရချင်ပါ၊ ကျွန်တော်လည်းတအံ့တသြဖြင့်. . .

'ယမ်း. . . ယမ်းသေနတ်ကြီးပါလား ကလေးကစားတဲ့ဟာကြီး'

'အေး. . . လေကွာ ငါ့'တူ'လေးရဲ့သေနတ်၊ သီတင်းကျွတ်မှာ ဆော့ဖို့ဆိုပြီး သူ့အဖေကဝယ်ပေးထားတာ၊ ငါကလည်း ငါ့ဒုကွန့် ငါဆိုတော့ ဒီသေနတ်ထက်ဈေးကြီးတဲ့ တီဗွီဂိမ်းဆော့တဲ့ စက်ကလေးဝယ်ပြီး တောင်းတောင်းပန်ပန်နဲ့ အလိုက်ပေးလဲထားရတာ'

သီတင်းကျွတ်တွင် ဖျောက်အိုးဖောက်ခွင့်မရှိ၊ ထို့ကြောင့် ဖျောက်အိုး သေနတ်ကို သူ့တူထံမှသိမ်းလိုက်ပါက သူ့တူက သူ့အဘွားကို တိုင်လိမ့်မည်၊ အဘွားကလည်း သူ့မြေးသေနတ်ကို သိမ်းရကောင်းလားဟူ၍ သူ့သား ရဲသိန်းတန်ကို ဆူပေဦးတော့မည်၊ ဝဋ်ကြီးသောရဲသိန်းတန်ကိုကြည့်၍ ကျွန်တော်တခွီးခွီးရယ်မိစဉ် ရဲသိန်းတန်ကဒေါသထွက်နေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ကြည့်ရှင်း. . .

'မင်းတို့က ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲကလို ရဲတွေက သေနတ်တွေ တဒိုင်းဒိုင်းပစ်ပြီး လူဆိုးဖမ်းတာတွေ ကြည့်ရ မြင်ရတော့ ငါတို့တကယ့်အမြင်က ရဲတွေလည်းအားအားရှိ သေနတ်တဒိုင်းဒိုင်း ပစ်ချင်နေကြတယ် ထင်မှာပေါ့၊ လက်တွေ့မှာ သေနတ်ပစ်ခွင့်ကို တောင်းချင်တိုင်းတောင်းလို့ ရတယ်မှတ်နေသလား၊ နောက်ပြီးကျည်ဆန်တစ်တောင့်ထွက်ဖို့ လက်ညှိုးလေးကွေးရတာလွယ်ပေမယ့်၊ အဲဒီကျည်ဆန်တစ်တောင့်ကို ဘယ်လိုကြောင့်သုံးလိုက်ရတယ်ဆိုတာကိုလည်း လက်ရေးလှ ရေးပြရတာက လက်ညှိုးပြတ်မကတ် ပင်ပန်းတယ်ဆိုတာမင်းတို့မှ မသိဘဲကိုးကွ'

ဤကဲ့သို့ တိတိကျကျကြီးရှင်းပြမှ ကျွန်တော်လည်း ရေးရေးလေး သဘောပေါက်မိပါသည်။

'တဲ. . . ကဲ ငါတို့တွေ လျှိုကလေးညာဘက်ကနေ ပန်းပြီးတက်မယ်

အသံမထွက်စေနဲ့'

ကျွန်တော်က နားမလည်စွာဖြင့် ဝင်ရောက်စွက်ဖက်မိပြန်၏။

'ဟာ. . . ငါတို့အသံကြားမှ သူတို့တွေထွက်ပြေးချိန်ပိုရမှာပေါ့ မဟုတ်ဘူးလား'

ရဲသိန်းတန်က ကျွန်တော့်ကို တုကြည့် ကြည့်လိုက်ပြီး အငယ်ဆုံးရဲသားလေးကျော်စိုးကို မေးငေါ့ပြလိုက်သဖြင့် ရဲကျော်စိုးက. . .

'အသံတိတ်သွားမှဖြစ်မယ် ခေတ္တရာကြီး၊ ကျွန်တော်တို့အသံအဝေးကြီးကကြားရင် ခြေရာဖျောက်ပြီး ပုန်းအောင်းပြီး ကျွန်တော်တို့ကို ချောင်းကြည့် စောင့်ကြည့်နေလိမ့်မယ်၊ ကျွန်တော်တို့က ဘယ်သူ့ကိုမှ ရှာမတွေ့ဘဲ ပြန်သွားရင် ဒင်းတို့တွေက ပြန်လာပြီး ကြက်ပိုင်းပြန်လုပ်ကြမှာအသေအချာပဲ၊

အဲဒါကြောင့် ကျွန်တော်တို့တွေ အသံတိတ်သွားပြီး ဖျဉ်းမပင်ကြီးအောက်ရောက်မှ ဖြုန်းစားကြီး အော်ဟစ်ခြောက်လှန့်လိုက်ရင် ဒီကောင်တွေ နောက်ကြေ.ငံကိုပြန်မလှည့်ဘဲနဲ့ တစ်ချိုးတည်းပြေးမှာ အသေအချာပဲ. . ရှင်းလား. . .'

'ရှင်း'

ကျွန်တော်လည်း သတိဆွဲပြီး ပြန်ပြောလိုက်ရပါသည်။

ဩော်. . . ရဲ၏ ပရိယာယ်အလွန်ကြွယ်၊ ရဲရှင်းပြမှ နားလည်သည်ဘဝသို့ ရောက်ရပါတော့သည် ပရိသတ်. . .

လျှိုကလေးထဲမှ ပန်းတက်သွားသောလမ်းသည် ထုံးစံအတိုင်း လမ်းဟူ၍လုံးဝမရှိဘဲ မြိုတော၊ ဝါးတောကြီးများကိုတိုး၍ သွားရသော လမ်းဖြစ်သောကြောင့် နာရီဝက်နီးနီးလျှောက်ပြီးသောအခါ ကျွန်ုပ် တော်တော်လေး ပင်ပန်းလာသည်၊ အမောလည်းမလုံတော့၊ ဒင်းတို့တော့ သေနတ်ကြီးတွေ လွယ်ထားရသည့်တိုင်အောင် မောရမှန်းမသိဘဲ သွားကောင်းတုန်းရှိသေးသည်။

ဖြစ်လိုရာဖြစ်စေ အပြန်မှလာခေါ်ကြပေတော့ ဒီနေရာမှာပဲ စောင့်နေတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ချိန်တွင် ရဲတပ်ဖွဲ့ကြီးက 'တိ'ခနဲ ရပ်သွားပေပြီ။

သို့ပေမယ့် မောမောဖြင့် ခေါင်းငုံ့ပြီးလျှောက်နေသော ကျွန်တော်က သူတို့ရပ်မှန်းမသိလိုက်၊ ထို့ကြောင့် နောက်ဆုံးတွင်ရှိသော ရဲကျော်စိုး၏ကျောကို ခေါင်းနှင့်ဝင်တိုးမှသာ သူတို့ရပ်သွားကြောင်း သိလိုက်ရတော့သည်။

ကျွန်တော်ဝင်တိုးမိသောကြောင့် 'ဂုတ်' 'ဂွပ်'အသံများ ထွက်သွားသော်လည်း ဘယ်သူမှတာမှမပြောဘဲ၊ ရဲသိန်းတန်၏ အသံတိတ် ညွှန်ကြားချက်ကိုသာ မျက်ခြည်မပြတ်တမ်းကြည့်နေကြသည်။

ကျွန်တော်တို့ရောက်ရှိနေသော 'မိုးနံ့ချုံ'ကြီး၏ ရှေ့ ဝါးတစ်ရိုက်လောက်အကွာတွင် ပျဉ်းမပင်ကြီးကို မြင်ရသည်၊ အောက်ခြေရှင်းသော ပျဉ်းမပင်ကြီးမှနေ၍ ကိုက်တစ်ရာခန့်ကျယ်သော သစ်ပင်ချုံပင် မရှိသည့် လယ်ကွက်ကိုဖြတ်ကာ လယ်စောင့်တဲကလေးရှေ့ ဘူးစင်၊ ပဲရှည်စင်တို့၏ အောက်၌ လူနှစ်ဆယ်ခန့်လောက် စုစုဝေးဝေးရှိနေကြသည်ကို မြင်လိုက်ရသည်။

ကြည့်ရတာ ကြက်ဝိုင်း'စ'နေသည်မှာ သိပ်ကြာသေးပုံမပေါ်သေး. ,

ရဲသိန်းတန်၏ အချက်ပြမှုအဆုံး ရဲတပ်ဖွဲ့ကြီးက 'ညို့'မှ လွတ်သော မြားကဲ့သို့ တစ်ရှိန်ထိုးညာသံပေးအော်ဟစ်ရင်း ပျဉ်းမပင်ကြီး အောက်မှ ဖြတ်၍ လယ်ကွင်းထဲသို့ပြေးသွားကြသည်။

ပြေးရင်းလွှားရင်း ကျွန်တော်နှင့် ရဲသိန်းတန်တို့သည် ပျဉ်းမပင်ကြီး အောက်သို့ရောက်လာသည်၊ ရဲသိန်းတန်က သေနတ်ကို မိုးပေါ်ထောင်၍ မပစ်သေးဘဲ သူ့တပ်ဖွဲ့ဝင်များကိုကြည့်နေသည်။

ဟုတ်ပါသည်၊ အခြေအနေက သေနတ်ပစ်စရာမလိုတော့ပါ၊ ကြက်ပွဲကို အာရုံစိုက်နေကြသူအပေါင်းသည် ရုတ်တရက်အော်ဟစ်ကာ ပြေးလာကြသော ရဲတပ်ဖွဲ့ဝင်အပေါင်းကိုမြင်တွေ့လိုက်သောအခါ 'ကြက်'ပင်မကောက်နိုင်တော့ဘဲ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးနေကြသည်ကိုမြင်လိုက်ရသည်။

ကြက်များကလည်း လန့်၍ဟိုပြေးသည်ပြေး၊ ကြက်ဝိုင်းဝရိုသတ်ကလည်း လန့်၍ခြေဦးတည့်ရာပြေးကြစဉ် လူသုံးယောက်က နိုးလေး၏

တစ်ဖက်ရှိ သစ်တောအုပ်ထဲသို့ ပြေးရမှန်းသတိတောင်မရဘဲ နို့လေး၏ ကျွဲ့အတိုင်းပြေးနေသဖြင့် ရဲတပ်ဖွဲ့ဝင်များဘက်သို့ပြန်၍ နီးလာသည်။

ရဲတပ်ဖွဲ့ဝင်များကလည်း ဖမ်းမိမည်စိုး၍ အရှိန်လျှော့လိုက်ကြသည်ကို မြင်လိုက်ရပြန်သည်၊ ချစ်ကြည်ရေးဘောလုံးပွဲကို ကြည့်ဖူးပါသလား ပရိသတ်များ ခင်ဗျား၊ တစ်ဖက်အသင်း၏ ခြေရည်ကလိုက်မမီ ဘောင်နိမ့်ကျလာသောအခါ ခြေရည်မြင့်သောအသင်းက ဂိုးအပြတ်အသတ်ဖြင့် အောင်ပွဲခံလိုက်ပါက တစ်ဖက်အသင်းသိက္ခာကျမည်စိုး၍ တွဲခေါ်သည့်အနေဖြင့် ခြေရည်လျှော့ပေးကြသည်။

ယခုလည်း ထိုအတိုင်းဖြစ်လာသဖြင့် အားမလိုအားမရ ဖြစ်လာသော ကျွန်တော်က ရဲသိန်းတန်လက်ထဲမှ သေနတ်ကြီးကို ဆွဲယူလိုက်ပြီး ဗိုလ်အောင်ဒင်ဇာတ်ကားမှ ခင်မောင်ရင်စတိုင်ဖြင့် သေနတ်ကို မိုးပေါ်ထောင်၍ လေး၊ ငါးချက်ပစ်ရင်း ပါးစပ်မှလည်း. . .

'ဗိုလ်အောင်ဒင်တဲ့ဟေ့. . . ဖောင်း ဖောင်း'

သေနတ်သံအဆုံး. . .

'အောင်မလေး. . . သေပါပြီဗျ'

ဟူသော အော်သံကြီးက ဖျဥ်းမပင်ပေါ်မှ ပေါ်ထွက်လာပြီး. . .

'ဝရော. . . ဝရော. . . ဝုန်း. . .'

ဆိုသည့်အသံနှင့်အတူ လူတစ်ယောက်ဖျဥ်းမပင်ပေါ်မှ လိမ့်ကျလာသဖြင့် ကျွန်တော်လည်းလန့်ဖျပ်ပြီး ရဲသိန်းတန်ကိုခုန်၍ ဖက်ထားလိုက်ရင်း. . .

'ရှုက္ခစိုး. . . ရှုက္ခစိုးကို မှန်သွားပြီ. . .'

ရဲသိန်းတန်က ကျွန်တော့်ကို တွန်းချပြီး ဖျဥ်းမပင်ပေါ်မှ ကျလာသော ရှုက္ခစိုး၊ အဲလေ. . . လူရှိရာသို့ အပြေးအလွှားသွားလိုက်သည်။

ထိုသူက မြေကြီးပေါ်မှ လုံးဝမထဘဲ ပက်လက်ကလေးလန် နေရာမှ ကာမန်းကတန်းလက်အုပ်ချီရင်း. . .

'ကျွန်တော့်အသက်ကို ချမ်းသာပေးပါခင်ဗျာ. . .'

ဟု ဝယ်သံပါအောင် အော်နေသောကြောင့် ရဲသိန်းတန်က. . .

'ခင်ဗျားက သစ်ပင်ပေါ်မှာ ဘာလုပ်နေတာလဲ ထ ထ၊ ခင်ဗျား ဘာဖြစ်သွားသေးလဲ'

ထိုသူက လုံးဝမထဘဲ လက်အုပ်ချီမပျက်ဇာတ်သံကြီးနှော၍ အော်ငိုရင်း. . .

'ကျွန်တော့်ကို သေနတ်လက်နက်ကြီးနဲ့ ထပ်ပြီးတော့မပစ်အောင် ဝိုလ်အောင်ဒင်တို့ တားပေးပါ ရဲဗိုလ်ကြီးရဲ့ အောင်မလေး ကျွန်တော့် အသက်ကို ချမ်းသာပေးတော်မူကြပါခင်ဗျာ. . . အီး. . . ဟီးဟီး'

ရဲသိန်းတန်က စုံဆယ်မြှာလက်အုပ်မိုး၍ ကျွန်တော့်ကို ထိုးပြနေသော သစ်ပင်ပေါ်မှ ရူကွစိုးကြီးကိုတစ်လှည့်၊ ကျွန်တော့်လက်ထဲရှိ ယမ်းငွေ့တလူလူဝေနေသော သေနတ်ကိုတလှည့်ကြည့်ရင်း. . .

'ဟော့ကောင် သေနတ်ကို သိမ်းထားလိုက်'

ရဲသိန်းတန်၏ အမိန့်ကြောင့် ကျွန်တော်လည်းကယောင်ကတမ်းဖြင့် သေနတ်ကိုပုဆိုးကြားထိုးထည့်လိုက်သည်၊ ရုပ်ရှင် ဗွီဒီယိုထဲကအတိုင်းပေါ့ ခင်ဗျား။

သို့ပါသော်လည်း လက်တွေ့တွင်မူ လေး၊ ငါးချက် ဆက်တိုက်ပစ်ထားသဖြင့် ပြောင်းပူနေသောသေနတ်ကြီးက ကျွန်တော့်အတွင်းသား နုနု (ပေါင်တွင်းသားပါခင်ဗျာ)ကိုထိမိသွားသဖြင့် မီးစနှင့် ထိုးသလိုပူသောကြောင့် လန့်ဖျပ်ပြီး ဆွဲထုတ်လိုက်ရာ သေနတ်နှင့် ခါးပုံစပြေသွားသောကြောင့် တုံ့ခနဲ ဖြစ်အသွား မောင်းကွင်းထဲရှိ လက်ညှိုးကခလုတ်ကို အော်တိုမီးတစ် ဆွဲချလိုက်သလို ဖြစ်သွားလေတော့ရာ. . .

'ဖောင်း' ခနဲ သေနတ်သံနှင့်အတူ 'အား' ခနဲအော်ကာ သေနတ်ကို လွှင့်ပစ်လိုက်ရင်း ကျွန်တော်ထခုန်လိုက်သည်၊ ထို့နောက် ဖျဉ်းမပင် အကွယ်သို့ပြေးကာ ပုဆိုးအောက်စကို စုံကိုင်၍ယပ်ခပ်ရင်း၊ ပုဆိုးအတွင်းသို့ အလျှင်အမြန်လေသွင်းလိုက်ရသည်။

ဘာဘီကျူး (အသားမီးကင်) နံ့ကြီးနှင့်အတူ အမွှေးမီးမြိုက်သလို

ညော်နံ့စူးစူးကြီးက ယမ်းနံ့နှင့်အတူရောထွေး၍ထွက်လာသည်၊ မတတ်နိုင်တော့ ပုဆိုးကိုချွတ်ပြီး ယပ်ခပ်နေရသည်။

မျက်ရည်များတလည်လည်နှင့် ကျွန်တော်မချိမဆန့် ခံလိုက်ရသည်၊ ကံကောင်းပေလို့ဗျာ၊ တကယ်ကိုကံကောင်းပေလို့ သေနတ်အစစ်သာဆိုရင် သို့မဟုတ် အတွင်းခံဘောင်းဘီသာမပါရင် အင်း. . . တွေးတောင် မတွေးရဲတာ အမှန်ပါပဲရှိသတ်။

ရဲသိန်းတန်က သူ့တရုတ်သေနတ်ကြီးကို ကောက်ယူသိမ်းဆည်းလိုက်ပြီး မှေ့ဦးသူနာပြု ကြက်ခြေနီအောင်လက်မှတ်ရ ရဲမောင်ကို ကိုလှမ်းခေါ်လိုက်ရင်း. . .

'မောင်ကို. . . မောင်ကို မြန်မြန်လာ. . .'

ကျွန်တော်က ပုဆိုးကိုအလျင်အမြန်ပြန်ဝတ်ရင်း. . .

'နေ. . . နေ. . . ငါဘာမှမဖြစ်ဘူး ရှုပ်ယှက်ခံ့လောက်တင်'

ရဲသိန်းတန်က ကျွန်တော့်ကိုကြည့်၍ အသံမထွက်ဘဲဆဲရင်း ရက္ခစိုးကြီးကို လက်ညှိုးထိုးပြသည်၊ ရက္ခစိုးကိုပြုစုဖို့ ရဲမောင်ကို ကိုခေါ်သည်ပေါ့၊ သို့သော်ရက္ခစိုးကြီးက ဘာထင်သွားသည်မသိ ရဲသိန်းတန် ခြေထောက်ကိုဖက်ရင်း. . .

'မလုပ်ပါနဲ့ ဦးဘချစ်ရဲ့ သူ့ကိုယ်သူတောင် လူဖြစ်ရုံအောင် သေနတ်နဲ့ပစ်ရဲတဲ့ ဗိုလ်အောင်ခင်လို လူစားမျိုးကို ကျွန်တော်ကြောက်ပါတယ် ဗိုလ်ကြီးရဲ့ အီး. . . အီး'

ရဲသိန်းတန်က ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ရဲမောင်ကို ရောက်လာပြီး၊ ရက္ခစိုးကြီးကိုကြည့်ရင်း. . .

'ဟာ. . . ပန်တျာ ကပ္ပလီပါလား ဘာဖြစ်တာလဲ. . .'

အနီးရောက်လာသောရဲမောင်ကို၏ ခြေထောက်ကို ရက္ခစိုးကြီးခေါ် ပန်တျာကပ္ပလီက ပြေးဖက်ရင်း. . .

'အောင်မလေး ကယ်ပါဦး ရဲကိုကိုရဲ့ ဟောဒီဦးဘချစ်(ရဲသိန်းတန်ကို လက်ညှိုးထိုးပြသည်)နဲ့ မယားလုတဲ့ပြဿနာမှာ ဘာမှမဆိုင်တဲ့

ဝိုလ်အောင်ခင်က ကျွန်တော့်ကို မသေမချင်းသေနတ်နဲ့ ပစ်နေပါတယ် ခင်ဗျ'

ရဲတပ်ဖွဲ့ဝင်များအားလုံး ပန်တျာကပွလီကိုမြူစုရန်မြင်ဆင်ကြရင်း ရဲမောင်ကိုက စိတ်ညစ်နေပုံရသည့် ရဲသိန်းတန်နှင့် ဝေဒနာကြားမှ အားတင်း၍ ပြုံးပြနေသောအကျွန့်အား တိုးတိုးတိတ်တိတ်ရှင်းပြသည်။

'သူက အနောက်ရွာကပါ နာမည်က ကပွလီ၊ ဓာတ်ရွှ ရှူးနေလို့ ပန်တျာကပွလီလို့ရွာကလူတွေကခေါ်ကြတယ်၊ ကျုပ်မပြည့်ပါဘူး သူ့မိဘတွေ နဲ့ ကျွန်တော်နဲ့ ရင်းနှီးပါတယ်၊ ကဲ ကျွန်တော်မေးကြည့်လိုက်ဦးမယ်'

'ခင်ဗျား သစ်ပင်ပေါ် ဘာတက်လုပ်တာလဲ'

'ဝါသနာဆိုတော့လည်းအခက်သားပဲလား ရဲကိုကိုရယ်၊ ရွာက ကာလသားတွေက ဒီမှာ ကြက်ဝိုင်းလုပ်ကြတယ်၊ ကျုပ်က မသင့်တော် မလျော် ကန်လို့ အတန်တန်ပင်တားသော်လည်း၊ သံယာအား ဘုရားမလွန်ဆန်သာ ဆိုသလို ဘယ်လိုမှ တားလို့ဆီးလို့မရပါဘူး၊ အဲဒီအချိန်မှာ မဲဇလီရွာထဲကို ရဲတွေဖြတ်လမ်းကနေဝင်သွားတယ်၊

အပြန် ဒီဘက်လှည့်လာမှာ စိုးရိမ်သည့်အတွက် ကျုပ်ကို သစ်ပင် ပေါ်တက်ပြီး စောင့်ကြည့်သမှုပြုခိုင်းပါတယ် ခင်ဗျာ ရွှတ်. . . ရွှတ်၊

ကျွန်ုပ်ကလည်း မဖြစ်သင့်တာတွေ မဖြစ်ရအောင်ဆိုပြီးသကာလ ဒီတာဝန်တွေကိုယူမိခဲ့ပါတယ် ခင်ဗျာ. . . ဟာ. . . အာ. . .၊ ကြီးတောင့် ကြီးမားနဲ့ သစ်ပင်ပေါ်ကိုတက်တာအမြင်မတော်လို့ဆိုပြီးတော့ အသပြာ ငါးဆယ်ကျပ်တိတိကို အားလုံးစုပေါင်းပြီးပေးကြပါတယ် ခင်ဗျာ. . . ရွှတ် . . . ရွှတ်၊

ဆယ်တန်က 'သုံး'ရွက် ငါးကျပ်တန်က'လေး' ရွက်ပါခင်ဗျာ. . . ခင်ဗျာလေးရွက်သောငါးကျပ်တန်ထဲက ဟောင်းနွမ်းပြီးပြဲနေတဲ့ တစ်ရွက်ကို ပြန်လဲနိုင်းသော်လည်း လဲပေးမယ့်သူမရှိပါဘူးခင်ဗျာ အီး. . . . အီး. . . အဲဒီအပြဲကိုပေးတဲ့သူကတော့ ကျွန်တော်တို့အနောက်ရွာက အမိန့်ရအရက် ဆိုင်ဖွင့်ထားတဲ့ ကိုဘုန်းနိုင်ရဲ့ သားကြီးဩရသ၊ အမိန့်ရ အရက်ကို တရားမဝင် ရေထိုးရောင်းတတ်တဲ့'မဲလုံး'ပါခင်ဗျာ. . .၊ အဲဒီကောင်ကိုလည်း အရှင်မထား

ပါနဲ့ တရားဥပဒေနဲ့အညီ ကြီးလေးသော အပြစ်ကိုပေးတော်မူကြပါခင်ဗျာ အီး. . . အီး. . .'

ပန်တျာကပ္ပလီ၏ အတိုက်ချုတ်နေသော ရဲကြပ်ကြီး ကြည်မြင့်က. . .

'ဟာ. . . ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားကို ဘယ်သူက ရိုက်စစ်နေလို့လဲ'

'အမှန်ကို အမှန်အတိုင်းမှ ပြောခွင့်မရှိဘူးလားခင်ဗျ ဟ ဘာ. . .'

'မပြောနဲ့ မပြောနဲ့ ကဲ ဟိုဘက်ကိုလှည့် ကျောမှာပြဲသွားတယ် ဆေးထည့်ရဦးမယ်. . .'

'အဲဒီနောက်ကျောက ဒဏ်ရာဟာ ကြီးမားကျယ်ပြန့်ရင်လည်း ကျွန်တော့်ကိုအသိမပေးပါနဲ့ ခင်ဗျာ. . . အဲဒီဒဏ်ရာရဲ့ လက်သည်ကတော့ ဗိုလ်အောင်ဒင်ပစ်လိုက်တဲ့ ကျည်ဆံရှပ်မှန်သွားပုံရပါတယ် ခင်ဗျ. . . ဗိုလ်အောင်ဒင်ကြီးရယ်. . . ကျွန်တော်ဟာဆိုရင် မိခင်တို့ ကြီးနဲ့ ဖခင်တိုကြီးတို့ကိုလုပ်ကျွေးသမှုပြုနေတဲ့ သားလိမ္မာလေးပါ ခင်ဗျာ. . . ဇာတ်တော်ကြီး 'ဆယ်ဘွဲ့'ထဲက 'ဒုကုလနဲ့ ပါရိက' မျက်မမြင် မိဘကို လုပ်ကျွေးပြုစုနေတဲ့ သုဝဏ္ဏသာမ သတို့သားဟာဆိုရင် သူ့ကို မြားနဲ့တည့်တည့်ကြီးပစ်တဲ့ 'ပီဠိယက္ခ' မင်းကြီးကိုတောင် ခွင့်လွှတ်နိုင်သေးတာပဲ ယခုကျွန်ုပ်ကိုသေနတ်နဲ့ 'ရှပ်'ပစ်တဲ့ ဗိုလ်အောင်ဒင်ကိုလည်း အပြစ်မယူဘဲ ခွင့်လွှတ်ပါတယ်ခင်ဗျာ. . . ခွင့်လွှတ်ပါတယ် ခင်ဗျ. . .'

ရဲမောင်ကိုက ပန်တျာကပ္ပလီ၏ကျောမှ ပွန်းပဲ့နေတဲ့ဒဏ်ရာကို 'အရက်ပြန်'ဖြင့်ဆေးလိုက်ရာ. . .

'အောင်မလေး သေပါပြီဗျ. . . နာလွန်းလှပါပြီ ခင်ဗျာ. . . ကျွန်တော် ပန်တျာကပ္ပလီမှာလ . . . ဟ. . . ဟ. . . သွေးထွက်တာ ဒဏ်ရာတွေ့ရပါပေါ့. . . အို. . . ကဲ ကဲ ငယ်ဖျင်း ဟင်း ဟင်း. . . အို ကဲငယ်ဖျင်း ဟင်း ဟင်းဟင်း ဖျင်းဟင်းဟင်း. . .'

ခွင့်လွှတ်ပါပရိသတ် ကျွန်တော့်အတွင်းဝေဒနာကိုလည်း လုံးဝ သတိ

မရှိတော့ပါ၊ ဘယ်လိုမှ ရှောင်လည်းမရှောင်နိုင်တော့သဖြင့် ဖျဉ်းမပင်အကွယ်သို့သွားကာ ပါးစပ်အတွင်း ပုဆိုးခါးပုံစထိုးထည့်၍ တခွီးခွီးဖြင့် ရယ်နေမိတော့သည်။

သစ်ပင်ပေါ်မှ ပြုတ်ကျစဉ် သစ်ကိုင်းသစ်ခက်များဖြင့် ခြစ်ခဲ့သောကြောင့်ရခဲ့သော ပွန်းပဲ့ဒဏ်ရာတွေကို အကုန်အစင် အရက်ပြန်ဖြင့် ဆေးကြောပြီး ခြေထောက်မှဒဏ်ရာကိုလည်း ပါလာသမျှ ပတ်တီးလေးများဖြင့် စီးနှောင်နေကြစဉ် ရဲမောင်ကိုက ရဲသိန်းတန်ကို ကျွန်တော်ရှိရာ ဖျဉ်းမပင်အကွယ်သို့ ခေါ်လာပြီး လေသံတိုးတိုးဖြင့်. . .

'ကျွန်တော့်အထင်ပြောရရင် သူ့ညာဘက်ခြေထောက် ခြေကျင်းဝတ်ကယောင်နေတာကို မသက်ာဘူး ကျိုးသွားသလားမသိဘူး ဗိုလ်လေးရဲ့'

'ဟေ ဒါဆို ဆေးရုံခေါ်သွားပြီး ဆရာဝန်နဲ့ ပြကြည့်မှဖြစ်မယ်ကွ'

ဤဖျဉ်းမပင်စခန်းမှနေ၍ ချစ်မောင်မောင်၏ ကားကြီးရှိရာ ကမ်းပါးပြတ်ကြီးအထိသွားရသော ခရီးလမ်းကား အလွန်ကြမ်းသော လမ်းဖြစ်သလို အတက်ခရီးကြီးပဲဖြစ်သဖြင့် သာမန်လူပင် အနည်းဆုံး တစ်နာရီခြွင်းခြွင်းတော့ သွားရပေလိမ့်မည်။

ဤလမ်း ဤခရီးကို ဤကဲ့သို့သော ဒုက္ခိတကြီးအား ရဲသိန်းတန်တို့ မည်ကဲ့သို့သယ်ယူမည်နည်းဟု ကျွန်တော်စဉ်းစားမရဖြစ်နေစဉ် စဉ်းစားပြီးဖြစ်ပုံရသော ရဲသိန်းတန်က ကျွန်တော့်ကိုကြည့်ရင်း. . .

'ဟဲ ကြည်အောင် မင်းပုဆိုးချွတ်'

'ဘာကွ'

'ဘာ ကွ မနေနဲ့ မင်းမှာ အသားကပ်အောက်ခံဘောင်းဘီပါတာ ခုနက ငါမြင်ထားပြီးသား၊ မင်းပုဆိုးနဲ့ ငါတို့ရဲတွေရဲ့ ခါးပတ်တွေနဲ့ ထမ်းစင်လုပ်ရမယ် ကဲ ချွတ်ကွာ'

ရဲသိန်းတန်က ကျွန်တော့်ပုဆိုးချွတ်ခိုင်းနေစဉ်မှာပင် ဆယ်ရာ ကြည်မြင့်တို့ကလည်း တန်းပြီး 'အထာ'ပေါက်ပုံရသည်၊ အနီးအနားရှိ ဝါးရုံပင်မှ ခပ်တောင့်တောင့် ဝါးနှစ်လုံးကိုခုတ်ပြီး ယူလာသည်။

ဟုတ်ကဲ့ပါ ပရိသတ် ဘောင်းဘီလက်ရှည်ဝတ်ထားကြသော ရဲတပ်ဖွဲ့များအကြားကဲဆိုးသူ ကျွန်တော် မောင်ကြည်အောင် တစ်ယောက်သာလျှင် ပုဆိုးဝတ်ထားသည် မဟုတ်ပါလော၊ ဟို ဇာတ်ရှုးကြီးကလည်း ပုဆိုးဝတ်ထားပါ၏၊ သို့သော်လည်း သူ့ပုဆိုးကို အသုံးပြုပါက လူမြင် မတင့်တယ်သဖြင့် အကျွန်ုပ်၏ပုဆိုးကိုသာ တစာစာတောင်းနေသော ရဲသိန်းတန်ကို ပေးလိုက်ရချေတော့၏။

'ကူညီပါရစေ' ဟုပြောသူက 'ရဲ'

'အကူအညီတောင်းသူ'က ရွာလူကြီး

ပုဆိုးချွတ်ပေးလိုက်ရသူ ကျွန်တော်မျိုးတစ်ယောက်ကတော့ စတစ်ကော်လာရှပ်အကျီလက်ရှည်ကို တတ်နိုင်သမျှအောက်သို့ဆွဲချပြီး လူအမြင်တင့်တယ်စေရန် တတ်နိုင်သမျှကြိုးစားပါသော်လည်း စိတ်ထဲမှာ မလုံမလဲနှင့်မို့ ကင်မရာထည့်သော အိတ်သေးသေးလေးကို ရှေ့တည့်တည့်တွင် ချိတ်ဆွဲ၍ မာန်တင်းရပါတော့သည် ပရိသတ်။

အကျွန်ုပ်ပုဆိုး ရဲတို့၏ခါးပတ် လေး ငါးခုနှင့် ဝါးရင်းတုတ် နှစ်ချောင်း ပေါင်းလိုက်သောအခါ အလွန်အင်မတန်မှ ခမ်းနားထည်ဝါလှသော ထမ်းစင်ကြီးဖြစ်သွားလေတော့သည်။

ဤကဲ့သို့ ခမ်းနားထည်ဝါလှသော ထမ်းစင်ကြီးကိုပင်လျှင် သလွန်တော်အမှတ်နှင့် ဘဝရှင်မင်းတရားကြီးကထိုင်၍ စီးတော်မူမည် ပြုသောကြောင့် ရဲအဖွဲ့က ချော့၍တစ်မျိုး ခြောက်၍တစ်ဖုံ ပက်လက်စီးစေရန် အတန်တန်သံတော်ဦး တင်ပါမှ စိတ်မပါတပါနှင့် လက်ခံတော်မူပေ၏။

ရဲလေးယောက်'က'သော ထမ်းစင်ကြီးပေါ်၌ ရာဇပလ္လင်ခြေအပြည့်ဖြင့် ပက်လက်ကြီးတိုင်းခန်းလှည့်လည်နေသည့် ဇာတ်ရှုးကြီးကလည်း လူက ပက်လက်ဖြစ်သော်လည်း ပါးစပ်က အတည့်ဖြစ်နေပါသဖြင့်. . .

'ကနက်ရဝေမှာ သတင်းကြီးနေတာက. . .

မင်းသမီး 'မာယာဒေဝီ'သည် ရတနာသနွေမတည်တဲ့

အမြုမတဲ့၊

အဲဒီလိုဂုဏ်မလှအောင် ပြောဆိုကြကမင့်
သဘောအလိုကျစေရာ 'ဒေဝဒတ်' ကိုပြေးပါတော့မယ်ဗျား
သန္ဓေရတဲ့ အရေးနဲ့ ဗိုက်သတင်းပို့ရအောင်လို့
ဗိုက်စေတမန် အထူးကြွမယ် ဟဲ့ 'ဥပက' ကိုပို့. . .'

စသည် စသည်ဖြင့် ရွှေမန်းတင်မောင်၏ ဖွားတော်မူခန်းထဲမှ မယ်တော်မာယာသန္ဓေစတဲ့အကြောင်းကို သူမောင်ရှိရာ ဒေဝဒတ်သို့ ဇာတ်ဘိုးဘိုးကြီးသတင်းပို့ရန်အသွား ဆိုင်းဆင့်သည့်ဇာတ်စာကို ဘဘ ဦးမာတ်ရှင်၏ ဇာတ်သံအပြည့်ဖြင့် သီကျွေးသမ္မပြုလေတော့ရာ. . .

ဖခင် ဘုရင်ကြီးမှာ မကြားလိုပါ. . . မကြားလိုပါ. . . သတ်လိုလျှင်သတ်ပါစေတော့. . . ဟူ၍သာပြန်လည်၍ ဇော်မြည်တမ်းချင်ပါတော့သည် ပရိသတ်၊

ဒီကြားထဲရဲအဖွဲ့က မြန်မြန်လျှောက်လည်း သူ့ဒဏ်ရာတွေကို မနာနာအောင်လုပ်နေကြသည်ဟုညည်းလိုညည်း၊ ဖြည်းဖြည်းလျှောက်ပြန်လျှင်လည်း သူ့ကို 'ဆေး'မမီအောင်မသေသေအောင်လုပ်နေကြသည်ဟု ပြောလိုပြော ဖြစ်နေရသည့်အထဲ ရဲကြပ်ကြီးကြည်မြင့် ခါး၌ရှိသော ရေဘူးကို တောင်းရာ၌လည်း. . .

'အမလေး. . . ရေကြည်တော်ပြတ်လို့ မတ်တပ်ကလဲရတော့မယ် အဲ့ဟယ်. . . မောင်မင်းရဲ့ခါးမှာ ချိတ်ဆွဲထားသော ရေဘူးထဲက ရေကြည်တော်များ အမြန်ဆက်သစမ်းပါကွဲ့ ငယ်ကျွန်ကြီးရဲ့. . .'

ဟုပြောသဖြင့် ရဲကြပ်ကြီးကြည်မြင့်က 'ဆဲ'မလို့ပြင်ရာ ရဲသိန်းတန်က မျက်စောင်းထိုးသဖြင့် ငြိမ်နေလိုက်ရသည်၊

ဤကဲ့သို့ ဇာတ်ရှုးကြီးကိုထမ်းရသောကြောင့် ပခုံးပူရုံမျှမက နားပါပူနေကြသော ရဲတပ်ဖွဲ့ဝင်အပေါင်းကိုမြင်ရသဖြင့် သနားမိသလိုလို အကျွန့်စိတ်၌ဖြစ်ပေါ်လာသော်ငြားလည်း. . .

အပေါ်၌ စတစ်ကော်လာ လက်ရှည်ဝတ်ဆင်ပြီး အောက်၌ဝတ်ဆင်ထားသော အသားကပ် ဘောင်းဘီတိုကလေးကလည်း အရှက်လုံရုံမျှ

သာရှိ၍ စိတ်မလုံသဖြင့် ကင်မရာအိတ်ဖြင့် ကာကွယ်ပါသော်လည်း လမ်းလျှောက် တိုင်းပုခက်လွှဲသကဲ့သို့ လွှဲယမ်းနေသည့် အငြိမ်မနေသော ကင်မရာအိတ် ကြောင့် တစ်ချက်တစ်ချက်ခြေလှမ်းမှားလိုက်တိုင်း ခြေဖျားမှ ငယ်ထိပ်အထိ မချိမဆန့် ခံစားလိုက်ရသောဝေဒနာကြောင့် တလွဲမထင်ပါနဲ့ ပရိသတ် အကာ အကွယ်မဲ့နေသော အကျွန်၏ အလွန်တရာနူးညံ့သည့် ပေါင်နှင့်ခြေသလုံးသားကို ခြေလှမ်းမှား၍လှမ်းမိတိုင်း လမ်းဘေးဝဲယာရှိ 'ဆူး'ကိုင်းများနှင့်ခြစ်မိတိုင်း နာကျင်သွားသောကြောင့်၊

ရဲသိန်းတန်တို့အုပ်စုကို အသနားမဖက်ဘဲ 'ငါ'နှင့်သာ ကိုင်တုတ် ချင်ပါတော့သည် ပရိသတ်၊ နှစ်နာရီနီးနီးခရီးကြမ်းကြီးကို လျှောက်လှမ်းပြီး နောက်. . .

'ဟာ ဒါကြီးကို ဘယ်နေရာက ကောက်ရလာခဲ့တာလဲကွ. . .'

ဟူသောဖျစ်မောင်မောင်၏အမေးကို တစ်စုံတစ်ဦးကမှ ပြန်မဖြေနိုင် ဘဲ ဓာတ်ရှင်ကြီးကို ဖျစ်ကားပေါ်သို့နေရာချထားပေးပြီးနောက် ရဲတပ်ဖွဲ့ဝင် အပေါင်းမှာ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီး၏ ဂုဏ် ကျေးဇူးကိုအောက်မေ့သတိရ၍ အလေးပြုသည့်အလားတုံးလုံးပက်လက်ဖြစ် ကုန်ကြသတည်း။

ထီးဆောင်းမင်းအပေါင်းတို့၏မင်း၊ မြတ်သထက်မြတ်သော မင်းကြီး ၏ ဖဝါးစကြာဖြန့်ချိရာ ငါဝါယာဉ်အဖြစ် အသုံးတော်ခံခဲ့သည့် အကျွန်၏ လုံချည်ခေါ် ပုဆိုးလေးသည်လည်း ဖွာလန်ကျဲ၍ ဖတ်သနိုလန်နေပါတော့ သည်။

မိန်းမကနှင်ချ၍အိမ်ပေါ်မှဆင်းခဲ့ရသော ကျွန်တော့်မှာ အဝတ် အစားများများပါမလာသဖြင့် ဤလုံချည်ကိုသာအားထား၍ လူတောထဲ သွားရာတွင်အသုံးပြုရသည်၊ ယခုတော့မည်သည့်ဘက်ကိုမျှ လှည့်ဝတ်လို့ မရ ဘယ်အပေါက်အပြဲကိုမှ အတွင်းထဲထားဝတ်လို့ ရနိုင်ဖွယ်လမ်းမရှိသည့် လုံချည်ခေါ်ပုဆိုးသည် ဇာခြင်ထောင်ဘဝသို့ ရွှေ့လျောသွားကြောင်း မျက်ဝါး ထင်ထင်တွေ့မြင်လိုက်ရ၍ ဒေါသများ အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့

သည်။

သို့ပါသော်လည်း ပက်လက်လန်၍အမောဆို့ကာ ဟောဟဲဆိုက်နေသော ရဲသိန်းတန်တို့အား ဆဲရုံမှတစ်ပါး ကျွန်တော် ဘာများတတ်နိုင်ပါဦးတော့မည်နည်း။

အရှက်ကိုလုံအောင်ချည်ရသောကြောင့် လုံချည်ဟုအမည်တွင်ခဲ့သော ထိုလုံချည်ကိုပင် ရမအောင်ဝတ်၍ ခါးတောင်းကျိုက်ထားရတော့သည်။

အမောပြေကြ၍ပြန်ရန်အတွက် ကားပေါ်တွင်နေရာယူကြသောအခါ ဘဝရှင်မင်းတရားကြီး၏ခြေထောက်တော်မှ ဒဏ်ရာတော်အတွက် ဂျစ်ကားနောက်ခန်းရှိ ထိုင်ခုံတစ်ခုလုံးကို ရာဇပလ္လင်အဖြစ် အသုံးပြုခွင့်ပေးရလေသောကြောင့် ရဲအဖွဲ့က တွယ်စီးရလေတော့သည်၊ အကျွန်ုပ်အတွက်ပါနေရာမရှိသဖြင့် အလိုက်တသိစက်ဖုံးပေါ်သို့တက်၍ ထိုင်ပါသော်ငြားလည်း ကားအင်ဂျင်စက်၏အပူက ခါးတောင်းကျိုက်ထားသဖြင့် လွတ်နေသောတင်ပါးကို မီးပူတိုက်သလို ဖြစ်လေသောအခါ ဒေါသများပွက်ပွက်ဆူလေတော့သတည်း။

ဇာတ်ရှုးကြီးက ငိုချင်းတွေကိုညည်း၊ ကျွန်တော်ကဆဲ၊ ကားပေါ်မှကျွန်တော်လိမ့်ကျမှာစိုး၍ ရဲသိန်းတန်ကဆွဲ ဤသို့ ညည်း။ ဆဲ၊ ဆွဲ၊ ညည်း ဆဲ၊ ဆွဲဖြင့် ဘုန်းဘုန်းကျောင်းနားအရောက် ကားပေါ်မှဆင်းပြီး စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ ဆဲဆို၍ကျွန်တော်နေရစ်ခဲ့ပါတော့သည်။

* * *

သိုးသိုးနိုးကင်းခဲ့ဒုံနံထဲမှ ကျွန်တော်

ဘုန်းကြီးကျောင်း၏အနောက်ဘက်ရှိ ဧရာဝတီမြစ်ပြင်ပေါ်သို့ ပုဇွန်ဆီရောင်အသွေးများကို အပြီးသတ်ဆေးခြယ်ပြီးနောက် အနားယူရန်အတွက် အနောက်ဂေါ်ရာကျွန်းသို့ ယွန်းလုလုနေမင်းကြီး၏ နှုတ်ဆက်စေတနာသွားကို အုပ်လိုက်ပျံသန်းနေကြသော အိပ်တန်းတက်မည့် ငှက်ငယ်များကလည်း တီတီတာတာဖြင့် တစ်တပ်တအား 'ဟာမိုနီ' လိုက်နေသော တေးသံများက လောကကြီးတစ်ခုလုံးကို အလှဆင်နေတော့ရာ မြစ်ကမ်းပါးဘေးကျောက်ဆောင်ပေါ်တွင်ယှိုင်ရင်း လွမ်းလက်စ မဆုံးသ၍ ကမ္ဘာတည်သမျှလွမ်းရဦးမည့် ဧရာဝတီမြစ်ကမ်းနံဘေးက အလွမ်းမင်းသားကြီး ကျွန်တော်မောင်ကြည်အောင်၏ နှလုံးသည်းပွတ်မှ စစ်မှန်သော ရင်ကွင်းခံစားချက်များထွက်ပေါ်လာလေတော့သည်။

ဘုန်းဘုန်းကျောင်းက ပရိတ်ကင်းကင်းမဲ့'ဇုန်'ဖြစ်သဖြင့် အကျွန်ုပ်နေထိုင်ခဲ့သည့် ရက်ပေါင်းနှစ်ဆယ်နီးနီးအတွင်း 'ကာဗိုဟိုက်ဒရိတ်'နဲ့ပဲ နှစ်ပါးသွားနေခဲ့ရသည်။

အကျွန်ုပ်ပါးစပ်ကြီးကလည်း စားရသောက်ရတာတွင် 'ပါဏာတိပါတာ' မပါ ပါက 'ဟာတိဟာတာ'ကြီး ဖြစ်တတ်သောကြောင့် စစ်မှန်သော

ပရိုတိန်းဓာတ် သို့မဟုတ် သားစိုသားစိမ်းကို လိုအပ်လျက်ရှိနေပေပြီ၊

သက်သတ်လွတ်ကိုဘုန်းပေးသော ဘုန်းဘုန်း၏ အရိပ်အာဝါသကို ခိုလှုံသူအပေါင်းမှာလည်း သတ်သတ်လွတ်စားသူများသာ ဖြစ်သဖြင့် သက်သတ်လွတ်ကိုရှောင်သော၊ သက်သတ်လွတ် မစားတတ်သော အကျွန်ုပ်အဖို့ ရက်ပေါင်းများစွာကြာသောအခါ သက်သတ်လွတ်စားဖို့ အရေးတွေးဝင် မတွေးချင်တော့. . :

ထို့ကြောင့် ရေဇလားအောက်နားမှာ ခြေရှာဖျောက်သွားနေကြသည့် ငါးငယ်ကလေးများ၊ ဟိုးကောင်းကင်ယံမှာ မြူးထူးပျံနေကြသည့် ငှက်ငယ်လေးများကိုကြည့်ရင်း သွားရည်ဆို့လာသည်၊

သို့ပါသော်လည်း ဝေဟင်မှာ လေအလျင်စီးသည့်ငှက်ကိုတော့ ဘယ်လိုမှမဖမ်းနိုင်သဖြင့် ရေပြင်ပျော်ငါးလေးကို ဇကွပေးရန် ကြံမိလေတော့သည်၊

'မကြီလည်း ခံနိုင်ရိုးလားပရိသတ် ယခုအချိန်မှာ
ငါးသန်သေးနုတ် ရေလုံပြုတ်ကို
တစ်လုပ်ကယ်ဝဝ စားလိုက်ရလျှင်
အာဂပါးစပ် လူဖြစ်ရကျိုးနပ်ပဟဲ့'

ဟုရေသည်ယောကျ်ားလို အကျွန်ုပ်ပါးစပ်ကလည်း အလွန်ပင် ချဉ်ခြင်းတပ်နေပေပြီ၊

ထို့ကြောင့်ငါးကိုဘယ်လိုဖမ်းမည်နည်းဟု ကြီးစွာသောအကြံကို ထုတ်နေစဉ် အကျွန်ုပ်မျက်စိအတွင်း တရွေ့ရွေ့ဝင်လာသူက ရေအလျှော်အောက်နားက ကျောက်တုံးကြားတွင် ကားကားကြီးသွားနေသော ပုဇွန်ထုပ်တစ်ကောင် ဖြစ်ဘိတော့၏။

သူတော်ကောင်းကြီး၏ စိတ်စေတနာအတုန်ကြောင့် သမ္မာဒေဝနတ်မြတ်အပေါင်းက မှိုင်းမလေပြီထင်၏၊

ယခုမှသတိရမိတော့သည်၊ အကျွန်ုပ်ထိုင်နေသော ကျောက်ဆောင်နှင့်တကွ ဘေးတွင်ရှိရှိသမျှ ရေမြုပ်နေသောကျောက်ဆောင်များတွင် ရေလှိုက်စား၍ဖြစ်ပေါ်နေသော အပေါက်ငယ်များအတွင်း မှီတင်းနေထိုင်ကြသော

ရေချိုးပုဆိုးထုပ်ကလေးများကို အကျွန်ုပ်ယော်စဉ်က ဘုန်းဘုန်းကျောင်းသို့ရောက်တိုင်း ရေထဲဆင်း၍ပုဆိုးနှိုက်ခဲ့ဖူးသည်၊ ရသလားတော့မမေးနဲ့ပရိသတ်. . .

အကျွန်ုပ်၏ဇောင်မြင့်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ဆုချီးမြှင့်ခဲ့သော ဘုန်းဘုန်း၏တောင်မှေးအစွမ်းကြောင့် အကျွန်ုပ်ခေါင်းရှိဘုများကို ဒသဂီရိဝင် အမွှမ်းပေးခဲ့ရသည်၊ ယခုလည်းဝေယံမှုဝေယံသွေးများ ပေါ်လာသည်၊ လှူရိုက်လှူခြေကိုကြည့်၍ ရေထဲဆင်းကာ ပုဆိုးနှိုက်လေတော့သည်။

သို့ပါသော်လည်း စိတ်အလျင်ကို ရုပ်အသွင်ကမလိုက်နိုင်ပါသောကြောင့် နာရီဝက်နီးနီးကြာချိန်အထိ တစ်ကောင်မှမရသေးပေ၊ တဖြည်းဖြည်းဖြင့် ရင်စိုလောက်ရေနက်သော နေရာသို့ ရောက်လာစဉ် ရှည်ရှည်မျှောမျှော ပြားပြားချပ်ချပ် လေးတောင့်ပုံသဏ္ဌာန် အရာဝတ္ထုတစ်ခုကိုစမ်းလိုက်မိသည်။

ဘာပစ္စည်းကြီးပါလိမ့် ဒါဟာသဘာဝပစ္စည်းမဟုတ် လူလုပ်ထားသည့် ပစ္စည်းမှန်း ထိရုံနှင့်သိရုံသာရှိ၍ အမျိုးအမည်မခွဲခြားတတ်၊ အလေးချိန်တော်တော်စီးသဖြင့် ကျွန်တော်ကဲ့သို့သော အားကောင်းမောင်းသန် ယောက်ျားရင့်မာကြီး အားကုန်မကြည့်တာတောင်မှ အနိုင်ပစ္စည်းကြီးက 'လှုပ်' ရုံမှတစ်ပါး ရေပေါ်သို့လိုက်ချင်ပုံမရ။

ရေငုပ်ပြီးစမ်းကြည့်လိုက် ရေပေါ်ခေါင်းဖော်ပြီးတွေးကြည့်လိုက်ဖြင့် နောက်ဆုံး မိုးစုန်းစုန်းချုပ်လို့ အအေးဒဏ်ကြောင့် လက်ချောင်းထိပ်တွေ ပဲကြီးရေစိမ်သလို 'ရှုံ့တွ'လာမှ ရေထဲမှတက်ခဲ့ရလေတော့သည်။

ပစ္စည်းကြီးက ဘာကြီးမှန်းတော့မသိသေး၊ မနက်ဖြန်နေ့လယ်လောက်မှ အလင်းရောင်ကောင်းကောင်းနှင့် ရေထပ်ငုပ်ကြည့်တော့မည်ဟု ဆုံးဖြတ်လိုက်သလို ယနေ့ညစာကိုလည်း သက်သတ်လွတ် 'ကာဗိုဟိုက်ဒရိတ်' ဖြင့်သာ ကျေနပ်တော့မည်ဟုလည်း ပြတ်ပြတ်သားသားဆုံးဖြတ်ကာ ကျောင်းသို့ပြန်လာခဲ့သည်။

ညစာစားပြီး ခုတင်တွင် ခဏလှဲကာထမင်းလုံးစီရင်း ဆေးပေါ့လိပ်ကိုဖွာရှိုက်လိုက်လျှင်. . . ချစ်လှစွာသောခေတ္တရာက မီးခိုးများအကြား ဘွားဘွားကြီးပေါ်လာပြန်သည်။

ခက်တယ်သက်လယ်ရယ် မြေချိန်တန်လို့မှ ငြိုးမာန်မပြေတဲ့ မုဆိုး တစ်ပိုင်းမိန်းမရိုင်းကြီးရဲ့ ဒီမှာတော့ ဘုန်းကျောင်းမှာကပ်နေရတာ တရား ခေန်းနှစ်ခါပြီးတော့မယ်၊ အသားစိုအသားစိမ်းလည်း တော်လှပြီကွ 'တောက်'၊

တက်ခေါက်သံကနည်းနည်းပြင်းထန်သွား၍ ရင်ဘတ်ပေါ်သို့ ဆေးပေါ့လိပ်မီးခိုးများကျလာသဖြင့် တစ်ပတ်လှိမ့်၍ ရှောင်လိုက်ရာ ခုတင် ပေါ်မှ ခွေးကျ ကျသွားလေတော့သည်။

မဖြစ်ချေဘူး၊ ဒင်းအကြောင်းတွေးရင်းမိုးလင်းပေါင်းများပြီ မနက် ဖြန်တရားစခန်းပြီးလို့ပြန်တော့မယ့်ယောဂီတွေနဲ့ လေမြှောင့်နေတဲ့ ကပ္ပိယကြီး ရှိရာ မီးတင်းကုပ်တိုသွားမှပဲလေ. . .။

မီးတင်းကုပ်နားအရောက် အတွင်းကစကားပြောသံကြောင့် အကျွန်ု ခြေလှမ်းများ တုံ့သွားရတော့သည်၊

'တစ်ရာ့ရှစ်ကွက်စက်လက္ခဏာကိုရည်စူးပြီး ဝုတ်းမှာ တစ်ရာ့ရှစ်လုံး ရှိတာပေါ့ ကပ္ပိယကြီးရဲ့'

ပုတီးအစိပ်ကောင်းလို့ အချက်သုံးဆယ်ကျော်လောက်'ကပ္ပိ' ခံထား ရသောအကျွန်ုမဟာနဖူးကြီးကို ယောင်ယမ်း၍စမ်းမိပြန်ချေ၏၊

'ဟုတ်ပြီလေ အဲဒီတစ်ရာ့ရှစ်ကွက် စက်လက္ခဏာတွေက ဘာတွေလဲ'

'အဲ အဲဒါကတော့ ကျုပ်လည်း အတိအကျဘယ်သိမလဲဗျ'

ဤကဲ့သို့သော ပညာရှိကြီးများ စကားဝိုင်း၌အကျွန်ုလည်း ဝင်ဆန့် ပေသည်ဟု ဝမ်းမြောက်စွာတွေးရင်း မီးတင်းကုပ်ဝင်ပေါက်ကို ခြေဦး အလှည့်. . .

'သိချင်ရင်တော့ ဘုရားခြေတော်ရာမှာကြည့်ပေတော့ဗျာ. .'

အလို ခြေတော်ရာ ဆိုပါကလား၊ အမေ့ခြေရာ အမေ့ခြေရာ ယောကျ်ားမခြေရာတို့ထက် တုနှိုင်းဖွယ်မရှိ အတုမရှိသော ဘုရားရှင်၏ ခြေတော် ရာဆိုပါကလား. . . အကျွန်ုဦးခေါင်းထဲမှ မှတ်ဉာဏ်များ စွမ်းအင်အပြည့်ဖြင့် လည်ပတ်ကုန်လေပြီ. . .

ကျွန်တော်တို့ဒေသအနီးရှိ ရွှေစက်တော်မှာ မြတ်စွာဘုရား

သက်တော်ထင်ရှားရှိစဉ်က ပေးသနားတော်မူခဲ့သော အထက်နှင့် အောက်ခြေတော်ရာနှစ်ဆူက အထင်ရှားဆုံးဖြစ်၍ တပေါင်းလပြည့်နေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့တိုင်အောင် မြန်မာပြည်အရပ်ရပ်က ဘုရားဖူးများကြွက်မျှမကျ အောင်စည်ကားသည့် တန်ခိုးကြီး ထိုခြေတော်ရာ နှစ်ဆူကိုရည်မှန်း အကြောင်းပြု၍ မြန်မာပြည်တစ်လွှားမှာ ဘုရားခြေတော်ရာ ပုံတူထုလုပ် ကိုးကွယ်ကြသူ တွေများမှများ။

သို့ပါသော်လည်း ထုဆစ်ပုဇော်သမျှပြုသည့်ခြေတော်ရာတိုင်းက စကျင်ကျောက်ဖြင့်သာ ပြုလုပ်ကြသည်များ၍ ကြေးဖြင့်သွန်းလောင်း ပူဇော်သော ကြေးခြေတော်ရာကတော့ အလွန်ပင်ရှားပေလိမ့်မည်။

သက်ကြီးစကား သက်ငယ်ကြားအရ မင်းတုန်းမင်းလက်ထက်တော်လောက်က ကြေးဖြင့်သွန်းလုပ်ပူဇော်ခဲ့သော ကြေးခြေတော်ရာ တစ်ဆူက ယခုမမ္ဘိကဝတီကျောင်းပိုင်နက်အတွင်း အလွန်ချောင်ကျသောနေရာ၌ရှိသည်။

ကျွန်တော်မောင်ကြည်အောင်သည် အလွန်စိတ်မြန်လွန်းသူ ဖြစ်ရကား နဖူးပေါ်လက်တင် ဒူးပေါ်ခြေသလုံးတင်ပြီး ပညာရှိများလို စဉ်းစားမနေဘဲ ပြေးကြည့်တာက တွေးကြည့်တာထက်သော ချာသဖြင့် သုံးတောင့်ထိုးခတ်မီးကိုယူတာ အပြေးအလွှားဖြင့် ကြေးခြေတော်ရာရှိရာသွားခဲ့သည်။

အမိုးမှလွဲ၍ အကာအရံတစ်ခုမှမရှိသော သံမံတလင်းခင်းထားသည့် ဇရပ်ဇိုကလေးအတွင်းတွင် ပူဇော်ထားသည့် ကြေးခြေတော်ရာကား ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီတည်း။

ကြေးခြေတော်ရာအပူဇော်ခံရာသုံးပေခန့်မြင့်သည့် ဓာတ်ပလ္လင်သည်လည်း ခြေတော်ရာအနိုးခံလိုက်ရသောကြောင့် ထိပ်ပိုင်းမှာ ပြိုဖျက်လျက်ရှိပေပြီ။

လက်စလက်နအရ ရက်ပိုင်းလောက်သာ ရှိသေးကြောင်းကား သေချာ၏၊ မည်သူလက်ချက်ကြောင့် ဤနေရာ၌ပူဇော်ခံထားသော ကြေးခြေတော်ရာက အကျွန်ုပ်ထွန်းနှိုက်သည့်နေရာသို့ ပြောင်းရွှေ့၍ 'ဒေသစာရီ' ကြွချီရပါသနည်း။

ယခုနေ ဂလေစီရာ ရေခဲတောင်ထံဆိပ် စီးကရက်ကို အလွန်ကြည့်ကောင်းအောင်ဖွာရှိုက်ကာ တယောလေးကိုလည်း ဆွဲဆွဲငင်ငင် ထိုးရင်း ဤအမှုကြီး၏ကွင်းဆက်များကိုရှာဖွေ၍ ဖော်ထုတ်နိုင်ပါက အင်းစိန်စီအိုင်ဒီမှ စုံထောက်မင်းကြီး 'ကရစ်ပင်'၏ ဂုဏ်ပြုလက်မှတ်ကား ပြေးမလွတ်တော့၊ ထို့အပြင် 'ခရောနီကယ်' သတင်းစာ၌မျက်နှာဖုံးပြည့် တိုင်းသိပြည်သိဖော်ပြခံရတော့မည်မဟုတ်ပါလော။

ထို့ကြောင့် အစီခံကိုထိလုနီးနီးတိုနေသော ဆေးပေါ့လိပ်ကို တရှိုက်မက်မက် ဖွာရှိုက်လိုက်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း. . .

ဒီမယ်အိုင်ပီကြည်အောင် အိုင်ပီရဲ့ ဂုဏ်သိက္ခာကတော့ ကုတ်နဲ့ကော်တင်လိုက်သလို ဟိုးဟိုးကျော်တော့မယ့် အခွင့်အရေးကြီးက ပေါ်လာပေပြီ၊ ယောကျ်ားပီပီ မလျှော့သောဇွဲလုံ့လနဲ့ ဇွဲမိပေါ်မလား၊ တက်နိုင်ရင်ထန်းရည်သောက်ဆိုသလို အရိုးကျေကျေအရေခမ်းခမ်းနဲ့ ဒီအမှုကြီးရဲ့လက်သည်ကိုသာ ဖော်နိုင်လို့ရှိရင် ဆရာတော်ကလည်း အားကိုး၊ အိမ်အပြန်ဇီဇာရလို့ မိန်းမအလှကလည်း ဘဝင်ကျမဲ့ကိန်းတော့ ဆိုက်နေပြီ။

အိုင်ပီကြည်အောင်. . ဒီကိစ္စကို မင်းသေသေချာချာ လေးလေးနက်နက်နဲ့ ဖျော့ကွက်ဟာကွက်တွေမရှိအောင်စဉ်းစားမှဖြစ်မယ်၊ ကဲ. . .
မင်းစဉ်းစားစမ်း စဉ်းစားစမ်း ဒီကြေးခြေတော်ရာကိုခိုးတဲ့သူက ဒီကျောင်းဝိုင်းထဲမှာ ရှိနေပြီ သေချာပေါက်ရှိနေပြီ၊ ဘယ်သူဖြစ်နိုင်မလဲ ဟောဒီ ကျောင်းထဲမှာရှိတဲ့ မနုဿများကိုပြန်စဉ်းစားကြည့်လျှင် ဆရာတော် ဘဘုန်းကြီးဘဘုန်းကတော့ ပစ္စည်းပိုင်ရှင် ကိုယ့်ပစ္စည်းကိုယ် မခိုးလောက်ပါဘူး၊ အဲဒီတော့ဘဘုန်းကိုပယ်၊ ကပ္ပိယကြီး. . . သူကလည်း ဓမ္မိကဝတီမှာနေလာတာနှစ်ပေါင်းများစွာရှိပြီ၊ ဒါကြောင့် သူ့ကိုလည်း ချောပယ်၊ ဒီတော့ကာ ဘိုးတော်နဲ့ယောဂီငါးဦးပဲ ရှိတော့တယ်. . .

ဘိုးတော်က တစ်ယောက်တည်းနေတဲ့အပြင် ကိုးရက်ပြည့်တာတောင်မှ ခေတ်ကျလို့နောက်ထပ်ကိုးရက်သက်တမ်းတိုးထားတော့ မသက်ာစာရင်းမှာ နံပါတ်တစ်ပဲ၊ ဒါပေမယ့် ဒီလောက်လေးတဲ့ ကြေးခြေတော်ရာကြီးကို

သူတစ်ယောက်တည်း မ,မနိုင်ဘူး လက်ထောက်ချချင်တော့ချလိမ့်မယ်။

ဟိုယောဂီငါးဦးက အုပ်စုတောင့်တော့ ခြေတော်ရာကိုမလို့ လွယ်တယ်။ ဒီတော့ ဘိုးတော်နဲ့ ဒီယောဂီငါးဦးဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတွေများလား ဖြစ်နိုင်တယ်။

တစ်နေ့ထဲမှာ တစ်ယောက်က မာတ်ကျလို့ဆိုပြီးလာတယ်၊ ကျန်ငါးယောက်ကလည်း တရားစခန်းသိမ်းပြီးတာကို အတင်းကာရော တရားစခန်းလာဝင်တယ်။

ငါတို့အလစ်မှာ ကြေးခြေတော်ရာကို 'ခိုး'၊ ရေထဲမှာ 'ဖွက်'ထားပြီးတော့ မှင်သေသေနဲ့ တရားစခန်း ဆက်ဝင်တရားစခန်းဝင်နေချိန် ခြေတော်ရာပျောက်ဆုံးကြောင်းသိသွားရင်လည်း သူတို့နဲ့ မဆိုင်သလို နေရုံပဲ။

ဟော ခုလိုဘာမှမသိတော့ မနက်ဖြန်တရားစခန်းထွက်မှ ခြေတော်ရာ ကိုယူသွားကြရုံပဲ ဟား ဟား ဟား၊ သိုးယောင်ဆောင်တဲ့ 'ဝံပုလွေ'တွေရဲ့ ပရိယာယ်လောက်ကတော့ ကျွန်ုပ်သရေခတ္တရာကြည်အောင်ရဲ့ ဆင်ခြင်တုံတရားကြားမှာ ကားကားကြီးပေါ်သွားမှာပေါ့။

ခင်းတို့တွေမနက်ဖြန်တရားစခန်းကအထွက်မှာ တစ်ခါတည်း သယ်ကြလိမ့်မယ်ထင်တယ် တွေ့ကြသေးတာပေါ့ကွာ. . . အဲ. . . အင်း၊ မနက်ကျတော့ ဒီလောက်ကြီးပြီးလေးလံတဲ့ဟာကြီးကို လူမမြင်အောင် သူတို့ ဘယ်လိုသယ်ကြမှာလဲ ဘယ်လိုသယ်ကြမလဲ၊

ကျွန်တော်စဉ်းစားမရတော့။ ငါဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားမြန်သောအခါ. . .

အဲဒီအပေါင်းအပါခြောက်ဦးကို သိမ်အဟောင်းထဲသွင်းပြီး မိုက်နှက်စစ်လိုက်လို့ကတော့ ဘာပြောကောင်းမလဲ ယောကျ်ားခြောက်ယောက် ကိုယ်တစ်ယောက်ဆိုတော့ ထိပ်ပေါက်ခေါင်းကွဲ ငါပဲဖြစ်ဖို့ များတယ်။

ဒါကြောင့် ငါတစ်ယောက်တည်းနဲ့ ဒီကိစ္စကိုဖြေရှင်းလို့ မရဘူး၊ ဘဘုန်းကြီးနဲ့ ကပ္ပိယကြီး အသိပေးလို့ရှိရင်လည်း ရှိသမျှလူနဲ့ ညတွင်းချင်း သူ့နေရာသူ ပြန်ပင့်ထားလိမ့်မယ်၊ အမှုဖွင့်မှာလည်းမဟုတ်တော့ သူခိုး

အားပေးသလိုမျိုး ဖြစ်သွားလိမ့်မယ်၊ ငီတော့ရဲသိန်းတန်တို့ကိုအကြောင်းကြားတာက ပိုကောင်းပေမယ့် အခုလို အကာလညကြီးအချိန်မတော်မှောင်မည်းနေတဲ့ တောလမ်းကလေးအတိုင်း လေ၊ ငါးမိုင်ဝေးသည့် ရဲစခန်းသို့ သတင်းပို့ဖို့ကလည်း မဖြစ်နိုင်။

အဓိကအရေးအကြီးဆုံးဖြစ်တဲ့ ခြေတော်ရာကြီး နောက်ထပ် ပျောက်မသွားအောင် ငါတစ်ကိုယ်တည်းကင်းပုန်းဝပ်ပြီးမှ စောင့်ကြည့်လို့ သင့်တော်မယ့်အရေးဖြစ်တာကြောင့် လက်စွဲတော်ကင်မရာအိတ်ကို လွယ်ပြီး မြစ်နံဘေးသို့ အသော့ပြေးလေမှကိုးဗျ။

မမ္ဘိကဝတီတောရကျောင်းအနီး မြစ်ကမ်းပါးဘေးရှိ ကျောက်ကမ့်လေးအကွယ်တွင် ခွေးဆွဲသလိုဆွဲနေကြသော ခြင်များနှင့် တစ်ညလုံးနပမ်းလုံးပြီးနောက် ခြေကုန်လက်ပမ်းကျစွာဖြင့် အိပ်ပျော်လုလုဖြစ်နေသော ကျွန်တော်မောင်ကြည်အောင်၏ သောတအာရုံ၌ 'တဖျပ်ဖျပ်'ဖြင့် အသံခပ်အုပ်အုပ်ကြားလိုက်သောကြောင့် ကျောက်ကမ့်ဘေးမှ ခေါင်းပြူ၍ ကြည့်လိုက်ရာ. . .

အလို. . . ရေစပ်မှာ လှေရပ်နေပါရောလား

ရေစပ်နှင့် ဝါးတစ်ပြန်အကွာ ယခု ကျွန်တော်ပုန်းအောင်းရာ ကမ်းပါးထိပ်နှင့် ဝါးသုံးပြန်အကွာတွင် လှေတစ်စီးရပ်နေသည်။

လှေပေါ်၌ ပဲ့ကိုင်ရှင်ကတစ်ယောက်၊ ရေထဲမှာ ငုပ်လိုက်ပေါ်လိုက်လုပ်နေကြသူကနှစ်ယောက် ပေါင်းသုံးဦးကို တွေ့မြင်လိုက်ရသည်။

အချိန်က မနက်လေးနာရီခွဲသာသာခန့်သာရှိသေး၍ အလင်းရောင်ကမရှိ ရောင်ပြန်ဟပ်နေသောရေမှိုင်ကြောင့်သာ လူသုံးဦးရှိကြောင်း သိရသလို အကျွန်အင်မတန်သိချင်သော ခြေတော်ရာသယ်ယူရေး နည်းလမ်းကောင်းကြီးကိုလည်း ဘွားဘွားကြီး မြင်လိုက်ရသည်။

ဗင်းတို့ကခြေတော်ရာကိုကြိုးနဲ့သိုင်းချည်၍ လှေအောက်တွင် ချိတ်ဆွဲပြီး သယ်ဆောင်ဖို့လုပ်နေကြသည် မဟုတ်ပါလား။

ကောင်းလိုက်တဲ့အကြံ ခြေတော်ရာကိုလှေအောက်မှ ချိတ်ဆွဲထား

သဖြင့် မည်သူမျှမြင်မည်မဟုတ်၊ လေ့ပေါ်မှ လူသုံးဦးကိုသာ ဘာသာ ဘာဝ တံငါလုပ်ငန်း လုပ်နေကြသည်ဟုသာ မြင်ကြရမည်ဖြစ်၍ ဘုရား ခြေတော်ရာကြီးကိုလင်းလင်းကျင်းကျင်းတွင် လွှတ်လွှတ်လပ်လပ်ကြီး သယ်ယူနိုင်ကြတော့မည် မဟုတ်ပါလား။

အနီဘုရားခြေတော်ရာနှင့်သည့် လူတစ်စုကို အကျွန်၏ လက်သုံးတော်ကင်မရာဖြင့် မှတ်တမ်းတင်လိုက်ပါက သူခိုးမျိုး ပြုတ်ပေတော့မည်။

သို့ပါသော်လည်း အကျွန်ုပ်၏'ဆန်ညို'တံဆိပ်'အော်တိုမီးတစ်' ကင်မရာက ဒီလောက်အကွာအဝေးကို ဤကဲ့သို့ မှောင်မှောင်မည်းမည်းကြီးထဲတွင် ရိုက်လို့မရ 'ဖလပ်ရှ်ဂန်း' အလင်းရောင်ကလည်း သူခိုးများကို လုံလောက်သောအလင်းရောင်ပေးနိုင်မည် မဟုတ်၍ ဖလင်ပြားပေါ်၌ ထင်ရှားသောရုပ်အသွင်လုံးဝပေါ်မည်မဟုတ်။

တွေ့ကြုံနေရသောအခြေအနေနှင့် ပထဝီအနေအထားကို သုံးသပ်ပြီး လွန်စွာမှ စွန့်စားရ၍ ရဲစွမ်းသတ္တိ သူရသတ္တိရှိသူ 'ရဲရင့်သူ'မှ သာလျှင် လုပ်ဆောင်နိုင်ဖွယ်ရာရှိသော နည်းဗျူဟာကို ချမှတ်လိုက်သည်။

ကျွန်တော်သည် သူခိုးများနှင့်နီးရာ ကမ်းပါးအစပ်သို့ တိုးလို့ရနိုင်သမျှ တိုးသွားပြီးနောက် လက်စွဲတော်ကင်မရာခလုတ်ကို နှစ်ချက်နှိပ်လိုက်ရာ 'ဖျတ်'ခနဲ 'ဖျတ်'ခနဲဖြင့် အလင်းရောင်ကြီးနှစ်ကြိမ်ထွက်ပေါ်လာခဲ့သည်။

ထွက်ပေါ်လာသောအလင်းရောင်ကြီးကြောင့် သူခိုးသုံးယောက်အံ့အားသင့်စွာဖြင့် မော့ကြည့်ကြသည်၊ ကျွန်ုပ်လည်းသူခိုးသုံးဦးကို စေ့စေ့ကြည့်ပါ၏၊ သို့သော်ထိုသူတို့၏မျက်နှာကို အကျွန်လုံးဝမမြင်ဖူးပေ။

ကင်မရာဖလင်သားပေါ်တွင်လည်း အရုပ်ထင်မည်မဟုတ်သောကြောင့် နည်းဗျူဟာ၏ဒုတိယအဆင့်ကို သုံးလိုက်သည်။

'ဟေ့ကောင်တွေ မင်းတို့ကို ငါဓာတ်ပုံရိုက်ပြီးပြီ၊ အခုငါရဲစခန်းကို ဒီဓာတ်ပုံတွေသွားပို့မယ်ကွ ဟား ဟား ဟား. . .'

ဟုကြုံးဝါးရယ်မောပြီး ကမ်းပါးပေါ်မှထအပြေး 'အား'ခနဲ အော်ကာ ချော်လဲချင်ယောင်ဆောင်လိုက်ပြီး ခြေထောက်ကိုလက်နှစ်ဖက်ဖြင့်

တိုင်ရင်း. . .

'အား. . . ခြေထောက်. . . ခြေထောက် နာတယ် နာလိုက်တာ'

ဟုထပ်မံ၍ ညည်းညူသံပေးလိုက်သောအခါ အကျွန်ုပ်၏ 'အကာယ်ဒမီ'ရုပ်ရှင် သရုပ်ဆောင်မှုကြောင့် ဒင်းတို့အားလုံး လှုပ်လှုပ်ရွှားရွှားဖြစ်သွားကြပြီး အကျွန်ုပ်၏ထောင်ချောက်အတွင်းသို့ ကားကားကြီးဝင်ခဲ့ကြလေပြီတည်း။

'လိုက်. . . လိုက်. . . ဖဲဒီကောင်ကို မိအောင်လိုက်ဖမ်းကြ'

ဟု ကြုံးဝါးပြီးခြေတော်ရာကြီးကို လွှတ်ချလိုက်တာ ကျွန်တော့်ကို မိအောင်လိုက်ဖမ်းရန် ရေထဲမှနေ၍ အပြေးအလွှားသွားလာနေကြသည်။

ရင်ခေါင်းလောက်၊ ခါးလောက်၊ တို့နောက် ဒူးဆစ်လောက်ပဲ ရေမြုပ်တော့သည်။

မကြာခင်ကမ်းနားအစပ်သို့ ရောက်လာပေတော့မည်၊ ဟော. . ကမ်းစပ်နားအရောက်တွင် ကျွန်တော်သေသေချာချာချိန်၍ ခလုတ်ပုံသုံးပုံခန့် နှိပ်ယူလိုက်သည်။

သေချာပြီ။ ဤအကွာအဝေးလောက်ဆိုတော့ အကျွန်ုပ်ကင်မရာ ဖလင်ပြားပေါ်တွင် သင်္ကောင့်သားသုံးဦး၏ပုံရိပ်များ သေချာ ထင်ရှားစွာပေါ်မည့်အကြောင်း အကျွန်ကောင်းကောင်းကြီး သိပါပေ၏။

ထို့နောက် နည်းဗျူဟာ၏တတိယအဆင့်၊ အနီးဆုံးတောတွင်း ဖြတ်လမ်းမှနေ၍ ရဲစခန်းရှိရာသို့ ခပ်သွက်သွက်လေး ပြေးခဲ့လေတော့ သည်။

သိပ်ပြီးဒုန်းစိုင်းပြေးစရာ မလိုကြောင်းကလည်း ဟိုသူခိုးသုံးယောက်က လူကြီးလက်မှုပ်တစ်ဖောင်လောက်မြင့်သော ပြောင်ချော မတ်စောက်နေသော ကမ်းပါးကြီးကိုတွယ်တက်ရဦးမည်။

ထို့အပြင်ရေထဲမှလာသူများဖြစ်၍ ဖိနပ်ကပါမည်မဟုတ်၊ ရေနွေးနေသောခြေဖဝါးတော်နုနုကို ဆူးလေပင်နှင့် ကန္တာရဆူးများကလည်း အရုံသင့်ကြိုဆိုနေကြသည် မဟုတ်ပါလော။

မြို့နယ်ရဲစခန်းထဲရောက်တော့ တစ်ညလုံးအိပ်ရသေးပုံ မပေါ်သည်

ရဲမှူးကြီးက တအံ့တဩကျွန်တော့်ကိုကြည့်ရင်း. . .

'ဟာ. . . ခေတ္တရာကြီးတို့က သတင်းအနံ့ခံကောင်းလိုက်တာ တန်းရောက်လာတာပဲ ရဲသိန်းတန်တို့နဲ့ ဘယ်နားမှာလွဲခဲ့သလဲ'

ကျွန်တော်လည်း နပေတိမ်တောင်ဖြစ်နေစဉ် ရဲမှူးကြီးက. . .

'မနေ့ညက မခါကြီးတို့အုပ်စုကို နယ်စပ်မှာထိန်းသိမ်းလိုက် ကြတယ်၊ ငါတို့လည်း တစ်ပြိုင်နက်တည်း မြကျွန်းသာစားသောက်ဆိုင်ကို ဝင်စီးကြတယ် လေကွာ(ကျွန်ုပ်တို့နဲ့ ကော်လံပေါ်က နှုတ်ခမ်းနီအမှုကြီးကို ကြည့်ပါ)၊ ကိစ္စဝိစ္စ တွေပြီးပြီးချင်း ခေတ္တရာသူကြီးကို ငါကိုယ်တိုင်သွားရှင်းပြလိုက်တယ်၊

သူ့လင် သူတော်ကောင်းကြီးကို ပစ်မှားမိလို့ဆိုပြီး ညကတည်းက မင်းကို သူကိုယ်တိုင်သွားခေါ်မယ်လုပ်နေတာ၊ ညဉ့်နက်နေလို့ မသင့်တော်ပါဘူး မနက်မှသွားခေါ်ပါဆိုပြီး မနည်းနားချထားရတယ်၊ နာရီဝက်လောက်ပဲ ရှိဦးမယ် ရဲသိန်းတန်ရယ် ဂျစ်မောင်မောင် မော်တော်ကားကိုယူပြီး ခေတ္တရာ သူကြီးကိုတ ်လို့ မင်းကိုခေါ်ရအောင် မမြို့ကဝတီကို သွားကြလေရဲ့၊ လမ်းမှား သွားကြပြီထင်တယ်'

မင်္ဂလာရှိသော နံနက်ခင်းပါတကား၊ လေး ငါးမိုင်ပြေးခဲ့ရသဖြင့် မောပန်းခဲ့ရခြင်းများ ဘယ်ရောက်မှန်းမသိ ကြည့်ပါဦးဗျာတို့ အချစ်ကြီးတော့ အမျက်ကြီးသလို၊ အမျက်ကြီးတော့ အချစ်ကြီးတာပါပဲကလား၊ အကျွန် သူ့ကိုလွမ်းသလို သူလည်းမလကိုယ့်ကိုလွမ်းပေလိမ့်မည်၊ ထို့ကြောင့် ညကြီးမင်းကြီးပင် အကျွန်ထံသို့ လိုက်လာရန်ကြံဆောင်သည် မဟုတ်ပါလော။

ဩော် ခေတ္တရာရယ် နောက်နောင်ဆိုရင် ပစ်မခွာဘဲအနားမှာ နေပါတော့မယ် အချစ်ရယ်. . .

'ကြည်အောင်. . .'

'အချစ်ရယ်. . .'

'ဘာကွ. . .'

ရဲမှူးကြီး၏ ဘာကွကြောင့် ကျွန်တော်လည်းသတိပြန်ဝင်သွားပြီး လာရင်းကိစ္စကို ရှင်းပြလိုက်လျှင်. . .

'ရဲကြပ်ကြီးကြည်မြင့် နယ်ထိန်းတွေကိုခေါ်လိုက်၊ ရော့ ယောဂီ ကင်မရာထဲကပုံကို မြန်မြန်ကူးပြီးလွှပ်ရှားကြ၊ ကဲ. . . ကြည်အောင် လာခမ္မီ ကဝတီကို သွားကြရအောင်၊ ဒီကိစ္စက မြန်မြန်အုပ်မိမှကောင်းမယ် အမှုနှင့်ဒို့ ကိစ္စကို ငါကိုယ်တိုင်ဘုန်းဘုန်းကို တရားချမှဖြစ်မယ်၊ လာ. . . သွားစို့'

ဘုန်းဘုန်းကိုတရားချမည့် မိကျောင်းမင်းကို ရေခင်းမြဲမည့် ရဲမှူးကြီး ကိုတအံ့တဩကြည့်နေစဉ် ရဲမှူးကြီး၏သမက်တော် 'လေးကို'က သုဝိုင်တိုင်း လတ်ကားကိုမောင်း၍ ရောက်ရှိလာသဖြင့် ကျွန်တော်၊ ရဲမှူးကြီးနှင့် ရဲသား အချို့တို့သည် ခမ္မီကဝတီသို့ ဆိုက်ဆိုက်ခဲ့ကြတော့သည်။

ကျောင်းရှေ့တွင်ဆရာတော်နှင့် ယောဂီများကြား၌ ရဲသိန်းတန် ဂျစ်မောင်မောင်နှင့် အကျွန့်ချစ်ဇနီး ခေတ္တရာသူကိုပါ တွေ့လိုက်ရသည်။

အလို. . . ကျွန်ုပ်နှလုံးသား၏ တစ်ဦးတည်းမူပိုင်ဖြစ်တော်မူသော ချစ်ဇနီးချောကြီး ငိုကြွေးနေပါကလား၊ အချစ်ရယ်မင်းရဲ့မျက်ရည်တွေ ကိုယ့် နှလုံးသားပေါ် အက်စစ်မိုးရွာသွန်းလိုက်သလိုပါပဲလားကွယ်။

ကားရပ်ရပ်ခြင်း ရဲမှူးကြီး၊ ရဲတပ်ဖွဲ့ဝင်တို့နှင့် ကျွန်တော်က ကား ပေါ်မှဆင်း၍ ဘဘုန်းကိုဦးချလိုက်စဉ်. . .

ဆရာတော်ဘုရားက မေတ္တာတော်ရှေ့မထားဘဲ ဒေါသတရားဖြင့်-

'ကဲ ရဲမှူးကြီး ဒီကောင့်ကိုဘယ်မှာမိခဲ့ကြသလဲ၊ ကျုပ်ကတော့ ရှင်း တယ်ဗျာ တရားဥပဒေနဲ့အညီသာဆောင်ရွက်ကြပါ ဟုတ်ပြီလား'

အဆက်အစပ် မရှိသောစကားများကြောင့် အကျွန်တို့အားလုံး အံ့အားသင့်နေစဉ် ဆရာတော်က လက်သုံးတော် တောင်ဝှေးကိုမြှောက်ရင်း-

'မိန်းမကနှင်ချလို့ ငါ့ကျောင်းကပ်နေပြီး အရိပ်နေနေ အခက်ချိုးချိုး ဘုရားခြေတော်ရာကို ခိုးရတယ်လို့ ကြည်အောင်ရယ်၊ ဟောဒီယောဂီတွေ တရားစခန်းသိမ်းလို့ ကျောင်းဝိုင်းထဲရှိသမျှ စေတီ ပုထိုးတွေလိုက်ပူဇော်မှ ခြေတော်ရာပျောက်နေကြောင်းသိရတယ်၊

တစ်ကျောင်းလုံးမှာလည်း နင်တစ်ယောက်ပဲပျောက်နေတယ်၊ ပြီတော့ နင့်အိပ်ရာက ခင်းတောင်မခင်းရသေးဘူးဆိုတော့ နင်တစ်ညလုံး

ဖြန်မအိပ်ဘဲ ဘာလုပ်နေလဲ ပြောစမ်း ငါ့ဘုရားခြေတော်ရာကိုခိုးပြီး ဘယ်မှာ ဖွက်ထားလဲ'

အကျွန်လည်း ကြောက်လန့်တကြားဖြင့်. . .

'ဟို. . . ဟို. . . ကမ်းပါးစပ်က ရေထဲမှာပါ ဘုရား. . .'

ဟုဖြေလိုက်မိရာ အကျွန့်မိန်းမ၏ စူးရှသောငိုသံနှင့်အတူ ဆရာတော်ဘုရား၏ လက်သုံးတော်တောင်ဝှေးက အကျွန့်နဖူးဆီသို့ တည့်တည့်ကြီးဝင်လာရာ ရဲမောင်ကိုက လျင်မြန်စွာ ဝင်ကာကွယ်၍ သက်သာရာ ရကာ ဖုရုံသာ ဖုခဲ့သည်။

ရဲမှူးကြီးက လျင်မြန်စွာဖြင့် လိပ်ပတ်လည်အောင် အကျွန်၏ စွန့်စားခန်းကို ဝင်ရောက်ရှင်းပြရင်း လိုအပ်သည့်နေရာ၌ပိုပိုသာသာနှင့် အကျွန်၏ဆောင်ရွက်ချက်များကို အမွန်းတင်ပြောလေရာ. . .

အကျွန်ပင်လျှင် အံ့ဩမင်သက်ကာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိပါတော့သည်၊ တယ်တော်တဲ့ငါ့ပါကလား၊ တယ်ဟုတ်တဲ့ ငါပါလား၊ ဤ ဘဒ္ဒကမ္ဘာ၌ ငါလိုတော်တဲ့သူ တစ်ယောက်မှမရှိကြောင်း ရဲမှူးကြီးပြောပြမှ ကိုယ့်အကြောင်းကို အမှန်အတိုင်းသိရ၍ ကြက်သီးမွေးညင်းများပင်ထမိပါသည် ပရိသတ်. . .

ထို့နောက် ရဲနှင့်ပြည်သူ ချစ်ကြည်ဖြူစွာဖြင့် ခြေတော်ရာကြီးကို ကျောင်းပေါ်သို့ ပြန်လည်ပင့်ဆောင်လာခဲ့ကြစဉ် ဘိုးတော်လည်းရောက်ရှိလာပြီး၊ ဤခြေတော်ရာကြီး အပွဇော်ခံရာဇရပ်ကိုလည်း ကြီးမားခန့်ညားစွာ ပြန်လည်ဆောက်လုပ်ပေးမည့်အကြောင်း ပြောကြားမှ သူတော်ကောင်းကြီးသည် အလွန်ချမ်းသာသော လောပန်ကြီးတစ်ဦး ဖြစ်ကြောင်း သိရသလို. . .

ယောဂီငါးဦးကလည်း ဤကဲ့သို့ ရှားရှားပါးပါး အဖိုးတန်သမိုင်းဝင်သော ခြေတော်ရာကြီးကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင် ခိုင်ခန့်စွာ တည်ဆောက်ရန်အတွက် ကုန်ကျသရွေ့ကို သူတို့ငါးဦးကလည်း ပါဝင်လှူဒါန်းမည့်အကြောင်း အာမခံနေ့ခံမှ အာဂလူချမ်းသာများဖြစ်ကြောင်း ကျွန်တော် မောင်ကြည်အောင် ဘွားဘွားကြီး သိရှိသွားပြီး၊

ဤပုတ္တိုလ်ခြောက်ဦးကို စောရဂိုဏ်းဝင်အဖြစ် အထင်မှားကာ သိမ်မဟာင်းထဲသွင်း၍ တိုလိုသည့်လိုလုပ်မည်ဟု ကြံမိသမျှ တစ်ဖန်သတိရ၍ ရှက်မိပါချေ၏။

ဘိုင်းပရိုသတ်ရေ အားလုံးကိုစွဝိစွပြီးဆုံး၍ ဇာတ်ပေါင်းကြလေသတည်းပေါ့ဗျာ၊ ခေတ္တရာအလှတစ်ပါးကလည်း ပစ်ပယ်တာရှောင်ခွာမသွားတော့ဘဲ သံသရာဘဝခရီးကို အသစ်တစ်ဖန် တစ်ကပြန်ရေး အတွက်ချစ်နာ့လန်ထပြီး အကျွန်ုပ်လက်ကိုဆွဲ၍ နားဝကိုကပ်ပြီး လေသံတိုးတိုးဖြင့် အကျွန်ုပ်တို့နှစ်ဦးချစ်ရည်လူးရာ၌'အဖော်'မပါသောကြောင့် ယခု သူမထံတွင် 'အဖော်လာ'နေကြောင်းသတင်းကောင်းကို ပါးပြန်ပါသည်ခင်ဗျား။

ဒီလောက်ဆို ပရိသတ်လည်း ရိပ်မိလောက်မှာပါ ဟဲ ဟဲ. . . ပျော်စရာအပေါင်းကို ထပ်စောင်းရန်အတွက် ပရိတ်နိဒါန်းကင်းမဲ့ဖုန်မှ ဖယ်ခွာရန် ဆရာတော်ကို ဦးအချ. . .

'အိမ်း. . . ကြည်အောင် ကြည်အောင် ငါ့တူလေးက ရှုးတယ်ပေါ်တယ်ဆိုပေမယ့် အခုတော့ တကယ်တော်ကြောင်းကို လက်တွေ့မှာ သက်သေပြခဲ့ပြီ ဘုန်းဘုန်းကျေးဇူးတင်သကွယ့်'

တစ်သက်တစ်ကိုယ်ဒီတစ်ခါပဲ ငါ့တူလေးဟု ချိုချိုသာသာ ခေါ်သံကြားဖူးသလို ကျေးဇူးတင်ကြောင်းပါထပ်လောင်းပြောကြားသဖြင့် မျက်ရည်ပင်ဆို့မိပါသည် ပရိသတ်. . .

'ဘုန်းဘုန်းတို့ လောကီလူသားတွေကို သနားငဲ့ညာစွာနဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့တဲ့ ရှင်တော်မြတ်ဘုရားတောင်မှ ဘာဝတီသာကို တက်ပြီး မယ်တော်မိနတ်သားကို ဝါတွင်းသုံးလပတ်လုံး တရားဒေသနာဟောကြားပြီး မွေးကျေးဇူးဆပ်ခဲ့တာကပဲ၊

အိမ်း. . . အိမ်း. . . ဘုန်းဘုန်းကလည်း ငါ့တူလေးရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ဘုန်းဘုန်းကိုယ်တိုင်သိမှတ်ထားတဲ့ ကိုယ်တွေ့တရားတွေကို အမိုးတကျကျ အရေခန်းခန်း ငါ့တူလေးတစ်ဦးတည်းကို လက်ဆောင်ကမ်းတော့မယ်လို့ဆုံးဖြတ်လိုက်ပြီ'

[illegible]

ငါ့ရွှေနားတော် လောချော်လေရောသလားဟု ဘုံအားသင့်စွာဖြင့် မော့အကြည့် ဆရာတော်ကလည်း ပြုံးပြုံးကြီးပြန်ကြည့်ရင်း. . .
'ကဲ ကဲ ဒီနေ့ကစပြီး ဆယ်ရက်တာရားစခန်း ဝင်ပေတော့ကွယ် ဟုတ်ပြီလား'

ဟု မိန့်ကြားတော်မူသဖြင့် ဘုန်းဘုန်း၏ ကျန်းမာရေးကိုသော်လည်းကောင်း၊ အခြားအခြားသော သာရေးနာရေးများကို လည်းကောင်း အကြောင်းပြုပြီး မသင့်တော် မလျော်ကန်ပါကြောင်းဖြင့် ငြင်းဆန်ရန် ကြံစီပါသော်လည်း 'ဘူး'ဆိုလျှင် 'ဩဇာ' မသီးတတ်သော ဆရာတော့်အကြောင်း ကောင်းကောင်းကြီးသိနေပါသဖြင့်. . .

အကျွန်ုပ်၏ 'နှ'ပါးဖြင်နှစ်ဖက်ပေါ် သို့ မျက်ရည်မြစ်ကြီး စတင် စီးဆင်းလာလေတော့သည်၊ ထိုဖြစ်အင်ကို ဆရာတော်က စေ့စေ့ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး သကာလ. . .

'အိမ်း. . . ငါ့တူလေးလည်း ဝမ်းသာ ဝမ်းမြောက်ကြောင်းကို မျက်ရည်စ
နဲ့ သက်သေပြနေပြီမို့ ကဲ ဒကာမကြီး ပြန်ပေတော့ဗျာ. . .'

ကျွန်တော်သက်သေပြခဲ့တဲ့ မျက်ရည်စတွေဟာ 'ဘာကြောင့်'လဲ ဆိုတာကို ကျွန်တော်ချစ်သော ချစ်ပရိသတ်ကြီးကတော့ ကောင်းကောင်း ကြီး သိလိမ့်မည်လို့ ယုံကြည်မိပါသည်။

ပြုံးပြုံးရွှင်ရွှင်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသော ဘိုးတော်နှင့် ယောဂီအပေါင်းကိုလည်းကောင်း၊ ဖုံသြနေကြသော ဂျစ်မောင်မောင်၊ ရဲမှူးကြီး၊ ရဲသိန်းတန်နှင့် ရဲတပ်ဖွဲ့ အပေါင်းကိုလည်းကောင်း၊ ငိုမဲ့မဲ့ဖြစ်နေသော ချစ်ဇနီး ချောကိုသော်လည်းကောင်း. . .

ကျွန်တော်၏ရင်တွင်းမှ စစ်မှန်သောဆန္ဒလေးကို ကောင်းကောင်း ကြီး သိရှိစေရန်အတွက်. . . .

ကျွန်တော်၏ မိမွေး ဘမွေး မိဆိုင်ဘဆိုင် မဟာနဖူးကြီးကို သက်သေ ထူရင်း ရှိုက်ကြီးတငင်ငိုချလိုက်မိပါတော့သတည်း။ ။

ထူးဆွေအောင်